www.burmeseclassic.com

# မမသဒ္ဒါမောင်

ညို မ လေး




(အချစ်လုံးချင်းဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၄၊ နိုဝင်ဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅.၈၃

မမသဒ္ဒါမောင်

ညီမလေး / မမသဒ္ဒါမောင်။ – ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၄ ။

၂၀၇ – စာ ၊ ၁၂.၇ × ၁၈ စင်တီ ။

(၁) ညီမလေး

BURMESE CLASSIC

# မမသဒ္ဒါမောင်

# ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ဝါးကို ရိုက်တယ်ဆိုတာ အရိုက်ခံရတဲ့လူပဲ နာရတာ မဟုတ်ဘူး 'ခင်မီမီ ဇော်'...ရိုက်တဲ့လူရဲ့လက်လည်း နာရတာပါ။ မျက်စိ ရှေ့ တွေ့သမျှအရာတိုင်းကို ငါ့ပဲပိုင်ဆိုင်ရမှဆို တဲ့ လောဘစိတ်မျိုး မမွေးချင်နဲ့။ အလိုကြီးရင် အရနည်းတတ်တယ်...

(ပန်သစ္စာ)





အရိပ်ဆိုတာ တကယ်စင်စစ် မရှိဘူးဆိုပေ မယ့် ကိုယ်က 'ပန်'ရဲ့နံဘေးမှာ တစ်သက်တာ ထာဝရအရိပ်သဖွယ် ရှိချင်ခဲ့တဲ့သူပါ'ပန်'...ချစ် တယ်ဆိုတာထက်ပိုပြီး လေးနက်ခြင်းတွေကို ကိုယ့် မျက်ဝန်းထဲ ရှာကြည့်လိုက်။ အနက်ရှိုင်းဆုံးတစ် နေရာမှာ ရှိနေတာ 'ပန်'မြင်လိမ့်မယ်...

(ညီမင်းညို)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

မှန်တင်ခုံထက်ရှိ စားပွဲတင်နာရီမှ Alum မြည်သံကြောင့် လူက ဆတ်ခနဲ နိုးသွားပါ၏။ မျက်စိကို ချက်ချင်းမဖွင့်နိုင်ပေမယ့် လက်ကတော့ အလိုလိုလှမ်းပြီးသား ဖြစ်သွားပြီး Alum ပေးခလုတ်ကို ပိတ်လိုက်ပါသည်။ ကြမ်းထက် ဖျာပေါ်ရှိ ဂွမ်းကပ်ခပ်ပါးပါး ခင်းထားပါသည့် အိပ်ရာထက်မှာ ခန္ဓာကိုယ်တစ်ခုလုံးကို ဆန့်ထုတ်လျက် လက်နှစ်ဖက်ကို ခေါင်းထက် မြှောက်လိုက်၏။

မနက် (၄)နာရီခွဲနေပြီမို့ ကိုယ်လက်သန့်စင်ပြီး ပြင်ဆင်ရတော့မှာပါ။ အလုပ်ကို (၆)နာရီမထိုးမီ ရောက်မှ အဆင်ပြေမှာကိုး။ အိပ်ရာထက် ထထိုင်ရင်း ဖက်နှင့်ခါးကို ဟိုဒီလှည့်ချိုးလိုက်ပါ၏။ စောင်ပါးလေးကို တစ်ချက်နှစ်ချက်မျှ ခါလျက် ခေါက်လိုက်၏။ အိပ်ရာခင်းနှင့် ဂွမ်းကပ်ကိုပါ သေသေသပ်သပ်လေး လိပ်ခေါက်ကာ ခေါင်းရင်းရှိ စားပွဲခုံထက်မှာ အစီအရီထပ်လျက် နောက်ဆုံး ခေါင်းအုံးနှစ်လုံးထက်မှာ ချည်စောင်လေးကို လွှမ်းအုပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံမပြည်အောင် ဖွနင်းလျက် အခန်းတံခါးချက်ကို အသာဖွင့်လိုက်ပါ၏။ အဝင်ဝကြိုးတန်းပေါ်ရှိ Towel နှင့် ခြေရင်း Steel တိုင်အောက်ခြေမှာ ခေါက်ထားသည့် ရေလဲလုံချည်ကို ယူလိုက်ပါသည်။ တံခါးမဖွင့်ရသေးမီ နံဘေးရှိ ခုံပုလေးပေါ် ထားထားသည့် ရေချိုးပစ္စည်းများပါသည့် Plastic ဖလားကိုယူ၍ အပြင်သို့ထွက်လိုက်၏။

ဘေးလှေခါးကို အသာခြေဖော့နင်းလိုက်ပေမယ့် ကျွီခနဲ မြည်သံက ထွက်လာပါသည်။ မှုံပြပြလရိပ်ကို အမှီပြု၍ ရေချိုးခန်းရှိရာဆီသို့ ခြေကိုလှမ်းလိုက်စဉ် အိမ်ဘေးမီးက ဒေါက်ခနဲ လင်းသွားလေ၏။ 'ညီ' နိုးသွားပြီထင်ပါသည်။

"ပန်. . . လား"

"အင်း"

"အစောကြီး ရေချိုးဦးမှာပဲလား၊ ခေါင်းလျှော်မနေနဲ့ဦးနော်"

သတိပေးစကားကို ပြန်မတုံ့ပြန်မိပေ။ သူမက နဂိုကတည်းက စကားနည်းသည့်မိန်းမ မဟုတ်ပါလား။ ရေချိုးခန်းမီးကို ခလုတ်ဖွင့်ကာ အခန်းဖွင့်ဝင်လျက် ဂလန့်သေချာပြန်ပိတ်ထားလိုက်၏။ မျက်နှာသစ်၊ သွားတိုက်ကာ ရေခပ်မြန်မြန်ချိုးလိုက်ပါသည်။ ဘဲဥပုံမှန်ထဲမှာ ကြည့်၍ မျက်နှာသစ်ဆပ်ပြာရည်ဖြင့် မျက်နှာကို ကြေးစင်အောင် သေချာပွတ်ကာ ဆေးလိုက်ပါ၏။

Towel ကို ပခုံးထက် လွှမ်းလျက် တံခါးဖွင့်ထွက်လိုက်စဉ် အိမ်ရှေ့မြေကွက်လပ်မှာ လေ့ကျင့်ခန်းလုပ်နေသည့်ညီကို တွေ့လိုက်ရလေသည်။ ညီကတော့ အမြဲအချိန်မှန် လေ့ကျင့်ခန်းလုပ်ကျင့်ရှိလေ၏။ အသံကြားလိုက်ရ၍ လှည့်ကြည့်စဉ် အကြည့်ချင်းဆုံသွားရပါသည်။





"စောသားပဲ၊ ဒီနေ့ ဈေးဝယ်စရာရှိသေးလို့လား"

"အင်း"

"Vegetables.... လား"

"No! Fruits. . ."

"Breakfast.... အတွက်ပေါ့"

"အင်း"

"မြန်မြန်လုပ်. . . အအေးမိမယ်"

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ အိမ်ပုလေး၏လှေကားမှ ထပ်ခိုးရှိရာသို့ ပြန်တက်ခဲ့ပါသည်။ မှန်တင်ခုံထက်ရှိ မှန်လေးထောင့်မှာ ပေါ်လာသည့်ပုံရိပ်ကို တစ်ချက်ကြည့်လိုက်မိ၏။ ခပ်ပါးပါးခန္ဓာကိုယ်၊ ခပ်သွယ်သွယ်မျက်နှာ၊ ခပ်တိုတိုဆံပင်နှင့် အေးစက်စက်မျက်ဝန်းတစ်စုံကို မြင်နေရပါ၏။ မရယ်မပြုံးနှင့် ခပ်တည်တည်ဖြစ်နေသည့် အရပ်မြင့်မြင့်အမျိုးသမီးလေး၏အမည်မှာ 'ပန်သစ္စာ'ဖြစ်လေသည်။

ရေခြောက်အောင်သုတ်ပြီး မျက်နှာထက် သနပ်ခါးရေကျဲကို အမြန်လူးလိုက်ပါ၏။ ဝတ်နေကျဖြစ်သည့် Jeans တွေထဲမှ နက်ပြာရောင်ကို ရွေးဝတ်ကာ အပေါ်မှ T-Shirt အဖြူနှင့် တွဲဝတ်လိုက်ပါသည်။ မနက်စောစော အေးနေသေးပေမယ့် အလုပ်ကို လမ်းလျှောက်သွားမှာမို့ သွားရင်း နွေးသွားမှာပါလေ။

ခေါင်းဖြီးကာ Hair-coat အနည်းငယ်သာ လူးလိုက်၏။ အခန်းကို တစ်ချက်ဝေ့ကြည့်ကာ သန့်ရှင်းသပ်ရပ်မှုရှိမရှိ စစ်လိုက်ပါသည်။ စိတ်ကြိုက်ကျမှ နံရံမှာချိတ်ထားသည့် ကျောပိုးအိတ်လေးကိုယူကာ လွယ်လိုက်၏။ အခန်းတံခါးကိုဖွင့်လျက် Walking shoe ကို ကြိုးချည်ကာ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ အလုပ်မှာ အကြမ်းစီးဖိနပ် ထားလေ့ရှိတာမို့ ပြဿနာ မရှိပါလေ။

အခန်းတံခါးကို သော့ခတ်လိုက်ပြီး လှေကားမှ ဆင်းခဲ့၏။ ရေချိုးခန်းတံခါးက ခပ်ဟဟဖြစ်နေတာမို့ ညီ ရေချိုးပြီးသွားပြီမှန်း သိလိုက်ပါသည်။ အိမ်ရှေ့တံခါးအနီးမှာ ရပ်စောင့်ရင်း အထဲကို နားစွင့်လိုက်မိ၏။ အန်တီမေ မနိုးသေးဘူးထင်ပါရဲ့။

"ညီ. . ."

"လာပြီ"

ခြေသံတရှပ်ရှပ်ကြားလိုက်ရပြီး အရှေ့တံခါး ပွင့်လာလေ၏။ ညီ လက်ထဲ သော့တွဲလှမ်းပေးတော့ ညီက နံရံတိုင်ရှိ သံချိတ်မှာ ချိတ်လိုက်ပါသည်။ အိမ်ရှေ့တံခါးကို အသာစေ့ခဲ့ပြီး ခြံတံခါးကို အပြင်မှ လက်နှိုက်လျက် အတွင်းသော့ ပြန်ခတ်ပေးလိုက်လေ၏။ ပြီးမှ နှစ်ယောက်သား လမ်းကျဉ်းလေးမှတစ်ဆင့် လမ်းမကြီးသို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြပါ၏။

"ဗိုက်ဆာလိုက်တာ. . . ဈေးထဲမှာ မုန့်ဟင်းခါး ဝိုက်လိုက်ရရင် ကောင်းမလား"

နှုတ်မှညည်းလိုက်သည့် ညီ့ကို ဘာစကားမှမတုံ့ပြန်မိပေမယ့် မျက်စောင်းတစ်ချက်တော့ ခဲမိလေ၏။ ယောကျ်ားလေးမို့ အစာချက်တာကပဲ မြန်တာလား၊ သို့တည်းမဟုတ် Exercise လုပ်၍ပဲ အားအင်ကုန်ခမ်းသွားတာများလား။ တစ်ခုခုတော့ဖြစ်မည်။

"မစားရဘူးလား"

". . ."





"ဆိုင်ရောက်မှ ကျွေးမလို့လား"

"ဘာစားချင်လို့လဲ"

"ကြိုက်တာကျွေး"

သူမ ပြုံးလိုက်မိ၏။ လည်ပင်းဖက်၍ ကြီးလာသည့် ငယ်သူငယ်ချင်းလေး။ အမေချင်းကလည်း ပြောမနာဆိုမနာတွေမို့ အတူတူနေဖြစ်ခဲ့ကြတာပါ။ မေမေ မရှိတော့တဲ့နောက် ညီ့မေမေကပင် သူမကို အိမ်မှာခေါ်ထားတာ မဟုတ်ပါလား။ တိုက်ပုလေးက ခပ်သေးသေးမို့ အိပ်ခန်း သိပ်မများလှ။ သူမက ညီနှင့် တစ်အိမ်တည်းအတူ ဝင်ထွက်နေရလျှင် မျက်နှာပူရသလိုဖြစ်တာမို့ ထိုတိုက်ပုလေး၏ နောက်ဘက်ခြမ်းမှာ ထပ်ခိုးအမြင့်လေးရှိသဖြင့် ခြေရင်းဘက် လှေကားခပ်သေးသေးလေးသာ ထပ်လုပ်ပြီး သီးသန့်နေဖြစ်ခြင်းဖြစ်လေ၏။

အန်တီမေသာ သူမ ရှိမနေချိန် တက်ကြည့်ကာ ရှင်းလင်းပေးလေ၏။ လှန်းစရာရှိသည့်အဝတ်တို့ကို ဝရံတာမှာ ထုတ်လှန်းပြီး သိမ်းပေးသွားတာပင်။ ထပ်ခိုးက အိမ်တွင်းမှာလည်း လှေကားရှိသလို အိမ်ထဲရှိ ဧည့်ခန်းနေရာကို အပေါ်မှမြင်ရလေသည်။ ထမင်းစားချိန်နှင့် TV ကြည့်ချိန်မျိုးမှ အတွင်းလှေကားကို သူမ သုံးလေ့ရှိပါ၏။

"ဆောင်းဝင်ပြီထင်တယ်၊ နှင်းတွေတောင် ကျနေပြီ"

ကဗျာဆန်စွာ ပြောနေသည့်ညီ့စကားကြောင့် ဝန်းကျင်ကို မော့ကြည့်လိုက်မိ၏။ ဟုတ်သားပဲ. . . မြူနှင်းတို့က တဖွဲဖွဲ စကျနေပြီကိုး။ သမ်းထိပ်စတိုးဆိုင်တွေ ဖွင့်ပြီမို့ မနက် (၅)နာရီကျော်ပြီမှန်း သိလိုက်၏။ လမ်းမကြီးရောက်တော့ မနက်စောစော စက်ဘီးစီးသူ၊ လမ်းလျှောက်သူ၊ ပြေးသူတွေ တစ်စု တစ်စုရှိတာကို မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးကိုဝင်စဉ် သစ်သီးတန်းရှိရာသို နှစ်ဦးသား ဆက်လျှောက်ခဲ့ပါ၏။ သစ်သီးလတ်လတ်ဆတ်ဆတ်လိုချင်တာမို့ မနက်မှ ဝယ်ဖြစ်တာပင်။ သူမတို့ အလုပ်လုပ်သည့်ဆိုင်က Coffee နှင့် စားသောက်ဆိုင်မို့ ညီက Tea နှင့် Coffee တို့အပါအဝင်၊ တွဲစားရမည့် Cake တို့ Bread တို့ကိုသာ တာဝန်ယူရပြီး သူမက Kitchen အတွက် လိုအပ်သမျှ အစစ တာဝန်ယူထားရတာပါ။

"ဝယ်နေကျအတိုင်းပဲလား"

"အင်း"

Breakfast List မှာ ပါနေကျအတိုင်း သီးမွှေးငှက်ပျောသီး၊ ဖရဲသီး၊ စပျစ်သီး၊ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီးတို့ကို အလုံးလှလှနှင့် အရည်ရွှမ်းပြီး ချိုမည့်အလုံးတွေမှန်းကာ ဝယ်လိုက်ပါ၏။ ဆိုင်ရှင်က သယ်ရလွယ်ကူအောင် အိတ်တွေ ခွဲထည့်ပေးလိုက်တာမို့ အဆင်ပြေသွားလေသည်။ ဆိုင်မန်နေဂျာ ဦးမောင်လေးက ဆိုင်ဖွင့်ချိန် မနက် (၇)နာရီမှ လာတာမို့ ဆိုင်ပြင်ဆင်တာ၊ သန့်ရှင်းရေးလုပ်တာ၊ ချက်ပြုတ်တာတို့ကို သူမတို့ဝန်ထမ်းတွေ ကြိုပြီးလုပ်ထားရတာပါ။

**DAWN**

**Cafe and Food Centre**

ဆိုင်နာမည် ဆိုင်းဘုတ်ကို အဝေးမှလှမ်းမြင်နေရပါ၏။ ဆိုင်စောင့်အဖြစ် သန့်ရှင်းရေးလည်းဟုတ်၊ Waiter လည်း ဖြစ်သည့် ကောင်လေး





နှစ်ယောက် အိပ်စောင့်တာမို့ အတွင်းဘက်မှ Lock ချထားလေသည်။ ခပ်မှိန်မှိန်အလင်းသာရှိသည့် အတွင်းဘက်ကို လှမ်းကြည့်ကာ တံခါးကို သုံးလေးချက် ခပ်သာသာထုလိုက်ပါ၏။

"လာပြီ အစ်ကိုရေ"

"နိုးပြီလား"

"အခုလေးတင် နိုးတာ၊ ယံပိုင်ကို မနည်းနှိုးနေရလို့"

မိုးသန့်က တံခါးဖွင့်ပေးလေ၏။ ဧည့်ခန်းကို ညီနှင့်အတူတူ သန့်ရှင်းရေးလုပ်နေစဉ် သူမ မီးဖိုခန်းဘက် ဝင်ခဲ့သည်။ ညီ လာတင်ပေးသွားသည့် သစ်သီးတို့ကို ရေဆေး၍ ရေခဲသေတ္တာထဲသို့ ထည့်ထားလိုက်ပါ၏။ စပျစ်သီးကို Steel ရေပုံးထဲ ရေများများထည့်ကာ ရေစိမ်ထားလိုက်ပါသည်။ စပျစ်သီးဆိုတာ ဆေးအများကြီး ဖျန်းရသည့်သစ်သီးမို့ ရေနာနာစိမ်မှ ဆိုးကျိုးမရှိမှာမို့ပါပဲ။

"ညီ"

"ဘာလဲ. . . ပန်"

"မုန့်ကုန်နေတာ တိုက်ကို Phone... ဆက်ထားရဲ့လား"

"ဆက်ထားတယ်၊ ခုနစ်နာရီကျော်ဆို ရောက်မယ်တဲ့"

ခေါင်းကို ဆတ်ခနဲညိတ်ပြကာ ဆန်ဆေးပြီးသား (၆)လုံးဝင် ပေါင်းအိုးခလုတ်ကို ဖွင့်လိုက်၏။ မီးအားအတော်ကောင်းတာမို့ (၄၅)မိနစ်ခန့်ကြာတာနှင့် ထမင်းကျက်ပေမည်။ မီးဖိုခန်းကို နေ့စဉ် အိမ်မပြန်ခင် ရှင်းလေ့ရှိပေမယ့် မနက်ရောက်တိုင်း ထပ်ပြီး သန့်ရှင်းရေးပြုလုပ်ကာ ချက်ပြုတ်ရန် စီစဉ်လေ့ရှိပါသည်။

"မပန်. . . ပဲပြုတ် မှာထားသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

ပဲပြုတ်သည် ဆိုင်ရှေ့ရောက်လာသည်နှင့် မိုးသန့်က မှာထားသည့် ပဲပြုတ်ထုပ်ကို ထွက်ယူပေးပါသည်။ သူမတို့အလုပ်လုပ်ရသည့်ဆိုင်က မီးဖိုခန်းကို ကန့်ကာ၊ တစ်ဖက်မှာ လက်ဖက်ရည် ကော်ဖီဖျော်ရန် Cake ထည့်ဖို့ Counter မှန်ပုံးဖြင့် ကာထားသလို၊ ဒီဘက်မှာက ပန် ချက်ပြုတ်ကြော်လှော်ရန်နေရာ ခပ်ကျယ်ကျယ်လုပ်ထားပါ၏။

ဧည့်ဆောင်ကို မှန်ချပ်များဖြင့်သာ ကာထားပြီး၊ Aircon လွှတ်ထားကာ စားသုံးသူ သက်တောင့်သက်သာ စားလို့အဆင်ပြေအောင် ပြင်ဆင်ထားတာပါ။ စားသောက်ခန်းမှာ အစားအစာညှော်နံ့မျိုးမရစေရန် မီးဖိုခန်းနှင့် သီးသန့်ပိတ်ထားကာ အနံ့ထွက်ရန် မီးခိုးခေါင်းတိုင်ဖြင့် စီစဉ်ထားပါသည်။

ဧည့်သည်တွေထိုင်ရန် မိသားစုခြောက်ယောက်ဆန့်စားပွဲက နှစ်ခုံ၊ လေးယောက်စားပွဲက လေးခုံနှင့် နှစ်ယောက်စားပွဲက ခြောက်ခုံ နေရာချထားပါသည်။ လာရောက်စားသောက်သည့် ဧည့်သည်တွေက ကြိုး[illegible] နေရာချစရာမလိုပါဘဲ ၄င်းတို့နှင့် ကိုက်ညီမည့်စားပွဲကို ရွေးထိုင်သွားကြသည်သာ။

မနက်ကို Special Breakfast Menu ရှိချိန်က (၇)နာရီမှ (၉)နာရီအတွင်းသာ။ အဲဒီအချိန်အတွင်းမှာ ရနိုင်တာက ထမင်းကြော်၊ ကပ်ကြေးကိုက်၊ ခေါက်ဆွဲပြုတ်၊ နန်းကြီးသုပ် စသည်တို့နှင့် ဖျော်ရည်တို့ကိုပါ။ ဒီဆိုင်က တခြားဆိုင်တွေလို အချိန်မရွေး မှာစားလို့ရနိုင်တာမျိုး မရှိပါ။

အနီးနား ဝန်းကျင်တစ်ဝိုက်မှာ Hotel တွေနှင့် Guest House





တွေရှိသဖြင့် ထိုအဆောက်အဦးတို့မှ နိုင်ငံခြားသားဧည့်သည်တွေ မပြတ်လာတည်းလျှင် စား၍အဆင်ပြေမှာကို ရွေးစီစဉ်ပေးခြင်းဖြစ်ပါသည်။ Hotel တွေမှာ Breakfast ကျွေးလေ့ရှိပေမယ့် တည်းခိုခန်းမှာ မရှိတာမို့ ထိုခရီးသည်တို့အားလုံးဟာ သူမတို့ Dawn ကိုသာ ဦးတည်ရောက်လာကြတာပါ။

နေ့လယ်ကို လက်ဖက်ရည်၊ ကော်ဖီနှင့်မုန့်မှလွဲ၍ တခြားအစားအသောက် မရောင်းပါ။ ညနေ (၆)နာရီမှ (၉)နာရီအတွင်း Dinner မှာ စားလို့ရရန် စီစဉ်ပေးပါ၏။ European Style စားပွဲများကို ချက်ပြုတ်ပြင်ဆင်ပေးလေသည်။ Special Food တွေသာ ချက်ပြီးရောင်းတာမို့ သူမတစ်ဦးတည်းသာ ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်ပါ၏။

မနက်ပိုင်းနှင့် ညနေပိုင်းသာ တာဝန်ယူထားရတာမို့ နေ့လယ် (၁၁)နာရီမှ (၂)နာရီအထိက သူမရဲ့အားလပ်ချိန်ပါပဲ။ Dinner ချက်ဖို့အတွက် အသားငါးလိုအပ်တာမျိုး၊ တခြားပစ္စည်းလိုအပ်လျှင်လည်း ထိုအချိန်မှာ ထွက်ဝယ်ရပါ၏။ ဒါမှမဟုတ်ရင် နားချိန်ယူရင်ယူ၊ သို့တည်းမဟုတ် သင်တန်းတစ်ခုခု တက်လျှင်တက်နိုင်လေသည်။

ထို့ကြောင့် တစ်ပတ်လျှင် လေးရက်တက်ရသည့် မုန့်ဖုတ်သင်တန်းကို တက်နေပါ၏။ ညီကတော့ ဖျော်ဆရာဖြစ်ပြီး တစ်နေကုန် အချိန်ပေးရတာမို့ သူမလို အားချိန်မရှိပါ။ တကယ်တမ်း ပင်ပန်းရသူက သူမပါပဲ။ ချက်ပြုတ်ဖို့ သားငါးတွေ ကြော်လှော် ပြုတ်ထောင်းရတာကိုအစ ကူ[illegible]သူမရှိဘဲ ကိုယ်တိုင်သာ လုပ်ရတာလေ။

ပိတ်ရက်မရှိ အလုပ်ဆင်းကြရတာမို့ လစာ အတော်ကောင်းပြီး၊ Bonus လည်း များများရကြပါ၏။ တစ်နိုင်စီးပွားရေးမို့ ဆိုင်ကို ဒီထက်

www.burmeseclassic.com



ခဲ့သလို ညီနဲ့သူမအတွက် အဖျော်ယမကာနှင့် အချက်အပြုတ်ကျွမ်းကျင်သူ စားဖိုမှူးတစ်ဦး ထပ်ခေါ်ရန် လျာထားလေ၏။ ပြီးနောက် အချိန်ပိုင်းလုပ်ပေးရသည့် Waiter နှစ်ဦး ထပ်ခေါ်ထားပါသည်။

"အားလုံးပဲ. . . Breakfast...ရပြီ"

အရှေ့ကို လှမ်းအသံပြုကာ အတွင်းဘုံခါးကို ဖွင့်ထားလိုက်ပါ၏။ လက်ဖက်ခြောက် နှပ်ထားသည့် ကရားအိုးထဲမှ အဖန်ရည်ကို ကြွေမတ်ခွက် လေးခွက်ထဲသို့ နည်းနည်းစီထည့်ကာ ရေနွေးဖြူ လောင်းထည့်လိုက်ပါသည်။ ပြီးမှ ဇလုံဖြင့် ထည့်နယ်ထားပါသည့် ပဲပြုတ်ဆီဆမ်းနှင့် ထမင်းဖြူရောထားတာကို ကြွေပန်းကန် လေးချပ်ထဲ ထည့်လိုက်ပါ၏။

သူမပန်းကန်က အနည်းဆုံးဖြစ်နေပါသည်။ ထမင်းနှင့်တွဲစားရန် ချဉ်ပေါင်ကြော်နှင့် ငါးပိကြော်ကို ပန်းကန်ပြားအသေးလေးထဲထည့်ကာ လင်ဗန်းထဲ စီထည့်လိုက်ပါ၏။ သူမတို့ Boss လည်းဖြစ်၊ မန်နေဂျာလည်းဖြစ်သည့် ဦးမောင်လေးက ဝန်ထမ်းတွေကို အစားအသောက်နှင့် စည်းကမ်း မတင်းကျပ်ပါချေ။ သူ့ဒွေး မငြိုငြင်ရလေအောင် သူမတို့ နေတတ်တာလည်း ပါမည်ထင်ပါ၏။

❖❖❖

## အခန်း ( ၂ )

ကားကို တိုက်ရှေ့မှာ ရပ်ထားခဲ့ပြီး အထဲသို့ဝင်ခဲ့ပါ၏။ အိမ်ဝမှ ကြိုမည့်သူ တစ်ဦးမှရှိမနေပါလေ။ ခြောက်ကာပ် တိတ်ဆိတ်နေသည့် အဆောက်အဦးက အိမ်တဲ့လား။ သူများတကာ မိဘတွေဆိုလျှင်ဖြင့် တစ်ဦးတည်းသော သားသမီးကို မျက်စိအောက်မှ အပျောက်မခံတဲ့ သည်းသည်းလှုပ် ချစ်ပြကြတာ မဟုတ်ပါလား။

အချိန်တန် ပြန်မရောက်လျှင် စိတ်ပူပြီး အိမ်ကနေ Phone ဖြင့် လှမ်းမေးတတ်ကြသလို အိမ်ဝတို့ ခြံတို့မှာ လမ်းလျှောက်ရင်း မျှော်နေတတ်ကြတာမျိုးပါ။ မိသားစုသုံးဦးသား မနက်တစ်ခါ ညတစ်ခါ ထမင်းဝိုင်းဆုံစားဖို့အချိန်ကို သီးသန့်ထားကြတာ မဟုတ်ပါလား။

'မီ'မှာဖြင့် ထိုသို့မဟုတ်ပြီ။ ဘယ်အချိန် ဘယ်သွားသွား အရေးတယူ မေးမည့်သူမရှိ။ ဘာပဲလုပ်လုပ် စိုးရိမ်တကြီး တားမြစ်မည့်သူမရှိ။ ဘယ်လောက်နောက်ကျပြီးမှ အိမ်ပြန်ပါစေ၊ စောင့်ကြိုပြီး ဆူပူဆုံးမပေးမည့်သူရယ်လို့ မရှိပါလေ။ မိဘနှစ်ပါးစလုံး၏ အေးစက်စက်အိမ်ထောင်





www.burmeseclassic.com

www.burmeseclassic.com



စုအောက်မှ ရှင်သန်ခွင့်ရခဲ့ရတဲ့ ရေခဲတုံးလေး 'ခင်မီမီဇော်'ပါလေ။

အပေါ်ထပ်လှေကားသို့ မတက်မီ ဒက်ဒီ့စာကြည့်ခန်းထဲ မီးလင်းနေမှန်း မြင်လိုက်ရပါ၏။ အင်းလေ. . . ဒီအချိန် ကုမ္ပဏီကနေ ဒက်ဒီ ပြန်ရောက်နေတတ်တာပဲ။ စာကြည့်ခန်းထဲမှာ စာဖတ်နေလျှင်ပဲဖြစ်ဖြစ်၊ အလုပ်လုပ်နေလျှင်ပဲဖြစ်ဖြစ် တစ်ယောက်ယောက် တံခါးလာခေါက်တာကို (အရေးတကြီးကိစ္စမဟုတ်လျှင်) ဒက်ဒီ စိတ်တိုတတ်လေ၏။

ပြန်ရောက်မှတော့ နှုတ်ဆက်မှပါပဲလေ။ စာကြည့်ခန်းတံခါးကို နားဖြင့်ကပ်ကာ အသံနားထောင်လိုက်မိ၏။ စာရွက်လှန်လျှောသံမျိုး မကြားရတာမို့ အလုပ်လုပ်နေတာမဟုတ်မှန်း ခန့်မှန်းလိုက်မိပါသည်။ တံခါးကို ခပ်ဖွဖွလေး အသာခေါက်လိုက်၏။

"ဒေါက်! ဒေါက်!"

စေ့ရုံစေ့ထားတာမို့ Door Lock ကို အသာလှည့်ဖွင့်ကာ အခန်းထဲဝင်လိုက်စဉ် ဒက်ဒီက ရေးလက်စ Diary စာအုပ်ကို ဖျတ်ခနဲ ပိတ်လိုက်လေ၏။ မီရှိရာအခန်းဝကို မနှစ်မြို့ကဲ်ဟန်ဖြင့် ခပ်စူးစူးကြည့်လိုက်လေသည်။ ဒါက ထုံးစံအတိုင်း မို့ဖေဖေ ဦးခင်ဇော်ရဲ့ အကြည့်စိမ်းစိမ်းတွေ မဟုတ်ပါလား။

"မီ ပြန်ရောက်ပါပြီ ဒက်ဒီ"

". . ."

"ဒီနေ့ သင်တန်းတစ်ခု ပြီးလာခဲ့တယ်၊ ပြီးတော့ အန်ကယ် ဦးအာကာရဲ့သားနဲ့လည်း မီ သွားတွေ့ခဲ့ပါတယ် ဒက်ဒီ"

ဘာမှပြန်မပြောပါ။ ချီတယ် ခါးတယ် Yes! or No! ဘာမှ ထုံ့ပြန်မှုမရှိ။ ဘာသင်တန်းပြီးခဲ့တာလဲဆိုပြီး မမေး။ မောင်မိုးထက်နဲ့ အဆင်





ပြေလာသလားလည်း မပြောပါချေ။ သမီးဖြစ်သူနဲ့ စေ့စပ်လက်ထပ်ဖို့ ရွေးချယ်ပေးတဲ့ သားသမက်ကို သဘောမကျလို့လည်း မဟုတ်ပြန်။ မီ သိပ်ချစ်ရပါသည့် မိဘနှစ်ပါးလုံး၏အတွင်းစိတ်ကို မည်သို့မျှ မမှန်းဆတတ်ပါတော့ချေ။

ငယ်စဉ်ကတည်းက မိဘတွေ နှစ်သက် ချီးမွမ်းရလေအောင် စာတို အပတ်တကုပ် ကြိုးစားခဲ့ရတဲ့ မီ၊ နှစ်စဉ် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး ဆုတက်ယူခွင့်ရခဲ့ပေမယ့် မိဘတွေ လိုက်မတက်နိုင်သည့်အတွက် ဘက် မယူဖြစ်ခဲ့သည့် မီ၊ ကလေးငယ်တစ်ယောက်ရဲ့ ရင်တွင်းရှိ တစစ နက်လာသည့် စိတ်ဒဏ်ရာကို မည်သူတစ်ဦးတစ်ယောက်ကမျှ မသိနိုင်ခဲ့ပါချေ။

"အဲဒါ မို့မာမီလုပ်တဲ့ကိစ္စ မဟုတ်လား"

ထင်မှတ်မထားသည့် အမေးစကားက မို့ကို အံ့ဩသွားစေပါသည်။ နှစ်ဖက်မိဘတွေရဲ့ဆန္ဒအတိုင်း သားသမီးတွေကို နေရာချပေးချင်တာမျိုး မဟုတ်ဘူးလား။ သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့စကားပုံက ဒက်ဒီနဲ့ သက်ဆိုင်သလိုပါလားနော်။

"ဒက်ဒီ"

"သိတာနဲ့ပဲ သွားပြောပါ. . . မီ"

ကဲ! ပြတ်ရော။ ဒက်ဒီ ဦးခင်ဇော်က မာမီ ဒေါ်ခင်သီတာဆီသို့ 'ခင်မီမီဇော်'ဆိုသည့် သမီးလေး၏ကိစ္စအားလုံးကို ဝကွက် အပ်လိုက်သည့်ပါ။ လေပြည်လေးနှင့် ပြောတာဖြစ်ပေမယ့် အေးစက်စက်လေသံဖြစ်နေမှန်း မို့စိတ်ထဲမှာ အလိုလိုသိနေပါသည်။ ဒက်ဒီ. . . မို့ကို ရင်သွေးဖြစ်တဲ့သမီးအဖြစ် မသတ်မှတ်ချင်တာများလား။ နည်းနည်းလေးမှ မချစ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးလားဟင်။

"မီ ကုမ္ပဏီမှာ ဝင်လုပ်ဖို့ Ready ဖြစ်နေပါပြီ ဒက်ဒီ"

မျက်နှာအမူအရာ ပြောင်းမသွားပါလေ။ ဘာလဲ. . . မီ့ကို ဒက်ဒီ့ကုမ္ပဏီမှာ ဝင်လုပ်ဖို့ စိတ်မကူးထားဘူးလား။ ဖအေဖြစ်သူရဲ့ လုပ်ငန်းအမွေကို မီ ဆက်ခံခွင့်မရှိတာများလားဟင်။ မီဝင်နိုင်သည့် ဆေးလိုင်းနှင့် နည်းပညာလိုင်းတို့ကိုစွန့်လွှတ်ပြီး ဒက်ဒီ့ခြေရာကို အမီလိုက်နိုင်ဖို့ ဒီစီးပွားရေးကိစ္စနဲ့ပတ်သက်တဲ့ ကျောင်းတွေ သင်တန်းတွေ တစ်ပြုံကြီး တက်ခဲ့တဲ့ရည်ရွယ်ချက်ကို ဒက်ဒီသိရဲ့သားနဲ့လေ။

"ဘယ်မှာ သွားလျှောက်မလို့လဲ"

"ဒက်ဒီ"

ကြည့်ပါဦး. . . ဖအေတစ်ယောက်လုံး ကုမ္ပဏီ MD ကြီး ဖြစ်နေပါလျက် သမီးဖြစ်သူကို နေရာတစ်နေရာစာလေးတောင်မှ မပေးချင်သည့်နှယ်ပါ။ မီက. . . မီက သမီးမိန်းကလေးဖြစ်နေလို့လား။ မီလည်း သားယောကျ်ားလေးအဖြစ် ဒီလောကကြီးထဲကို ဝင်ခဲ့ချင်တာ အမှန်ပါလေ။

"ခေါ်တဲ့နေရာတွေမှာ သွားလျှောက်ချင်လျှောက်ပေါ့"

ရင်ထဲ အောင့်သက်သွားရပါ၏။ ကြည့်ပါ. . . ဒီစကားမျိုးကို သမီးဖြစ်တဲ့မီ့ကိုမှ ပြောရတယ်လို့။ တကယ်ဆို ဒက်ဒီ့ကုမ္ပဏီမှာ လူမလိုလို့ မခန့်ချင်ရင်တောင်မှ မိတ်ဆွေတွေရဲ့ကုမ္ပဏီမှာ ပြောပြီး လုပ်ခိုင်းသင့်တာပေါ့။ သို့သော် မီ့ဒက်ဒီ ရေခဲတုံးကြီးကဖြင့် အပိုစကားမဆိုဘဲ တုံးတိုဘာဝေပါလေ။

"ဒက်ဒီ"

"စာတွေ့နဲ့ လက်တွေ့မတူတာကို မီ သိထားပါ။ Certificate တွေ ဘယ်နှစောင်ပဲရှိရှိ. . . Experience လုံးဝမရှိတဲ့ကလေးမျိုးကို ရပ်တည်ပြီး ခိုင်မာနေတဲ့ကုမ္ပဏီတိုင်းက မခန့်ဘူးဆိုတာပဲ"

ကဲ! ဘာများ ပြောစရာလိုတော့မှာလဲ။ ဒက်ဒီ့ကုမ္ပဏီမှာ နေရာလွတ်မရှိဘူးလို့ ပြောတာနဲ့ အတူတူပဲမဟုတ်လား။ အဘယ်မျှ မျက်နှာငယ်ရပါသလဲ။ အစစအရာရာ ပြည့်ပြည့်စုံစုံတဝနှင့် ရှင်သန်ခွင့်ရခဲ့ပါလျက် မီဆိုသည့်မိန်းကလေးက ဘာမှမပြည့်စုံသည့်နှယ် ကွက်လပ်များစွာနှင့်ပါလေ။

"မီ ကြိုးစားမှာပါ ဒက်ဒီ"

"ကြိုးစားတယ်ဆိုတာ နှုတ်ကပါ မီ၊ လက်တွေ့လုပ်ဆောင်တတ်တဲ့လူတွေက အဲဒီလိုအပိုစကား သုံးလေ့မရှိဘူး"

နှုတ်ဆိတ်သွားရပါ၏။ လူတစ်ဖက်သားရဲ့ရင်ကို အခုလို တူနဲ့ထုချေသလို စကားလုံးရင့်ရင့်မျိုးပဲ ဒက်ဒီ သုံးတတ်ပါသလား။ တစ်ခါတလေလေးများ နူးနူးညံ့ညံ့လေး သုံးပါလား ဒက်ဒီရယ်။ ဘယ်တော့မဆို 'မီ'ဆိုပြီး နာမည်တပ်ခေါ်ရုံကလွဲလို့ ဒက်ဒီ့နှုတ်က 'သမီး'ဆိုပြီး တစ်ကြိမ်တစ်ခါမျှ မသုံးခဲ့တာလေ။ မာမီလည်း ထိုနည်းလည်းကောင်းပါပဲ။

"ပြောစရာရှိသေးလား"

'သွားတော့'လို့ နှင်တဲ့နည်းနဲ့အတူတူပါ။ လိုရင်းတိုရှင်းပြောတတ်တဲ့အကျင့်က ဦးခင်ဇော်ထံမှာသာ ရှိနေတာလေ။ ဘာစကားမှ ထပ်မပြောဝံ့တော့ဘဲ စာကြည့်ခန်းတံခါးကို အသာပြန်စေ့ကာ ထွက်လိုက်ရပါ၏။ အပေါ်ထပ်သို့ လှေကားထစ်တို့ကို နင်းတက်၍ တက်ခဲ့ပါသည်။

အပေါ်ထပ်ညှော်ခန်းမှာ မုန့်ဘီလူး၊ ဖာဂနာတို့နှင့် အလုပ်ရှုပ်နေသည့်မာမီ့ကို တွေ့ရလေ၏။ ရွှေဆိုင်ဖွင့်ထားသည့် မာမီ့အတွက် ရတနာ







www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ရှေ့ချိန်တွေ၊ စိန်ရတီတွေ စစ်ဆေးတွက်ချက်တာက အလေ့အကျင့်ဖြစ်နေသလို ငွေရေစက်လို့ လျှင်မြန်တိကျစွာ ရေတွက်သည့် လက်ချောင်းရှည်တို့က အကျွမ်းတကျင်ပါပဲ။

အိမ်မှာ ကိုယ့်စီးပွား၊ သူ့စီးပွား သီးသန့်ခွဲခြားထားသလို၊ ဒက်ဒီနှင့်မာမီ၏အိပ်ခန်းနှင့် အလုပ်ခန်းတို့ကိုကအစ သီးခြားစီ ထားတတ်ကြတာ မဟုတ်ပါလား။ သမီးဖြစ်သူကို ဒါမလုပ်နဲ့၊ ဒါလုပ်ဆိုပြီး ပြောဆိုညွှန်ပြတာမျိုးလည်းမရှိ၊ တစ်ခါတလေ မို့ကိုယ်မီ မွေးစားသမီးဟု ထင်မိသလို နိုင်ငံရပ်ခြားမှ မိသားစုဝင်နှယ် ထင်ယောင်ထင်မှား ဖြစ်မိတာက အကြိမ်ကြိမ်ပါပဲ။

လောကကြီးမှာ လူဖြစ်ခွင့်ရခဲ့ပြီး ကံမကောင်းခဲ့ရသည့် 'ခင်မိမိဇော်'ပါလေ။

"မာမီ"

"အင်း"

"ကိုမိုးထက်နဲ့ ဒီညနေ မိတွေ့ခဲ့တယ်"

"အဲဒီတော့"

စကားထောက်ဟန်သာ ပြုပေမယ့် မို့ကိုစိတ်ဝင်စားပုံ မပြပါ။ တစ်ဆင်စာဖြစ်ဟန်တူသည့် စိန်တို့ကို အကြီးအသေးရွေးပြီး အနာအဆာရှိမရှိ စစ်ဆေးတာကိုသာ အာရုံစိုက်နေပါ၏။ မီက. . . မီက. . . မာမို့စိန်တွေလောက် တန်ဖိုးမရှိလို့များလား မာမီရယ်။

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။ ဒီလို အေးတိအေးစက်မိသားစုထဲကနေ နောက်ထပ် အေးစက်စက်အိမ်ထောင်မျိုး မို့ကို ပြုစေချင်တာလား။ မျက်စိရှေ့က ပျောက်ရင် ပြီးရောသဘောနဲ့ ဒီလိုမျိုး အိမ်ထောင်





ရှင်ပွဲစားကတစ်ဆင့် သတင်းရာပြီး ဓာတ်ပုံစိပြကာ ရွေးစေချင်တာများလားလေ။

"ဟိုတက်က ဘာတဲ့လဲ"

"မသိဘူးလေ"

"ကျစ်! . . . Yes! or No! ဘာအရိပ်အရောင်မှ မပြဘူးလား"

ညံ့လိုက်တာလို့ ပြောချင်တာလား။ မီက မာမို့အလှကို ခြေဖျားတောင်မှ မမီတဲ့သမီးပေကိုး။ ဒီလောကမှာ နာမည်တစ်လုံးနဲ့ ရပ်တည်နေသည့် လျှမ်းလျှမ်းတောက် အမျိုးသမီးတွေထဲမှာ ဒေါ်ခင်သီတာဆိုသည့် အမည်က (၁၀)ဦး စာရင်းဝင်ပါလေ။ စိတ်ထဲက မပါရင်သာရှိမည်။ မျက်နှာထက်မှာဖြင့် အကယ်ဒမီမင်းသမီး လက်မြှောက်အရှုံးပေးရလေအောင် အချိုဆုံးအပြုံးနှင့် သကာထဲမြုပ်နေတဲ့ မလိုင်လုံးလေးတွေနှယ် စကားကို နှုန်းရွှန်းဝေအောင် ပြောတတ်တာပါလေ။

ထိုသို့သော ဆန့်ကျင်ဘက် မိခင်နှင့်ဖခင်တို့ကြားမှ နေရခက်သော်ငြား နေတတ်အောင် လေ့ကျင့်နေထိုင်ခဲ့ရတာ အခုဆို အနှစ် (၂၀)ကျော်ကြာခဲ့လေပြီ။ မို့ဘဝမှာ မိဘကိုချွဲနွဲ့ပူဆာပြီး ဆိုးနွဲ့ခွင့်ဆို၍ တစ်ကြိမ်တစ်ခါမှ မရခဲ့ဖူးပါလေ။ စက်ရုပ်တစ်ရုပ်လို အချိန်နဲ့ စားသောက်နေထိုင်သွားလာခဲ့ရတာ မဟုတ်ပါလား။

"အံဆွဲထဲမှာ ယူလိုက်"

"ဘာလဲဟင်"

"နောက်ထပ် (၅)ပုံ ရှိသေးတယ်လေ၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ Hotel GM၊ ရှေ့နေနဲ့ ကုမ္ပဏီ GM ပဲ။ ကြိုက်တဲ့လူနဲ့ Contact လုပ်ဖို့ ဓာတ်ပုံနောက်မှာ Phone နံပါတ်တွေ ပါတယ်. . . ရှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲလား။ ကိုယ့်ရင်ကဖြစ်တဲ့ သမီးကလေးကို နှမျောတသစိတ် နည်းနည်းမှ မရှိသလိုပါလေ။ ဟင်းရွက်ကန်စွန်းလို၊ ဈေးဗန်းထဲ ချရောင်းတဲ့ပစ္စည်းလို ကြိုက်ရင်ယူသွားဆိုပြီး ရက်ရက်ရောရောကြီးကို ပေးနေသလိုပါပဲလား။ မီက. . . မီက. . . မာမီကို မလိုချင်ပါဘဲ မာမီ့ဝမ်းထဲ သန္ဓေဆောင်မိခဲ့တဲ့ လူသားဖြစ်ခဲ့လို့လားဟင်။

"မီ. . ."

"ရှင်. . . မာမီ"

"ပြောနေတာ ယူလိုက်လေ၊ မာမီက ဘာမဆို သွက်သွက်လက်လက်လုပ်မှ ကြိုက်တာ သိတယ်မဟုတ်လား"

"ဟို. . . ကိုမိုးထက်ကို ဘယ်လိုပြောရမှာလဲ"

"ဘာများခက်လို့လဲ၊ မီ့ကို သဘောကျရင် မာမီ့ဆီ ညတွင်းချင်း Phone ဆက်မှာပေါ့. . . မဆက်ရင် Cancel ပဲ။ သိပ်စဉ်းစားမနေနဲ့ Choice လုပ်ဖို့ အများကြီးရှိသေးတာကို"

ကောင်းရော. . . တကယ့်ကို အလေးအနက်မထားသည့်နှယ်ပါ။ အိမ်ထောင်ပြုသွားတဲ့သမီးက သျှောင်နောက် ဆံထုံးပါဆိုပြီး ယောက်ျား အိမ်ပါသွားရမှာ။ ဒါမှမဟုတ် သီးသန့်အိမ်ခွဲနေရတာမျိုး တစ်ခုခုတော့ လုပ်ရမှာလေ။ သူများတကာ မိဘတွေလို သမီးလေးတို့ဖနီးမောင်နှံ ကန်တော့ကြတာကိုခံရင်း မျက်ရည်ကျိတ်သုတ်တာမျိုး မာမီတို့မှာ မရှိဘူးတဲ့လား။ အံ့ဩဖို့ ကောင်းလိုက်တာ။

"မာမီ"

"ဘာလဲ"

"မီက အိမ်ထောင်ပြုမှဖြစ်မှာလား"





"မီ့အသက် ဘယ်လောက်ရှိနေပြီလဲ"

"(၂၂)နှစ်ပါ"

"အေးလေ. . . အဲဒါကြောင့် မာမီက အခုလို စီစဉ်ပေးရတာပေါ့။ မိန်းကလေးဆိုတာ (၂၅)နှစ်မကျော်ခင် အိမ်ထောင်ပြုရတယ်။ ဒီထက်လွန်သွားရင် Over Date ဖြစ်တဲ့ပစ္စည်းလို ဘယ်သူမှသုံးတော့မှာ မဟုတ်ဘူး. . . သိရဲ့လား"

"ဒါပေမဲ့"

"စကားများလိုက်တာ ခင်မီမီဇော်ရယ်၊ ငါအလုပ်ရှုပ်နေရတဲ့ကြားထဲ။ ကိုယ့်ဘာသာ စဉ်းစားဆုံးဖြတ်စမ်းပါ။ ကလေးလည်း မဟုတ်တော့ဘဲ အစစ မာမီတို့လူကြီးတွေကို အားမကိုးချင်စမ်းနဲ့။ ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်ရင် လူကြီးဖြစ်ပြီ။ ဒီတော့ အိမ်ထောင်ပြုဖို့ကို မဖြစ်မနေ စဉ်းစားစမ်း"

"မီ အလုပ်လုပ်ချင်သေးတယ်"

"ကျွတ်! . . . အလုပ်လုပ်ရအောင် နင့်ကို ဘယ်သူက အငတ်ထားနေလို့လဲ၊ ခေါင်းထဲမှာ မဟုတ်တာတွေကိုပဲ အကန့်အပြည့် ထည့်ချင်နေ၊ ရော. . . ယူသွား၊ မြန်မြန်သွားနားတော့။ မျက်စိနောက်လှပြီ"

စားပွဲအံဆွဲကို ဖျတ်ခနဲဆွဲဖွင့်ကာ မီ့လက်ထဲသို့ ဓာတ်ပုံအထပ်လိုက်ကို ထည့်ပေးလိုက်လေ၏။ မယူပြန်ရင်လည်း အပြစ်ထပ်ကြီးသွားမှာမို့ ယူလိုက်ရပါသည်။

မီက. . . မီက. . . အိမ်ထောင်ဆိုတဲ့ထောင်ထဲမှာ တစ်သက်လုံး စိတ်ဆင်းရဲပြီး နေသွားရမှာကို မသနားဘူးတဲ့လား။

မာမီ့အနီးမှ လှည့်ထွက်ကာ အိမ်ခန်းရှိရာဆီ အနိုင်နိုင်လှမ်းခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ အခန်းတံခါးသော့ကို လှည့်ဖွင့်ဝင်ကာ အိပ်ရာထက် ပစ်လှဲချလိုက်မိသည်။ ရစ်ဝဲလာသည့်မျက်ရည်တို့က ခေါင်းအုံးထက် တစိမ့်စိမ့်ကျလာလေတော့၏။ မီမျက်ရည်ကျတာကို သူငယ်ချင်းတွေသိရင် လှောင်ရယ်ကြလေမလား။

ဩော်. . . လောကကြီးရယ်. . .

❁❁❁



## အခန်း ( ၃ )

"ရှေ့လျှောက် ဒီထက် ပိုတိုးတက်တာကိုပဲ မြင်ချင်ပါတယ်။ အစည်းအဝေးကို ဒီမှာပဲ ရပ်လိုက်ပါ့မယ်"

ကုမ္ပဏီ MD ၏စကားအပြီးမှာ Member လူကြီးတွေ လက်ခုပ်တီးလိုက်ကြပါ၏။ Meeting ပြီးပြီမို့ သူတာဝန်ယူထားသည့် Hotel ဆီသွားရန် ပြင်လိုက်ပါသည်။ ဖေဖေက MD ဦးခင်ဇော်နှင့် စကားပြောနေသေးတာမို့ လူကြီးတွေကို နှုတ်မဆက်ဘဲ ထွက်ရမှာ မျက်နှာပူစရာဖြစ်တော့မှာလေ။

"ဖေဖေ. . . ကျွန်တော်သွားတော့မယ်"

"ဩော်. . . အေးအေး. . . သား"

"ဒါ ရှေ့နေကြီးရဲ့သားလား"

"ဟုတ်ပါတယ် ဦးခင်ဇော်၊ သားက Victoria Hotel ကို တာဝန်ယူထားတယ်လေ"

"အားကိုးလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးခင်ဇော်က ရီဝေသည့်အကြည့်တို့ဖြင့် သူ့ကိုကြည့်လိုက်လေ၏။ ကမ်းပေးလိုက်သည့်လက်ကို သူပြန်ဆုပ်ကိုင်လိုက်ရပါသည်။ အံ့သြဖွယ်ကောင်းလေစွ။ ကုမ္ပဏီ MD ကြီးမှာ ဒီလိုကြေကွဲ ဝမ်းနည်းနေသည့်အရောင်တွေ ဖြတ်သန်းနေပါသော မျက်ဝန်းတို့ ရှိနေရတယ်လို့။ နှုတ်ခမ်းထက်မှာ မြင်ရခဲသည့်အပြုံးယဲ့ယဲ့တော့ ပေါ်လာလေ၏။

"ကျော်နန္ဒပါ. . . MD"

"အန်ကယ်လို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ မောင်နန္ဒ"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပြီ"

လူကြီးတွေကို တရိုတသေနှုတ်ဆက်ကာ Hotel သို့ သူထွက်လာခဲ့ပါ၏။ ကုမ္ပဏီပိုင်လုပ်ငန်းတွေထဲမှ ဒီ Hotel ကို သူတာဝန်ယူခဲ့တာပါ။ ဒီလို ဥက္ကဋ္ဌကြီးကိုယ်တိုင်ပြောတဲ့ အစည်းအဝေးမျိုး တစ်ခါမှ သူမတက်ခဲ့ဖူးတာမို့ ဒီတစ်ကြိမ်မှသာ MD ဦးခင်ဇော်ကို မြင်ခွင့်ရခြင်းပါပဲ။

ဖေဖေကတော့ MD ကြီးရဲ့ အတိုင်ပင်ခံရှေ့နေဖြစ်ကာ လုပ်ငန်းနှင့်ပတ်သက်သည့် စာချုပ်စာတမ်းတို့ကအစ တာဝန်ယူ ဖြေရှင်းပေးရလေသည်။ Hotel က သူ့ကိုယ်ပိုင်မဟုတ်သော်ငြား ဒီ 'တက်နေဝန်း' 'Reissing Sun' ကုမ္ပဏီမှာ Shair အနည်းငယ် ထည့်ဝင်လျက် တာဝန်ခွဲယူခွင့်ရခဲ့ရတာပင်။

သူက သူ့ခြေသူ့လက်ဖြင့် ဒီနေရာကိုယူခဲ့တာမို့ ဖေဖေနှင့် သီးသန့်ဖြစ်နေပြီး ဖေဖေ့အရှိန်အဝါအောက် မရောက်ခဲ့တာပင်။ အခုလိုမျိုး သားအဖတော်တာကို လူသိပ်မသိဘဲ လူရင်းအချို့သာ သိကြတာမျိုးပါ။ ဖေဖေက သာမန်ဝန်ထမ်းမို့ အချမ်းသာကြီးမဟုတ်သလို မေမေသည်လည်း





အငြိမ်းစားကျောင်းဆရာမမို့ သူတို့အိမ်က ခပ်အေးအေးမိသားစုပါပဲ။

သူက ရွှေလင်ပန်းနှင့် အချင်းဆေးပြီး ရွှေဇွန်းကိုက်ကာ မွေးခဲ့သည့်သားမျိုး မဟုတ်ပါ။ ထို့ကြောင့် ကျောင်းပြီးဘွဲ့ရသည်နှင့် နိုင်ငံရပ်ခြားထွက်ကာ အလုပ်ကို တပင်တပန်းလုပ်ခဲ့ပြီး ငွေစုဆောင်းပြီးမှ မိဘတွေထံ ပြန်ခဲ့တာပါလေ။ ကိုယ်ပိုင်ကုမ္ပဏီထောင်ရန် အင်အားမပြည့်တာမို့ အခုလို ရေရှည်အောင်မြင်နိုင်မည့် ကုမ္ပဏီကြီးထဲသို့ ရှယ်ယာထည့်ဝင်ပြီး လုပ်ငန်းစလုပ်ဖြစ်ခဲ့တာပင်။

ကိုယ် မကျွမ်းကျင်တဲ့အရာကို အဆင်သင့်ဝင်ယူလို့ မရတာမို့ ဒီတာဝန်ကိုမယူခင် တစ်နှစ်ခန့် သူလေ့လာသင်ယူခဲ့ပြီးမှ ရခဲ့တာပါ။ လောလောဆယ် ဒီ Hotel တစ်ခုတည်း တာဝန်ယူထားရပေမယ့် သူပိုင်နိုင်ကျွမ်းကျင်ပြီး တိုးတက်မှုရှိရင် ရန်ကုန်ပါမက မန္တလေး၊ နေပြည်တော်၊ ပုဂံညောင်ဦးရှိ Hotel တို့ကိုပါ ဦးစီးခွင့်ရမည်မှန်း ကြိုသိထားလေ၏။

ဒီလိုမှ အဝေးကြီးမသွားချင်ရင် ချောင်းသာ၊ ငွေဆောင်ကမ်းခြေများရှိ Hotel တို့ကို သွားအုပ်ချုပ်ခွင့်ရနိုင်လေသည်။ ထို့ကြောင့် သူက သူတာဝန်ယူထားတဲ့နေရာမှာ ဘယ်လိုပြဿနာ၊ မည်သည့်မငြိမ်သက်မှုမျိုးမှ မဖြစ်ရလေအောင် အထူးဂရုစိုက် ကြပ်မတ်နေရတာပါ။ ဒါမှသာ တိုးတက်မှုမှတ်တမ်းမှ မြားက အပေါ်သို့တက်နိုင်မှာ မဟုတ်ပါလား။

"ကျွိ! . . ."

အတွေးလွန်နေရာမှ သတိဝင်သွားရပါ၏။ ကားရှင်းသည့်လမ်းဖြစ်ပေမယ့် ယာဉ်စည်းကမ်းကိုဖြင့် လိုက်နာရမှာလေ။ မီးနီလေး လင်းနေသည့်အတွက်ကြောင့် လူကူးမျဉ်းကြားနားမှာ ကားကို ဘရိတ်နင်း၍ ရပ်လိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူ့အကြည့်တို့က မျဉ်းကြားကို ဖြတ်ကူးလာသည့်လူတို့ထံ ရောက်သွားလေသည်။ သုံးလေးဦး ဖြတ်ကူးကြသည့်အနက်မှ နောက်ဆုံးမှာ ခပ်သုတ်သုတ်လှမ်းလာသည့် မိန်းကလေးထံ တစိုက်မတ်မတ် လိုက်ကြည့်နေမိ၏။ အလို! တစ်ယောက်ယောက်နှင့် တူသလိုလို မျက်နှာပုံစံမျိုးလေးပါလား။

ခပ်ပါးပါးနှင့် ရှည်လျားမတ်သည့်ခန္ဓာကိုယ်မှာ ကျောပိုးအိတ်အညိုလေးကို လွယ်ထားလေ၏။ ဘေးဘီကိုငဲ့မကြည့်ပါဘဲ ရှေ့တူရူဆီကိုသာ အာရုံစိုက်ထားပုံပါပဲ။ လက်မှာပတ်ထားသည့်နာရီကို တစ်ချက်ကြည့်ကာ ကျောပိုးအိတ်ကြိုးစတို့ကို ပြန်ကိုင်ကာ သူ့ကားရှေ့မှ ဖြတ်သွားလေသည်။

လေအဝှေ့မှာ နဖူးထက်မှ ဆံပင်တိုတိုတို့က ခေါင်းထက်သို့ လွင့်ကာ လန်သွားပါ၏။ ခပ်သွယ်သွယ်မျက်နှာ၊ မေးရိုးအကျလှလှ၊ တင်းတင်းစေ့ထားပါသည့်နှုတ်ခမ်းအစုံ၊ ခပ်တိုတိုညှပ်ထားသည့် ဆံပင်များနှင့် နားရွက်မှာ နားသီးလေးပါသည့် နောက်လည်တိုင်ရှင်းရှင်းလေးကို အရှင်းသား မြင်နေရစဉ် သူ့ရင်တွင်းမှာ ဒိတ်!ခနဲ ဆောင့်ခုန်သွားရလေ၏။

အလို! ဘာတွေဖြစ်ကုန်ပါလိမ့်။ မီးပွိုင့်မှာ မီးစိမ်းပြပြီမို့ အချက်ပြမီးဖွင့်ထားသည့်အတိုင်း ညာဘက်သို့ ကားကို သူကွေ့ချလိုက်ပါသည်။ ခပ်မှန်မှန်ပင် မောင်းနေတာမို့ စောစောက လမ်းကူးသွားသည့် မိန်းကလေး ခပ်သွက်သွက်လျှောက်နေတာကို မြင်နေရလေ၏။

ဘယ်ကိုများ သွားနေတာပါလိမ့်။ သူ ကားကို Hotel ရှိရာဆီသို့ ချိုးကွေ့ရန် စောင့်နေစဉ် သူမက ကားလမ်းကို ဟိုဒီတစ်ချက်ကြည့်ကာ လမ်းဆက်ကူးသွားပြန်လေသည်။ သူ့ကားရှိရာဘက် လှည့်လိုက်တာမို့ မျက်နှာကို သူတွေ့ဖြစ်အောင် တွေ့လိုက်ရတာလေ။ ရင်ထဲတစ်မျိုးကြီး





ဖြစ်သွားတာမို့ သူ့ကိုယ်သူ အံ့ဩသွားမိတာ အမှန်ပါ။ ဘာတွေဖြစ်ကုန်ပြီလဲ 'ကျော်နန္ဒ'. . .

"တီ! တီ!"

နောက်ကားဆီမှ ကားဟွန်းသံထွက်လာတာမို့ လမ်းကြားအတွင်းသို့ ကားကို သူကွေ့ကာ ဟိုတယ်ဘေး လမ်းနေရာမှာ ဂိတ်ထိုးရပ်လိုက်ပါ၏။ မြို့ထဲမှာ ဆောက်ထားတာမို့ Hotel က ထီးထီးမားမားကြီးရှိနေပြီး ကား Parking ကျယ်ကျယ်ရှိမနေပါလေ။ လိုအပ်ချက်ရှိသေးသည့် နေရာပါပဲ။

ကားထဲမှထွက်ကာ Hotel ထဲသို့ သူဝင်လိုက်ပါ၏။ ရုံးခန်းရှိရာ အထပ်ဆီသို့ Lift ဖြင့်တက်ခဲ့စဉ် တစ်ယောက်တည်း ပြုံးလိုက်မိလေသည်။ ရော်! သူတော့ ခက်နေပါပြီ။ တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးတဲ့ စိတ်လှုပ်ရှားခြင်းတို့နှင့် တစ်ကိုယ်တည်း ပြုံးမိတဲ့အထိ ဖြစ်ရတယ်လို့။

"တင်းတောင်!. . ."

ရပ်သွားသည့် Lift ထဲမှ သူထွက်လိုက်ပါ၏။ အပေါ်ဆုံးထပ်မှာ ရုံးခန်းထားတာမို့ လူရှင်းပြီး တာဝန်ရှိဝန်ထမ်းတို့ကလွဲပြီး Guest တွေ ရှိမနေပါ။ သို့သော် ညာဘက်မှာတော့ ဒီလေသာဆောင် ဟင်းလင်းပြင် အခြမ်းကို တက်လာတတ်သည့်ညှော်သည်တွေတော့ ရှိတတ်ပါ၏။

"Good morning... GM"

"Morning... ဒါလီ"

သူ့ Secretary နွဲ့ဒါလီ နှုတ်ဆက်တာကို ပြန်နှုတ်ဆက်လိုက်ပြီး ရုံးခန်းတွင်းသို့ဝင်လိုက်ပါ၏။ လည်ပင်းမှ Necktie ကို အနည်းငယ်ဖြေလျှော့ကာ Coat ကိုချွတ်နေစဉ် နွဲ့ဒါလီက အခန်းတံခါးခေါက်သံပေးရင်း ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူချွတ်နေသည့် Coat ကို ဝိုင်းကူချွတ်ပေးကာ Hunger ဖြင့် ချိတ်ပြီးမှ အင်္ကျီချိတ်တိုင်မှာ သွားချိတ်ပေးလေ၏။

"ဒီနေ့ ဘာများထူးသေးလဲ"

"တခြားကိစ္စတွေတော့ ဘာမှမထူးခြားပါဘူး၊ ဒါပေမဲ့ Lobby မှာ မကြာခဏ Complain တက်တာရှိပါတယ် GM "

"အကြောင်းက"

"Guest တွေ စိတ်တိုင်းမကျလို့ Cook ကို လဲရတာပါ"

"စားဖိုဆောင်က"

"ဟုတ်ပါတယ်"

"ဘယ်လိုဖြစ်ရတာလဲ၊ ကိုယ်တို့ Hotel က Guest တွေအတွက် Breakfast ရော Lunch နဲ့ Dinner ပါ အားလုံးစိတ်တိုင်းကျ စီစဉ်ပေးထားတာကို"

"ဟုတ်ကဲ့. . . Cook ခဏခဏပြောင်းတာမို့ လက်ရာက ပြဿနာဖြစ်ရတာပါ GM "

သူ မျက်မှောင်ကြုတ်သွားရပါ၏။ ဒါလီယူလာပေးသည့် Attendent Book ထဲမှာ ဝန်ထမ်း List ကိုစစ်ကာ လက်မှတ်ထိုးပေးလိုက်ပါသည်။ လာတည်းသည့် ဧည့်သည်တွေက (ကိုယ့်နိုင်ငံသားဧည့်သည်) Local တွေထက် (နိုင်ငံခြားသားဧည့်သည်) Foreigner တွေ ပိုများတာလေ။ Room နှင့်ပတ်သက်ပြီး စိတ်တိုင်းမကျတာမျိုး ဘာမှမကြားရပေမယ့် အစားအသောက်မှာ ပြဿနာဖြစ်ရတယ်လို့။

အတော်ဦးနှောက်ခြောက်ရတဲ့ကိစ္စပါပဲ။ ဟိုတယ်မန်နေဂျာကို အစစ တာဝန်လွှဲထားပါလျက် ဒီပြဿနာကို မဖြေရှင်းနိုင်တာပါလားနော်။ ဒီ





သတင်းသာ အပြင်ကိုပေါက်ကြားသွားရင် သူ့ခေါင်း ဆင်နှင်းခံရတာထက် ဆိုးသွားနိုင်တာပါလေ။ မဖြစ်သေးပါဘူး. . . ဒီကိစ္စကို အမြန်ဆုံးဖြေရှင်းနိုင်မှပါပဲ။

"မန်နေဂျာကို ခဏလာဖို့ပြောလိုက်"

"ဟုတ်ကဲ့ပါ GM... "

နွဲ့ဒါလီ ထွက်သွားတော့ ထိုင်ခုံကျောမှီကို သူမှီချလိုက်ပါသည်။ ဦးနှောက်ခြောက်လိုက်တာနော်။ ခုနခံစားချက်လှလှလေးပင် ဘယ်ထွက်ပြေးသွားမှန်းပင် မသိတော့။ ဖေဖေ့လိုသာ အမှုကိစ္စတွေ အများကြီးခေါင်းထဲထည့်ရရင် သူတော့ သွက်သွက်ခါ ရူးသွားမည်ထင်ပါ၏။

မန်နေဂျာ 'မြတ်ဖြိုးဝေ'က Reception မှာပင် ရုံးထိုင်ရတာမို့ သူရှိနေသည့် အပေါ်ဆုံးထပ်ကို လာရမှာ ကြာပေမည်။ Hotel ထဲ သူဝင်လာတော့ Reception counter မှာ စာရေးမလေး နှစ်ဦးသာရှိပြီး မန်နေဂျာကို မတွေ့ခဲ့ရပါ။ အင်းပေါ့လေ၊ တခြားအလုပ်ရှိနေလို့ သွားလုပ်တာဖြစ်ပေမပေါ့။

"ဒေါက်! ဒေါက်! "

"Come in! "

သူ့ရုံးခန်းအတွင်းသို့ မန်နေဂျာ မြတ်ဖြိုးဝေ ဝင်လာပါ၏။ အသက်အရွယ်မတိမ်းမယိမ်းမို့ စကားပြောရတာ ပြဿနာမရှိပါချေ။ ဘဏ္ဍာရေးအပိုင်းတာဝန်ယူရသည့် ဦးမင်းဝေမှလွဲ၍ ကျန်ဝန်ထမ်းအားလုံး အသက်သိရွယ်သူတွေ မဟုတ်ပါလား။

"မင်္ဂလာပါ GM "

"ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"Kitchen မှာ အခြေအနေဘယ်လိုဖြစ်နေပြီလဲ"

"ဗျာ"

"Cook တွေ ပြောင်းပြေးရတဲ့အကြောင်းအရင်းက ဘာများလဲ မြတ်ဖြိုးဝေ"

မန်နေဂျာမျက်နှာ ခပ်ငွေးငွေးဖြစ်သွားလေ၏။ အလုပ်နှင့်ပတ်သက်လာလျှင် ပြတ်သားရမှာမို့ သူခပ်မာမာပြောမိတာပင်။ ဘာပဲဖြစ်ဖြစ် သူ့လက်အောက်ဝန်ထမ်းရာထူးမှာ ဒီလူငယ်လေး တာဝန်ယူထားရတာမို့ တာဝန်ကြီးလေးရတာပါပဲ။

"ပြဿနာက ကျွန်တော်ရှင်းနေပါလျက် မပြီးပြတ်သလို ဖြစ်ရတာပါ GM "

"Cook တွေ အဲဒီလောက် မရှားပါဘူး"

"ဟုတ်ပါတယ်၊ ဒီ Hotel မှာ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ဖို့ Test လုပ်ပြီး စိတ်တိုင်းကျမှ ရွေးခန့်ခဲ့တာပါ"

"ဒါနဲ့တောင်မှ ပြဿနာက မပြီးပြတ်သလိုဖြစ်ရလား"

"တော်တော်ဦးနှောက်စားရတဲ့ကိစ္စပါ GM "

"ဘယ်လို"

မန်နေဂျာမျက်နှာက ခပ်ငယ်ငယ်လေးဖြစ်သွားပါ၏။ စားဖိုမှူးတွေ ရွေးခန့်ခဲ့ပါလျက် ဒီပြဿနာကို ကျေလည်အောင် မရှင်းနိုင်တဲ့အကြောင်းက ဘာများပါလဲ။ အမှုကိစ္စဆိုတာ သေးကတည်းက ရှင်းနိုင်မှာ ကြီးကြီး မဖြစ်နိုင်ဘာလေ။ စဉ်းစားစမ်းပါ ကျော်နန္ဒရယ်. . .

"ဒီမှာတည်းကြတဲ့ Foreigner တွေ အများစုက မနက်တိုင်း





မြို့ထဲမှာ လမ်းလျှောက်သလို ပြေးတဲ့သူရော စက်ဘီးစီးတဲ့သူတွေပါ ရှိကြပါတယ်"

"အေးလေ. . . အဲဒါ ကိုယ်သိပါတယ်"

"အဲဒီလိုသွားရင်းနဲ့ သူတို့ဗိုက်ဆာလို့ ဝင်စားကြတဲ့ Restaurant ရှိပါတယ် GM "

"ဘာရယ်"

"ဟုတ်ပါတယ်၊ အဲဒီဆိုင်မှာ မနက်စာစားခဲ့ပြီးသူတိုင်း Hotel က အစားအသောက်ကို အဲဒီဆိုင်လောက် အရသာမရှိဘူးဆိုပြီး ဖြစ်လာတာပါ"

"ဆိုင်ကြီးလား"

"သိပ်မကြီးပါဘူး၊ အချိန်ကန့်သတ်ပြီး ဦးရာလူစနစ်နဲ့ ရောင်းတာမျိုးပါ။ ဒါပေမဲ့ လက်ရာရော ဆိုင်ရဲ့သန့်ရှင်းသပ်ရပ်မှုက Hotel တွေပါး စံချိန်ချိုးတာပါ GM "

အလို! အဲဒီလိုစားသောက်ဆိုင်မျိုးက မြို့လယ်ခေါင်မှာ ရှိနေတာဘဲလား။ ပြီးတော့ သူတို့လို Hotel တွေနားမှာ လာဖွင့်ရဲတံ့တယ်ပေါ့လေ။ ဘယ်လိုလဲ. . . နံရံကိုဝင်ဆောင့်ရဲတဲ့သတ္တိမျိုးနဲ့ပါလားနော်။ ဘယ်လိုအင်အားမျိုးရှိနေလို့ သူတို့လို Hotel တွေနဲ့ Guest House တွေလို အကြီးစားစီးပွားရေးတွေကိုမှ ယှဉ်ပြိုင်ချင်ရတာပါလိမ့်။ ထူးဆန်းလေစွ။

"နာမည်က ဘာတဲ့လဲ"

"Dawn... ပါ GM "

'Dawn' တဲ့လား၊ 'အရုဏ်ဦး'လို့ အဓိပ္ပာယ်ဖွင့်မှတော့ နံနက်ခင်းရဲ့ နွေးထွေးစွာ ကြိုဆိုပေးထားတဲ့ နေရာတစ်ခုပေါ့။ အတော့်ကို ဒိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ပိုင်ရှင်ပါပဲလား။ ဆိုင်သေးသေးလေးဖွင့်ထားပြီး သူတို့တွေ
က ဧည့်သည်တို့ကို မျှားခေါ်နိုင်တာ အံ့မခန်းပညာရပ်ပါပဲ။ မည်သို့သော
စားဖိုမှူး၊ မည်သို့သော Service၊ မည်သို့သော နေရာအခင်းအကျင်း
မျိုးနဲ့များ ပြီးပြည့်စုံနေတာပါလဲ။

တစ်ရက်တော့ ဆုံကြစို့ 'Dawn' ရယ်. . .

❁❁❁



## အခန်း ( ၄ )

Bakery (မုန့်ဖုတ်ဖို)ထံမှ တီခနဲအသံမြည်လာစဉ် တံခါးအသာ
ဖွင့်ကာ Tray (လင်ပန်း)ကို Glove (လက်အိတ်)ဝတ်ထားသည့်လက်
ဖြင့် ဂရုစိုက်ကာ ထုတ်လိုက်ပါ၏။ ဖုတ်ထားသည့်မုန့်များထံမှ စားချင့်
စဖွယ်မွှေးရနံ့က သင်းခနဲလွင့်လာလေသည်။ လက်တစ်ဝိုင်းစာ မုန့်ဆယ်
ခုဟာ သိပ်လည်းမပြား၊ အရမ်းလည်း မဖောင်းဘဲ ပုံ့ပုံ့လေးဖြစ်နေတာ
မို့ မျက်နှာထက် ရှားပါးသည့်အပြုံးက လှစ်ခနဲပေါ်သွားရပါ၏။

"ဘယ့်နှယ်လဲ ပန်ပန်၊ OK! ရဲ့လား"

"ဟုတ်ကဲ့ မမ"

"မုန်း. . ."

သင်တန်းမှူးက သူမရှိရာဆီ လာနေပြီမို့ စားပွဲထက်သို့ လင်ဗန်း
တင်ကာ ပန်းကန်စင်ထက်မှ ပန်းကန်ပြားလေးတစ်ချပ်ကို ယူလိုက်
ပြီး ပြီးမှ ခွညှပ်ပြားဖြင့် မုန့်တစ်လုံးကိုယူကာ ပန်းကန်ပြားထဲ ထည့်လိုက်
သည်။ ခက်ရင်းအသေးလေးနှင့် မုန့်လှီးဓားလေးကိုပါ ready ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ သူမပြင်ဆင်ပြီးသည်နှင့် သင်တန်းမှူးဒေါ်ကြည်ပြာ ရောက်လာချိန်က အံကိုက်ပါပဲ။

"တွေ့လား. . . အဲဒါတွေကြောင့် မချီးမွမ်းဘဲကို မနေနိုင်တာ"

သင်တန်းသူသင်တန်းသားတို့၏အကြည့်က သူမထံသို့ ရောက်လာတော့၏။ မုန့်ကို မမြည်းစမ်းခင် ချီးမွမ်းစကားပြောတာတော့ လွန်သည်ဟု ထင်ကြမည်သာ။ သူမက အလုပ်မှာ ဤသို့ကြိုတင်လုပ်ဆောင်နေကျမို့ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်လိုက်တာပါပဲ။ သူများတကာထက်ထူးကဲခြားနားလိုသောဆန္ဒ အလျှဉ်းမရှိပါချေ။ ထူးချွန်စွာ အောင်မြင်လိုသောစိတ်ကလွှဲ၍ပေါ့။

သင်တန်းမှူးက သူမ ကမ်းပေးလိုက်သည့်ပန်းကန်ပြားလေးကို ယူကာ မြည်းလေ၏။ အရင်းဆုံး အနံ့ကို မှတ်သားရှုရှိုက်လိုက်ပြီး မုန့်ကို လက်ညှိုးဖြင့် အသာဖိလိုက်လေသည်။ ပြီးမှ ဓားဖြင့် အနေတော်လေးလှီးကာ ခက်ရင်းလေးဖြင့် မုန့်တုံးလေးကို ထိုးယူလျက် စားလိုက်လေ၏။ အရသာခံနေပုံဖြင့် မျက်လုံးတို့ကိုမှိတ်ထားတာမို့ သူမရင်တွင်းမှ မသိမသာလှိုက်ခုန်လာပါသည်။ အဆင်မှပြေပါ့မလား။

"Good!... မုန့်သားနယ်တာရော၊ အစပ်အဟပ်ထည့်တာပါ ပြောစရာမရှိဘူး။ အပူရှိန်ကို လိုအပ်သလောက်ပဲ ပေးထားတာမို့ မုန့်ပွတာလည်း OK တယ်။ လက်နဲ့ပုံဖော်တဲ့ Style ကလည်း အမြင်တင့်တယ်ပြီး Snack စားသုံးသူတစ်ဦးစာအတွက် လုံလောက်တဲ့အနေအထားမျိုးပါပဲ။ အားလုံးထဲမှာ Best... ပါ ပန်ပန်"

သင်တန်းမှူးကစပြီး လက်ခုပ်တီးလိုက်တာမို့ လက်ထောက်သင်တန်းမှူးတွေပါမက သင်တန်းသားတွေပါ လိုက်တီးကြလေ၏။ တကယ်ပဲစံချိန်မီပြီလား။ ဘယ်သင်တန်းမျိုးကိုပဲ တက်တက်၊ ထိုသင်တန်းမှာ ပန်သစွာဆိုသည့်အမည်မျိုး ထင်ကျန်ခဲ့အောင် အားသွန်ခွန်စိုက် သူမ ကြိုးစားခဲ့တာပါ။

အောင်မြင်မှုရလိုသူတိုင်း၏ အတားအဆီး အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်ဖြတ်နိုင်မှသာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အောင်မြင်ခြင်းရလဒ်ကို ဆွတ်ခူးနိုင်မှာလေ။ ပင်ပန်းခြင်းရဲ့ပြယုဂ်က ကုန်ဆုံးသွားတဲ့အချိန်နာရီပေါင်းများစွာကို ကျေနပ်စွာ ဖြေသိမ့်ပေးစွမ်းနိုင်တဲ့ အပြုံးလက်ဆောင်မွန်ပင် မဟုတ်ပါလား။

"ကျေးဇူးပါ မမ"

"အံမယ်. . . ကျေးဇူးတင် မစောပါနဲ့ဦး၊ ဒီနေ့ သင်တန်းဆင်းပေးတာ မုန့်ပေမယ့် ရှေ့တစ်ပတ်ထဲမှာ Test ရှိတယ်"

"ဟယ်!"

"ဟာ!"

အားလုံး အံ့သြသွားရပါ၏။ မှန်ပါသည်။ သင်တန်းတစ်ခုတက်ရတိုင်း အောင်လက်မှတ်ရချင်ရင် စာမေးပွဲဆိုတဲ့ အတားအဆီးတံတိုင်းကြီးကို ကျော်ဖြတ်နိုင်ရမှာ မဟုတ်ပါလား။ ဘယ်အရာကိုမဆို လွယ်လင့်တကူရရှိနိုင်တာမျိုး မရှိနိုင်ပါလေ။ မျှော်လင့်ထားတဲ့အတိုင်း ရင်ဆိုင်ရဦးမှာပါပဲ။

"အားလုံးပဲ နားထောင်ကြပါ၊ ရှေ့တစ်ပတ်အင်္ဂါနေ့မှာ မမတို့ စာမေးပွဲစစ်ပါ့မယ်။ ဆုက ပထမ၊ ဒုတိယ၊ တတိယ သုံးခုပါ"

"ဘာဆုတွေလဲဟင်"

'သိချင်လို့လား၊ မမတို့သင်တန်းနဲ့ သက်ဆိုင်တဲ့ပစ္စည်းမျိုးပေါ့။





ရွှေပုဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



Bakery အသေးရယ်၊ မုန့်လုပ်တဲ့ပုံစံ Mould တွေရယ်၊ နောက်ပြီး မုန့်လုပ်နည်းမျိုးစုံပါဝင်တဲ့ မှတ်စုစာအုပ်ရယ်ပါ''

''ဟေး. . .''

လက်ခုပ်သံ တဖြောင်းဖြောင်း ထွက်လာပြန်လေ၏။ အားလုံး၏ မျက်ဝန်းတို့က အရောင်တဖျတ်ဖျတ် လင်းလက်နေသည်နှယ်ပါ။ လိုချင်ဖွယ်ရာပစ္စည်းတွေပဲကိုး။ သူမက တတိယဆုဖြစ်မယ့် Note Book ကို ပိုရှ်လိုချင်ပါ၏။ Internet သုံးပြီးရှာလျှင်လည်း ရနိုင်သည်လေ။

''နေဦး. . . မပြီးသေးဘူး၊ အထူးဆု ရှိပါသေးတယ်''

အသံတိတ်သွားကြပါ၏။ အထူးဆု. . . တဲ့။ ဒီသုံးမျိုးထက် ပိုပြီး တန်ဖိုးကြီးတဲ့အရာ ရှိနေသေးလို့လား။ သင်တန်းမှူးမျက်နှာက ခါတိုင်းထက်ပို၍ လေးနက်နေသလိုနှယ်ပါ။ စကားကို ဆက်မပြောဘဲ သင်တန်းသားတွေ၏မျက်နှာကို ဝေ့ကြည့်လိုက်လေ၏။ ရှေ့ဆုံးတန်းအလယ်မှာ ရှိနေသည့် သူမထံမှာ အကြည့်က ဆုံးသွားပါသည်။

''အဲဒါကတော့ မမတို့သင်တန်းမှာ အကျွမ်းကျင်ဆုံး သင်တန်းသားတစ်ဦးတည်းကိုပဲ နာမည်ကြီးတဲ့ ဘယ် Hotel မှာမဆို Baker ဝင်လုပ်လို့ရမယ့် ထူးချွန်လက်မှတ် တရားဝင်ချီးမြှင့်မယ်ဆိုတာပါပဲ''

''ဒါဖြင့် ပထမဆုသမားပဲ ရမှာပေါ့ မမရဲ့''

''No!...no!... Choice ရှိပါတယ်။ First Prize ရတဲ့လူက ဒီဆုသုံးခုထဲက ကြိုက်ရာကို ရွေးချယ်ယူခွင့်ရှိတယ်။ ပြီးတော့ ခုနပြောတဲ့ လက်မှတ်အပါအဝင်ပေါ့။ ဒီတော့ နားရက်မှာ ပိုပြီးကြိုးစားဖို့ မှာချင်ပါတယ်။ ဒီနေ့ ကိုယ်လုပ်ထားတဲ့မုန့်တွေကို အိမ်သယ်ခွင့်ပြုပါတယ်။ သင်တန်းဆင်းလို့ ရပါပြီ''





ကဲ! အဘယ်မျှ ကောင်းလိုက်တဲ့သင်တန်းပါလဲ။ သူမ၏ဆန္ဒအလုံးစုံကို ပြည့်စုံစေမယ့်အခြေအနေမျိုး မဟုတ်ပါလား။ ခါတိုင်းနေ့ ပေးမယူသည့်မုန့်ကို ဒီနေ့မှ ယူခွင့်ရှိတာမို့ ပျော်လိုက်တာနော်။ အန်တီမေနှင့် ညီကိုပါမက ဆိုင်ကအလုပ်သမားလေးတွေကိုပါ ကျွေးချင်နေတာလေ။

စက္ကူအိတ်ထဲသို့ မုန့်တွေကို ပုံမပျက်စေရန် သတိထားထည့်ပြီး ကိုယ်တာဝန်ယူထားသည့် မုန့်လုပ်စားပွဲကို Cleaning တစ်ခါတည်းလုပ်လိုက်ပါသည်။ သူများတွေက မုန့်ထည့်ပြီးသည်နှင့် ဝမ်းသာအားရ အလျှိုပြန်သွားကြပေမယ့် သူမက သင်တန်းတက်သည့်နေ့တိုင်း ကိုယ့်နေရာကို သန့်ရှင်းရေးလုပ်ကာ ပစ်စရာရှိသည့်အမှိုက်တို့ကို အမှိုက်ပုံးထဲသို့ သွားထည့်ပြီးမှသာ ပြန်တတ်ပါ၏။

အခုလည်း ထုံးစံအတိုင်း တံမြက်စည်း ဂေါ်ပြားတို့ဖြင့် အလုပ်ရှုပ်နေစဉ် အနီးသို့ လူတစ်စု လာရပ်သဖြင့် အံ့သြလျက် မော့ကြည့်လိုက်ရာ၏ သင်တန်းမှူးနှင့်အတူ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသည့်ပုဂ္ဂိုလ်နှစ်ဦးကိုပါ ယှဉ်တွဲရပ်နေတာကို မြင်လိုက်ရပါသည်။

''မမ''

''ကျွန်မပြောပြောနေတဲ့ ပန်သစ္စာဆိုတာပါ''

ဘေးရှိပုဂ္ဂိုလ်တို့နှင့် မိတ်ဆက်ပေးနေပြီမို့ လုပ်လက်စအလုပ်ကို ထားကာ ဦးညွှတ်အရိုအသေပြုလိုက်မိပါ၏။ ဝတ်စားထားပုံကိုကြည့်ရုံမျှနှင့် သာမန်ရာထူးနှင့်ပုဂ္ဂိုလ်တွေ မဟုတ်မှန်း သိနိုင်တာပါလေ။

''မပန်သစ္စာ လက်ရှိ ဘယ်မှာအလုပ်ဝင်နေလဲ သိနိုင်မလား''

''ရှင်''

''Hotel တွေရဲ့ အရေးကြီးပုဂ္ဂိုလ်တွေပါ ပန်ပန်၊ အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြေလိုက်ပါ။ ပန်ပန့်လုပ်ကိုင်ပုံနဲ့ စနစ်ကျပုံကိုကြည့်ပြီး သာမန်အလုပ်သမားမျိုးမဖြစ်နိုင်လို့ ဒီပုဂ္ဂိုလ်တွေနဲ့ ဆုံပေးတာပါ''

''ဩော်''

အလို. . . အတော်ထိတ်လန့်စရာကြီးပါလား။ ဘယ်အချိန်ကတည်းကများ သူမကိုစောင့်ကြည့်နေတာပါလိမ့်။ ကိုယ်ကဖြင့် သင်တန်းကိုဖြစ်မြောက် အောင်မြင်မှုရအောင် ကြိုးပမ်းနေတာမို့ သတိပင် မထားမိခဲ့တာလေ။ Hotel တွေရဲ့ အရေးကြီးပုဂ္ဂိုလ်တွေတဲ့လား။ သူမနဲ့ ဘာများပတ်သက်စရာရှိလို့များပါလိမ့်။

''တခြားလူတွေရှေ့မှာ တွေ့ပေးရင် အထင်လွဲစရာဖြစ်မှာမို့ ခုလို စီစဉ်ပေးလိုက်ရတာပါ ပန်ပန်''

''ဟုတ်ကဲ့''

''မမတို့ သိခွင့်ရှိမလား''

''ဟိုလေ. . . ကျွန်မ အခုလို မုန့်ဖုတ်သင်တန်းကို ဒီမှာ ဦးဆုံးတက်ဖူးတာပါ''

စကားကို ခဏရပ်ထားပေမယ့် ဘာမှထပ်မပြောဘဲ သူမ ဘာဆက်ပြောမည်ဆိုတာကို စောင့်နေပုံပါ။ ဘုရားရေ! ဒီသင်တန်းက သင်တန်းဆင်းတာနဲ့ ပြီးရောမဟုတ်ဘူးလား။ တခြားမှာ အလုပ်လုပ်လို့ မရနိုင်အောင် ခြေချုပ်မိသလို စည်းကမ်းမျိုးများ ရှိနေတာမျိုးလား။ ရင်ထဲ ဒိတ်ခနဲ စိုးထိတ်သွားရလေ၏။ သူမထင်သလိုတော့ မဖြစ်လောက်ပါဘူး နော်။

''လက်ရှိလုပ်နေတာက Cook... ပါ''

''ဘယ်လို''





သင်တန်းမှူးရော ထိုလူနှစ်ဦးပါ ပါးစပ်ဟလျက် အံ့ဩသွားကြလေ၏။ ဘာလဲ. . . စားဖိုမှူးက မုန့်ဖုတ်သင်လို့ မရဘူးလား။ ဒီနှစ်ခုက ဆက်စပ်မှုရှိနေမှန်း သိထားသင့်တာပါလေ။ အမယ်လေးနော်၊ လေးလေးတော့ မျက်ခုံးလှုပ်နေမလားဘဲ။ လေးလေးကိုယ်တိုင်ကိုယ်ကျ သင်ကြားပေးပြီးမှ ဆိုင်မှာ အလုပ်ပေးခဲ့တာမို့ သူမကိုရော ဆိုင်ကိုပါ ပြဿနာရှာရင် အကြီးအကျယ်ဒုက္ခဖြစ်တော့မှာကိုး။

''ဆိုင်သေးသေးလေးတစ်ခုမှာ အချိန်ပိုင်းဝင်လုပ်နေပါတယ်''

''အချိန်ပိုင်း''

''ဟုတ်ကဲ့''

''ဆိုင်နာမည် ပြောပြနိုင်မလား''

ဘုရား! ထင်သည့်အတိုင်း ဖြစ်လာတာပါလား။ သူမ နှုတ်ဆိတ်သွားရပါ၏။ ဇနီးဖြစ်သူ မမာမကျန်းဖြစ်နေတာမို့ ပူပန်မှုဖြစ်နေရသည့် လေးလေးကို နောက်ထပ်အပူ မရှိစေချင်ပါ။ ဆိုင်ကို မျက်စိကျနေသလို ဒီနေရာကို အပိုင်သိမ်းချင်နေသည့်လုပ်ငန်းရှင်ကြီးတွေက အများကြီးမဟုတ်ပါလား။ အလုပ်ရှင်နှင့်အလုပ်သမားဆိုတာထက် သူမတို့အားလုံးက မိသားစုသဖွယ် စည်းလုံးကာ သစ္စာရှိကြတာပါလေ။

''ပြောလို့မဖြစ်လို့လား ပန်ပန်''

''ဟုတ်''

''ပန်ပန့်ကို အခုလိုအချိန်ပိုင်းမျိုးမဟုတ်ဘဲ နေရာတစ်ခု ရာထူးတစ်ခုနဲ့ အတည်တကျအလုပ်မျိုးပေးချင်လို့ အခုလိုလာတွေ့တာပါ။ အငြင်းမဆွဲပါနဲ့''

''တရားဝင်ဖွင့်ထားတဲ့သင်တန်းကို လာတက်တဲ့သင်တန်းသားကို



www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းမျိုး မမေးသင့်မှန်း ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ ဒီသင်တန်းဖွင့်တဲ့ရည်ရွယ်ချက်က ထူးချွန်တဲ့သင်တန်းသားကို ရွေးထုတ်ပြီး Hotel မှာ အလုပ်လုပ်စေချင်တဲ့အတွက်ကြောင့်ပါ''

Hotel. . . တဲ့။ လေးလေးလည်း မကြာခဏပြောဖူးပါရဲ့။ သို့သော် သူမကိုယ်သူမ အဲဒီလိုနေရာကြီးမျိုးမှာ ဝင်ဆံ့ဖို့အတွက် အရည်အချင်း မပြည့်မီသေးသူဟုသာ ယူဆသတ်မှတ်ထားတာ မဟုတ်ပါလား။ အထူးသဖြင့် ကျေးဇူးတရားအများကြီးရှိနေသည့် လေးလေးအပေါ် ကျောပေးမိတဲ့လုပ်ရပ်မျိုး မဖြစ်စေလိုပါချေ။

''ကျွန်မ အဲဒီလောက် အရည်အချင်းမပြည့်သေးပါဘူး''

သုံးဦးသား၏အပြုံးက သူမကို နေရကျပ်စေပါ၏။ ဘာလဲ. . . မယုံတာလား။ အတော်ကြောက်စရာကောင်းသည့် အခြေအနေမျိုးပါလေ။ ကိုယ်လည်း ပြစ်မှုမကျူးလွန်ထားပါဘဲ ခေါ်စစ်ခံရသည့်လူတစ်ယောက်၏ စိုးရွံ့ထိတ်လန့်မှုက သူမတစ်ကိုယ်လုံးကို လွှမ်းခြုံထားလေ၏။

မဖြစ်ဘူး ပန်သစ္စာ၊ စကားဆိုတာကို ရှည်ရှည်ဝေးဝေး မပြောချင်ပေမယ့် ပြောသင့်ပြောထိုက်တဲ့စကားကိုတော့ မဖြစ်မနေပြောရမှာပါပဲ။ လူဆိုတာ အခြေအနေနဲ့ အချိန်အခါကို စောင့်ကြည့်သိနိုင်ရမှာ မဟုတ်ပါလား။

''ညီမမှာ အရည်အချင်းမပြည့်သေးရင် ကျွမ်းကျင်အောင် သင်တန်းထားပေးမှာပါ''

''ရှင်''

ထူးဆန်းလေစွ။ ဘယ်လိုဖြစ်ပြီး လူကို နှုတ်မှပြောမထွက် ထွက်ဖြစ်အောင်ကို ဖန်တီးနေကြပါလိမ့်နော်။ သူတို့ပုံစံက ကျောင်းတက်ဖို့





လန့်နေတဲ့ ကလေးတစ်ယောက်ကို အတင်းဖမ်းချုပ်ပြီးပို့မယ့် အစ်ကိုအစ်မတွေနှယ် ဖြစ်နေတာလေ။

ညီ. . . ငါ ဘေးကျပ်နံကျပ် ဖြစ်နေပုံကို မြင်ပါရဲ့လား။ ငါတော့ ပြဿနာအတုံးအခဲကြီးနဲ့ တိုးနေပြီ ညီရေ။

''ကျွန်မ. . . Dawn မှာ လက်ရှိလုပ်နေပါတယ်''

အားလုံး၏အပြုံးက တောက်ပသွားလေ၏။ တစ်ဦးကိုတစ်ဦး တိုင်ပင်ထားသည့်နှယ် ကြည့်လိုက်ပုံက တစ်ပြိုင်တည်းပါလေ။ ဘာမှမပြောတာမို့ ရင်တွင်းမှ စိုးထိတ်မှုက အနည်းငယ်မျှ လျော့ပါးသွားပါ၏။ သူမထင်သလို မဟုတ်ပါစေနဲ့။

''ညီမ အလုပ်လုပ်ချင်ရင် အချိန်မရွေးလာခဲ့ဖို့ ပြောပါရစေ။ ဒါလေး လက်ခံပေးပါ''

ကမ်းပေးလာသည့် Visiting Card လေးကို တရိုတသေ ယူလိုက်ရပါ၏။ အညိုရင့်ရောင်ကတ်ပြားထက်မှာ ဖောင်းကြွရွှေအိုရောင် စာလုံးလေးကို စိတ်ထဲမှ ဖတ်လိုက်မိပါသည်။

'Victoria Hotel'.... တဲ့လား။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

ရင်ထဲမှာ တအုံ့နွေးနွေးဖြစ်နေသည့် ခံစားမှုက ညရောက်ချိန်ထိ မပျောက်နိုင်ခဲ့။ တစ်ကိုယ်တည်း မျိုသိပ်ခံစားတတ်တဲ့အကျင့်က ရှိသော်ငြား ဒီကိစ္စကို ဖုံးကွယ်ထားဖို့ မသင့်ပါလေ။ ညီနဲ့တော့ တိုင်ပင်မှပါပဲ။ ကိုးနာရီကျော်နေပြီမို့ ဆိုင်ပိတ်ရန် အားလုံးပြင်ဆင်နေကြပါသည်။ သူမ အလုပ်က နောက်ဆုံးမို့ ညီက လာဝိုင်းကူပေးလေ၏။

"ပန်"

"အင်း"

"ဘာဖြစ်နေတာလဲ"

"ဟင့်အင်း"

"ဒီနေ့ သင်တန်းကပြန်လာကတည်းက သတိထားမိတာ။ မျက်နှာမကောင်းလို့ မေးတာပါ ပန်ရဲ့"

တွေ့လား. . . သူမ ဘယ်လိုပဲ ဟန်ဆောင်ထားပါစေ၊ ညီ့ကိုတော့ ဖုံးကွယ်မထားနိုင်ပါလေ။ သူမမျက်နှာကို မှန်လိုကြည့်ပြီး အလိုလိုသိနေ





တော့ ခက်သားလား။ Dinning Room မှာ လေးလေး ရှိနေတာကို တစ်ချက်ကြည့်ကာ သက်ပြင်းကျိတ်ရှိုက်လိုက်မိပါ၏။

"နောက်မှပြောမယ်"

"ဟောကြည့်"

"ရှူး!. . ."

သူမ အမူအရာလုပ်ပြလိုက်တာမို့ ညီ အသာငြိမ်သွားပါ၏။ အိမ်ပြန်အိပ်ကြမယ့် ကောင်လေးနှစ်ယောက်ကို လေးလေးက အရင်ဆုံးလုပ်ခရှင်းပေးနေလေသည်။ ဟုတ်သားပဲ. . . ဒီနေ့ လကုန်ရက်ကိုး။ ကောင်လေးတွေမျက်နှာက ပြုံးပျော်နေတာပါလေ။

"ညီမင်းရော"

"ကျွန်တော် ဒီမှာပါ လေးလေး"

"သြော်. . . အေး. . . ဒီမှာ ညီမင်းနဲ့ ပန်ပန်ဖို့ လစာ"

"ကျေးဇူးပါ လေးလေး"

"ရှေးတစ်ပတ်ထဲ လေးလေး မလာနိုင်ဘူးနော်"

"ဗျာ! ဘာဖြစ်လို့လဲ လေးလေး"

"အေး. . . မင်းတို့အန်တီကို စင်ကာပူပို့ရမယ်တဲ့၊ ဒီမှာ ကုပေးပေမယ့် ဟိုမှာ သူ့အမျိုးတွေရှိလို့ ဟိုမှာပဲကုဖို့ ခေါ်နေကြတယ်။ အဲဒါ ညီ ပဲဦးစီးပြီး ဆိုင်ကိုကြည့်ထားပေးပါဦး"

"ဟုတ်ကဲ့. . . ရပါတယ် လေးလေး၊ ဆိုင်အတွက် စိတ်မပူပါနဲ့"

"အေးပါကွာ. . . ညီနဲ့ပန်ပန် ရှိနေလို့ ဆိုင်ကိုစိတ်ချနေရတာပါ၊ လေးလေး ပြန်တော့မယ်"

"ဟုတ်ကဲ့ပါ လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးမျက်နှာက အတော်နွမ်းနေလေ၏။ စီးပွားရေးအဆင်ပြေတော့လည်း ကျန်းမာရေးက အနှောင့်အယှက်ဖြစ်နေတာပါလား။ လေးလေး ကားလေးထွက်သွားမှ ဆိုင်သိမ်းခြင်းကို လက်စသပ်ရပါ၏။ တစ်မနက်စာ တစ်ညစာ ချက်ပြုတ်သည့် အသားငါး၊ အသီးအရွက်နှင့် Sauce (အချဉ်ရည်)က နောက်ရက်မကူးဘဲ နေ့စဉ်ကုန်လေ့ရှိပါသည်။

ပြီးတော့ သူမက အသားများ၊ အကြော်အလှော်တို့နှင့် တွဲစားသည့် Sauce အချိုး အချဉ်၊ အစပ်တို့ကို Ready made မသုံးဘဲ ကိုယ်တိုင်လုပ်တာမို့ တခြားဆိုင်များနှင့်မတူ ညပါဒ်မဖြစ်ဘဲ စားမြိန်သည့် လျှို့ဝှက်ချက်တစ်ခုပါလေ။ ဒါကိုက စားဖိုမှူးတိုင်းရဲ့ကိုယ်ပိုင်အစွမ်းအစ အရည်အချင်းမျိုး မဟုတ်ပါလား။

“ပြန်ကြစို့. . . ပန်”

“အင်း”

“မီးတွေ သေချာစစ်ပြီး ပိတ်ပြီးမှ အိပ်ကြနော်။ ယပိုင်နဲ့ မိုးသန့် မမေ့နဲ့”

“ဟုတ်ကဲ့ပါ အစ်ကို”

မှာနေကျအတိုင်း ညီက မမေ့မလျော့ မှာပြန်၏။ ဖိနပ်ကြိုးချည်နေစဉ် ညီက သူမ၏ကျောပိုးအိတ်လေးကို ယူလာပေးပါသည်။ နှစ်ဦးသား ဆိုင်ထဲမှ ထွက်လာခဲ့ကြ၏။ ရင်လေးစရာပါပဲ၊ ဆိုင်ရဲ့အခက်အခဲကို ဖြေရှင်းပေးနိုင်ဖို့အတွက် သူမတို့မှာ အင်အားမှမရှိတာလေ။ လေးလေးရဲ့ ဖနီးသာ မပြောကောင်းမဆိုကောင်း တစ်စုံတစ်ခုဖြစ်သွားတာနဲ့ ဆိုင်ပိတ်လိုက်ဖို့က (80 %) သေချာတော့မှာပါ။

ဝါသနာအရ လေးလေးလုပ်သည့်လုပ်ငန်းကို အန်တီနှင့် ဆွေမျိုး





တွေက ဖျက်နေကြတာမဟုတ်ပါလား။ အလုပ်သမားတွေ သစ္စာရှိတာရော ဝင်ငွေအများကြီးရနေတာကြောင့်သာ ငြိမ်ပေးနေကြတာပါ။ ရှေ့ရေးကို မြင်နေရတာကိုက ရင်မောစရာ အပြည့်ပါပဲ။

“ပန်”

“ဟင်”

“ဘာစဉ်းစားနေပြန်တာလဲ၊ ငါခေါ်နေတာ ကြာပြီ”

“ရှေ့ရေးကို မြင်နေလို့ပါ”

“ဘာဖြစ်လို့လဲ”

“အကယ်၍များ. . . အကယ်၍ပေါ့လေ”

ညည်းသလိုပြောရင်း စကားကို ရှေ့မဆက်မိ။ ညလေက မအေးဘဲ ခပ်နွေးနွေးသာ တိုက်ခတ်နေပါသည်။ ဆယ်နာရီဝန်းကျင်မို့ လမ်းပေါ်မှာ ကားတွေ သွားလာနေတုန်းပါပဲ။ ကားမီးရောင်တို့က မကြာခဏ မျက်နှာကို ရောက်လာတာမို့ Platform မှာ ခလုတ်မတိုက်မိအောင် အတော်သတိထား လျှောက်နေရပါ၏။

“ဆက်ပြောလေ”

သက်ပြင်းကို ရှိုက်လိုက်မိလေသည်။ ညီက အားပေးသည့်နှယ် သူမပခုံးထက် အသာထွေးဖက်ထားပါလေ၏။ သူငယ်ချင်းတွေမို့ အထူးအဆန်း မဟုတ်သလို ရက်ရွံ့တာမျိုး သူမ ဖြစ်မသွားပါချေ။ ညီဆိုတာ သူမအကြောင်း အူမချေးခါး သိထားတဲ့ ငယ်သူငယ်ချင်းပေကိုး။

“ဆိုင်သာပိတ်သွားမယ်ဆိုရင် နင် ဘာလုပ်မလဲလို့ပါ”

“ဒါများ ပန်ရယ်. . . ပူနေရန်ကော၊ ငါဘော်ဒါတစ်ယောက်နဲ့အတူ Canteen ဖွင့်ဖို့ စီစဉ်ထားပါတယ်။ ရုတ်တရက် အခြေမပျက်သွားစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပါဘူး''

''ဩော်. . . တော်သေးတာပေါ့''

''နေပါဦး. . . ဒီကိစ္စကို နင်ဘယ်လိုကြုံမြင်ရတာလဲ''

ကျောပိုးအိတ်သေးဖစ်ကိုဖွင့်ကာ လက်နှိုက်လိုက်၏။ သူမ ကမ်းပေးလိုက်သည့်ကတ်ကို ညီက ဇဝေဇဝါဖြင့် လှမ်းယူလိုက်ပါသည်။ လမ်းမီးရောင်အောက်မှာ ကတ်ပေါ်မှစာလုံးတို့ကို ကောင်းကောင်းကြီး မြင်နိုင်လေ၏။ ညီက ကတ်ကိုဖတ်ရင်း တအံ့တဩဖြစ်သွားပါသည်။

''ဒါက. . . ဒါက ဘာလဲ. . . ပန်''

''ဒီနေ့ ငါတို့သင်တန်းပြီးတဲ့နေ့လေ''

''အဲဒီတော့''

''ရှေ့တစ်ပတ်မှာ Test ရှိတယ်ဆိုပြီး သင်တန်းဆင်းတဲ့အချိန် ငါ့ဆီကို လူနှစ်ယောက် ရောက်လာတယ်''

''ဘာရယ်''

''ငါဘယ်မှာ ဘာလုပ်သလဲဆိုတာကို မေးလေရဲ့''

''ဟာ! သင်တန်းသူကို ဒါမျိုးမေးစရာမှ မလိုအပ်တာ''

''အေး. . . အဲဒါကို သူတို့သိတယ်၊ ငါတို့သင်တန်းမှူးက ဦးဆောင်ပြီး မေးတာမို့ ငါမဖြေလို့မရတော့ဘူး''

''ဒါဖြင့် နင် Dawn မှာလုပ်တယ်ဆိုတာ သိသွားကြတယ်ပေါ့''

''အင်း''

စကားပြတ်သွားပါ၏။ တချို့ဆိုင်တွေ ပိတ်တောင်ပိတ်နေလေပြီ။ လမ်းမတန်းရှိ လက်ဖက်ရည်ဆိုင်တို့မှ သီချင်းသံ ခပ်ကျယ်ကျယ်ထွက်နေတာမို့ သူမ စကားဆက်မပြောခြင်းပါပဲ။ လေကုန်ခံပြီး အော်ပြောတာမျိုး သူမ မလုပ်ပါ။ စကားပြောတိုင်း ကိုယ့်ဘေးနားမှာရှိတဲ့လူကြားရုံ ခပ်တိုးတိုးနှင့် တိုတိုပြတ်ပြတ်ပြောကျင့်သာ ရှိတာကိုး။

''ဒါနဲ့ပဲ နင့်ကို ဒီကတ်ပေးပြီး အလုပ်လာလျှောက်ဖို့ ခေါ်တယ်ပေါ့လေ''

''အင်း. . . အမှန်တော့ ငါ့ကို baker ခန့်ချင်လို့ လာ View ကြပုံပဲ။ ဒါပေမဲ့''

ကားလမ်းကူးရန် မျဉ်းကျားအနီးမှာ ရပ်လိုက်ကြ၏။ သူမက ကားရှင်းမှသာ လမ်းကူးတတ်တာမို့ မီးနီကို အမြဲစောင့်ရပါသည်။ သို့သော်အခုလို သူမဘေးမှာ ညီပါနေရတော့ ညီ့လက်မောင်းကိုကိုင်လျက် ကားသည်းနည်းရှင်းရုံနှင့် လမ်းဖြတ်ကူးရဲပါ၏။ ဘာပဲဖြစ်ဖြစ် ညီပါနေတာကတော့ သူမကိုယ်သူမ လုံခြုံစိတ်ချရသည်ဟု စိတ်ထဲမှာ အလိုလိုခံစားမိတာပါလေ။

''နင်သွားချင်လို့လား. . . ပန်''

ခေါင်းကိုခါလိုက်ပြီး ညီ့လက်မောင်းကို ဆုပ်ကိုင်လိုက်ပါ၏။ ကားသည်းရှင်းပြီမို့ ကားလမ်းနှစ်ကြောကို ခပ်သွက်သွက်ဖြတ်ကူးလိုက်ကြပါသည်။ ရှေ့နားဆို သူမတို့နေသည့် လမ်းကြားကို ရောက်တော့မှာ မဟုတ်ပါလား။ အလုပ်ကိစ္စတိုင်ပင်လျှင် အနှံတီမပေါ်၊ စိတ်ညစ်မှာစိုးတာကြောင့် အိမ်ပေါ်မှာပင် ပြောလေ့ရှိသလို Platform ထက်ရောက်သည်နှင့် တိုင်ပင်မထားဘဲ နှစ်ဦးသား ခြေလှမ်းအလိုလိုနှေးသွားရပါသည်။

''ဒါဖြင့် နင့်ကို သူတို့သိနေတယ်ပေါ့လေ''

''ထင်တာပဲ''

''ဟူး. . . မလွယ်ပါလား။ နေရာကို ငှားဖွင့်တာမို့ ပိုင်ရှင်က ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်ချင်ဖြစ်နေရတဲ့ကြားထဲ၊ လူကိုပါ လာဆွယ်ရတယ်လို့''

''လေးလေးသိရင် ပိုစိတ်မကောင်းဖြစ်မှာစိုးတယ်''

''လေးလေးလည်း ရှေ့ဆက်မလွယ်ဘူးလို့ ငါ့ကို ရိပ်ဖမ်းသံ
တော့ ပြောပါတယ်။ အတိအကျသာ မပြောသေးတာ။ သူမဟုတ်
တောင် နင့်ကို ဒီဆိုင်မှာပဲ ဆက်ရှိစေချင်တာမှန်း ငါသိတယ်။ Da
ဆိုတာ Cook ပန်းသစ္စာနဲ့အတူ တွဲမြင်ရတဲ့ အိပ်မက်တဲ့လေ''

အိပ်မက်တဲ့လား လေးလေးရယ်၊ ဟုတ်ပါတယ်. . . ဒီထက်
ဦးစီးဦးဆောင်မှုပြုနိုင်တဲ့ စားဖိုမှူးမျိုး ဖြစ်ချင်တာပါ။ ဒါပေမဲ့ လေး
ရယ်၊ အိပ်မက်ဆိုတာ အချိန်တန်ရင် လန့်နိုးသွားရတာနဲ့ ချက်ချင်းပျော
ပျက်သွားရတာမျိုး မဟုတ်ပါလား။ အိပ်မက်အကြီးကြီးမက်နိုင်မှ ရည်မှ
ချက်ပြည့်ရပါတယ်ဆိုတာက လက်တွေ့မှာ မဖြစ်နိုင်တာလေ။

''ဒါဆိုရင်တော့ တို့ဆိုင်ကို သူတို့တွေ အနေးနဲ့အမြန် ရောက်
ကြမှာပဲ။ နေရာလိုချင်တဲ့လူနဲ့ နင့်ကိုအကဲခတ်ဖို့ မလာမဖြစ်ကို လာ
မှာ''

''အင်း''

''ငါက. . . ငါက. . . နင့်ကို ငါနဲ့အတူတူ မခွဲဘဲ ရှိစေချင်
ပန်ရ''

ညီ့ကို ငဲ့ကြည့်လိုက်မိ၏။ ညီက သူမကိုမကြည့်ဘဲ လမ်းမကို
ငုံ့ကြည့်နေပါသည်။ ညီ ဘာကိုဆိုလိုမှန်း အလိုလိုသိနေပါ၏။ ညီရ
ပန်တို့ကြားမှာ အဖြူရောင်ပန်းခင်းကြီးတစ်ခုလုံး ရှိနေပါလျက် ခူးဖို့ မ
ချင်ပါနဲ့လား။ တို့တွေ တစ်သက်လုံး သူငယ်ချင်းလိုပဲ ချစ်ကြရအောင်
နော်။





''ငါကရော မလိုက်ဘူးလို့ ငြင်းနေလို့လား''

''ဘာရယ်''

''ဒါကြောင့်မို့ အခု သင်တန်းကိုတက်နေတာပဲလေ''

ညီ မဲ့ပြုံးပြုံးလိုက်လေ၏။ သူမ လှလှပပလေး ရှောင်ထွက်သွား
တာ ရိပ်မိတာကိုး။ လမ်းထဲချိုးလာပြီမို့ နှစ်ဦးသား စကားဆက်မပြော
တိတ်ဆိတ်သွားရပါ၏။ ခြံတံခါးဂလန့်ကို လက်နှိုက်ဖွင့်လိုက်စဉ် အိမ်
ခါးပွင့်သွားကာ အန်တီမေ ထွက်ကြိုလေသည်။

''ဒီမောင်နှမတွေ နာရီဝက်တောင်မှ နောက်ကျတယ်''

''ဆိုင်သန့်ရှင်းရေး ကူလုပ်ပေးနေရလို့ပါ မေမေ''

''ရေမိုးချိုးကြလေ၊ မေမေ ဟင်းရည်အိုး နွှေးလိုက်မယ်''

''ဘာဟင်းချက်လို့လဲ အန်တီမေ''

''သမီးအကြိုက် ငါးကလေးအိုးကပ်ရယ်၊ ဂေါ်ဖီပန်းပွင့်ကြော်ရယ်၊
စာနဲ့ ကင်ပွန်းချဉ်ရွက်ဟင်းချိုရယ်လေ။ ငါးရိုးစူးမှာကြောက်တဲ့ မေမေ့
ဖို့က ကြက်သားပြုတ်ကြော် လုပ်ထားတယ်''

''ဟာ. . . ရှယ်ပဲဟေ့''

''ခဏနားပြီးမှ ချိုးဦး''

''ညီ အရင်ချိုးနှင့်၊ အန်တီမေ့ဖို့ ယူသွားပေး. . . ညီ''

''ဘာလဲ သမီး''

''ပန်. . . ဒီနေ့ဖုတ်လာတဲ့မုန့်''

''ဟုတ်လား''

အိမ်ဘေးလှေကားမှပင် ထပ်ခိုးရှိရာဆီ တက်ခဲ့ပါ၏။ အိမ်တံခါး
ck ကို (ညီယူပေးလိုက်တာမို့) ယူပြီးဖွင့်ကာ မီးခလုတ်ဖွင့်လိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏတဖြုတ် အသက်ရှူလေ့ကျင့်ခန်းမှစကာ နာရီဝက်ခန့် Yoga လေ့ကျင့်လိုက်၏။ မနက်စောစော အချိန်မရတာမို့ ညဘက် ကောင်းကောင်း အိပ်ပျော်စေရန် နာရီဝက်တော့ အချိန်ပေးရပါသည်။

လေ့ကျင့်ခန်းပြီးတော့ တစ်ကိုယ်လုံး ဖြည်လျော့ကာ အနားယူပါ၏။ ချွေးလည်းတိတ်၊ ညီလည်း ရေချိုးပြီးချိန်လောက်မှ ရေချိုးခန်းဆီသို့ ဆင်းခဲ့ပါသည်။ လခထုတ်ပြီမို့ ဘဏ်ကိုသွားရဦးမှပါပဲ။ အန်တီမေ့ကို အိမ်လခသဘောမျိုး သူမ ငွေပေးပေမယ့် အန်တီမေက လက်မခံပါ။ ဒါကြောင့် ဘဏ်မှာ ညီနာမည်နှင့်တစ်အုပ် သူမအမည်နှင့်တစ်အုပ် ငွေစုထားပြီး တစ်လသုံးလောက်သည့်ငွေကိုသာ ဖယ်ထားလေ့ရှိပါ၏။

အဝတ်အစားဝတ်ပြီး ဆင်းလာတော့ အတွင်းလေ့ကားကို သုံးဖြစ်ပါသည်။ မီးဖိုခန်း ထမင်းစားပွဲဆီမှ ထမင်းပူနွံ့သင်းသင်းလေးနှင့် ဟင်းချိုမွှေးရနံ့က ဝမ်းတွင်းမှ ဆာလောင်မှုကို ပို၍တိုးလာစေပါ၏။ သူမ ဝင်လာသည်နှင့် ညီက သူမထိုင်မည့်ထိုင်ခုံကို စားပွဲအောက် ထည့်ထားရာမှ ဆွဲထုတ်ပေးပါသည်။

"ကဲ. . . စားကြစို့"

အန်တီမေက နေရာအရင်ယူ၍ ထိုင်လိုက်ပေမယ့် ထမင်းစားတိုင်း ရေသောက်ကျင့်ရှိသည့် သူမဖို့ ညီက ရေဖန်ခွက်ကို အလိုက်တသိ ထည့်ပေးပါ၏။ အဲဒါကြောင့် ပြောတာပေါ့၊ ညီက သူမသူငယ်ချင်းပါလို့။

❁❁❁



## အခန်း ( ၆ )

အပေါ်ထပ်သို့ တက်လာသော်ငြား ဒက်ဒီနှင့် မာမီ့အရိပ်သော်မျှ မြင်ရပါချေ။ အိပ်များ အိပ်ကုန်ပြီလား။ အိပ်ပေါ်သို့မတက်မီ စာကြည့်ခန်းကို အရင်ဆုံး တံခါးသွားဖွင့်ကြည့်တာမို့ ဒက်ဒီ အပေါ်သို့ရောက်ပြီ ခန်း မီ သိနေပါ၏။ မီ သိတတ်စအရွယ်မှာ သိနေတာက ဒက်ဒီရော မာမီပါ အိပ်ခန်းတစ်ခုတည်း အတူမနေကြပါဘဲ သီးသန့်ခွဲအိပ်ကြခြင်းပါလေ။

ဒါဖြင့် ကွာရှင်းကြသလား မမေးပါနှင့်။ လုံးဝမဟုတ်ပါ။ အများအမြင်မှာ ခွေမျိုးအသိုင်းအဝိုင်း၏အလယ်မှာ ဦးခင်ဇော်နှင့် ဒေါ်ခင်သီတာတို့က အပြုံးမပျက် ဟန်မပျက် အတူတူ ပွဲတက်နေမြဲ မဟုတ်ပါလား။ သို့သော် အပြုံး၏နောက်ကွယ်မှ အေးစက်ခြင်းနှင့် အမုန်းတရားတို့ကိုဖြင့် မီသားစုဝင်ဖြစ်တဲ့ မီမှလွဲ၍ ဘယ်သူမှ မသိမမြင်နိုင်ကြပါချေ။

"ဆက်မပြောနဲ့"

ဟိန်းခနဲထွက်လာသည့် ဒက်ဒီ့အသံကြောင့် မီ့ခြေလှမ်းတို့ ပျက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားရသလို လူပင် တုန်ယင်သွားရပါသည်။ ဘာများဖြစ်ကြပြန်ပါလိမ့်။ ညည်းခန်းမှာမဟုတ်တာမို့ အိပ်ခန်းဆီမှ ဖြစ်နိုင်ပါ၏။ ဒက်ဒီအခန်းဘက်မှ ထွက်လာသည့်အသံမို့ မာမီ ဘာများ ပြဿနာသွားရှာပြန်ပါလိမ့်နော်။

"တရားဝင်ဇနီးမယားတစ်ယောက်အနေနဲ့ သိတာ ဒီလောက်တော့ ပြောပိုင်ခွင့်ရှိပါတယ် ကိုကို"

"အေး. . . ငါကလည်း လင်သားတစ်ယောက်အနေနဲ့ ဘာတာဝန်များ ပျက်ခဲ့တာရှိလို့လဲ။ ပြောပြစမ်းပါဦး"

"ဟုတ်ပါတယ်. . . ကိုကိုက ဝတ္တရားပျက်ကွက်နေတယ်လို့လည်း သိတာ မစွပ်စွဲရပါဘူး။ ဒါပေမဲ့ မို့ရေ့ရေးအတွက်ကိုတော့ အဖေတစ်ဦးအနေနဲ့ ကူစဉ်းစားပေးသင့်ပါတယ်"

"ဟ! အဲဒါ မင်းစတဲ့ဇာတ်လမ်းလေး၊ မင်းတို့မိန်းမတွေ အငြိမ်မနေဘဲ လုပ်တဲ့ကိစ္စ၊ ငါ့ကို ဖယားမရှုပ်စေနဲ့ပေါ့"

"ဘာများရှုပ်မိလို့လဲ ကိုကို၊ ဦးဖွဲ့ခန့်ကျော်ဆိုတာ ကိုကိုနဲ့ ရင်းနှီးပြီးသားလူမို့ ဒီလောက်လေးတောင်မှ ကိုကိုအနေနဲ့ မကူညီနိုင်ဘူးလား။ ဘာများ အပန်းကြီးလို့လဲ"

"ကြီးတာပေါ့ကွ၊ ဦးဖွဲ့ခန့်ဆိုတာ ငါ့ရဲ့အတိုင်ပင်ခံရှေ့နေကြီး၊ ငါ လေးစားရတဲ့ပုဂ္ဂိုလ်၊ လုပ်ငန်းကိစ္စကလွဲပြီး တခြား ဘာမှရှုပ်ရှုပ်ယှက်ယှက် မပတ်သက်ချင်ဘူးလို့ ငါပြောနေတာကို. . . မင်းကွာ"

"မို့ကိစ္စကို ကိုကို ဒီလောက်လေးတောင်မှ အလေးအနက် မထားချင်ဘူးလားဟင်"

ဘုရားရေ! မို့ကိစ္စနဲ့ ပြဿနာတက်နေကြတာလား။ ဘာများလဲ၊ မို့ကိုဖြင့် ဘာမှမတိုင်ပင်ပါဘဲ မာမီ ဘာတွေများ လုပ်နေတာပါလိမ့်နော်။





ဦးဖွဲ့ခန့်ကျော်တဲ့၊ ဘယ်သူပါလိမ့်။ ဘာများပတ်သက်မှုရှိနေလို့ အခုလို အကြီးအကျယ်စကားများနေတာပါလိမ့်နော်။ စိတ်များလည်း ညစ်ရပါ့။

ဒက်ဒီ့ကို ဘာများ အပူကပ်နေရပါသလဲ။ မီနဲ့ပတ်သက်ရင် ဒက်ဒီ့ဆီက ဘယ်နှခါများ အကျိုးထူးရလဒ်မျိုး ရခဲ့တာ ဘယ်နှခါများ ရှိခဲ့လို့လဲ၊ ဝမ်းသာစရာရှိလည်း ဒီ့အတိုင်း ဝမ်းနည်းစရာရှိပြန်တော့လည်း တုံ့ဖိုဘာဝေနဲ့ အေးစက်စက်တုံ့ပြန်မှုမျိုးသာ ရခဲ့တာပါလေ။

"အဲဒါ မင်းသမီးလေ၊ မင်းသမီးကိစ္စကို မင်းဘာသာ စိတ်ကြိုက်ရှင်းစမ်းပါ"

"ကိုကို"

"အဲဒီကလေးနဲ့ မဖြစ်ဘူးလို့ ငါဘယ်နှခါပြောရမလဲ"

"အင်းလေ. . . ဘာကြောင့် မဖြစ်သလဲဆိုတာ သိတာ့ကို ရှင်းရှင်းပြောမှပေါ့"

"တောက်! ရောက်ပြန်ပြီ ဒီဘူတာ၊ မင်းကိုပြောရတာ မုန့်လုံးစက္ကူကပ်နဲ့ ဂျာအေးသူ့အမေရိုက်သလို ဖြစ်နေပြီ။ မဖြစ်ဘူးဆို လုံးဝမဖြစ်ဘူးပေါ့ကွ"

"ဒါဖြင့် မီက မောင်ကျော်နန္ဒနဲ့ မတန်ဘူးလို့ ကိုကို ယူဆထားလို့လား"

"ထင်ချင်သလိုထင်တော့ကွာ၊ စိတ်ရှုပ်လာပြီ"

"စကားကို ကောင်းကောင်းပြောပါ ကိုကို"

"ကောင်းကောင်းပြောနေတာပဲကွ၊ မင်းကမှ နားမလည်တာ။ ငါ ဘယ်လိုပြောရမှာလဲ။ ဒီမှာ ဒေါ်ခင်သိတာ. . . ငါ့ကို လူတစ်ယောက်ရဲ့ အပိုင်ရရုံနဲ့ ဟျေနပ်စမ်းပါ။ ငါ့စိတ်ကိုပါ အပိုင်သိမ်းပြီး မချုပ်ချယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့။ ငါတောင်းပန်ပါတယ်''

အမယ်လေး! ကြက်သီးထစရာ စကားလုံးကြီးပါပဲလား။ လူအပိုင်ရရုံနဲ့ ကျေနပ်ပါတဲ့။ စိတ်ကိုတော့ မပိုင်ချင်ပါနဲ့တဲ့လား။ ဘာအဓိပ္ပာယ်ကြီးပါလိမ့်။ ကြားရတဲ့လူ့ရဲ့ရင်ထဲကို စူးစိုက်ဝင်စေတဲ့မြားတစ်စင်းနှယ် အဆိပ်ပြင်းလွန်းသည့်စကားလုံးတွေပါလား။

ဘုရားရေ! ဒါဖြင့် မီက. . . မီက. . . ဒက်ဒီ့သမီးအရင်း မဟုတ်သလိုပါလားလေ။

''ဟဲ့. . .''

''မာ. . . မာမီ''

တုန်လှုပ်စွာ ခေါ်လိုက်မိပေမယ့် မာမီ့မျက်နှာက အံ့သြရုံထက် ဘာမှမပိုပါချေ။ ဘာများလဲ မာမီ. . . မီ မသိအောင် မာမီ့ဆီမှာ ဘာလျှို့ဝှက်ချက်တွေများ ရှိနေပါသလဲ။ မိဘနှစ်ပါး စကားများကြတိုင်း တခြားကိစ္စဟုသာ ယူဆခဲ့မိပေမယ့် အခုမှ နားနဲ့ဆတ်ဆတ်ကြားခွင့်ရခဲ့ရတာလေ။ မီက. . . မီက. . . မာမီနဲ့ဒက်ဒီကြားမှာ ပြဿနာဖန်တီးပေးနေတဲ့တရားခံတဲ့လား။

''ဘာလို့ လူကြီးတွေပြောတာကို ခိုးနားထောင်နေရတာလဲ မီ။ လူမှုရေးအသိနဲ့ နားလည်မှုမရှိသလိုပါပဲလား''

''မဟုတ်. . . မဟုတ်ရပါဘူး မာမီ၊ မီ အခုလေးပဲ ရောက်တာပါ''

မီကသာ အမှုအရာပျက်ချင်နေသော်ငြား မာမီကဖြင့် အံ့သြသွားတာထက် ဘာအမှုအရာမှ မရှိသလို မျက်နှာမပြောင်းသွားပါချေ။ ဘယ်လိုလဲ. . . မီထင်သလို မဟုတ်လို့ပဲလား။ ဟန်ဆောင်ကောင်းတဲ့ အမျိုးသမီးလိုမျိုး မာမီပါ ကျွမ်းကျင်တတ်မြောက်နေလို့ပဲလား။ မီ မသိတော့





ပါလေ။

''ဒက်ဒီနဲ့ ဘာဖြစ်ပြန်တာလဲ မာမီ''

''မသိချင်ပါနဲ့ မီရယ်''

''ဘာမှန်းမသိပေမယ့် မီ့ကြောင့်ဖြစ်တာမှန်း မီ ရိပ်မိပါတယ် မာမီ''

အပေါ်ထပ်ညှော်ခန်းဆီသို့ မာမီ သွားနေတာမို့ နောက်မှလိုက်လာမိလေ၏။ မီက သိချင်တာရှိနေရင် မမျိုသိပ်နိုင်ဘဲ ဘယ်လိုမှ နေလို့မရတဲ့လူမဟုတ်ပါလား။ မိတို့မိသားစုမှာ ဘယ်သူမှ မသိနိုင်တဲ့ လျှို့ဝှက်ချက်အကြီးကြီး မရှိပါစေနဲ့လား လောကကြီးရယ်။

''ဒီနေ့အိမ်က ကောင်မလေးတွေကို မီ့အခန်းရှင်းခိုင်းတယ်''

ထိုင်ခုံမှာ မာမီထိုင်လိုက်ပြီမို့ မျက်နှာချင်းဆိုင်ခုံမှာ မီပါ ဝင်ထိုင်လိုက်ပါ၏။ အခန်းရှင်းပေးတဲ့ကိစ္စက မီ့အတွက် အထူးအဆန်းမှ မဟုတ်တာလေ။ တစ်နေ့ကို မီချွတ်လဲတဲ့ဝတ်စုံက လေးငါးစုံမှ မက၊ အိပ်ခန်းထဲမှာ ဟိုပစ္စည်း ဒီပစ္စည်းမှန်သမျှ နေသားတကျ မထားတတ်သလို အလှပြင်ပြီးတိုင်း ဘီးအစ မှန်တင်ခုံပေါ်အဆုံး ပွလန်ကျဲလေ့ရှိတာ မီ့အကျင့်ပါလေ။

''အဲဒါ ခေါင်းအုံးဘေးမှာ ထားထားတဲ့ဓာတ်ပုံကိုမြင်တာနဲ့ မာမီ့လက်ထဲကို မိစံ လာထည့်ပေးလေရဲ့''

''ဓာတ်ပုံ''

''ဟုတ်တယ်''

ဓာတ်ပုံ. . . တဲ့။ ဟိုတစ်နေ့က မီ့လက်ထဲ ထည့်ပေးလိုက်တဲ့ဓာတ်ပုံ သုံးလေးပုံကို မှန်တင်ခုံအံဆွဲထဲ ဒီအတိုင်း ပစ်ထည့်မိခဲ့တာလေ။ အံဆွဲရဲ့ဘောင်နဲ့ တိုက်မိပြီး တစ်ပုံလားမသိ၊ ပြုတ်ကျတာနဲ့ ပြန်ကောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ အံ့ဆွဲထဲလား၊ မှန်တင်ခုံပေါ်လားပင်မသိ၊ မီတင်ခဲ့တာကို မမှတ်မိတဲ့အထိပါ။ မီနဲ့စေ့စပ်ပေးချင်တဲ့ သတို့သားလောင်းတွေကို အလေးအနက်မထားသလိုများ ဖြစ်နေမလား။

"အဲဒီတစ်ယောက်ကို မီ သဘောကျတယ်ပေါ့လေ၊ ဟုတ်လားမှီ"

"ဘယ်တစ်ယောက်လဲ"

"ကျော်နန္ဒလေ"

"ဘယ်လို"

"လက်ရှိ Victoria Hotel မှာ GM လုပ်နေတယ်ဆိုတဲ့ တစ်ယောက်ကို မီရွေးလိုက်လို့ မာမီလည်း အံ့သြသွားရတာ"

ဘုရား. . . မီကဖြင့် ဓာတ်ပုံထဲကလူတွေကို ဖြူလား မည်းလား၊ ရုပ်ဆိုးလား ချောလား။ ကြည့်ပျော်ရှုပျော်ရှိရဲ့လား ဆိုတာကိုတောင် တစ်ချက်မှ သတိထားပြီး မကြည့်မိတာလေ။ အခုတော့ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး အဲဒီဓာတ်ပုံက မှီ့ခေါင်းအုံးဘေးကို ရောက်နေရတာပါလိမ့်။

သူ ဘယ်လိုလူမှန်းလည်းမသိ၊ ဘယ်လိုပုံစံမှန်းပင် မမြင်ဖူးပါဘဲ မီက. . . မီက. . . အဲဒီလူကို မှီ့ဘဝ လက်တွဲဖော်အဖြစ် ရွေးထားတဲ့လူတဲ့လေ။ ကံကြမ္မာက ကျီစားနေပြီလား။ မိဘရင်ခွင်ထဲက မထွက်ချင်သေးတဲ့မှီ့ကိုမှ အဲဒီဓာတ်ပုံပိုင်ရှင်က ဆွဲထုတ်ခေါ်နေပြီလား။ မီက မီနှစ်သက်တဲ့လူထက် မှီ့ကို အချစ်တွေပုံပေးပြီး ရင်ခွင်ထဲ ထွေးပိုက်ပွေ့ဖက်တဲ့လူကိုသာ ပိုပြီးရွေးချင်တဲ့စိတ်က ရှိချင်တာပါလေ။

"အဲဒါ မှီ့ဒက်ဒီရဲ့ အတိုင်ပင်ခံ ရှေ့နေကြီးရဲ့သားပဲ။ မှီ့ဒက်ဒီပြောပေးရင် တစ်ခွန်းတည်းနဲ့ ပြေလည်သွားမယ့်ကိစ္စပါ"





မာမီက မီစံ လာတင်ပေးသွားသည့် သံပုရာရည်ခွက်ကို ယူသောက်လိုက်ပါ၏။ ဒါဖြင့် မှီ့ကိစ္စကို ဒက်ဒီ အလေးအနက်မထားတာ သေချာနေတာပေါ့လေ။ တကယ်ဆို သမီးဖြစ်သူရဲ့ အိမ်ထောင်ရေးကိစ္စကို မိဘဖြစ်တဲ့ မာမီရော ဒက်ဒီပါ ဦးဆောင်လမ်းညွှန်ပြရမှာ မဟုတ်လား။

အခုတော့ မာမီကသာ အားတက်သရော မဟုတ်ပေမယ့် မှီ့အတွက် လုပ်ပေးနေပြီး ဒက်ဒီကဖြင့် ကျောပေးထားတာပါလေ။ မှီ့ကို တစ်ရက်မမြင်ရရင် ဘာဖြစ်နေလဲ၊ နေကောင်းရဲ့လားလို့ တစ်ခွန်းလေးတောင် မမေးတာ အံ့သြပါရဲ့။ မှီ့ရဲ့မိဘတွေက မှီ့ကို သူတို့ရှာနေကြတဲ့ ငွေစက္ကူတွေလောက်တောင်မှ အလေးမထားကြသည့်နှယ်ပါ။

"ဒက်ဒီက ဘာပြောလို့လဲဟင်"

သိပေမယ့် ဇကြားယောင်ဆောင်ကာ မေးလိုက်မိ၏။ မာမီက အအေးခွက်ကို ပန်းကန်ပြားလေးပေါ် ပြန်ချရင်း သက်ပြင်းရှိုက်လိုက်ပါသည်။ မှီ့ကို အဲဒီလူနဲ့သဘောမတူရခြင်းအချက်ကို မီ သိမှဖြစ်မှာလေ။

"မဖြစ်နိုင်ဘူးတဲ့"

ရင်တွင်းမှ ထပ်မံအောင့်သွားရပြန်ပါ၏။ နည်းနည်းပါးပါး စကားလှအောင် မာမီ မပြောတတ်ပုံပါပဲလား။ မီက ဘာချို့ယွင်းချက် ဘာအားနည်းချက်များ ရှိနေလို့ပါလဲ။ မိန်းကလေးတွေရဲ့ စံချိန်မီနေရာကိုမှ မမီလို့ပေပဲလား။ အလုပ်လုပ်ချင်သော်ငြား လုပ်ခွင့်မပြုတဲ့ လောင်းရိပ်အောက်မှာ ရှင်သန်နေရတဲ့ သစ်ပင်တစ်ပင်နှယ် အသက်ရှင်နေရတာကို ဘယ်သူမှ မသိကြတဲ့ 'ခင်မီမီဖော်'ရဲ့ဘဝတစ်ခုပါလေ။

"ဘာကြောင့်လဲ မာမီ"

"မပူပါနဲ့ မီ၊ မာမီ့ဘဝမှာ မီတစ်ဦးတည်းရှိနေတဲ့အတွက် မှီ့ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ မာမီဖြည့်ဆည်းပေးမှာပါ။ မို့ဘဝ လက်တွဲဖော်ဟာ အဲဒီကျော်နန္ဒ ပဲ ဖြစ်စေရမယ် မီး ဟုတ်ပြီလား''

မာမို့မျက်ဝန်းတို့က တလက်လက် တောက်ပနေသလိုနှယ်ပါလေး။ အလို! မီက တကယ်ပဲ မာမီနဲ့တူလွန်းတဲ့သမီး ဖြစ်နေပါရောလား။ လိုချင်တဲ့ဆန္ဒက ရင်ထဲမှာ ဖြစ်ပေါ်လာတာနဲ့ မျက်ဝန်းမှာ ပေါ်လာတတ်တာမျိုးလေ။ ဟုတ်တယ်. . . ဘာကိုပဲ လိုချင်ချင်၊ မရရအောင် ယူတတ်တဲ့စိတ်ဓာတ်က မို့မာမီနဲ့ လုံးဝကို ချွတ်စွပ် တူနေတာပါပဲ။

''မီက ဘာများမပြည့်စုံနေလို့ အဲဒီလူနဲ့သဘောမတူဘူးလို့ ဒက်ဒီ ပြောရတာလဲ''

''ဒါတော့ မာမီလည်း ဘယ်သိပါ့မလဲ မီး။ မို့ဒက်ဒီက နဂိုကတည်းက မပွင့်မလင်း မြုံစိစိဆိုတာ မီလည်း သိရဲ့သားနဲ့''

''မီ သွားနားတော့မယ်''

ဟုတ်တယ်. . . မီက ဘယ်တော့မဆို ရင်ထဲသိမ်းဆည်းမထားတတ်တာမို့ ထုတ်ပြောလေ့ရှိတာ မာမီနဲ့အတူတူပါ။ သို့သော် ဒက်ဒီကဖြင့် ဘာဆိုတာမှဖွင့်မပြောဘဲ ရေငုံနှုတ်ဆိတ်နေတတ်တာလေ။ ပြောမယ့်ပြောချတော့လည်း နည်းနည်းပါးပါး နားဝင်ချိုအောင် စကားလုံးစီပြီး ပြောမယ်မရှိ။ ပိဿာလေး ဘေးပစ်သည့်နှယ် ဒုံးတိကြီး ပြောချလိုက်တာလေး

လူပဲ ပိုင်ရုံနဲ့ ကျေနပ်ပါတဲ့။ အဲဒီစကားကို မီ ထပ်ခါထပ်ခါ ကြားယောင်နေမိတော့မှာပါပဲ။ ဒက်ဒီပြောသလို တကယ်ပဲ မာမီက ဒက်ဒီ့ကို ယူခဲ့တာများလား။ လူနှစ်ယောက် လက်ထပ်တယ်ဆိုတာ စိတ်တူ ကိုယ်တူ ကြည်ဖြူလို့ လက်ကမ်းပေးခဲ့တာမျိုး မဟုတ်ဘူးလားဟင်။ ဒီလိုအေးစက်စက် အိမ်ထောင်မျိုးကို မို့လက်ထက်မှာရော ဖြစ်လာရင် ဘယ့်နှယ်





လုပ်မလဲ။

ဒုတိယ ဦးခင်ဖော်ဘဝနဲ့လူ၊ ဒုတိယ ဒေါ်ခင်သီတာဘဝနဲ့ ခင်မီမီဖော်ကို ထပ်ရှင်သန်စေချင်ရတယ်လို့။

အခန်းထဲကိုရောက်တော့ ကုတင်ထက် ပစ်လှဲရန်ပြင်လိုက်စဉ် အံ့သြသွားရပါ၏။ မှန်တင်ခုံထက် မှန်ဘောင်သွင်းထည့်ထားပါသည့် အမျိုးသားတစ်ဦး၏ဓာတ်ပုံကြောင့်ပါပဲ။ ဒီပုံကို မို့ခေါင်းအုံးဘေးမှာမြင်လို့ မီ ရွေးတဲ့လူလို့ ထင်သတဲ့လေ။ ကံကြမ္မာကဖြင့် မို့အပေါ် ပျက်ရယ်ပြုချေပြီ။

ဓာတ်ပုံမှန်ဘောင်ကို လှမ်းယူကာ ကြည့်မိ၏။ တည်ငြိမ်စွာ ပြန်ကြည့်နေသည့် မျက်ဝန်းတစ်စုံကြောင့် ရင်ထိတ်ကာ ပြုံးလိုက်မိပါသည်။ 'ကျော်နန္ဒ'. . . တဲ့၊ နာမည်က မာသလိုထင်ရပေမယ့် တည်တံ့ပုံရသည့် မျက်နှာနှင့် အင်မတန် လိုက်ဖက်သည့်နှယ်ပါလေ။

ရှင် ဘယ်လိုလူလဲဟင်၊ ဒီလို အေးတိအေးစက်ပုံစံမျိုးနဲ့တော့ မို့ကို မဆက်ဆံပါနဲ့။ မို့အပေါ် ချိုသာတဲ့အပြုံး၊ ပျူငှာတဲ့စကားတွေနဲ့ နွေးထွေးစွာ ဆက်ဆံပေးပါ။ ရင်တွင်းတစ်ဆုံးတိုင် သူ့ချစ်ခြင်းတွေနဲ့ နွေးထွေးမှုကို တစ်သက်တာ ရလိုက်ချင်ပါရဲ့ ရှင်ရယ်. . .

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

လုပ်လက်စအလုပ်ကိုရပ်ကာ လက်မှနာရီကို သူ တစ်ချက်ကြည့် လိုက်ပါ၏။ နေ့လယ် တစ်နာရီတောင် ကျော်နေပါရောလား။ ဒါကြောင့် သူ ဗိုက်ဆာနေတာကိုး။ သေစမ်း! ဟိုဆိုင်ကို သွားလေ့လာမလို့ပါဆို နေ့ခင်းဘက် ဘာမှမရောင်းမှဘဲ သတိရရတယ်လို့ ကျော်နန္ဒရယ်။

"တောက်!"

"ဒေါက်! ဒေါက်!"

"Come in"

ကိုယ့်ကိုယ်ကို စိတ်တိုစွာ တက်ခေါက်မိစဉ် တံခါးခေါက်သံ ပေါ်လာ ၏။ သူခွင့်ပြုလိုက်စဉ် ဝင်လာသည်က သူအုပ်ချုပ်နေသည့် Hotel ၏ စီမံရေးမန်နေဂျာဖြစ်နေလေသည်။ ဘာပြဿနာဖြစ်နေပြီလဲ။ ဒီလူက သူ ထံကို တော်ရုံကိစ္စ သေးသေးမွှားမွှားမျိုးရှိရုံနဲ့ လာတတ်တာမှ မဟုတ်ဘဲ

"ဘာကိစ္စလဲ"

"ပြောစရာရှိလို့ပါ GM"



"အင်း. . . ပြောလေ"

"GM လိုချင်မယ့်လူ ရှာတွေ့ပါပြီ"

"ဘာဗျ"

စကားကို ဘယ်လိုပြောလိုက်သည်မသိ။ ပြောတာက တခြား၊ သူ ...င်တာ တလွဲဖြစ်ကုန်တာမို့ ရယ်ချင်မိသွားရပါ၏။ ဘယ်လိုဖြစ်ပြီး ဒီ ...က်ပိုင်းအတွင်း သူ့စိတ်တွေ ကမောက်ကမ ဖြစ်ကုန်တာပါလိမ့်နော်။ ...ပ်တစ်ပြက်လေးသာ မြင်ခွင့်ရတဲ့ယောကျ်ားဆန်တဲ့ မိန်းကလေးကို မကြာ ...သ သတိတရဖြစ်နေတာလေ။

အတော်ရှုပ်တဲ့ကိစ္စပါပဲ။ စီးပွားရေးကို ဦးဆောင်လုပ်ရှားနိုင်ဖို့ ကြိုး ...နေတဲ့လူကိုမှ ဒီလိုကိစ္စမျိုးက ဝင်လာရတယ်လို့။ အဲဒီစိတ်ဖြစ်လာရင် ...အလုပ်မှ ဆက်လုပ်လို့မရတော့ဘဲ လူက ငူငူငိုင်ငိုင်ဖြစ်ကာ ခပ်ဝါး ...ပုံရိပ်လေးကို အာရုံမှာ တဝဲဝဲမြင်ယောင်နေမိတာပါ။ သူတော့ ဒုက္ခ ...က်ပြီထင်ပါရဲ့။

"GM..."

"ဗျာ"

"ဘယ်လိုသဘောရပါသလဲ"

"ဘာကိုလဲ"

"ဟောဗျာ! GM ပဲ အဲဒီမြေကို ရအောင်ဝယ်မယ်ဆိုလို့ ကျွန်တော့် ... မနည်းလိုက်ထားရတာလေ"

"မြေ. . ."

"ဟုတ်တယ်လေ၊ Hotel ထပ်ခွဲဖို့ စီမံကိန်းရှိလို့ အဲဒီနေရာပိုင်ရှင် ...ပဲ၊ ပြီးတော့ ဒီဘက်မှာရှိတဲ့ Restaurant ပိုင်ရှင်က ပြန်ရောင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိတာယ်။ သူ့အမျိုးသမီးက အတော်အသည်းအသန်ဖြစ်နေလို့ ... တောင် သွားကုရတာ''

''ဘယ် Restaurant... လဲ''

''Dawn... လေ''

''ဘာ''

သူအံ့သြသွားရပါ၏။ ရန်ဘက် ပြိုင်ဘက်မဟုတ်ပေမယ့် ... Hotel တွေကို ယှဉ်ပြီးရောင်းချနေတာမို့ စိတ်ထဲ မျက်မိတာ အမှ... သူတစ်ပါးစီးပွားရေးကို ဖျက်လိုဖျက်ဆီး မလုပ်ချင်သော်ငြား တစ်... တည်းသွားတာ တူနေရင်တော့ ကိုယ့်ရှေ့ပိတ်ထားတဲ့ ခလုတ်ကန်သ... ဖယ်ရှားရမှာပါလေ။ တရားသောနည်းလမ်းမျိုးနဲ့ပါပဲ။

''ပြီးတော့ အဲဒီဆိုင်က Cook ကိုလည်း ကျွန်တော်တို့ ... ပါပြီ''

''ဘယ်လို''

သူ လှုပ်လှုပ်ရှားရှားဖြစ်သွားရပါ၏။ အဲဒီဆိုင်က စားဖို... ဘယ်စားသောက်ဆိုင်မျိုးမှာမဆို ထိုကဲ့သို့သော Cook က လူရှေ့... မှာ ထွက်ပြရိုးထုံးစံ မရှိတာလေ။ သူက အစားအသောက်မြည်းဖို့ ... တုန်းရှိသေး။ ဘယ်ပုံဘယ်နည်းနဲ့များ ဒီမန်နေဂျာကြီးက အဲဒီလူကို ... ခွင့်ရခဲ့ပါလိမ့်။

''ဘယ်တုန်းက သွားလိုက်တာလဲ''

''ဗျာ''

''ဆိုင်ကို ဘယ်တုန်းက ရောက်သွားလို့ သူနဲ့ဆုံခွင့်ရခဲ့တာ... မေးတာလေ''





''ဪ. . . ကျွန်တော်တို့က သူနဲ့ဆိုင်မှာဆုံခဲ့ရတာ မဟုတ်ပါဘူး''

''အလို. . . ဒါဖြင့် ဘယ်မှာလဲ''

''Bakery... သင်တန်းမှာပါ''

''Bakery...? ''

''ဟုတ်ပါတယ်''

''သူလို Cook က Bakery နဲ့ ဘာဆိုင်လို့လဲ''

''Dawn က သီးသန့်စားသောက်ဆိုင်နဲ့ Cafe တွဲဖွင့်ထားတာပါ GM ''

''ဟုတ်သားပဲ''

ကြည့်စမ်း! ဒါကို သူ ဘာလို့မတွေးထားမိပါလိမ့်။ ဟုတ်တာပေါ့၊ လခစားလုပ်နေတဲ့ဝန်ထမ်းက လုပ်ငန်းကျွမ်းကျင်သွားရင် ကိုယ်ပိုင်ဆိုင်ခန်းဖွင့်ပြီး စီးပွားရေးကိုဦးဆောင်နိုင်တာလေ။ ဘယ်လောက် ဉာဏ်ပြေးလိုက်တဲ့ စားဖိုမှူးပါလဲ။ ဟင်းချက်ကျွမ်းကျင်ရုံနဲ့ မတင်းတိမ်ဘဲ တခြားသင်တန်းတွေကိုပါ ဆက်လက်ဆည်းပူးရတယ်လို့။ အမျှော်အမြင်ကြီးတဲ့ လူငယ်လေးပါပဲလား။

''စကားပြောဖြစ်တယ်ပေါ့''

''ဟုတ်ကဲ့. . . Hotel Address Card ပါ ပေးရင်း မိတ်ဆက်ခဲ့တာပါ။ ပထမတော့ မပြောချင်သလိုမျိုးဖြစ်ပေမယ့် သင်တန်းမှူးမျက်နှာကြောင့် သိခွင့်ရခဲ့တာပါ GM ''

မဆိုးပါဘူး။ ဒီလိုနာမည်ကြီး Hotel တွေမှာ ဝင်လုပ်ဖို့အခွင့်အရေးက လူတိုင်းမရနိုင်တာပါလေ။ အကယ်၍ Dawn သာ စိတ်ဖြစ်သွားရင် လက်တလော ဆိုင်မဖွင့်နိုင်တာမို့ သူတို့ Hotel တွေမှာ ခေတ္တသာ အမိုက်



www.burmeseclassic.com

www.burmeseclassic.com



အတန့် ဝင်လုပ်ခွင့်ရှိတာ မဟုတ်ပါလား။

"သူ ဘာပြောသေးလဲ"

"ဘာမှတော့ မပြောပါဘူး၊ ကတ်ကိုတော့ ယူသွားပါတယ်"

"သင်တန်းက ပြီးသွားပြီလား"

"ပြီးပါပြီ၊ ဒါပေမဲ့ မနက်ဖြန်ဆို Test ဖြေပြီး ဆုပေးပွဲအခမ်းအနား လုပ်ပေးပါလိမ့်မယ်"

"ဟုတ်လား . . . ဒါနဲ့ အဲဒီချာတိတ်ရဲ့နာမည် မေးလာတယ်ဆို"

"ကောင်လေး မဟုတ်ပါဘူး GM. ကောင်မလေးပါ"

"ကောင်မလေး"

"ဟုတ်ပါတယ်၊ နာမည်က ပန်သစ္စာပါ"

'ပန်သစ္စာ'တဲ့။ အဘယ်မျှ အဓိပ္ပာယ်ရှိလိုက်တဲ့အမည်လေးပါလဲ လူကိုမမြင်ရသေးတာတောင်မှ နာမည်လေးက ဆွဲဆောင်မှုရှိနေတာပါလေ အလို! ဘယ်လိုဖြစ်ရတာပါလိမ့်။ Dawn နှင့် ပတ်သက်မှုရှိသည့်သတင်း တို့ ကြားလိုက်ရတိုင်း ရင်ထဲမှာ ထုတ်ဖော်မပြနိုင်သည့်ခံစားမှုတို့ ဖြစ်တည် လာရတာပါ။ အဘယ်ကြောင့်ပါနည်း။

အစကတော့ စိတ်ထဲ မျက်ခဲ့ပေမယ့် အခုတော့ ဘယ်လိုဖြစ်ပြီ ရင်ဘတ်ထဲ လိုက်ဖိုရတဲ့ ခံစားချက်မျိုး ပြောင်းသွားရတာပါလိမ့်။ ထူးဆန်း လေစွ။ သူ့ကို အမျိုးမျိုးအထွေထွေ စိတ်မျိုးဖြစ်အောင် ပြောင်းလဲနိုင်သည့် အစွမ်းသတ္တိတွေ ရှိနေတာများလား။ ဘယ်လိုများ ထူးခြားဆန်းကြယ် ရှိနေတာပါလဲ Dawn က 'ပန်သစ္စာ'ရယ်။

"ကိုညက္ကာ"

"ခင်ဗျာ"





"ကျွန်တော် ယူမယ်"

"ဗျာ . . . ဘာကိုလဲ"

"ခင်ဗျားပဲ ခုနက ပြောတယ်လေ၊ အဲဒီမြို့နှစ်ကွက်စလုံး ရနိုင်တယ် ဆို"

"အဲ . . ."

ရော်! သူ့စကားကို မည်သို့သဘောပေါက်သွားသည်မသိ။ အတွေး အနည်းငယ်ချော်သွားပုံရသည့် မန်နေဂျာကြောင့် သူပင် ပြုံးမိသွားရပါ သည်။ ထားပါတော့၊ သူကလည်း သူပဲကိုး။ စိတ်ထဲတွေးချင်တာတွေးပြီး ?က ပြောတော့ တခြားဖြစ်သွားရတာပါလေ။

"ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ . . . ဆိုင်ပိုင်ရှင်နဲ့ညှိဖို့ပဲ လိုအပ်ပါတယ်။ ဒီဘက်ခြံက ရောင်းဖို့ အသေအချာပါပဲ"

"OK!... အမြန်ဆုံးနဲ့ အထိရောက်ဆုံး ကြိုးစားပေးပါ"

"ဟုတ်ကဲ့ပါ GM"

မန်နေဂျာ ထွက်သွားစဉ် Phone သံ မြည်လာတာမို့ ရုံး Phone ကို သူကိုင်လိုက်ပါ၏။ ဘဏ်မှငွေလွှဲပေးနေပြီမို့ ကိုယ်တိုင်သွားထုတ်ရမှာ လေ။ မြေဝယ်ရန်အတွက်မို့ ကိုယ်စားလှယ်ကို လွှဲလို့မရပါ။ ငွေ Amount များတာကိုး။ သူတော့ Lunch လွတ်မှန်းမသိ လွတ်ပေပြီ။

စားပွဲထက် သပ်ရပ်စေရန် အနည်းငယ်ရှင်းကာ ထရပ်လိုက်ပါ၏။ ဖိုင်စာရွက်စာတမ်းတို့ကို အံဆွဲထဲသို့ထည့်ကာ သော့ခတ်လိုက်ရလေ သည်။ ဒါက မမေ့လို့မဖြစ်ပါလေ။ သူသုံးနေကျ Computer ကို သူ့ Secret Passward ရိုက်ထည့်မှသာ ဖွင့်လို့ရတာမို့ တော်ရုံလူ ဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရန် မလွယ်ကူဘဲ စိတ်ချရလေ၏။

Lift ထဲဝင်လျက် အောက်ထပ်သို့ ဆင်းခဲ့ပါ၏။ ကားပါကင်မှ ကားကိုထုတ်ကာ လမ်းကြားထဲမှ ထွက်ခဲ့ပါသည်။ ဟိုနေ့က မိန်းကလေးကို ဒီလိုအချိန်လေးမှာ တွေ့ခွင့်ရခဲ့တာ မဟုတ်ပါလား။ ကျောပိုးအိတ်ကလေးလွယ်ကာ ခပ်သွက်သွက်လျှောက်သွားတာမို့ ဒီနားတစ်ဝိုက်က သင်တန်းတစ်ခုခုမှာ လာတက်နေတာ ဖြစ်နိုင်ပါ၏။ ဘေးဘီဝဲယာကို သတိမထားဘဲ ကိုယ်သွားလိုရာခရီးကိုသာ အာရုံစိုက်ပြီး ဦးတည်လျှောက်သွားဟန်ကို ယခုတိုင် မြင်ယောင်နေမိလေသည်။

အတွေးဖြင့် သူပြုံးလိုက်မိသလို ခေါင်းကိုပါ ခါလိုက်မိလေ၏။ သွားပြီ 'ကျော်နန္ဒ'၊ ဘာမှ ရေရေရာရာမသိသေးပါဘဲ မိန်းကလေးတစ်ယောက်က အာရုံထဲ တဝဲလည်လည် မြင်ယောင်နေအောင် ဖမ်းစားခံနေရပါရောလား။ ဘဏ်ရှေ့မှာ ကားကိုရပ်ကာ အထဲဝင်ခဲ့ပါ၏။ ငွေလွှဲတာကို လက်ခံပြီးတာနဲ့ သူ့ဘဏ်စာအုပ်ထဲပြောင်းရဖို့ အချိန်ပေးရမှာလေ။

ကြားရက်တောင်မှ ဘဏ်မှာ လူစည်ကားနေတာပါပဲလား။ သူ ပြောင်းလွှဲရမည့်ငွေက သိန်းရာကျော်မို့ ပြောလိုက်သည်နှင့် ဘဏ်ဝန်ထမ်းတို့က ဦးစားပေးပြီး ကူညီပေးပါသည်။ စောစောပြီးမှပါပဲ၊ ဆာနေသည့်ဗိုက်ပင် အသံတိတ်သွားပါရောလား။

"ဦးကျော်နန္ဒ. . . ဒီဘက်ကိုကြွပါခင်ဗျာ"

"ဪ. . . ဟုတ်ကဲ့"

"လက်မှတ်ထိုးစရာ များလို့ပါ"

စာရွက်စာတမ်းတွေဖြည့်ကာ လက်မှတ်ထိုးပေးလိုက်ပြီး စာအုပ်ပြန်ယူရန် စောင့်နေမိစဉ် ဘဏ်တံခါးကိုတွန်းဖွင့်ဝင်လာသည့်လူထံ သူ့





ကြည့်တို့ ရောက်သွားပါ၏။ အလို! သူ့အမြင်တွေမှား မှားနေပြီလား။ ယ်လိုဖြစ်ပြီး ထိုမိန်းကလေးကို မျက်စိထဲမှာပဲ မြင်ယောင်နေမိတာပါ း။

ငွေသွင်းဌာနမှာ သွားရပ်နေတာမို့ ငွေစုတာဖြစ်မည်ထင်ပါရဲ့။ လုပ်ုပ်စဉ်အတိုင်း တည်တည်ငြိမ်ငြိမ်လုပ်သွားပုံက သေသပ်နေလေ၏။ းအတိုင်း ဘေးဘီကို ဂရုမပြုပုံပါပဲ။ အခုတစ်ကြိမ်မှာ သူမကို ခပ်လှမ်းအနေအထားမျိုး မြင်ခွင့်ရတာမို့ သူအတော်ကျေနပ်မိလေ၏။

အသားအရေက ဖြူဝင်းပြီး စိုလက်နေပါ၏။ ဆံပင်ကို ယောက်ျားဆန်စွာ ခပ်တိုတိုညှပ်ထားတာမို့ လည်တိုင်ဖွေးဖွေးလေးကို ခပ်ရှင်းင်နေရလေသည်။ ခန္ဓာကိုယ်အချိုးအစားက ယနေ့ခေတ် Model လို ခပ်ပါးပါးနှင့် အရပ်အမောင်းက မိန်းကလေးတွေထက် ပိုမြင့်နေသူခန့်မှန်းမိသလောက် ငါးပေ ရှစ်လက်မထက် နည်းမည်မထင်ပေ။

"ပြည့်စုံပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ"

"ရပါတယ်"

ဘဏ်စာအုပ်လေးကိုယူ၍ သူလှည့်ထွက်လိုက်ပါ၏။ စောစောကလေးကို ဝေ့ဝဲကြည့်လိုက်သော်ငြား မမြင်ရတော့ပါလေ၊ ပြန်ထွက်ပြီထင်ပါရဲ့။ ရှုံးပြီ ကျော်နန္ဒရယ်. . . ဘဏ်ကို ခဏလေး လာတဲ့လူယ်လိုလုပ်ပြီး အကြာကြီးတွေ့ခွင့်ရပါ့မလဲ။

အပေါက်ဝရှိရာဘက် လျှောက်ခဲ့စဉ် ငွေတွေကို အထုပ်ကြီးဖြင့်တ်ကြသည့် လူစုနှင့် တိုးမိလေ၏။ လုပ်ငန်းလုပ်ကြသည့်လူတွေပဲပါရဲ့။ အလေးအပင်နှင့်လာသူတွေကို ဦးစားပေးရမှာမို့ သူက အလိုက်ဖြင့် ဘေးဖယ်ရပ်ပေးလိုက်ပါသည်။ ရုတ်တရက် သူ့လက်မောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက် လာတိုက်မိလေသည်။

"အမေ့!"

မသိမ်းရသေးပါဘဲ ကိုင်ထားသည့်စာအုပ်က လက်ထဲမှ သမ်တလင်းထက် ပြုတ်ကျသွားသလို အထုပ်သယ်လာသူတို့၏ ခြေထောက်ကြောင့်ကန်မိပြီး လျှောခနဲလွင့်သွားတော့၏။ နေဦး. . . စာအုပ်က သူ့တစ်အုပ်တည်းမဟုတ်ဘဲ နှစ်အုပ်တောင်မှပါပဲလား။

"ကျစ်. . . ပြဿနာပဲ"

သူ နှုတ်မှရွတ်လိုက်စဉ် စာအုပ်ကိုကောက်ယူလိုက်သည့်လက်နှင့်ဆုံသွားရပါသည်။ ကြည့်စမ်း! ဘယ်လောက်လှတဲ့ လက်ချောင်းသွယ်သွယ်လေးပါလိမ့်။ တကယ်ပင် ဒေးခနဲဖြစ်သွားတာမို့ စာအုပ်ကောက်ကိုင်လျက်သူရပ်ကြည့်နေမိတာပါလေ။ ရင်ထဲမှ တဒိတ်ဒိတ်ခုန်သံက ပိုကျယ်လာသလိုပါပဲ။ ဘယ်လိုဖြစ်ပြီး သူမကို အနီးကပ်မြင်ခွင့်ရလိုက်ပါလိမ့်နော်။

မိန်းကလေးက ရှေ့လှမ်းလှမ်းမှ စာအုပ်ကို သွားကောက်ယူကာဖွင့်ကြည့်လိုက်လေ၏။ ဖင်ယော်တောင်မျက်ခုံးတန်းက တွန့်ချိုးသွားလေသည်။ ဘာကိုများ အလိုမကျဖြစ်သွားတာပါလိမ့်။ အနားမှာ ရှိနေဖြစ်တာမို့ သူမထံမှ အမည်ဖော်မပြနိုင်သည့် ကိုယ်နံ့သင်းသင်းလေးကို ရလိုက်မိတာပါလေ။

"စာအုပ်မှားနေလို့"

"ဟင်"

အသံက ခပ်တိုးတိုးပါပဲ။ သူ့ထံရောက်လာသည့် အကြည့်စူးစူးကြောင့် ရင်ထဲ ဒိန်းခနဲဆောင့်မြည်သွားရတာ အမှန်ပါ။ ဒီနှုတ်ခမ်းဖူးလေးက လေသံကို ခြွေတာပြောကျင့်ရှိနေတာပါလား။ မရယ်မပြုံးနှင့် ခပ်တည်





တည်မျက်နှာလေးကိုက တစ်မျိုးလေး ဆွဲဆောင်မှုရှိနေသည့်နယ်ပါ။

လက်ထဲမှ စာအုပ်ကို သူဖွင့်ကြည့်လိုက်ပါ၏။ ဘုရားရေ! ပန်သစ္စာတဲ့။ သူ့အတွက် ဒီနေ့က တကယ့်ကို Shock ရသလို အထိတ်တလန့်တွေနှင့်ပဲ ကြုံနေရတာပါ။ သူတွေဝေသလိုဖြစ်နေစဉ် သူ့လက်ထဲမှ စာအုပ်ကို ဆွဲယူခံလိုက်ရသလို သူ့စာအုပ်က လက်ထဲသို့ ပြန်ရောက်လာလေ၏။

မကြည်သလိုအကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး ကျောပေးထွက်သွားသည့်သူမကို ငေးကြည့်ကျန်ရစ်ခဲ့ရလေသည်။

ကိုယ်တို့ ဆုံကြပါစို့ 'ပန်သစ္စာ'. . .

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ အလွယ်တကူ ရလေ့ရှိတဲ့အရာမှန်သမျှကို အကုန်လိုချင်ကြတာ အမှန်ပါ။ ဒါပေမဲ့… "မီ"က တော့ "မို့"အတွက် ခက်ခဲတဲ့အရာကိုမှ ပိုင်ပြီးလိုချင်ပါတယ်။

ဒါကို လောဘလို့ ဆိုချင်ဆိုပါစေ၊ "မီ"က လိုချင်တာကို မရရအောင် ယူပြရမှ ကျေနပ်တဲ့သူပါ။ "မို့"ဆီက ဘာတစ်ခုကိုမှ မရစေရဘူး "မန်သစ္စာ"…

ခင်မီမီကော်





ကိုယ့်မှာ မင်းထက်အရင် စိတ်ဝင်စားနေမိတဲ့သူ ရှိပြီးသားမို့ပါ "ခင်မီမီကော်"… ဒီလိုကိစ္စမျိုးက ပြတ်သားမှ လိုအပ်မယ်လို့ ကိုယ်ယူဆပါတယ်။

မင်းနဲ့ကိုယ် ဘယ်လိုမှ မဖြစ်နိုင်လို့ ငြင်းပါရစေ…

ကျော်နနှ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

ကားကို Platform ဘေးမှာ ရပ်လိုက်ပြီး လမ်းဆင်းလျှောက်ခဲ့ပါ၏။ Dawn ရှိရာဆီ လျှောက်လာစဉ် နှလုံးသားက သိသိသာသာကြီး လှိုက်ဖိုလာမှန်း သူသိနေပါသည်။ သူစိတ်ဝင်စားနေမိတဲ့ မိန်းကလေးရဲ့ လက်ရာကို ဒီလိုလာမြည်းစမ်းခွင့်ရတာလောက် ရင်ခုန်စရာကောင်းတာမျိုး ဘယ်ရှိပါတော့မလဲ။

မှန်တံခါးကိုတွန်းဖွင့်ဝင်လိုက်စဉ် Aircon က အနေတော် ပေးထားမှန်း သိလိုက်ပါ၏။ မနက် ရှစ်နာရီကျော်နေတာတောင်မှ ဆိုင်ထဲမှာ လူအပြည့်ရှိနေတုန်းပါပဲလား။ စားပွဲတွေကို စနစ်တကျ ထားထားတာမို့ သူ့အုပ်စု သူ့အတွဲဖြင့် ထိုင်နေကြလေသည်။ တခြားစားသောက်ဆိုင်တွေမှာလို လူသံ ဆူညံသံမျိုး ရှိမနေဘဲ Easy Listening Song ခပ်တိုးတိုး ငြိမ့်ငြိမ့်လေးဖွင့်သံသာ ပျံ့နေတာပါ။

နှစ်ယောက်စာ စားပွဲသာ လွတ်နေတာမို့ သူဝင်ထိုင်လိုက်စဉ် အနားသို့ Waiter လေး ရောက်လာလေ၏။ Shirt အဖြူ Style pants





အနက်နှင့် သပ်သပ်ရပ်ရပ်ဝတ်ထားပုံက တကယ့် Hotel တွေက ဝန်ထမ်းတွေနှင့် မခြားပါလေ။ ဒီလိုဆိုင်ပိစိလေးက ဝန်ဆောင်မှုအပြည့်နှင့် Customer တွေရဲ့စိတ်ကို ဖမ်းစားနိုင်တာတဲ့လား။

"မင်္ဂလာပါခင်ဗျာ၊ Breakfast... အချိန်မို့ ဘာများသုံးဆောင်မှာပါလဲခင်ဗျာ"

"ထမင်းကြော်ရသေးလား"

"ဟုတ်ကဲ့. . . ရပါတယ်ခင်ဗျ၊ ဘာအသားနဲ့များ မှာလဲသိပါရစေ။ အသားရောင်တာမျိုး ရှိပါသလားခင်ဗျာ"

"ကြက်သားနဲ့ပဲ ပေးပါ"

"ဟုတ်ကဲ့. . . Tea or Coffee... ဘာများသုံးဆောင်မှာပါလဲခင်ဗျာ"

"ရေနွေးပူပူလေးပဲ ပေးပါလား"

"ဟုတ်ကဲ့. . . ဆယ့်ငါးမိနစ်လောက် စောင့်ပေးပါခင်ဗျာ"

စောင့်ရမှာပေါ့။ ထမင်းအချိန်ပေးပြီး ရောက်လာတာပဲကိုး။ ယဉ်ကျေးပျူငှာသည့် စားပွဲထိုးလေးတွေပါပဲ။ တကယ့်ကို Hotel တွေမှာ ဝန်ဆောင်မှုပေးသည့် Breakfast ရောင်းသည့်ဆိုင်မျိုးပါပဲ။ တအောင့်အကြာမှာ သူ့ရှေ့သို့ လင်ဗန်းတစ်ချပ်ဖြင့် Waiter လေး ပြန်ရောက်လာလေ၏။ ဖွန်းခက်ရင်း ပြင်ပေးထားတာကို သူ Tissue ဖြင့် သုတ်နေမိစဉ် ပူပူနွေးနွေးထမင်းကြော်ပန်းကန်က မျက်စိရှေ့ ရောက်လာချေပြီ။

Half-fried ကြော်ထားသည့် ကြက်ဥအနှစ်က မကျက်တကျက်လေးဖြင့် ထမင်းပုံထက်မှာ ရှိနေ၏။ ကြက်ဥကို ဘေးဖယ်လိုက်စဉ် အသီးအရွက်အရောင်စုံဖြင့် ကြော်ထားပါသည့် ထမင်းကြော်ရနံ့က လှိုင်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မွှေးလာလေသည်။ ကြက်သွန်နီကို ပါးပါးမလှီးထားဘဲ လက်သည်းခွံထ
ဝက်ခန့် အစိတ်လေးတွေ လှီးထားပြီး မှုစ်ဝါပါးပါး၊ ဂေါ်ဖီထုပ်မထုမပ
ခရမ်းချဉ်သီးအကွင်း၊ ပဲတောင့်ရှည် ခပ်စွေစွေတစောင်း လှီးထားတို့န
အတူ ကြက်အူချောင်းကို ပါးပါးလှီးကာ ရောပြီးကြော်ထားတာပင်။

မည်းမည်းလုံးလုံးလေးတွေ ပါလာတာမို့ ရှော်ကောင်းစေ့မှန်း
သိလိုက်ပါ၏။

ကော်ရည်တို့ဖြင့် ပျစ်ချွဲချွဲကြော်ထားတာမျိုး မဟုတ်ပါဘဲ ဆီပါထ
ရုံမျှ ခပ်ခြောက်ခြောက်လေး ကြော်ထားပုံက ပညာသားပါလှလေသည်
အသီးအရွက်တို့က ထမင်းကိုဖုံးအုပ်ထားတာမျိုး မဖြစ်စေဘဲ အမျိုးမ
အောင် အနည်းငယ်စီ ထည့်ထားရုံပါ။ အအီပြေစေရန်အတွက် အစ
အနေဖြင့် ကြက်သွန်နီအကွင်းလေးနှင့် သခွားသီးချောင်းမျှင်မျှင်၊ ရှ
သီးစိမ်းပါးပါးလှီးထားတာကို သံပုရာသီးညှစ်ထည့်ထားတာ တွဲစားလို
စေရန် ပန်းကန်ပြားလေးဖြင့် ထည့်ပေးထားလေ၏။

ဟင်းချိုက ကြက်သားပြုတ်ရည်ဖြစ်ပြီး ညှီနံ့မထွက်ပါချေ။ ဂျ
(ချင်း)နှင့် ကြက်သွန်ဖြူတို့ဖြင့် အနံ့ကိုမွှေးစေကာ ကြက်သွန်မြိတ် နိ
ရိတ်လှီးတာ ဖြူးပေးထားပါ၏။ လက်ဖက်ခြောက်နှပ်ထားပါသည့် ရေန
ခွက်က အဖုံးအုပ်လျက်သား။ လိမ္မော်ရည် Juce နှင့်အတူ ဖရဲသီးစိ
သီးမွှေးငှက်ပျောသီးနှင့် ပန်းသီးစိတ်အခွံနွှာထားပြီးသား ပန်းကန်ပါ ရော
လာတာမို့ တကယ့် Breakfast ဝိုင်းအဖြစ် ပြည့်စုံသွားပါသည်။

"လိုအပ်တာရှိရင် ပြောနိုင်ပါတယ်ခင်ဗျာ၊ သုံးဆောင်ပါခင်ဗျ"

သူခေါင်းညိတ်ပြလိုက်ပါ၏။ ဇွန်းဖြင့် စားစဉ်ကတည်းက လျှ
ပေါ်မှာ စွဲငြိသွားရသည့်အရသာပါပဲ။ အချိုမှုန့်တွေ၊ ကြက်သားမှုန့်





နှင့် ဖန်တီးထားတာမျိုးမဟုတ်ပါဘဲ ဒီအသီးအရွက်တို့ကြောင့်ပင် စား
ကောင်းစေတာ မဟုတ်ပါလား။ အသီးအရွက်တို့ကို အရမ်းကြီး နူးမြည့်
မနေဘဲ အရမ်းလည်း စိမ်းမနေစေဘဲ အနေတော်ဖြစ်အောင် ကြော်ထား
တာမို့ ဝါးရလွယ်ပြီး အဆင်ပြေလေ၏။

Soup လည်း ထို့အတူပါ။ Juice ကိုလည်း Original Tin ဘူး
တွေလို အချိုကဲတာမျိုးမဖြစ်စေဘဲ ချိုရုံအေးအေးလေး ဖျော်ထားသည့်
လက်ရာပါပဲ။ မနက်စောစော ထမင်းစားလေ့မရှိသည့်သူပင် ထမင်းကြော်
တစ်ပန်းကန်ကို ပြုက်ခနဲကုန်အောင် စားနိုင်လေ၏။ သစ်သီးတွေက ရေခဲ
သေတ္တာထဲမှာ အကြာကြီးသိမ်းထားသလို မည်းမနေပါဘဲ နဂိုမူလအရောင်
အတိုင်း ခပ်အေးအေးလေးမို့ စားကောင်းစေပြန်တာလေ။

ဘယ်လောက်များ စိတ်တိုင်းကျရပါသလဲ။ ဒါကြောင့်လည်း Ho-
tel guest တွေ တမင်ပင် ဒီကိုလာပြီး Breakfast ခြွေရှင်းတတ်ကြတာ
ကိုး။ တော်ပါပေတယ် 'ပန်သစ္စာ'၊ အစားအသောက်မှာ စေတနာတွေ
အဘယ်မျှ ပါနေသလဲဆိုတာကို မြင်ရုံနှင့်ပင် သိသာစေနိုင်တာပါလေ။
ဒီလိုမျိုး နေ့စဉ်နေ့တိုင်း ပြင်ကျွေးတာကို စားချင်တယ်ဆိုရင် ကိုယ့်ကို
လောဘအတော်ကြီးတယ်လို့များ စွပ်စွဲလေမလား။

ဆိုင်မှပြန်ထွက်သွားကြသည့် လူတိုင်း၏မျက်နှာမှာလည်း ကျေနပ်
ရိပ်တွေ သန်းနေတာပါ။ စီးပွားရေးလုပ်တယ်ဆိုတာ စားကျက်လုရသလို
အတူတူပါပဲ။ ဒီနေရာကို ဝိုင်းလုဝယ်ကြတာထက် သူက ဒီဆိုင်က Cook
ကို သူ့ Hotel မှာ အလုပ်ခန့်လိုက်ချင်တာက ပိုလေ၏။ အဖြစ်ပြကြ
လေမလား။

"ရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



“လာပါပြီခင်ဗျ”

Waiter ကို လက်ပြလှမ်းခေါ်လိုက်သည်နှင့် လင်ဗန်းထဲမှာ ပါလာသည့် Bill စာရွက်က သူ့ရှေ့မှာ ရောက်လာလေ၏။ အဘယ်မျှ စနစ်ကျလိုက်တာပါလိမ့်။ ဘာကို ဘယ်မျှ ကျသလဲဆိုတာ စောင့်ပြီးတွက်တာမျိုး မလုပ်ရပါဘဲ သူ့ Table နံပါတ်နှင့် တစ်ခုချင်းရေးချကာ ပစ္စည်းအမည်ကို ကျသင့်ငွေကလည်း မများလှ၊ သင့်တင့်ရုံပင်။ လက်ရေးရှည်ရှည်မျှော့မျှော့လေးတွေက အတော့်ကို သေသပ်လှလေ၏။ မိန်းကလေးလက်ရေးမှန်း သိသာလှပါသည်။

“ဒီ bill ယူသွားလို့ ဖြစ်တယ်မဟုတ်လား”

“ခင်ဗျာ! ဪ. . . ရပါတယ်ခင်ဗျ။ နောက်လည်း လာအားပေးစေလိုပါတယ်ခင်ဗျာ။ ကျေးဇူးအများကြီးတင်ပါတယ်”

စိတ်ချ ချာတိတ်ရေ့။ နေ့တိုင်းလိုလို ရောက်ကိုရောက်လာဦးမှာမို့ပါပဲ။ ထိုင်ခုံမှ ထရပ်စဉ် ဆိုင်ထဲကို ဝေ့ဝဲကြည့်လိုက်မိ၏။ မျက်စိရှုပ်စရာတို့ ရှိမနေဘဲ ရှင်းလင်းနေပါသည်။ စားပွဲတွေထက် စားပွဲခင်းအရောင်တူရှိနေကာ ပန်းအိုး ပန်းခြင်းတို့ သင့်လျော်သလို တင်ထားလေ၏။

နေဦး. . . ပန်းက အစစ်များလား။ သံသယစိတ်ဖြင့် ပန်းကိုကိုင်ကြည့်ရာ နှင်းဆီက တကယ့်အစစ်ဖြစ်နေတာမို့ အံ့ဩသွားရပါသည်။

“အစ်ကို. . . အစ်ကို အဲဒါတော့ ယူသွားလို့မဖြစ်ဘူးခင်ဗျ”

“ဘာဖြစ်လို့လဲ”

“အစ်မ အလှထိုးပေးထားတာမို့ ဆူလိမ့်မယ်ဗျ”

သူပြုံးလိုက်မိ၏။ လူရှင်းသလောက်ဖြစ်နေသည့်ဆိုင်ထဲမှာမို့ သူမကို တွေ့ချင်တာ အမှန်ပါပဲ။ bill စာရွက်ကို လူတိုင်း မယူတတ်ကြပေမယ့်





သူတစ်ဦးသာ ယူမိတာမဟုတ်လား။ အခုတစ်ခါ အလှထိုးထားပါသည့် ပန်းအိုးထဲမှ နှင်းဆီပွင့်ကိုကိုင်မိကာမှ စိုးရိမ်တကြီး အတားခံရတယ်လို့။

“တစ်ပွင့်လောက်လိုချင်လို့ ယူလို့မရဘူးလား”

“မရဘူးခင်ဗျ”

“တစ်ပွင့်တည်းပဲလေ”

“ခဏလေး. . . အစ်ကို မေးပေးပါ့မယ်”

ဒီလိုပဲဖြစ်ရမှာပေါ့။ ပန်းပွင့်ယူချင်တာထက် သူမမျက်နှာလေးကို အမြင်ချင်မိတာကမှ သူ့ဆန္ဒပါ။ မထင်မှတ်ဘဲ ပြည့်ရတဲ့ဆန္ဒပါပဲလေ။ အမှန်က ယောကျာ်းလေးဖြစ်ပြီး ဒီလို နှင်းဆီပန်းတောင်းတဲ့ကိစ္စက ခပ်ကြောင်ကြောင်မဟုတ်လား။ ချစ်ခြင်းနှင့် ပတ်သက် ဆက်နွယ်လာရင် အရှက်ကိုတော့ နည်းနည်းလေး လျှော့ထားရမှာလေ။

တအောင့်အကြာမှာ Dinning room ထဲသို့ Waiter လေးနှင့်အတူ သူမ ဝင်လာလေ၏။ မန်နေဂျာရှိမနေတာမို့ မန်နေဂျာနေရာမှာ သူမ တာဝန်ယူထားလေသလား။ Cook ဝတ်စုံဖြင့်အတူ ခေါင်းဆောင်းထုပ်ပါ တွဲဝတ်ထားတာမို့ အမြင်တစ်မျိုးလေး ဆန်းစေပါ၏။ မင်းကို ဘယ်လိုအနေအထားမျိုးနဲ့ပဲမြင်မြင် ကိုယ့်စိတ်ထဲ ကျေနပ်နေမိတာ ခက်ပြီပဲ ပန်သစ္စာ။

“ဘာများ အဆင်မပြေလို့ပါလဲရှင်”

“မရှိပါဘူး. . . အားလုံး OK! ပါတယ်”

သူ့ပုံစံက အေးအေးလူလူပုံစံပဲမို့ သူမမျက်နှာမှာ အံ့ဩရိပ် ပေါ်လွင်နေပါ၏။ စားဖိုဆောင်ထဲမှာ ချက်ပြုတ်နေတာဖြစ်ပေမယ့် သူမက ချွေးစို့ပြီး ပင်ပန်းသလို နွမ်းနယ်နေပုံမရှိပါလား။ အဘယ်မျှ ရှင်လန်းပြီး

www.burmeseclassic.com



တက်ကြွပုံ ရှိလိုက်ပါသလဲ။

"စိတ်မရှိပါနဲ့နော်၊ ဆိုင်ဝန်ထမ်းက လူကြီးမင်းကိုရှိန်ပြီး သတင်းလာပို့လို့ မေးလိုက်မိတာပါ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"နှင်းဆီပန်းတောင်းတာက"

"ကျွန်တော်လိုချင်လို့ပါ၊ ဘာကိုမှ မရည်ရွယ်ပါဘူး"

သူမ ခဏမျှစဉ်းစားလိုက်လေ၏။ အဘယ်ထိများ သူ့ကို တွေးလိုက်ကြတာပါလိမ့်။ ပြဿနာတစ်ခုခုဖြစ်မှာ စိုးရိမ်ပုံက သူမမျက်နှာထက် သိသိသာသာပေါ်နေတာပါ။ တာဝန်ယူစိတ်ကြီးပုံက လေးစားစရာပါပဲ။ ပြီးနောက် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဆုံးဖြတ်ချက်ချလိုက်ပါသည်။

"နှင်းဆီပန်းဖြစ်ရင် ရပြီမဟုတ်လား။ ဒီပန်းအိုးထဲက ယူလိုက်ရင် ပြင်ထားတာ ပျက်သွားမှာစိုးလို့ပါရှင်၊ တောင်းပန်ပါတယ်"

"ရပါတယ်၊ အမှတ်တရ ယူချင်ရုံပါပဲ"

"ဒီမှာပါ"

သူမက လက်ကိုနောက်ပစ်ထားရာမှ သူ့ရှေ့သို့ ပြလိုက်လေ၏။ အဟုတ်ကို လှပ လန်းဆန်းနေပါသည့် အနီရောင် နှင်းဆီငုံအာအာလေးပါပဲ။ မျက်နှာထက်မှာ အပြုံးမတွေ့ရပါဘဲ ပုံမှန်မျက်နှာတည်လေးနဲ့ပါလေ။ သူလိုချင်တာကို ချက်ချင်းပြည့်စေတဲ့ဆိုင်လေးပါပဲလား။

"Thanks... ပါ၊ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ပါရှင်"

"ဒါနဲ့ dinner ကို ဘယ်အချိန်မှာ စားလို့ရမှာလဲ"

"ရှင်! ဪ... ခဏလေး စောင့်ပါနော်"





သူမက သူ့ရှေ့မှထွက်သွားကာ မန်နေဂျာကောင်တာထက်ရှိ ခွက်ထဲမှ Menu စာရွက်လေးကိုယူကာ သူ့ထံ တရိုတသေ ပေးလေသည်။ 'Daily List' အပြောင်းအလဲရှိနိုင်ပါသည်' ဟူသည့်စာရွက် အောက်ဆုံးမှာ ရေးသားထားလေ၏။ စနစ်တကျပါပဲလား။

"ပန်သစ္စာပါနော်"

"ရှင်"

သူမမျက်လုံးအစုံ ကျယ်သွားလေ၏။ ဘဏ်မှာ ဆုံခဲ့တာကို မမှတ်မိပုံပါပဲ။ ပတ်ဝန်းကျင်ကို မလေ့လာတတ်လို့လား။ သို့တည်းမဟုတ် လူတွေရဲ့မျက်နှာကို အလွတ်မှတ်လေ့မရှိသည့်အကျင့် ရှိတာကြောင့်ပဲ ထင်ပါရဲ့။ သူကဖြင့် သူမကို ဒီတစ်ကြိမ်အပါအဝင်ဆို ဆုံရမြင်ရတာ သုံးကြိမ်သုံးခါ ရှိနေပြီမို့ မှတ်မှတ်ရရ ရှိနေတာပင်။

"ကိုယ်တို့ ဆုံဖူးပါတယ်"

"ဘာဖြစ်လို့လဲ... ပန်"

အနီးသို့ ခပ်ငယ်ငယ်လူတစ်ဦး ရောက်လာပြန်လေ၏။ 'ပန်' တဲ့။ ရင်းတနီးခေါ်လိုက်ပုံက သူ့စိတ်ကို ဆူးဖြင့်ထိုးလိုက်သည့်နှယ်ပါ။ ချာတိတ်ပုံစံက သူ့ကို မကြည်သလို ရှုတည်တည်ဖြင့် 'ကြည့်လိုက်တာမို့ ပြန်ချိန်တန်ပြီမှန်း သူသိလိုက်ပါ၏။

"ဘာမှမဖြစ်ပါဘူး... ညီ"

'ညီ'... တဲ့။ လာပြန်ပြီ အဖျားဆွတ်ခေါ်သံ။ ဘာစကားမှ ထပ်မပြောတော့ဘဲ သူမတို့ဆိုင်ထဲမှ သူထွက်လာခဲ့ပါ၏။ ကားတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်ပြီး Dashboard ထက်မှာ list စာရွက်နှင့်အတူ ပန်းကိုတင်လိုက်ပြီး ကားစက်နှိုးကာ မောင်းထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူရည်သန့်လေးပါပဲ။ သူမလို ပုံစံတူဝတ်စုံဝတ်ထားတာမို့ အတူ ချက်ပြုတ်ပေးတဲ့ Cook ပေပဲလား။ ဖြစ်နိုင်တာပေါ့။ နေ့လယ်ဘက်မှာ သူမ သင်တန်းလာတက်စဉ် ထိုကောင်လေးက ကိုယ်စားဝင်ပေးနိုင်တာ လေ။ ကြည့်စမ်း! စားဖိုဆောင်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ပြီး နှစ်ယောက်အတူ ချက်ပြုတ်ခွင့်ရမှာ ဘယ်လောက်မနာလိုစရာကောင်း လိုက်တဲ့အဖြစ်ပါလဲ။

"တောက်!"

မကျေမနပ်ဖြင့် တက်ခေါက်မိလေ၏။ ရော်! သူ့အဖြစ်က အတော် ကလေးကလားနိုင်တာပါပဲလား။ ကိုယ်ဖြင့် မပိုင်ဆိုင်ရသေးပါဘဲ ဝန်တို စိတ်တွေ ဖြစ်ရတယ်လို့။ ရယ်စရာပါပဲလား ကျော်နန္ဒ။ လူကြီးလူကောင်း ဖြစ်ပြီး Gentleman စိတ်ဓာတ်မျိုး မမွေးချင်ရတယ်လို့။

'ညီ'တဲ့လား။ ဟိုကလည်း 'ပန်'တဲ့။ ဤမျှအထိ တရင်းတနှီးခေါ် နေမှုဖြင့် သူမတို့နှစ်ဦးကြားမှာ တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်မှု မှီ ကိုရှိနေမှာလေ။ ရင်ပူလိုက်တာနော်။ ဤမျှတွေးမိရုံဖြင့်ပင် သူ့ရင်ကို ဒီ လောက်ပူစေသတဲ့။

'အချစ်သည် မီးစ'ဆိုတဲ့စကား မှန်ရိုးဖြစ်ရင် သူတော့ အဲဒီမီးစ ကို ကိုင်မိချေပြီပဲ။ တည်ငြိမ်အေးဆေးပါသည့် သူ့ဘဝထဲကို ထိုပူလောင် ခြင်းက စတင်ချဉ်းနင်းဝင်ရောက်လာရပါသလား။ ဘယ်လိုလဲ ပန်သစ္စာ 'ညီ'ဆိုတဲ့တစ်ယောက်နဲ့ ပတ်သက်မှုအတိုင်းအတာက အဘယ်မျှ ကြာ ရှည်နေပြီလဲ။

ဖြေပေးလှည့်ပါ ပန်သစ္စာ. . .

✿✿✿



## အခန်း ( ၉ )

အားလုံးအတူတူပင် ဆိုင်သန့်ရှင်းရေးလုပ်နေစဉ် ဆိုင် Phone မြည်လာတာမို့ ညီက ကောင်တာရှိရာဆီသို့သွားကာ ကိုင်လိုက်ပါသည်။ သူမက အခုထိ Kitchen ထဲမှာ ရှိတုန်းပါပဲ။ ဒီနေ့မြင်လိုက်ရသည့်လူ ကို သေချာကြည့်လိုက်မိလို့များလား။ စိတ်ထဲမှာ စနိုးစနောင့်ဖြစ်နေရတာ အမှန်ပါ။

သက်ပြင်းကို ရှိုက်ထုတ်လိုက်မိလေ၏။ ပစ်စရာအမှိုက်တို့ကို Plastic အိတ်ကြီးဖြင့်ထုပ်ကာ သေချာစည်းလျက် ချည်လိုက်ပါသည်။ ခုတလော ဆိုင်မှာ လူအတော်ကျတာမို့ ပင်ပန်းလိုက်တာ မပြောပါနှင့်။ Breakfast အချိန်မှာ သူမက ချက်ပြုတ်ရတာမို့ ညီက မန်နေဂျာရာထူးကို ယူရလေ၏။ နေ့လယ်ဘက်မှာ လူသိပ်မရှိပေမယ့် သူမက ကောင်တာထိုင် ပေးရတာပါပဲ။

ညနေဘက်မှာတော့ ညီရော သူမပါ ကိုယ့်တာဝန်ပါမက bill ကိစ္စ ကိုပါ ပူးတွဲတာဝန်ယူကြရပြန်ပါသည်။ လေးလေး ပြန်မလာနိုင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်လုံးရှိဝန်ထမ်းတွေအားလုံး ပါးပါးလေးသာ ရှိတော့တာပါလေ။ အမှိုက်ထုပ်ကို ဆိုင်အပြင်ဘေးရှိအမှိုက်ပုံးထဲသို့ထည့်ကာ အဖုံးပြန်ပိတ်လိုက်စဉ် သူမအနီးသို့ ညီ ရောက်လာပါ၏။

"ပန်"

"အင်း"

"လေးလေး ဆက်တာ"

ညီက ဆိုင်ထဲကိုအကဲခတ်ပြီးမှ သူမကို စကားဆက်ပြောရန် ရှယ်လေ၏။ ဘာလဲ. . . အတော်များ အရေးကြီးနေသလား။ ချာတိတ်လေးတွေ မသိစေချင်ရင် Hand phone ကိုမဆက်ဘဲ ဘယ်နှယ် ဆိုင်က Phone ကို လေးလေး ဆက်ရပါသလဲ။

"အန်တီ့အခြေအနေ အတော်ဆိုးနေပြီတဲ့"

"ဘယ်လို"

"အဲဒါ တို့ဆိုင်ကိုရောင်းဖို့ ဆိုင်ထားပြီဆိုပြီး အသိပေးတာ"

"ဘာ!"

"ပန်. . . ရှူး!"

သူမတောင် အထိတ်တလန့်ဖြစ်ရင် Waiter ဖြစ်တဲ့ ကလေးတွေဆို အဘယ်မျှစိုးရိမ်သွားကြလေမလဲ။ သူမက ညီနှင့်အတူ Coffee ဆိုင်လေးဖွင့်နိုင်ရင် ထားပါတော့။ ဒီကလေး လေးယောက်စလုံးကို လက်ရှိလစာထက် လျှော့ပေးပြီး မခေါ်နိုင်တာအမှန်ပါ။ အထူးသဖြင့် နယ်ကတက်လာတဲ့ကောင်လေးတွေ နေရစားရ ကျပ်တည်းသွားတာက ပိုဆိုးမှာမဟုတ်လား။

"အားလုံးကို Bonus ကောင်းကောင်းပေးပါ့မယ်တဲ့၊ ကြိုပြောလေ





ရဲ့၊ အထူးသဖြင့် နင့်အတွက်ပြောတာ"

"ငါက အကြောင်းလား၊ ဝေယံတို့က ဒုက္ခဖြစ်မှာကို"

"အေး. . . အဲဒါ ငါလည်းသိပါတယ်"

"ညီက မပြောလိုက်ဘူးလား"

"ဘာကိုလဲ"

"သူငယ်ချင်းနဲ့ Cafe ဖွင့်ရင် ပန့်ကိုခေါ်မယ်လို့လေ"

"မပြောဘဲနေမလား၊ လေးလေးက နင့်ကိုသင်ထားပေးတဲ့ပညာတွေကို အသုံးဝင်တဲ့နေရာမှာပဲ လုပ်စေချင်တာတဲ့"

"ဘယ်လို"

"အေး. . . နင့်ကို Hotel တစ်ခုမှာရဖို့ ပြောပေးမယ်တဲ့။ သူ အရင်လုပ်ခဲ့ဖူးတဲ့ Hotel တွေနဲ့ မိတ်ဆွေတွေ အများကြီးရှိတာပဲ"

"Hotel တော့ မလုပ်ချင်ပါဘူး"

"ငါကလည်း နင့်ကိုမလွှတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"စိတ်မချလို့"

စိတ်ညစ်နေရသည့်ကြားမှ ပြုံးလိုက်မိ၏။ ယုံပါတယ် ညီ၊ အတူတူအလုပ်လုပ်နေရပြီး မျက်စိအောက်က အပျောက်မခံအောင် အရိပ်တကြည့်ကြည့် စောင့်ကြည့်နေတဲ့ သူငယ်ချင်းလေးကို မသိဘဲ နေပါ့မလား။ တစ်အိမ်တည်းနေခွင့်ရတာတောင်မှ လူချင်းမဆုံရရင်တောင် အသံပြုပေးမှသာ အိပ်လို့ပျော်သည့်တဲ့လေ။ ဒီလိုကောင်လေးက ပန့်ကို မမြင်ကွယ်ရာမှာ အလုပ်ပေးလုပ်နိုင်မှာပါ့မလား။

"ပြီးရင် ပြန်ကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တာတော့ ပြန်မယ်၊ ပြောတာက မပြီးသေးဘူး"

"ရော်! ဘာများရှိသေးလို့လဲ"

"ဒီနေ့လာသွားတဲ့ငနဲကြီးကိစ္စ ရှိသေးတယ်လေ"

"ဟယ်. . . Customer ကို"

"No!... လာစားနေကျ Customer မျိုးမှ မဟုတ်တာ"

"ကဲပါ. . . ဝေယံတို့ကိုပြောပြီး ထွက်လာခဲ့၊ ပန် ဒီကပဲစောင့်မယ်"

ညီ ဆိုင်ထဲဝင်သွားတော့ Kitchen ဘေဇင်မှာ လက်ကိုသေချာ ဆေးကာ အဝတ်သန့်သန့်ဖြင့် သုတ်လိုက်ပါ၏။ ပြီးနောက် အဝတ်အစား လဲကာ ကျောပိုးအိတ်ကို လွယ်လိုက်ပြီး အပြင်သို့ထွက်ကာ နောက်ဘက် တံခါးကို သော့ခတ်ပိတ်လိုက်ပါသည်။ ဆက်ရန်ရှိသေးသည်တဲ့။ ထိုလူ၏ အကြည့်နွေးနွေးကို သူမ မှတ်မှတ်ရရရှိနေတုန်းပါလေ။

"သွားစို့"

ထုံးစံအတိုင်း နှစ်ယောက်အတူ အိမ်သို့ လမ်းလျှောက်ပြန်ခဲ့ကြ ပါ၏။ ညီက ဘောင်းဘီအိတ်ကပ်မှာ လက်မထည့်ချိတ်ကာ လျှောက်ရင်း Platform ထက်ရှိခဲလုံးကို ကန်လိုက်လေသည်။ ရော်! ဒေါသဖြစ် နေတာများလား။ နေရင်းထိုင်ရင်း အပြစ်မရှိသည့်ခဲလုံးကိုမှ ပြဿနာရှာ ပြီး ကန်ရတယ်လို့ ညီရယ်။ ခက်ပါရဲ့နော်။

"ပန်"

"ဟင်"

"ငါ့ကိုအမှန်အတိုင်းပြောနော်၊ ကွယ်ဝှက်ထားမယ်မကြံနဲ့"

"ရော်. . . ညီ့ကို ဘယ်နှခါများ လိမ်ခဲ့ဖူးလို့လဲ။ ပြောစမ်းပါဦး ဘာကိုပြောနေတာလဲ"





"အဲဒီလူနဲ့ နင် ဘယ်နှခါဆုံခဲ့ဖူးလဲ"

"ဒီနေ့မှပါ ညီရယ်"

"မယုံဘူး။ သူ့မျက်လုံးတွေက နင့်ကိုရင်းနှီးနေသလိုကြီး မြင်နေရ တာ. . . ကျစ်"

'ဒါကတော့ ညီတို့က ယောက်ျားချင်းကိုး' ဟူသည့်စကားကို မပြော ဖြစ်ဘဲ မျိုချလိုက်ရပါ၏။ ဒီအရိပ်မှာ သူမ၏ဘဝ အဘယ်မျှ နွေးထွေး လုံခြုံမှုရှိသလဲဆိုတာကို သူမကိုယ်တိုင်သာ သိနိုင်တာပါလေ။ ဝန်တိုမှု ဆိုတာ သံယောဇဉ်ရဲ့နောက်ဆက်တွဲဆိုပေမယ့် ပန်တို့နှစ်ဦးက အမြှုရောင် ကြိုးတွေနဲ့ ရစ်ပတ်ချည်နှောင်ထားတဲ့ သူငယ်ချင်းတွေပါ ညီရယ်။

"ပြောလေ"

"ဘာကိုပြောရမှာလဲ၊ ပြောစရာမှမရှိတာ"

"တကယ်မသိတာလား"

"တကယ်ကြီးကို. . . အဲ"

သူမနှုတ်မှ အာမေဋိတ်သံ ထွက်သွားရပါ၏။ ပန်းခက်ပေးစဉ်က လှမ်းယူလိုက်သည့်လက်ကို သူမ ရင်းနှီးနေသည့်နှယ် ခံစားလိုက်ရတာ မဟုတ်လား။ နေပါဦး. . . ဘယ်မှာမြင်ဖူးတာပါလိမ့်။ အလို! ဘာမှမကြာ သေးခင် တွေ့ဖူးခဲ့တာပဲ။ မေ့မှမေ့တတ်ရတယ်လို့။ ဘဏ်မှာ. . . ဟုတ် တယ်၊ ဘဏ်သွားတဲ့နေ့က သံမံတလင်းပေါ် စာအုပ်တွေ ပြုတ်ကျပြီး မှားကောက်ခဲ့မိဖူးတာလေ။ ဒါကြောင့် ဒီလက်တွေနဲ့ ထိခဲ့ရဖူးတာကိုး။ အဲဒီတုန်းကလည်း သူမကိုကြည့်နေသည့် သူ့မျက်ဝန်းတွေက ရင်းနှီးနေ သည့်နှယ်လေ။

"ပန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဆက်မပြောဘဲ ဘာလို့ရပ်လိုက်တာလဲ"

"အထွေအထူးပြောစရာမှ မရှိတာ"

"မယုံဘူး၊ နင် တစ်ခုခုကို ဖုံးကွယ်ထားပြီ. . . ပန်"

ညာလို့မရပါလား။ ရှည့်ရှည်ဝေးဝေးသာ ပြောမိရင် စိတ်ပူတာတွေ စိတ်မချတာတွေ ဝန်တိုတာတွေ အကုန်ရောနှောပြီး ပါလာတော့မှာလေ။ ရင်ထဲမှာ မျိုသိပ်တတ်တဲ့အကျင့်က သူမဆီမှာပဲ ရှိနေတာ မဟုတ်ပါလား။ ဘယ်တော့မဆို ပွင့်ပွင့်လင်းလင်း ပြောတတ် လုပ်တတ်တဲ့ ညီ့ကို နာကျင်မှုတွေ တစ်ခုမှမပေးချင်တဲ့ စေတနာက သူမရင်ထဲမှာ အပြည့်ရှိနေတာပါလေ။

"ပန်"

"မရမက မမေးချင်ပါနဲ့ ညီ"

"ဘာလို့လဲ"

"စကားဆိုတာ ပြောတိုင်း ကောင်းတာမှ မဟုတ်တာ"

"လုပ်ပြန်ပြီ"

"ဘယ်သူမဆို ကိုယ်ပြောတဲ့စကားကို တစ်ဖက်သားရဲ့ရင်ကို အေးမြစေတဲ့ ရေစက်ကလေးတွေသာ ဖြစ်စေချင်ကြတာပါ ညီ။ အက်ဆစ်နဲ့ အပက်ခံရတဲ့ ငရဲမီးလိုတော့ မဖြစ်စေချင်တာ ညီ နားလည်မှာပါ"

"ဘာကိုဆိုလိုတာလဲ. . . ပန်"

သူမ နှုတ်ဆိတ်လိုက်တော့ပါ၏။ ဒီလောက် အရိပ်ပြနေတာကို ညီ သိသင့်ပါတယ်လေ။ ကားလမ်းကူးတော့မှာမို့ ညီ့မျက်နှာကို ငဲ့ကြည့်လိုက်မိ၏။ လူကို နားမလည်ဟန်အကြည့်တို့ဖြင့် ကြည့်နေသည့်ကောင်





လေးပါပဲလား။

"ပန်"

သူမ ပြုံးယောင်ယောင်ဖြစ်သွားပြီး ညီ့လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်မိစဉ် ညီ့မျက်ခုံးတို့ မြင့်တက်သွားလေ၏။ လမ်းကူးရမှာကို သတိမထားဘဲ အတွေးတွေ ဘေးချော်နေပြန်ပါပြီ ညီမင်းညို့ရယ်။

"ပန်. . . နင်"

"မလိုက်ဘူးလား"

"ဘာ!"

"ဟီ! ဟီ! . . ."

ကားဟွန်းသံကြားလိုက်ရတော့မှ အထိတ်တလန့်ဖြစ်သွားကာ ညီ ဟက်ဟက်ပက်ပက် ရယ်လေတော့၏။ ရှက်ရယ်ထင်ပါရဲ့။ ဟိုဘက်လမ်း Plaform ပေါ်ရောက်တော့ ညီက သူမ၏လက်ဖဝါးလေးကို မလွှတ်ဘဲ ကိုင်ထားပေမယ့် သူမ မရုန်းမိပါလေ။ ဒီလောက်လေးတော့ ညီ့ကိုခွင့်ပြုသင့်တာ မဟုတ်ပါလား။

"စောသားပဲ"

ခြံတံခါးကိုတွန်းလိုက်စဉ် အန်တီမေက အိမ်ဝမှ ထွက်ကြိုနေပါ၏။ အခုတလော ကိုးနာရီကျော်ရုံနဲ့ ဆိုင်စောစောပိတ်ဖြစ်တာ မဟုတ်လား။ ပိုင်ရှင်က ဇနီးသည် ကျန်းမာရေးကြောင့် စိတ်မချမ်းမသာဖြစ်နေမှတော့ ဝန်ထမ်းတွေရဲ့အနာဂတ်က ခပ်လှုပ်လှုပ်ဖြစ်နေပြီလေ။ ကြိုတွေးမိရင် ရင်မောစရာကြီးပါပဲ။

"ရေချိုးပြီးရင် သားနဲ့သမီးကို မေမေပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်တီမေ"

ဘာပြောမှာလဲဟု မစဉ်းစားဘဲ အခန်းရှိရာဆီ ခပ်သွက်သွက်တက်ခဲ့ပါ၏။ ပတ်ဝန်းကျင်က သွေးမတော်သားမစပ် သူမနှင့်ညီ့ကို တစ်မိုးတည်းအောက်မှာ အတူနေတာသိရင် မည်သို့ထင်မြင်ကြမည်နည်း။ သူမ ဂရုမစိုက်ပါလေ။ ကိုယ်မှန်ရင် ဘယ်သူ့ကိုမှ ရှိန်စရာမလိုပါ။ ပန်းသစ္စာဆိုတာ မျက်နှာရောလူပါ တည်လွန်းသည့် ခပ်မာမာမိန်းကလေး မဟုတ်ပါလား။

ညီဆိုတာ သူမနှင့်အတူ ပခုံးဖက်ပြီးတော့ ကစားခဲ့ရတဲ့ ငယ်ချငယ်ချင်းလေးပါပဲ။ ကျောင်းအတူတူတက်ပြီး ကြီးပြင်းခဲ့ကြတာ အနှစ်နှစ်ဆယ်ကျော် ကြာခဲ့တာလေ။ အခုချိန်ထိ သူမအပေါ် အန္တရာယ်တစ်စုံတစ်ရာမရှိစေအောင် ကာကွယ်ပေးနေခဲ့တာ မဟုတ်ပါလား။ ဒီလိုသူငယ်ချင်းမျိုးနဲ့ ဒီဘဝမှာ တစ်သက်လုံး ဖြူစင်စွာနဲ့ အတူရှင်သန်ချင်တဲ့ဆန္ဒက ဒီဘဝမှာ ပြည့်နိုင်ပါ့မလားလေ။

"သမီး. . . ပန်"

"ရှင်. . . အန်တီမေ"

အောက်ထပ်မှ အသံပေးနေပြီမို့ အမြန်ပြင်ဆင်လိုက်ရပါ၏။ ခေါင်းထက်မှ T-shirt ကို စွပ်ချကာ ခါးနေရာမှ ဆွဲဆန့်လိုက်ပါသည်။ Quarter pants က အပျော့သားမို့ အသားကပ်မည်စိုး၍ အပွလေးကိုသာ ရွေးဝတ်လိုက်မိသည်။ အတွင်းတံခါးစေ့ထားတာကို တွန်းဖွင့်၍ လှေကားဆင်းခဲ့စဉ် ညီနှင့်အန်တီမေက မီးဖိုခန်းမှာ တီးတိုးစကားများနေသည်နှယ်ပါ။ ဘာများ မကျေညက်နေတာပါလိမ့်နော်။

"မပြောပါနဲ့ မေမေရာ"

"ဟဲ့! ဒီလိုမြှုစိစိလုပ်နေရုံနဲ့ ပြီးမလား။ သားမှမစရင် ဒီဇာတ်လ... ...ာ ဖြစ်မှာမဟုတ်ဘူး"

"တောင်းပန်ပါတယ် မေမေရာ၊ မျက်နှာပျက်စရာတွေ ဖြစ်ကုန်ရင် ဘယ်နှယ်လုပ်မလဲ။ ပန့်ကို မျက်နှာပူစရာကြီး"

"ဒါဖြင့် သားပြောမှာလား"

သူမခြေလှမ်းတို့ တုံ့ခနဲရပ်သွားရပါ၏။ ဘာကိုဆွေးနွေးနေတာပါလဲ။ ညီက မျက်မှောင်ကြုတ်ကာ ငြိမ်ပြီးရပ်နေတာမို့ ရင်ထိတ်သွားရပါသည်။ ဘာလဲ. . . အိမ်တွင်းစီးပွားရေးအခက်အခဲကြောင့်များလား။ နေထိုင်ရေး စားစရိတ်ကိုပါ သူမထံမှ တစ်ပြားတစ်ချပ်မှ မယူတာမို့ အားနာစိတ်က အကြီးကြီးပါပဲ။ ဒါကြောင့်လည်း ညီတို့သားအမိ မသိရလေအောင် ညီ့နာမည်နဲ့ ဘဏ်စာအုပ်တစ်အုပ်ထားပြီး Account ဖွင့်ထားပေးတာလေ။

"ဘာပြဿနာရှိလို့များလဲ အန်တီမေ"

"ဘာမှမဖြစ်ပါဘူး၊ ထိုင်လေ. . . ပန်"

"အန်တီမေ ပြောစရာရှိလို့ဆို"

"အရေးမကြီးပါဘူး ပန်ရာ၊ နောက်မှပြောလည်းရတယ်"

ထိုင်ခုံဆွဲထုတ်ပေးကာ သူမပခုံးကိုဖိလျက် ထိုင်ခိုင်းနေပြီမို့ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ ဘာလျှို့ဝှက်ချက်များလဲ။ ဒီအိမ်မှာ ဘယ်ကိစ္စပဲရှိရှိ အသေးအဖွဲလေးကအစ သူမပါ သိခွင့်ရှိခဲ့ရတာ မဟုတ်ပါလား။ ညီက သူမနှင့်မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လိုက်ပေမယ့် မျက်လုံးချင်းဆုံအောင် မကြည့်ပါလေ။ ညီ့မျက်နှာ အနည်းငယ်ပျက်နေတာကို သူမစိတ်ထဲမှ အလိုလိုသိနေရပါရောလား။ ဘာများလဲ ညီရယ်။

❁❁❁






www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၀ )

Taxi ပေါ်မှ အသာဆင်းကာ ဒက်ဒီ့ကုမ္ပဏီဆီသို့ ခြေလှမ်းလိုက်ပါ၏။ ရင်ထဲမှာ ကထိတ်ထိတ်ပါပဲ။ ဒီနေ့ ဒက်ဒီတို့ Meeting ရှိနေတာ မဟုတ်ပါလား။ ဒါဖြင့် ဒီကို သူ မဖြစ်မနေ ရောက်လာမှာ အသေအချာပါပဲ။ သူဆိုတာ မှီ့ကို အိမ်မှာ ပဋိပက္ခတွေ ဖန်တီးစေခဲ့တဲ့ 'ကျော်နန္ဒ'ပေါ့လေ။

'သဘောမတူဘူး'တဲ့၊ ဘာကြောင့်လဲ. . . မှီက ဘာများဖြစ်နေလို့ သူလိုလူနဲ့ ဒက်ဒီက သဘောမတူရတာပါလိမ့်။ အရင်အရင် လူတွေနဲ့ ဆုံပေးစဉ်က ဒက်ဒီ့နှုတ်မှ ဘာသံမှမထွက်ခဲ့ပါလေ။ အခုမှ ဘယ်လိုဖြစ်ပြီး အော်သံထွက်ရတာပါလိမ့်။ အိမ်ထောင်ပြုဖို့စိတ်က မှီ့ရင်ထဲမှာ အခု အချိန်ထိ မရှိတာဖြစ်ပေမယ့် ဒီကိစ္စဖြစ်သွားတာမို့ သူ့ကို မှီ့ရဲ့မယ်ငိုး က စိတ်ဝင်တစားဖြစ်ခဲ့ရတာလေ။

"ခဏ"

Lift တံခါးပိတ်ကာနီးမှ လှမ်းအော်ကာ အပြေးတစ်ပိုင်း လှမ်းလိုက်ရပါ၏။ တံခါးစေ့သွားတာကို အတွင်းမှလူက ခလုတ်နှိပ်ကာ ပြန်ဖွင့်ပေး



လိုက်လေသည်။ အရေးတကြီးမဟုတ်သော်ငြား စောင့်ရမည့်အလုပ်ကို မီ မနှစ်သက်ပါချေ။

"ကျေးဇူး"

Lift ထဲဝင်ကာ ကျေးဇူးစကားကို ခပ်တိုတိုပြောလိုက်မိပါ၏။ အထဲမှာ မီနှင့်ထိုလူသာ ရှိနေတာမို့ အနည်းငယ်မျှ ရှိန်သွားရပါသည်။ ဒီ Lift က VIP တွေသာ သုံးလေ့ရှိတာမို့ ရာထူးကြီးသည့်ပုဂ္ဂိုလ်သာ ဖြစ်နေမှာလေ။ နှာခေါင်းထဲ ရှူရှိုက်လိုက်မိတဲ့ရနံ့က မှီ့ရင်ထဲမှာ အေးမြပြီး မျက်နှာထက် အပြုံးတစ်ပွင့် ပေါ်လာရတာပါလား။

"ဟင်!"

ငုံ့ကြည့်မိသည့်မြင်ကွင်းကြောင့် မှီ့ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်တော့သာပါလေ။ အလို. . . ဘယ်လိုဖြစ်ပြီး ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် သူ့ကို ဒိန်းကပ် မြင်ခွင့်ရတာပါလိမ့်။ Lift တံခါးပြန်ပိတ်သွားပြီး တက်မည့်အထပ် ခလုတ်ကို နှစ်ဦးစလုံး မနှိပ်ဖြစ်တာမို့ သူ့အကြည့်က မှီ့ထံ ဖျတ်ခနဲရောက်လာလေ၏။ ခပ်တည်တည်မျက်နှာထားမှာ ဘာအရိပ်အရောင်မှ မရှိသော်ငြား မှီ့ရင်ထဲမှာဖြင့် မုန်တိုင်းထန်နေလေပြီ။

သူ့ကိုပြုံးပြလျက် ကြည့်နေသည့်မိန်းကလေးကြောင့် အံ့အားသင့်သွားမိပေမယ့် meeting နောက်ကျလို့မဖြစ်တာမို့ ခလုတ်ကို သူ အမြန်နှိပ်လိုက်ပါသည်။ သူစိမ်းယောက်ျားတစ်ယောက်ကိုကြည့်ပုံက ရဲတင်းနေသလိုပါလား။ အာရုံက သူမထံ ဖျတ်ခနဲရောက်သွားရလေ၏။

အဘယ်မျှ ဣန္ဒြေရှိလိုက်ပါသလဲ။ လူတွေကို အထူးသဖြင့် အမျိုးသားတွေကို ကြည့်သည့်မျက်ဝန်းတို့က အေးဆေးတည်ငြိမ်မှုတို့ အပြည့်နေတာလေ။ မလိုအပ်ပါဘဲ မျက်နှာထက်မှာ အပြုံးတစ်စက်မှ မရှိပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ဝန်ဆောင်မှုက စေတနာအပြည့်နဲ့လုပ်ပေးတာ လက်တွေ့ပဲ မဟုတ်ပါလား။ အဘယ်မျှ ဣန္ဒြေသိက္ခာရှိလိုက်တဲ့ မိန်းကလေးပါလဲ။

"တင်း!. . . တောင်!"

Lift ရပ်သွားပြီမို့ သူထွက်လိုက်စဉ် ဘေးမှမိန်းကလေးပါ လိုက်လာလေ၏။ ဘယ်သူ့သမီးပါလိမ့်။ အန်ကယ်လ် ဦးခင်ဇော်က စည်းကမ်းတင်းကျပ်သည့်ပုဂ္ဂိုလ်ကြီးမို့ ကုမ္ပဏီထဲကို တာဝန်ရှိသူမှလွဲ၍ ဝင်ခွင့်မပေးတာလေ။ ကုမ္ပဏီရုံးခန်းရှိရာရောက်စဉ် အပေါက်ဝမှ PA ဖြစ်သူက သူ့ကို ဦးညွှတ်ပြလိုက်ပါသည်။

"ဖေဖေ ရောက်နေပြီလား"

"ဟုတ်ကဲ့ခင်ဗျ"

သူတံခါးတွန်း၍ ဝင်လိုက်စဉ် ဖေဖေနှင့် အန်ကယ်ဦးခင်ဇော်က နှစ်ဦးသား တီးတိုးကျိတ်တိုင်ပင်နေသလိုမျိုး မြင်တွေ့လိုက်ရပါ၏။ မျက်နှာချင်းဆိုင် ထိုင်နေတာမို့ ကြေကွဲရိပ်တွေနှင့် မျက်ဝန်းထဲမှာ မျက်ရည်ဝဲနေသည့် အန်ကယ်ဦးခင်ဇော်ကြောင့် သူ အံ့သြသွားရပါသည်။ ဘာများဖြစ်နေလို့ပါလိမ့်။ Meeting ရှိတဲ့နေ့မှာမှ MD ကြီးက ဝမ်းနည်းရိပ်တွေဖြစ်နေရတယ်လို့။

"တံခါးကို Lock ချလိုက်ပါ သား"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေ လှည့်ပြောလိုက်တာမို့ အရေးကြီးကိစ္စမှန်း သူခန့်မှန်းလိုက်မိ၏။ Door Lock ကို ခလုတ်ပိတ်လိုက်ပြီး ဖေဖေ့ဘေးရှိခုံမှာ သူ အသာဝင်ထိုင်လိုက်ချိန်ထိ လူကြီးနှစ်ဦးက စကားဆက်မပြောဘဲ အသံတိတ်ဆိတ်နေလေသည်။ ဘာလဲ. . . သူ့ကိုမသိစေချင်တဲ့ကိစ္စများ ဖြစ်





နေလို့လား။

ဖေဖေက ကုမ္ပဏီမှာ အကြံပြုရှေ့နေကြီးမို့ နှုတ်လုံသူဖြစ်ပြီး အစအရာရာ စိတ်ချရလေ၏။ သူက ဖေဖေ့သားဖြစ်နေတာမို့ သိသင့်သိထိုက်သည့်ကိစ္စ မျိုးကိုတော့ ဖေဖေ့ထံမှ သူသိခွင့်ရပါသည်။ အထူးသဖြင့် ...တွင်းရေး လျှို့ဝှက်ချက်ကိုဖြင့် အန်ကယ်ဦးခင်ဇော်ထံမှ တစ်ကြိမ်မျှ ...ကြားရပါချေ။

"နာမည်က ပန်းချစ်သူနော်"

"ဟုတ်ပါတယ်၊ အိမ်နာမည်ကို ပန်ပန်လို့ပဲ ခေါ်တာပါ ကိုဖွဲ့ခန့်"

"ကလေးက ဘယ်သူနဲ့ တူသလဲ"

"ငယ်ငယ်ကတည်းက ကျွန်တော်နဲ့ပဲ ပိုတူပါတယ်"

ဘာတွေလဲ၊ 'ပန်းချစ်သူ'ဆိုပါလား။ ဘယ်သူ့ကိုများ ရှာနေတာ ...ပါလိမ့်။ 'ကျွန်တော်နဲ့ပဲ ပိုတူပါတယ်'တဲ့။ ထိုစကားက သူ့ရင်ကို တစ်မျိုး ...ဖြစ်သွားစေပါသည်။ အန်ကယ်ဦးခင်ဇော်၏မျက်နှာကို အသေအချာ ...ကြည့်မိသည့်အထိပါပဲ။ ဒီမျက်ခုံး၊ ဒီနဖူး၊ ဒီနှာတံနဲ့ ဒီပိရိသေသပ် ...နှုတ်ခမ်းမျိုးကို သူ ကောင်းကောင်းကြီးသိနေသလိုပါလေ။

"အရေးကြီးလို့ပါ ကိုဖွဲ့ခန့်၊ ကလေးအသက် (၂၅)နှစ်မပြည့်ခင် ...တွေ့မှဖြစ်မှာမို့ပါ။ နို့မို့ မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာလိမ့်မယ်"

"ကျွန်တော် နားလည်ပါတယ် ကိုခင်ဇော်၊ စိတ်ချပါ. . . ဖြစ်စေ...တဲ့အတိုင်း ဖြစ်စေရပါမယ်ဗျာ"

လူကြီးနှစ်ဦး၏ သက်ပြင်းရှိုက်သံကြောင့် သူပါ ရင်မောရသလိုပါ ...ဘုရားရေ! ပျောက်ဆုံးနေသည့်ကလေးကို ရှာနေတာများလား။ ဘယ် ...ပြီးများ ဒီအဖြစ်အပျက်မျိုး ဦးခင်ဇော်ထံမှာ ရှိနေရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



Intercon မှ အသံမြည်သွားတာမို့ သတိဝင်သွားပုံပါပဲ။ သူရှိနေတာကိုတောင် ဒီအကြောင်းဆက်ဆွေးနွေးဖြစ်တာမို့ သူသိလို့ရတဲ့ကိစ္စပဲဖြစ်မှာပါလေ။ ဦးခင်ဇော်က ခလုတ်နှိပ်ကာ မေးလိုက်လေ၏။

"ပြော. . ."

"MD ရဲ့သမီးလို့ ပြောပါတယ်ခင်ဗျာ၊ ဝင်ခွင့်ပြုလိုက်ရမလား"

"ကျစ်! ရှုပ်လိုက်တာ။ Meeting... ရှိတယ်၊ မအားဘူးပြောလိုက်မှပေါ့"

"ပြောပါတယ် MD. ခဏပဲတွေ့ချင်လို့ပါတဲ့"

"တောက်! မောင်နန္ဒ"

"ဗျာ"

"Lock . . . ဖွင့်ပေးပါ၊ Please! "

"ရပါတယ် အန်ကယ်"

သူ တံခါးပေါက်သို့ ပြန်လျှောက်လာခဲ့ပါ၏။ သမီးဖြစ်သူတဲ့။ ဘာလဲ. . . အခုပဲ ပျောက်နေလို့ဆိုပြီး ရှာနိုင်းနေတာမဟုတ်လား။ သူ ဘာကိုမှ နားမလည်နိုင်ပါလေ။ ဦးခင်ဇော်ရဲ့အိမ်တွင်းရေးက အတော်များ ရှုပ်နေသလား။ တံခါး Lock ကို လှည့်ဖွင့်လိုက်သည်နှင့် စောစောက သူနှင့် Lift ထဲမှာ ဆုံခဲ့သည့်ကောင်မလေးက အပြုံးဖြင့် ရုံးခန်းထဲဝင်လာလေသည်။

"ဒက်ဒီ"

"ဘာလာလုပ်တာလဲ၊ ဒီနေရာကို အပျော်တမ်း ဝင်ထွက်လို့ရတဲ့ ကစားကွင်းများ မှတ်နေလား ခင်မီမီဇော်"

အလို! ခင်မီမီဇော်. . . တဲ့။ အေးစက်စက် လေသံခပ်ပြတ်ပြတ်နှင့်





အားရဲရဲကြည့်သည့်အကြည့်စိမ်းတို့ကြောင့် ကာယကံရှင်ပင် မပြောပါနှင့်၊ ကြားထဲမှ သူပင် အန်ကယ်ဦးခင်ဇော်ကို လန့်သွားရတာပါလေ။ သမီးဖြစ်သူကိုပြောသည့်လေသံမှာ မေတ္တာဓာတ်တစ်စက်မှ ပါမနေသလိုပါပဲလား။

"မာ. . . မာမီလွှတ်လိုက်လို့ မီ လာရတာပါ ဒက်ဒီ"

"ကျစ်! ဘာကိစ္စရှိပြန်ပြီလဲ၊ အိမ်မှာပြောလို့ရတာကို ဘာဖြစ်လို့ ရုံးအထိ လိုက်ရှုပ်ရတာလဲ"

ကောင်မလေး၏မျက်နှာက မှဲ့မှဲ့လေးဖြစ်သွားရလေ၏။ သူစိမ်းတွေရှေ့မှာတောင် သတိမထားဘဲ သမီးဖြစ်သူကို ငေါက်ငမ်းရတယ်လို့၊ အိမ်မှာ မကြေလည်တဲ့အစိုင်အခဲကို သူတို့သားအဖရှေ့မှာ ပေါက်ကွဲပြတာများလား။ Phone သံမြည်လာပြန်တာမို့ အတော်စိတ်ပျက်လက်ပျက်ဖြစ်သွားပုံပါလေ။

"ဟဲလို! အေး. . . အဲဒါ အိမ်မှာ ငါရှိကတည်းက ပြောပါလား။ ကျစ်. . . မေ့စရာမှမဟုတ်တာ၊ အလုပ်ကို အလေးအနက်ထားမှပေါ့။ ပြီးရော. . . နောက်ကို ငါ့ကုမ္ပဏီကို လာမရှုပ်နဲ့၊ မကြိုက်ဘူး"

"တောက်! "

"မောင်သန့်ဇင်. . . ခင်မီမီဇော်ကို Bank မှာ ငွေလိုက်ထုတ်ပေးဖို့ တစ်ယောက်လောက်လွှတ်လိုက်"

"ဟုတ်ကဲ့ပါ MD "

"ဘဏ်သွားဖူးတဲ့လူပဲ လွှတ်နော်"

"ဟုတ်ကဲ့ပါ MD "

"မဖြစ်သေးပါဘူး။ ညီ့ဆောင်မှာပဲ သွားစောင့်နေ၊ ငွေထုတ်ပြီး တစ်ခါတည်းယူသွားချေ။ အလုပ်ရှုပ်ရတဲ့ကြားထဲ. . . ကျစ်"



www.burmeseclassic.com

www.burmeseclassic.com



Phone ကို လက်ထဲမှမချခင် Intercon ခလုတ်နှိပ်ကာ ပြောပြီး၊ စိတ်မြန်မြန်ဖြင့် ဆုံးဖြတ်ချက်က ပြောင်းသွားပြန်လေ၏။ ပြီးနောက် အံဆွဲထဲမှ Cheque Voucher ထဲမှ တစ်ရွက်ပေါ် ငွေဖြည့်စာ ရေးချပြီး လက်မှတ်ထိုး၍ ဘောက်ချာဖြုလိုက်စဉ် ကုမ္ပဏီစာရေးလေးက ရုံးခန်းထဲ ဝင်လာလေသည်။

"ကျွန်တော်ရောက်ပါပြီ MD"

"ဒီနားက ဘဏ်မှာ ငွေထုတ်ပြီး ဒီကိုပြန်လာ မောင်မျိုးဇော်၊ မြန်မြန်နော်"

"ဟုတ်ကဲ့ ခင်ဗျ"

"နောက်နာရီဝက်မှာ ငွေရလိမ့်မယ် ခင်မီမီဇော်။ ဧည့်ဆောင်မှာ သွားစောင့်ချေ"

"ဒက်ဒီ"

"ငါပြောတာကြားတယ် မဟုတ်လား၊ လေကုန်မခံနိုင်ဘူး ခင်မီမီဇော်"

မီ မျက်နှာမပျက်မိအောင် အတော်ကြိုးစားရပါ၏။ ရုံးခန်းဝမှာကတည်းက ဒက်ဒီ PA ကိုယ်တိုင် အထဲဝင်ခွင့်မပေးဘဲ မီ့ကိုတားမြစ်ထားတာပါလေ။ ဒက်ဒီ့သမီးဖြစ်တာတောင်မှ ကုမ္ပဏီမှာ ဝင်ထွက်ခွင့်လေး နည်းနည်းမှမရှိပါလား။ ရှက်ဖို့ကောင်းလိုက်တာ။ သူစိမ်းတွေရှေ့ (အထူးသဖြင့်) ကိုကျော်နန္ဒရှေ့မှာမှ မီ့အပေါ် နွေးထွေးစွာ မကြိုဆိုတဲ့ ဒက်ဒီ့ရဲ့ အေးစက်စက်ဆက်ဆံရေးက မီ့ရဲ့သမီးဆိုသည့်သိက္ခာတရားကို ထိခိုက်ခဲ့ပြီမဟုတ်ပါလား။

အတွင်းရေးကိစ္စဆိုတာ အပြင်ကို မပေါက်ကြားရအောင် ဖုံးကွယ်





သိုဝှက်ထားသင့်တာပါ။ အခုတော့ဖြင့် သူစိမ်းတွေရှေ့မှာတင် မီ့ကို ဒက်ဒီ့သမီးအရင်းမဟုတ်ဘူးဆိုပြီး ကြော်ငြာပြလိုက်တာနဲ့ တူနေလေပြီ။ မီ့အပေါ် မနွေးထွေးတဲ့ ဒက်ဒီ့ရဲ့မေတ္တာ၊ ပြီးတော့ ချစ်ပေမယ့် မျက်နှာသာပေးတာမျိုးမရှိဘဲ ကိုယ်ဖြစ်ချင်တာကိုသာ ပုံစံခွက်ထဲ ထည့်တတ်သည့် မာမီ့ရဲ့ ချစ်ခြင်းတွေ၊ ဒီမိဘနှစ်ပါးရဲ့ရင်ငွေ့က နွေးထွေးခြင်းမရှိတဲ့ ရေခဲပြင်သက်သက်ချည်းနဲ့သာ တူနေတာပါလေ။

"မမလေး. . . Coffee ပါ"

ဝန်ထမ်းမိန်းကလေးတစ်ဦးက မီထိုင်နေသည့် ဧည့်ဆောင်ခန်းမရှိ စားပွဲထက်မှာ ကော်ဖီခွက်ကို တရိုတသေ လာပို့ပေးပါ၏။ ဘာလုပ်ရမှာလဲ၊ မီက ဧည့်သည်မှမဟုတ်တာ။ အိမ်မှာလည်း မီ့ကို ဂရုတစိုက်မရှိတဲ့နေရာ၊ အခုဒီမှာလည်း မီက ဧည့်သူစိမ်းနှယ် သီးသန့်ကြီး ထိုင်နေရတာလေ။

ဒက်ဒီ့ရုံးခန်းထဲမှာ ဘာတွေများ ပြောနေကြပါသလဲ။ စီးပွားရေးပဲလား. . . သို့တည်းမဟုတ် အတွင်းရေးတွေများလား။ မီ သိချင်ပါရဲ့။ တခြားမိသားစုတွေလို ညပိုင်းမှာ ကော်ဖီအတူသောက်ကြရင်း ဒီနေ့ တစ်နေ့တာ ဖြစ်ပျက်သမျှကို ဝေမျှပြောဆို ရင်ဖွင့်ကြတာမျိုး၊ ရယ်မောစရာတွေ၊ တိုင်ပင်သင့်တာတွေ၊ ဝေဖန်သင့်တာတွေ၊ ညှိနှိုင်းသင့်တာတွေ အားလုံးကို စိတ်တူကိုယ်တူ ပြောပြ နားထောင်ကြည့်ချင်ပါရဲ့။

လက်တွေ့ မီရနေသမျှက ဆန့်ကျင်ဘက်တွေချည်းသာ၊ ရတနာပစ္စည်းတွေနှင့်သာ အလုပ်ရှုပ်နေသည့်မာမီ၊ Calculator ဖြင့်သာ အမြဲအစဉ် ငွေကြေးရေတွက်နေတိုင်း အနားရောက်သွားမိရင် 'ရှုပ်လိုက်တာ' ဆိုပြီး အနှင်ခံရတာ မီပင်မဟုတ်ပါလား။ ကုမ္ပဏီက ပြန်လာတာနဲ့ ညစာ



www.burmeseclassic.com

www.burmeseclassic.com



စားပြီးရင် စာကြည့်ခန်းထဲမှာ ရှိနေတတ်သည့်ဒက်ဒီ၊ ပြောစရာရှိလို့ ခွင့်တောင်းစရာရှိလို့ တံခါးသွားခေါက်မိတိုင်း မနှစ်မြို့ဟန်ဖြင့် စိမ်းစိမ်းကြီးစိုက်ကြည့်သည့်ဒက်ကို မီ ရခဲ့တာ အဘယ်ကြောင့်ပါနည်း။

တစ်ဦးတည်းသောသမီးဘဝမှာ လူတကာထက် ပျော်ရွှင်စရာဖြစ်ရမှာလေ။ ဒါကိုတောင်မှ မီက လိုတရာဘဝမျိုးနဲ့ ဘယ်တုန်းကများ ပျော်ခဲ့ရဖူးပါသလဲ။ State ကျောင်းတက်စဉ်တုန်းကတည်းက Report card ကိုင်ပြီး ပြန်လာတိုင်း Possession one to ten ပိုင်ဆိုင်ခွင့်ရတဲ့ မီ့ကို 'တော်လိုက်တာ' ဆိုသည့် ချီးကျူးစကားသံကို ကြားချင်ပေမယ့် တစ်ကြိမ်တစ်ခါလေးသော်မျှ ကြားခွင့်မရခဲ့ပါချေ။

ဤသို့မေတ္တာငတ်မွတ်စွာ ကြီးပြင်းခဲ့ရသည့် 'ခင်မီမီဇော်' ဟူသည့် မီ့အနေဖြင့် သူတစ်ပါးကို ကြင်နာမှု၊ နွေးထွေးမှု၊ ခင်မင်မှုတွေ မှန်သမျှ ဘယ်လိုပေးတတ်ပါ့မလဲ။ ကိုယ်မပေးတတ် မပေးနိုင်တဲ့အရာမှန်သမျှကို သူတစ်ပါးထံမှ လိုချင်မက်မောစိတ်ရှိတာကို 'လောဘ' ဟု သတ်မှတ်ချင်လည်း သတ်မှတ်ကြပါစေလေ။

မီကတော့ ပိုင်ဆိုင်ခွင့်ရမည်ဆိုလျှင် နည်းလမ်းမျိုးစုံပဲ သုံးရသုံးရ ပြုလုပ်မိမည်သာ။ သိတယ်မဟုတ်လား. . . စစ်ပွဲဆိုတာ တိုက်မှနိုင်တတ်တာလေ။ ဒီတော့ စစ်ပွဲတစ်ရာ တစ်ထောင်မကနဲ့ ညီမျှတယ်လို့ ပြောကြတဲ့ ဒီအချစ်ပွဲကြီးကိုလည်း မဖြစ်မနေ တိုက်ယူရမှာပေါ့။

'ကိုကို' . . . ဘယ်သူမှမသိအောင် မီ့ရင်ထဲ တိတ်တဆိတ် ဝင်ရောက်နိုင်တဲ့အတွက် ရှင့်အချစ်၊ ရှင့်အကြင်နာ၊ ရှင့်အယုအယတွေအားလုံး မီသာ ပိုင်ဆိုင်ခွင့်ရပါရစေနော်။

❁❁❁



## အခန်း ( ၁၁ )

လက်ခုပ်သံတဖြောင်းဖြောင်းကြောင့် ကြေငြာသံကို မကြားမိပါလေ။ ဘေးနားမှ သင်တန်းသူတွဲဘက်က သူမလက်မောင်းကို အသာလှမ်းပုတ်လိုက်တာမို့ အလန့်တကြားဖြစ်ကာ လှည့်ကြည့်မိချိန်အထိ ဘာကိုမှ နားမလည်သေးတာ အမှန်ပါပဲ။ တတိယဆုနဲ့ ဒုတိယဆု ကြေငြာသံကိုတောင်မှ သဲ့သဲ့လေးသာ ကြားမိတာ မဟုတ်လား။

"မပန်သစ္စာ"

"ဟင်. . . ဘာလဲ"

"ဆုတက်ယူတော့လေ၊ တီချယ် ခေါ်နေပြီ"

"ဘယ်လို"

"ပန်သစ္စာ. . . ပထမဆုယူဖို့ ရှေ့ကိုကြွခဲ့ပါ"

"ဟယ်!"

ရင်ထဲ ဒိန်းခနဲဆောင့်မြည်သံက ခပ်ကျယ်ကျယ်ပါ။ လိုချင်တာက တတိယဆု၊ ရတာက ပထမဆုဖြစ်နေတာကိုး။ ဘယ်လိုဖြစ်ပြီး ဒီဆုရမှန်း



www.burmeseclassic.com

www.burmeseclassic.com



ပင် မသိလိုက်။ ဘေးမှ သတိပေးနေသည့် သက်သက်က အသာတွန်းလိုက်တာမို့ နောက်ဆုံးခုံတန်းမှ ထရပ်လိုက်ရတော့၏။

ဆုပေးစင်မြင့်ရှိရာ လှမ်းခဲ့စဉ် ခြေလှမ်းမမှားရလေအောင် ဂရုစို နေရလေသည်။ သူမစိတ်လှုပ်ရှားလွန်းရင် ခြေလှမ်းတွေ ယိုင်လဲတတ်တာမို့ပါပဲ။ လက်ဝါးထဲမှာလည်း ချွေးစေးတွေ စီးပိုင်သလိုဖြစ်နေတာမို့ အကျ ဖြင့် မသိမသာပွတ်သုတ်လိုက်ရလေ၏။ Stage လှေကားသုံးထစ်ကိုတက် မိစဉ် သူမ မျက်လုံးပြူးသွားရပါသည်။

ဘုရားရေ! ဆုပေးမယ့်လူက ဟိုတလောက သူမတို့ဆိုင်ကို လာ တဲ့ Customer ဖြစ်နေပါရောလား။ သူမ တအံ့တသြဖြစ်နေပြီး သင မှတ်နေရာကို မရပ်မိတာမို့ သူက ရှေ့တစ်လှမ်းတိုးကာ ဆုကိုပေးအပ်လေ၏။ သင်တန်းဆင်း Card ကို မှန်ဘောင်သွင်းထားတာနှင့်အတူ စာအိတ် တစ်ခုနှင့် စက္ကူအိတ်အသေးလေးပါ တွဲပေးတာမို့ သူမလက်ထဲမှ ထိုစက္ကူ အိတ်လေးက ကြမ်းထက် လျှောကျသွားလေသည်။

"နေနေ. . . ကိုယ် ကောက်ပေးမယ်"

ရယ်သံတွေ တီးတိုးထွက်လာလေ၏။ ဓာတ်ပုံရိုက်ရန် ရှယ်ထားရ မှ သူမနှင့်သူ ကုန်းတုန်းကွကွဖြစ်သွားပုံက ရယ်ချင်စရာပေကိုး။ မြင်ရ င့်လိုက်မိရာမှ နဖူးချင်းဆောင့်သွားတာမို့ သူမ မျက်နှာပူသွားရလေသည်။ ရော်. . . ဘယ်လိုဖြစ်ပြီး ဒီနေ့မှ ကမောက်ကမတွေ ဖြစ်ရတာပါလိမ့်။

"Congratulation.... ပါ ပန်သစ္စာ"

"ကျေးဇူးတင်ပါတယ်ရှင်"

ကမ်းပေးလိုက်သည့် သူ့လက်ကို ပြန်ဆွဲနှုတ်ဆက်လိုက်ရပါသည်။ လက်ဖျားဆီမှ နွေးခနဲခံစားမှုက ရင်တွင်းထိတိုင် စီးမျောသွားသည့်နှ





ပါ။ အလို! ထူးထူးဆန်းဆန်းတွေ ဖြစ်နေပါလား။ ညီနဲ့ဆို လက်ချင်းချိတ်တာမျိုး၊ လက်မောင်းကိုကိုင်မိတာမျိုး ရှိခဲ့ပေမယ့် ဒီလိုတစ်ခါမှ မဖြစ်ဖူးတာလေ။ အံ့သြစရာပါလား ပန်သစ္စာ။

"အားလုံးအတူတူ တန်းစီရပ်လိုက်ပါ"

Camera man က နေရာယူခိုင်းလိုက်တာမို့ ဆုရသူတွေနှင့်အတူ သင်တန်းမှူးပါမက ဆုချီးမြှင့်သည့်သူပါ ယှဉ်တွဲရပ်လိုက်ကြရပါ၏။ သူက သူမဘေးမှာပင် ရပ်လိုက်တာမို့ သတိထားမိလိုက်လေ၏။ မြင့်ပါသည်ဆိုသည့် သူမအရပ်က သူ့ပခုံးကျော်လေးသာ ရှိတော့တာပါလေ။ အရပ်ကြီးက မြင့်လိုက်တာနော်။

"ဆိုင်ကိုပဲ တန်းပြန်မှာမဟုတ်လား"

"ရှင်! ဪ. . . ဟုတ်ကဲ့"

"ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့နော်၊ ဆိုင်သွားစရာရှိလို့ပါ"

"မဟုတ်တာ၊ နေပါစေရှင်"

"ဆုလည်း သယ်ရဦးမှာလေ"

"ရပါတယ်၊ Taxi နဲ့ပဲ"

"ဒီနေရာက Taxi ငှားရခက်တာ မသိဘူးလား။ စေတနာကို အသိအမှတ်ပြုမှပေါ့"

သူမ နှုတ်ဆိတ်နေလိုက်ရပါ၏။ ပြန်ရန်ပြင်ကြပြီမို့ လူတွေတစ်ပြုံကြီး ဖြစ်နေကြပေမယ့် သူက သူမနှင့်အတူ စင်မြင့်ထက်မှာ စကားဆက်နေမိတာလေ။ လေသံထဲမှာ အမိန့်ပေးသံမျိုး ပါဝင်နေတာမို့ မနှစ်မြို့မိပေမယ့် သင်တန်းမှူးရဲ့မျက်နှာက ရှိနေသေးတာမို့ စိတ်ကိုလျှော့လိုက်ရတာပါ။ ခက်ပါရဲ့ ပန်သစ္စာ။



www.burmeseclassic.com

www.burmeseclassic.com



"ပန်သစ္စာ"

"ရှင်. . . မမ"

"GM ရဲ့ကားနဲ့ လိုက်သွားနော်၊ တီချယ်တို့ပစ္စည်းတွေကို သူ့ကား ပေါ် တင်ပေးလိုက်မယ်။ အခုလိုကူညီတာ ကျေးဇူးပါ ကိုကျော်နန္ဒ"

"ကျွန်တော်ကသာ ကျေးဇူးတင်ရမှာပါ မကြည်ပြာရယ်"

"လိုက်သွားလိုက်ပါ ပန်ပန်"

"ဟုတ်ကဲ့ မမ"

သူ့ရင်ထဲ ဒိတ်ခနဲမြည်သွားရပါ၏။ 'ပန်ပန်'တဲ့။ ဘယ်လိုခေါ်လိုက် တာပါလိမ့်။ ဟိုတစ်နေ့ကပဲ အန်ကယ်ဦးခင်ဇော်ရဲ့သမီးကို အိမ်နာမည် 'ပန်ပန်'လို့ခေါ်တာ သူ တစ်စွန်းတစ်စ ကြားသိခဲ့ရတာလေ။ မဟုတ်သေး ပါဘူး. . . သူမနာမည် 'ပန်သစ္စာ'မို့ 'ပန်ပန်'လို့ အဖျားဆွတ်ခေါ်နိုင်တာ ပဲ။

"ဦးမောင်မောင်လေး ပြန်ရောက်ပြီလား"

"ရှင်"

"ဒီလထဲ ပြန်ဖြစ်မယ်ကြားလို့ပါ"

"ဪ. . . အန်တီ့အစ်ခြွအနေ သိပ်မကောင်းအူးလို့ပြောပါအယ်"

"ဪ. . . ဒါကြောင့် မပြန်နိုင်သေးတာကိုး"

သူ အစပြောတာမို့ သူမက ပြန်ပြောနေပုံပါပဲ။ အပိုစကားတစ်ခွန်း မှမပြောတာမို့ စကားနည်းသည့်မိန်းကလေးမှန်း သူခန့်မှန်းမိလေ၏။ သင် တန်းတိုက်ခန်းမှထွက်ကာ ကားရပ်ထားရာဆီ သူဦးဆောင်ခေါ်လာတော့ သူမက ဘေးမှလိုက်လာလေ၏။ သူမ ဒီနေ့ဝတ်လာသည့် မိုးပြာရောင် T-shirt နှင့် Jeans နက်ပြာက သူဝတ်လာသည့် Sport-shirt အပြာ





နှင့် Style pants နက်ပြာကြောင့် နှစ်ဦးသား Match ဖြစ်နေသည့် နှယ်ပါ။

"ကားနောက်ဖုံး ဖွင့်ပေးမှာလားခင်ဗျာ"

"ဪ. . . OK! OK!... ဖွင့်လိုက်ပြီ"

ကတ်ထူစက္ကူပုံးကြီး 'မ'သယ်လာတာမို့ သူက ကားနောက်ဖုံးကို ဖွင့်ပေးလိုက်လေ၏။ ပစ္စည်းတင်ပြီးနောက် သူမထိုင်ရန် ရှေ့ခန်းတံခါးကို ပါ ဖွင့်ပေးလိုက်လေသည်။ အားနာနေသည့်မျက်နှာဖြင့် သူမက ကားထဲ ဝင်ထိုင်လိုက်လေ၏။ ယာဉ်လမ်းကြောယူရမှာမို့ မီးအချက်ပြကာ ကားစက် ကို သူနှိုးလိုက်ပါသည်။

"ဆံပင်အရှည်ထားတာ မကြိုက်လို့လား"

"အလုပ်ကြောင့် မထားဖြစ်တာပါ"

"အချိန်ပိုင်းပဲလုပ်ဖြစ်ရင်တော့ ထားဖြစ်မယ်ပေါ့လေ"

သူမ ပြန်မဖြေပါ။ သူ့ကိုသိပ်မရောချင်ပုံဖြင့် မျက်နှာခပ်လွဲလွဲလုပ် ကာ ပြတင်းမှ အပြင်ကိုလှည့်ကြည့်နေလေသည်။ ဆံပင်တို့ အုပ်မနေတာ မို့ လည်တံသွယ်သွယ်ကို ခပ်ရှင်းရှင်းမြင်နေရပါ၏။ အလို! သူမလည်ပင်း ဘုတ်နားမှာ မှည့်အသီးလေး ရှိနေတာပါလား။ ခေါင်းငုံ့လိုက်မှ ဆံပင် ရှင်းနေသည့်နေရာမှာမှ ရှိနေရတယ်လို့။

"အခုထိ Lunch မစားရသေးဘူး"

သူမ ဖျတ်ခနဲလှည့်ကြည့်လိုက်မိ၏။ ခုချိန်ထိ သာမန်မိတ်ဆွေတွေ လို စကားမျိုးသာ ပြောနေတာမို့ သူမ ရိုင်းရိုင်းစိုင်းစိုင်းစကား မပြောမိ အောင် နှုတ်ဆိတ်နေမိတာပါ။ အခုပဲ နေ့လယ်နှစ်နာရီကျော်နေတာတောင် နေ့လယ်စာ မစားရသေးပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ. . . ဆိုင်မှာများ စားချင်လို့လား။ သူမတို့ဆိုင်မှာ Lunch Food မရောင်းတာကို သူမသိလို့များလား။ ပြဿနာပါပဲ။

"Dawn... မှာ Breakfast နဲ့ Dinner ပဲ ရောင်းပါတယ်"

"ကိုယ်သိပါတယ်"

ဘာလဲ. . . သိရဲ့သားနဲ့ တမင်စားချင်လို့ ပြောနေတာများလား။ သက်ပြင်းချမိပြန်ပါ၏။ အဲဒါကြောင့်ပါပဲ၊ သူတစ်ပါးဆီက အကူအညီယူမိရင် ကျေးဇူးတင်ရပြီး ကိုယ့်ဘက်က ပြန်ပေးရတာမျိုးမို့ သူမစိတ်ပျက်ရတာလေ။ အခုလည်း ဒီလိုဒီလိုတွေ ကူညီလာသည့်သူ့အတွက် တစ်ပြန်တစ်လှည့် တုံ့ပြန်မှုမျိုး ပြန်လုပ်ပေးရတော့မှာပါလား။

"ဖွယ်ဖွယ်ရာရာဟင်းမျိုးတော့ ချက်လို့မိမှာ မဟုတ်ဘူး"

"ရပါတယ်၊ ကိုယ်က ဟင်းချေးများတဲ့သူမှ မဟုတ်တာ"

သူပြုံးလိုက်မိလေ၏။ အဘယ်မျှ ကျေနပ်စရာပါလဲ။ ဒီလိုပြောနဲ့ သူ့ကို Lunch ပြင်ကျွေးဖို့ သူမ ရည်ရွယ်လိုက်ပြီမှန်း သိလိုက်တာလေ။

ကျေးဇူးပါ ကိုဥက္ကာ၊ ခင်ဗျား သတင်းပေးတဲ့အတိုင်း ကြိုတင်စီစဉ်နိုင်လို့ အခုလိုမျိုး သူမနှင့်ရင်းနှီးခွင့်ရလိုက်တာလေ။ ဒီထက်မက မေးခွန်းတွေ မေးချင်ပေမယ့် သိပ်ကြီး စပ်စုရာရောက်မှာစိုးပြီး ဤမျှနဲ့ ရပ်လိုက်ရတာပင်။

ကိုယ့်ရင်တွေ တဒိတ်ဒိတ်အခုန်မြန်နေတာ သိပါရဲ့လား 'ပန်သစ္စာ'

"ဒီအချိန် ဆိုင်မှာ လူရှင်းတယ်မဟုတ်လား"

"ဟုတ်ကဲ့"

ဆိုင်ဝင်းရှေ့ Platform ဘေးမှာပင် ကားကိုရပ်လိုက်ပါ၏။ တ





တံခါးဖွင့်ပေးတာကိုပင် မစောင့်ဘဲ အရင်ဆင်းလိုက်သည့်သူမကြောင့် အဘယ်မျှစိတ်မြန်လက်မြန်ရှိသည့် မိန်းကလေးမှန်း သူသိလိုက်ရပါသည်။ ကားနောက်ဖုံးဖွင့်စဉ် သူမက စက္ကူပုံးကြီးကို ကိုယ်တိုင်သယ်ရန် ပြင်လိုက်လေ၏။

"ကိုယ် သယ်လာပေးပါ့မယ်"

"အို! မဟုတ်တာ"

"မနိုင်မနင်းနဲ့သယ်လို့ ဘယ်ကြည့်ကောင်းပါ့မလဲ ပန်သစ္စာရဲ့"

"အားနာလို့ပါရှင်"

သူက ကတ်ထူပုံးကို ကိုင်မလိုက်တာမို့ ကားဖုံးနှင့်ခေါင်း ဆောင့်မှာစိုးပြီး သူမက လက်ကာလိုက်မိလေ၏။ သူကရိပ်မိကာ ပြုံးလိုက်တာ သူမမျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါသည်။ တမင် အကဲပိုမိတာမျိုး မဟုတ်ရပါ။ ညီ့ကိုဆိုလည်း တစ်ခုခုဖြစ်သွားမှာစိုးပြီး ဒီလိုပဲပြုမူတတ်တာ မိန်းကလေးဆိုတာ မိခင်စိတ်အပြည့်ရှိတတ်တာပါလေ။

"ပိတ်လိုက်မယ်နော်"

"OK!... "

ဆိုင်ထဲကို သူမက တံခါးတွန်းဖွင့်ပေးကာ ဝင်လာတာမို့ ချာတိတ်တွေ အံ့သြကုန်ကြလေ၏။ သူမန္ဓတ်မှ ကူသယ်ပေးဖို့ မပြောတာမို့ ဒီတိုင်းနေကြတာပင်။ ကောင်တာမှာရှိနေသည့်လူငယ်က သူတို့အနီးသို့ရောက်လာလေ၏။ မနှစ်မြို့သည့်မျက်ဝန်းတို့က ထိုလူငယ်၏မျက်ဝန်းမှာ အထင်းသား ပေါ်လွင်နေလေသည်။

"ဘာတွေလဲ. . . ပန်"

"First Prize "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! တကယ်လား"

"အင်း"

"ဒါနဲ့ ဘယ်လိုဖြစ်ပြီး"

"ကူသယ်ပေးလိုက်ပါလား ညီ၊ ဒီထောင့်ဆုံးစားပွဲမှာပဲ ထိုင်ပေးပါ ကိုကျော်နန္ဒ။ Coffee ဝိုင်းတွေနဲ့ နီးနေမှာစိုးလို့ပါ"

"OK! "

ညီက နားမလည်ဟန်ဖြင့် သူမကိုကြည့်လိုက်လေ၏။ လက်ထဲကိုင်လာသည့် သင်တန်းအောင်လက်မှတ်ရဲ့ မှန်ဘောင်နှင့်စာအိတ်တွေကို ညီ့လက်ထဲထည့်ပေးကာ Kitchen ထဲသို့ ဝင်လိုက်ပါသည်။ ဆာနေသည့်လူကို ဗိုက်ပြည့်အောင် ချက်ကျွေးဖို့က အရေးကြီးဆုံးမဟုတ်ပါလား။

ဝန်ထမ်းတွေ နေ့လယ်စာ စားကြတာမို့ ထမင်းချက်ထားပေမယ့် ပူပူနွေးနွေးသာ ကျွေးချင်၍ ဆန်နို့ဆီဘူးတစ်လုံးခွဲခန့် ပေါင်းအိုးဖြင့် အမြန်ချက်လိုက်ပါသည်။ လျှပ်စစ်မီးဖိုထက် ရေနွေးတစ်အိုးတည်ကာ အသီးအရွက်တွေကို ဇကာထဲထည့်လျက် ရေဖြင့်ဆေးလိုက်ပါ၏။ ရေနွေးဆူတော့ ရေဆေး လှီးဖြတ်ထားသည့် မြင်းခွာရွက်ကိုထည့်ကာ ကြက်သွန်ဖြူ ထုခတ်လိုက်ပါသည်။

ဟင်းချိုမှုန့်၊ ဆား၊ ငါးငံပြာရည်ချိုတို့ကို လိုသလောက်ထည့်ကာ ငရုတ်ကောင်းမှုန့်ဖြူး၍ အိုးကို မီးဖိုမှဖယ်လိုက်ပါ၏။ ပြီးနောက် ဘဲဥတစ်လုံးပြုတ်ကာ ဆားပေါ့သည့်ပုစွန်ခြောက် အကောင်ကြီးအနည်းငယ်ကို ငရုတ်ဆုံဖြင့် ခပ်ဖွဖွ ထုထောင်းလိုက်ပါသည်။ ရေခဲသေတ္တာထဲမှ ခပ်လတ်လတ် ပုစွန်အစိမ်းကို ရေခဏစိမ်ကာ အခွံချွတ်ခေါင်းနှင့်အမြီးပါ ဖြုတ်ထားလိုက်ပါသည်။





ခရမ်းချဉ်သီးအစိမ်း မမှည့်တမှည့် ခပ်မာမာသုံးလုံးခန့်၊ ဂေါ်ဖီထုပ်၊ နံနံပင်၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်းနှင့် ဘဲဥပြုတ်ကို ပါးပါးလှီးလျက် ပုစွန်ခြောက်ရောကာ ဆား၊ ဆီ၊ ငံပြာရည်တို့ဖြင့် အရသာရှိအောင် သုတ်လိုက်ပါ၏။ ဇလုံဖြင့် ရောနယ်ထားတာကို ကြွေပန်းကန်ပြားထဲ ခပ်လှလှပုံထည့်လိုက်ပါသည်။ ပုစွန်အစိမ်းလုပ်ထားတာကို ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းပါးပါးလှီးကာ ဆီ၊ ဆား၊ ဟင်းချိုမှုန့်ဖြင့် ရောနယ်လိုက်၏။ ပုစွန်အနံ့ပျောက်စေရန် သံပုရာသီးကို ညှစ်ကာ ညှစ်ထည့်လိုက်ပါသည်။

ထမင်းလည်း ကျက်ပြီမို့ ဖွန်းခက်ရင်းပါ အဆင်သင့်ပြင်ကာ လင်ပန်းထဲ ပန်းကန်တို့ကို အစီအရီထည့်ပြင်လိုက်ပါ၏။ Dinner အတွက် ကြိုပြင်ထားသည့် ကြက်သားကျွတ်ကျွတ်တစ်ပွဲကိုပါ ဗန်းထက်တင်လျက် Kitchen ထဲမှ ထွက်လိုက်ပါသည်။

"သုံးဆောင်ပါရှင်၊ လိုတာရှိရင် ပြောပါနော်"

သူက ခေါင်းကို ဆတ်ခနဲညိတ်ပြလေ၏။ အစီအရီပြင်ပေးသည့် ထမင်းစားပွဲထက်မှာ အရံဟင်းအနေဖြင့် ငါးပိကြော်နှင့် ကြံမဆိုင်ကြော်ပါ ရှိနေပြီး ဟင်းခါးရန့်သင်းသင်းကြောင့် ဆာနေသည့်ဝမ်းဗိုက်က အသံထွက် မြည်ချေပြီမဟုတ်ပါလား။ စားဖိုမှူးကိုယ်တိုင် ပြင်ကျွေးတာမို့ Customer ၏အပြုံးက ကျေနပ်မှုတို့အပြည့်နှင့်ပါလေ။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

ပစ္စည်းသယ်ရမှာမို့ Taxi ဖြင့် အိမ်သို့ပြန်ခဲ့ကြ၏။ အပြန်လမ်းတစ်လျှောက် စကားလုံးဝမပြောဘဲ ရေငုံနှုတ်ပိတ်နေသည့်ညီ့ကြောင့် သူမနေရခက်နေပါသည်။ စိတ်ခုနေတာများလား။ ထုံးစံမဟုတ်သည့်ပုံစံဖြင့် Customer တစ်ဦးကို ကိုယ်တိုင်ချက်ပြုတ် ဧည့်ခံလိုက်သည့်အတွက် အကြောင်းပြချက်က သူမထံမှာ ready ရှိပြီးသားပါ။ သို့သော် မေးမြန်းခြင်းဆိုသည့်စကားက ညီ့ထံမှ ထွက်မလာဘဲကိုး။

"ဟဲ့. . . ဘာဖြစ်လာကြတာလဲ၊ Taxi နဲ့ပြန်လာရတယ်လို့"

"ပစ္စည်းသယ်လာရလို့ပါ အန်တီမေ"

"ဪ. . . သမီး ဝယ်လာတာလား"

"မဟုတ်ပါဘူး အန်တီမေ၊ သင်တန်းမှာ ဆုရခဲ့တာပါ"

အန်တီမေ မေးတာကို သူမကပင် ဒိုင်ခံဖြေနေရပြီး၊ ညီက ရေငုံနှုတ်ပိတ်နေလေ၏။ ဘယ်လိုပါလဲ၊ ခါတိုင်းဆိုရင် ညီကသာ သူမကို စကားခေါ်ပြောလေ့ရှိတာလေ။ အန်တီမေက နှစ်ယောက်သား ငြိမ်နေတာကို





သတိထားမိသွားလေသည်။ သူမနှင့်ညီ စကားမပြော စိတ်ကောက်တာမျိုးက ရှားပါးလေ့ရှိတာ မဟုတ်ပါလား။

"အပေါ်မသယ်နဲ့ ညီ၊ ထားစရာနေရာမှ မရှိတာ။ ဒီမှာပဲထားမယ်"

"ဘာကြီးလဲ သမီး"

"မုန့်ဖုတ်စက်ပဲ ထင်တာပဲ အန်တီမေ၊ ဒီလောက်ကြီးလိမ့်မယ်လို့ ထင်မထားဘူး"

ဖဲကြိုးစည်းထားတာကို ဖြည်ရန်ပြင်လိုက်စဉ် ညီက သူမပစ္စည်းတွေကို စက္ကူပုံးထက် တင်လိုက်လေ၏။ ဘာလဲ. . . စစ်ကြောင်ြာတာလား၊ ခင်ရှေ့မှာ ပန့်ကိုရန်လုပ်ဖို့ အစီအစဉ်ရှိနေလို့ တမင်တကာ လုပ်ပြနေသလိုပါလေ။ အန်တီမေက မုန်ဘောင်သွင်းထားသည့် အောင်လက်မှတ်ကို ယူကြည့်လိုက်လေ၏။

"ညီ"

"ကျွန်တော် ရေချိုးတော့မယ် မေမေ"

"ဟဲ့! နားဦးမှပေါ့"

တွေ့လား. . . တမင်သက်သက် သူမကို မသိယောင်ဆောင်ပြီးမှ မ်တံခါးဖွင့်ကာ ရေချိုးခန်းဆီသို့ ထွက်သွားလေပြီ။ သက်ပြင်းကို ကျိတ်ာ်လိုက်မိပါ၏။ တစ်ယောက်အကြောင်း တစ်ယောက်သိနေတာမို့ မိန်းလေးဖြစ်တဲ့ပန်က စိတ်ကောက်တတ်တဲ့အကျင့်က လုံးဝမရှိပါချေ။

ညီကသာ ယောကျ်ားလေးဖြစ်ပြီး မခေါ်မပြောနဲ့ နှုတ်ဆိတ်နေတတ် အခန်းအောင်းတတ်တာလေ။ ပန်က ရှင်းရှင်းဘွင်းဘွင်းပြောတတ်ပြီး ငုံစရာကိစ္စဆို လုံးဝဖွင့်မပြောဘဲ နှုတ်လုံတတ်ကျင့်ရှိတာပါ။ ညီ့ဖြင့် ာ်တိုစိတ်ဆတ်ပြီး ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်တတ်တာလေ။ ခုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်နန္ဒနဲ့ပတ်သက်ပြီး ပန်းကိုအမြင်စောင်းကာ ရန်စောင်နေပြီမဟုတ် ပါလား။

"ဘာကို စိတ်ကောက်နေပြန်လဲ"

"ပန်းညှော်သည်ကြောင့်ပါ"

"ညှော်သည်"

"ဟုတ်. . . သိပ်အရင်းနှီးကြီးမျိုး မဟုတ်ရပါဘူး အန်တီမေ။ ပန်း ကို အစစကူညီတာနဲ့ အားနာမှုဖြစ်ပြီး Lunch ပြင်ကျွေးလိုက်မိတာပါ။ အဲဒါကို ညီ ကောက်နေတာ"

"သားကလည်းလေ၊ ကလေးကျနေတာပဲ"

ပုံးဖွင့်ကြည့်မှာကို ထားခဲ့ပြီး စက္ကူပုံးထက်မှပစ္စည်းတို့ကိုယူ၍ ထ နိုးသို့ တက်ခဲ့ပါသည်။ အံဆွဲဖွင့်ကာ မှန်ဘောင်သွင်းအောင်လက်မှတ် ထည့်သိမ်းလိုက်၏။ စာအိတ်သေးသေးလေးကို ဖွင့်ကြည့်စဉ် အံ့သြသွား ရပါသည်။ အလို! Victoria Hotel ကို လေ့လာခွင့်တဲ့။ ဘာကြီးလဲ Bakery နဲ့ပတ်သက်ပြီး သွားလေ့လာနိုင်တာမျိုး ထင်ပါရဲ့။

နောက်စာအိတ်အရှည်ကလေးကို ဖွင့်ကြည့်မှ မျက်လုံးအစုံ ပြူး ကျယ်သွားရပါ၏။ ဘုရားရေ! ဆုငွေ သုံးသိန်းဆိုပါလား။ တခြားဆုရှင်တွေ အဘယ်မျှ ရမလဲ၊ မခန့်မှန်းနိုင်ပေမယ့် သူမရသည့်ဆုက အသက်ရှူမှား လောက်တာပါလေ။ ကိုယ်နဲ့ဘယ်လိုမှ မအပ်စပ်တဲ့အရာတွေကို အကုန် စုပြုပြီး ရလိုက်သလိုပါပဲလား။ ဒါဖြင့် စက္ကူပုံးကြီးထဲမှာ ရှိတဲ့ပစ္စည်းက တစ်ခုတည်းဟုတ်ပါ့မလား။ ရင်ထိတ်စွာဖြင့် အောက်ထပ်သို့ အပြေးဆင်း ခဲ့ရပြန်လေ၏။

ဖဲကြိုးပုံစံချည်ထားသည့် Plastic ကြိုးအပြာကို ဆွဲဖြတ်ကာ ပုံး



ကိုဖွင့်လိုက်ပါသည်။ ထင်သည့်အတိုင်းပါပဲ၊ မုန့်ဖုတ်စက်က အကြီးဖြစ်နေ သလို ပုံစံခွက်တွေ တစ်ထပ်ကြီးနှင့်အတူ မုန့်ဖုတ်နည်းမျိုးစုံပါသည့်စာအုပ် ထုက နေရာတကျပါပဲ။ အလိုချင်ဆုံးက ဒီစာအုပ်မို့ ဝမ်းသာအားရဖြင့် ရင်ထဲပွေ့ပိုက်လိုက်မိစဉ် ညီက ရေချိုးပြီး အိမ်ထဲဝင်လာလေ၏။

"ညီ"

"အမြင်ကပ်လောက်အောင် သိပ်သည်းပြမနေနဲ့"

"ညီကလည်း ငါပျော်နေတာကို မုဒိတာ မပွားပေးနိုင်ဘူး"

"ပွားချင်စရာကို။ နင်လုပ်ပုံကိုက. . . ကျစ်! ဘာမှလာမပြောနဲ့"

သူမ လှစ်ခနဲပြုံးလိုက်မိပါ၏။ ညီတို့သားအမိကို ငွေအလုံးအရင်း နှင့် ပေးချင်သည့်ဆန္ဒက ရှိနေတာမို့ အခါအခွင့်သင့်တာလေးနဲ့ ပေးလို့ ရနေပြီလေ။ ဘာမဟုတ်တာလေးကို ကောက်ချိတ်လုပ်နေသည့် ညီပုံစံက မောင်ငယ်လေးတစ်ယောက်နှယ် ဖြစ်နေတာပါ။

"ငါလိုချင်တာရပြီ ညီရဲ့"

"သိပါတယ်၊ မဏ္ဍာပ်တိုင် မတက်ပြချင်ပါနဲ့"

"ညီ"

"ဘာလုပ်တာလဲ. . . ဖယ်"

"Customer ကို Lunch ပြင်ကျွေးတာနဲ့ ငါ့အပြစ်က တော် တော်ကြီးနေလို့လား"

"အဲဒါ နင့်ကိုယ်နင်သိရင် ပြီးတာပဲလေ"

"ညီ"

"ကျစ်. . . ငါအဆုတ်ပွပြီး မြန်မြန်သေတာ လိုချင်နေလား"

"ညီကလည်း နင့်ကိုခွင့်မတောင်းဘဲ လုပ်မိတာ သေးသေးလေးကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ! သေးသေးလေးဟုတ်လား။ ဟိုလူ့ကားနဲ့ အကျော့သား ဖိခံစီးပြီး လိုက်လာတာ။ ကိုယ်တိုင်ကိုယ်ကျ အချိန်အခါမဟုတ် စည်းကမ်းဖောက်ဖျက်ပြီး Lunch ချက်ကျွေးတာ၊ စေတနာတွေ ရေစီးကမ်းပြိုလိုက်ပြီး ကိုယ်တိုင် Waitress လုပ်ပြီး serve လုပ်ပေးတာကို ဒီမျက်စိနှစ်လုံးနဲ့ တပ်အပ်ကြီးမြင်ခဲ့တာ သေးသေးလေးလား ပန်သစ္စာရဲ့။ ပြောစမ်းပါဦး"

အားပါးပါး. . . ပြောချင်သည့်စကားတွေကို တစ်နေ့လုံး မျိုသိပ်သိမ်းထားသလို တစ်ပြုံကြီးထွက်လာတာပါလား။ ပန် ပါးစပ်ဟသွားရသည်အထိ အံ့ဩသွားရပါ၏။ ညီက သူ့လက်မောင်းကို ဆုပ်ကိုင်ထားသည့် ပန့်လက်ကို ပုတ်ချလိုက်သဖြင့် မျက်နှာချင်းဆိုင်ဖြစ်အောင် လမ်းပိတ်ရပ်လိုက်မိပါသည်။ ဒီလိုမခေါ်မပြောဖြစ်ရင် သူမ ဘယ်လိုမှနေလို့မရသော ရင်တွေပူလောင်နေတတ်တာကို ညီလည်း သိရဲ့သားနဲ့ကွယ်။

"ညီ"

"နင့်ဘာသာ သူဌေးကတော်ဖြစ်ဖို့ ကြံနေတဲ့စိမ်ချက်ကြီးကို ငါမသိလို့ Sorry ပါ. . . ဖယ်"

"နင် အဲဒီလိုမပြောပါနဲ့"

"နာတယ်ပေါ့လေ၊ အနာပေါ် တုတ်ကျသွားတာကိုး"

"ညီနော်"

"မဟုတ်လို့လား"

"ဟုတ်မှမဟုတ်တာ"

"မဟုတ်ဘူးဆိုရင် ဘာလို့ အဲဒီလိုတွေ ငါ့ရှေ့မှာ လုပ်ပြရလား ဘယ်သူ့ပဲမြင်မြင် နင့်ကို အခု ငါပြောသလို ထင်ကြမှာပဲ။ ဆိုင်ကချာတိတ်တွေက အငယ်မို့ မပြောရဲတာဘဲရှိမယ်။ မပြောလိုက်ချင်ဘူး"





မပြောချင်ပေလို့ဘဲ။ အစကောက်ပြီး ဆွဲဆန့်ပြနေတာလေ။ မိန်းမဆန်လိုက်တာဟု ပြစ်တင်လိုက်ချင်ပေမယ့် ပန်က စကားကြွယ်သည့် မိန်းမမျိုးမှ မဟုတ်တာကိုး။ ရှောင့်ထွက်သွားချင်သည့်ညီ့ရှေ့မှာ လက်ကိုဆန့်တန်းပြီး ကာလိုက်မိ၏။ ဒီမီးကို ဒီညမှ အငြိမ်းမသတ်နိုင်ရင် ညီရော သူမပါ တစ်ညလုံး အိပ်ပျော်မှာမဟုတ်ဘဲကိုး။

"ငါ့မျက်လုံးကို သေချာကြည့်ပါ ညီ"

"ဘာ"

"ယောကျ်ားတစ်ယောက်ကို အားကိုး မှီခိုချင်တဲ့အရိပ်မျိုး မြင်နေသလား"

"ပန်"

"ဆန့်ကျင်ဘက်ယောကျ်ားတွေရဲ့အပြောမှာ ယိုင်နဲ့ ပျော်ဝင်သွားသည့် ခပ်ပျော့ပျော့မိန်းမလို့များ ငါ့ကိုမြင်နေလား ညီ၊ ယောကျ်ားတွေအားလုံးကို ငါဘယ်လိုသဘောထားသလဲဆိုတာကို နင်မေ့နေပြီလား"

"ဟာ. . . ပန်၊ ငါဆိုလိုတဲ့သဘောက"

"ငါသိပါတယ်"

"ဘာ. . . ဘာကိုလဲ"

'နင် ငါ့ကိုချစ်နေပြီဆိုတာကိုပေါ့' ဟူသည့်စကားကို ဂလုခနဲ မျိုချလိုက်ရပါ၏။ တစ်ခါတစ်ရံ မပြောသင့်သည့်စကားမျိုး ရှိတတ်တာ မဟုတ်လား။ ပန်တို့ကြားမှာ ခင်းထားတဲ့မြက်ခင်းလေးကို အမြဲတမ်း စိမ်းလန်းနေပါစေလား 'ညီမင်းညို'၊ (၅၂၈)ဆိုတဲ့ကြိုးက ပန်တို့နှစ်ဦးကို တစ်သားတည်း နိုင်မြဲနေအောင် ဆွဲချည်တုပ်နှောင်ထားနိုင်တာကို ညီယုံစေချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရင်ထဲက ဒဏ်ရာက အခုထိ ပြည်တည်ပြီး ရောင်နေတုန်း ညီ"

"ပန်ရယ်"

"နင်စိုးရိမ်နေတာ ငါနားလည်ပါတယ်၊ ဘယ်တော့မဆို ရှေ့ဘာဆက်ဖြစ်မလဲလို့ ကြိုသိနေရအောင် ငါတို့က တန်ခိုးရှင်တွေမှမဟုတ်ဘဲ။ ရပ်တည်နေတဲ့ပစ္စုပ္ပန်မှာပဲ ကိုယ့်ယုံကြည်ချက်ကိုက ခိုင်မာအောင် မြဲမြဲမြံမြံဆုပ်ကိုင်ထားတာ ညီသိရဲ့သားနဲ့"

ညီက သူမလက်ဖျားကို ဆုပ်ကိုင်လိုက်လေ၏။ မျက်ဝန်းထဲမှာ ပေါ်နေသည့် ကြေကွဲခြင်း၊ နာကျင်ခြင်း၊ ခံပြင်းခြင်း၊ မျိုသိပ်ခြင်းတို့ကို အထင်းသား ညီ မြင်နေရမှာပါလေ။ ညီကလွဲလို့ ဘယ်သူစိမ်းယောက်ျား တစ်ဦးတစ်ယောက်ကိုမှ ရင်းနှီးပတ်သက်မှုမျိုး လိုသည်ထက် ပိုမပေးတာကို ကာယကံရှင်ဖြစ်တဲ့ ပန်လောက် ဘယ်သူက ပိုသိပါ့မလဲ။

"ငါ. . . ငါ. . . နင့်ကို နာကျင်စေမိပြီလား. . . ပန်။ ငါ မရည်ရွယ်ပါဘူး. . . တကယ်ပါ"

"ယုံပါတယ် ညီ၊ ငါ့အပေါ်မှာ နင်တို့သားအမိ ဘယ်လောက်အထိ စေတနာထားသလဲဆိုတာ ငါသိပါတယ်"

"စိုးရိမ်မိလို့ပါ. . . ပန်"

"အဲဒါလည်း ငါသိပါတယ်"

"Sorry!... ပန်"

ပေါ့ပေါ့လေးလို့ ထင်မှတ်ကြမှာပဲ။ မျက်ဝန်းထဲမှာ လေးနက်မှုတွေ အပြည့် ပါဝင်နေတာကို ပန်သာမြင်နေရတာပါ။ နှုတ်ဖျားက ပေါ့ပေါ့ပါးပါးတောင်းပန်နေပေမယ့် ရင်ထဲမှာ ပြည့်နှက်နေသည့်ခံစားချက်က ညီ





...မှ မရတာလေ။ လက်ဖျားကို ဆုပ်ကိုင်ထားခြင်းက ပိုရှိုင်းတင်းကျပ်လာခဲ့၏။

အကြည့်ချင်းဆုံကာ သူမမျက်ဝန်းထဲမှအဖြေကို မျှော်လင့်တကြီး ...ဖွေနေပါသည့် ညီ့စိတ်ကို အရှင်းသားမြင်နေရပါ၏။ ရာတွေ့မှာမှမဟုတ်ဘဲ။ ပန်ဆိုသည့် ပန်သစ္စာက ရင်ထဲမှာ ကွယ်ဝှက်ဖုံးကွယ် သိမ်းဆည်း...တ်ကျင့် ရှိနေတာပါလေ။

"ငါလွန်သွားတယ်"

"ရပါတယ်၊ ပြောစရာမလိုပါဘူး ညီ"

"နင်နဲ့ပတ်သက်လာရင်၊ သူစိမ်းယောက်ျားတွေအားလုံးကို ရန်သူ...မြင်တတ်တာ ငါ့အားနည်းချက်တစ်ခုပါ"

"ပန် သိပါတယ်"

"စိတ်ပြေပြီလား"

"OK!... ပါ"

"ဂျူး. . . တစ်ညလုံး ဘယ်လိုအိပ်ပျော်ပါ့မလဲလို့ ပူနေတာ။ တော်...သေးရဲ့"

နှစ်ယောက်သား ပြိုင်တူပြုံးလိုက်မိ၏။ ညီက မချင့်မရဲဖြစ်လာပုံ...ငြင့် သူမကို ရင်ခွင်ထဲထွေးဖက်ထားလိုက်လေသည်။ အခုလေးတင် ရေ...ပြီးထွက်လာတာမို့ အသားတွေ အေးစက်နေသော်ငြား ရင်ခွင်ကတော့ ...ဥ်နွေးထွေးနေလျက်ပါလေ။ နှစ်သိမ့်ပေးနေမှန်း သိနေပါ၏။ ညီဆိုတာ ...သူမကို အခွင့်အရေးယူတတ်တဲ့ သူငယ်ချင်းမျိုးမှမဟုတ်တာ။

"ကျေးဇူးပါ. . . ပန်"

"ငါရေချိုးရဦးမယ်၊ တော်ကြာ အန်တီမေ အော်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှန်းထွက်ခြင်းကို ညီက အံ့သြတကြီးပင် ခွင့်ပြုလေ၏။ ပြောတယ် မဟုတ်လား။ ညီက အဲဒီလိုတည်ကြည်တဲ့ကောင်လေးပါဆို။ လက်ထဲပိုက်ထားသည့်စာအုပ်ကို ထောင်ပြကာ သူမ ပြုံးပြလိုက်၏။ ပြီးနောက် ထပ်ခိုးလှေကားဆီ လှည့်ပြေးလိုက်ပါသည်။ ညီ့မျက်နှာထက်မှာ သူမလိုပင် အပြုံးတို့ ခိုသီနေလေ၏။

ရေချိုးအဝတ်အစားလဲကာ အတွင်းလှေကားမှပင် အောက်ထပ်သို့ ပြန်ဆင်းခဲ့ပါသည်။ ညီက အန်တီမေနှင့်အတူ ထမင်းစားပွဲပြင်ဆင်နေလေ၏။ လက်ထဲကိုင်လာသည့်စာအိတ်ကို လက်နှစ်ဖက်ဖြင့် ကိုင်လျက် အန်တီမေ့ကို တရိုတသေ ကမ်းပေးလိုက်ပါသည်။

"ဘာလဲ သမီး"

"အန်တီ့ကိုပေးဖို့ စုထားတာပါ"

"အို. . . မဟုတ်တာ၊ ကြည့်စမ်း! ဘဏ်မှာ စုထားတာ ဆယ်သိန်းကျော်၊ ဒါက ဆုရထားတဲ့ ချက်လက်မှတ်မဟုတ်လား။ မယူပါဘူး သမီးရယ်၊ နဖူးကချွေး ခြေမကျအောင် ရှာထားတဲ့ချွေးနဲစာကို ယူစရာလား"

"ဟိုလေ. . . ပန်က အစောကြီးကတည်းက တမင်ရည်ရွယ်ပြီး စုထားတာပါ အန်တီ"

"အခုပဲ ပြေလည်ထားတာကို ဖျက်ချင်ပြန်ပြီလား"

"မဟုတ်ပါဘူး"

ညီက မျက်စောင်းခဲပြီး သတိပေးလိုက်တာမို့ သူမ ငြိမ်နေလိုက်ရပါ၏။ အန်တီမေက ညီနှင့်သူမကို တစ်လှည့်စီကြည့်ကာ ကျိတ်ပြုံးလိုက်လေသည်။ ထိုအပြုံးကို သူမ ဘာသာမပြန်တတ်ပါချေ။

✿✿✿



## အခန်း ( ၁၃ )

ကားကို ဆိုင်နှင့်မလှမ်းမကမ်းနေရာမှာ ရပ်လိုက်ပြီး လမ်းလျှောက်လာခဲ့ပါ၏။ မေမေလွှတ်တာမို့ လာရခြင်းပါပဲ။ ဘယ်လိုဖြစ်ပြီး သူနဲ့ဆုံပေးချင်တဲ့မိန်းကလေးကို Dawn မှာမှ ချိန်းပေးရပါသလဲ။ စိတ်ရှုပ်ရပါ့။ မှန် တံခါးကို ဖွင့်ဝင်လိုက်စဉ် သူမကိုမတွေ့ရပါ။ Kitchen ထဲမှာပဲ ရှိမယ်ထင်ပါရဲ့။

ထိုင်နေကျခုံနေရာမှာပင် သူထိုင်လိုက်ပါ၏။ တမင်ပင် ကောင်တာဘက်ကို မျက်နှာမူထိုင်လိုက်ခြင်းပါပဲ။ ဒီလိုနေ့လယ်ချိန် ကောင်တာမှာ သူမ ထိုင်လေ့ရှိတာမဟုတ်လား။ လက်မှနာရီကို တစ်ချက်ကြည့်မိစဉ် နေ့လယ်တစ်နာရီခွဲသာ ရှိသေးတာမို့ နှစ်နာရီချိန်းထားသည့် ဧည့်သည်ကို စောင့်ရမှာလေ။

"မင်္ဂလာပါခင်ဗျာ၊ ဘာများသုံးဆောင်ချင်ပါသလဲ"

"ဧည့်သည်လာမှ မှာလို့ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့. . . ရပါတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ရှုန်းထွက်ခြင်းကို ညီက အသာတကြည့်ပင် ခွင့်ပြုလေ၏။ ပြောတယ် မဟုတ်လား။ ညီက အဲဒီလိုတည်ကြည်တဲ့ကောင်လေးပါဆို။ လက်ထဲပိုက်ထားသည့်စာအုပ်ကို ထောင်ပြကာ သူမ ပြုံးပြလိုက်၏။ ပြီးနောက် ထပ်ခိုးလှေကားဆီ လှည့်ပြေးလိုက်ပါသည်။ ညီ့မျက်နှာထက်မှာ သူမလိုပင် အပြုံးတို့ ခိုသီနေလေ၏။

ရေချိုးအဝတ်အစားလဲကာ အတွင်းလှေကားမှပင် အောက်ထပ်သို့ ပြန်ဆင်းခဲ့ပါသည်။ ညီက အန်တီမေနှင့်အတူ ထမင်းစားပွဲပြင်ဆင်နေလေ၏။ လက်ထဲကိုင်လာသည့်စာအိတ်ကို လက်နှစ်ဖက်ဖြင့် ကိုင်လျက် အန်တီမေ့ကို တရိုတသေ ကမ်းပေးလိုက်ပါသည်။

"ဘာလဲ သမီး"

"အန်တီ့ကိုပေးဖို့ စုထားတာပါ"

"အို. . . မဟုတ်တာ၊ ကြည့်စမ်း! ဘဏ်မှာ စုထားတာ ဆယ်သိန်းကျော်၊ ဒါက ဆုရထားတဲ့ ချက်လက်မှတ်မဟုတ်လား။ မယူပါဘူး သမီးရယ်၊ နဖူးကချွေး ခြေမကျအောင် ရှာထားတဲ့ချွေးနဲ့စာကို ယူစရာလား"

"ဟိုလေ. . . ပန်က အစောကြီးကတည်းက တမင်ရည်ရွယ်ပြီး စုထားတာပါ အန်တီ"

"အခုပဲ ပြောလည်ထားတာကို ဖျက်ချင်ပြန်ပြီလား"

"မဟုတ်ပါဘူး"

ညီက မျက်စောင်းခဲပြီး သတိပေးလိုက်တာမို့ သူမ ငြိမ်နေလိုက်ရပါ၏။ အန်တီမေက ညီနှင့်သူမကို တစ်လှည့်စီကြည့်ကာ ကျိတ်ပြုံးလိုက်လေသည်။ ထိုအပြုံးကို သူမ ဘာသာမပြန်တတ်ပါချေ။

❁❁❁



## အခန်း ( ၁၃ )

ကားကို ဆိုင်နှင့်မလှမ်းမကမ်းနေရာမှာ ရပ်လိုက်ပြီး လမ်းလျှောက်လာခဲ့ပါ၏။ မေမေလွှတ်တာမို့ လာရခြင်းပါပဲ။ ဘယ်လိုဖြစ်ပြီး သူနဲ့ဆုံပေးချင်တဲ့မိန်းကလေးကို Dawn မှာမှ ချိန်းပေးရပါသလဲ။ စိတ်ရှုပ်ရပါ့။ မှန် တံခါးကို ဖွင့်ဝင်လိုက်စဉ် သူမကိုမတွေ့ရပါ။ Kitchen ထဲမှာပဲ ရှိမယ်ထင်ပါရဲ့။

ထိုင်နေကျခုံနေရာမှာပင် သူထိုင်လိုက်ပါ၏။ တမင်ပင် ကောင်တာဘက်ကို မျက်နှာမူထိုင်လိုက်ခြင်းပါပဲ။ ဒီလိုနေ့လယ်ချိန် ကောင်တာမှာ သူမ ထိုင်လေ့ရှိတာမဟုတ်လား။ လက်မှနာရီကို တစ်ချက်ကြည့်မိစဉ် နေ့လယ်တစ်နာရီခွဲသာ ရှိသေးတာမို့ နှစ်နာရီချိန်းထားသည့် ညွှန့်သည်ကို စောင့်ရမှာလေ။

"မင်္ဂလာပါခင်ဗျာ၊ ဘာများသုံးဆောင်ချင်ပါသလဲ"

"ညွှန့်သည်လာမှ မှာလို့ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့. . . ရပါတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ရေအေးအေးတစ်ခွက်လောက်ပေးပါ"

"ဟုတ်ကဲ့ပါခင်ဗျာ"

လုံခုံကျော့မှီကို သူ မှီချထိုင်လိုက်၏။ တစ်သက်လုံး မစဉ်းစားဖြစ်ခဲ့သည့်ကိစ္စက အခုမှ ထဖြစ်ရတယ်လို့။ အိမ်ထောင်ပြုဖို့အရေးကို မေမေက တာဝန်ယူပြီး အခုလို ပထမဦးဆုံးအကြိမ် လူချင်းတွေ့ပေးတာပင်။ ရင်ထဲမှာရှိနေသည့်မိန်းကလေးနှင့် မနီးစပ်သေးတာမို့ မေမေ့စကားကိုငြင်းဆန်ဖို့ အားကမရှိသေး။ ဒီတော့လည်း ပြောတဲ့အတိုင်း လိုက်လုပ်ပေးရုံသာ။

သဘောတူတာမျိုး တစ်ထစ်ချမဟုတ်ဘဲ လူချင်းတွေ့ရုံသာမို့ ကိစ္စမရှိပါ။ စကားပြောဆိုကြည့်ပြီး စိတ်တိုင်းကျမှ ခေါင်းညိတ်ပါတဲ့လေ။ မိဘစကားကို ငယ်ငယ်ကတည်းက နားထောင်ခဲ့တဲ့သားလိမ္မာမို့ အခုလို အိမ်ထောင်ရေးကိစ္စမျိုး တိုင်ပင်မှ သူမျက်လုံးပြူးရတာပါ။ အရွယ်ရောက်နေတဲ့သားမို့ လက်ညှိုးထောင် ခေါင်းညိတ်ဆိုပြီး တစ်ထစ်ချ အမိန့်ပေးတာမျိုးတော့ မဟုတ်လောက်ပါဘူးနော်။

"သောက်ရေမှာတာ ဘယ်သူလဲ ယံပိုင်"

"ဒီကအစ်ကိုပါ မပန်"

"သြော်"

ရောက်လာပါပြီ၊ ကြားချင်မြင်ချင်နေသည့်အသံနှင့် မျက်နှာလေး။ ယဲ့ယဲ့မျှပေါ်လာသည့် အပြုံးက ရှားရှားပါးပါး လှစ်ခနဲတစ်ချက်မျှသာ။ ကပ်စေးနှဲလိုက်တာနော်။ ရေသန့်ဘူးဖြင့် ရောက်လာတာ မဟုတ်ပါဘဲ ဖန်ရေတာကောင်းကို လင်ဗန်းဖြင့်ထည့်သယ်လာခြင်းဖြစ်ပါသည်။ သူ့ စားပွဲထက် လင်ဗန်းကိုတင်ကာ ဖန်ခွက်ကြည်ကြည်လေးထဲသို့ သောက်ရေထည့်ပေးလေသည်။





"အမောပြေပါစေရှင်"

ပြေပါ့. . . ပြေပါ့. . . ဆုတောင်းလည်း ပြည့်ပါတယ် ပန်သစ္စာ။ ဒီကိုရောက်လာမှတော့ မင်းမျက်နှာလေးကို တစ်ချက်မျှ မမြင်လိုက်ရရင် ဘယ်အဓိပ္ပာယ်ရှိတော့မှာလဲ။ လာတွေ့တာက တစ်ယောက်၊ တွေ့ချင်တာက တစ်ယောက်မို့ သူ့အဖြစ်က လူရယ်စရာဖြစ်ကုန်တော့မှာလေ။

"မုန့်ဖုတ်နေပြီလား"

"ဟင့်အင်း. . . အချိန်မပေးနိုင်သေးဘူး"

"သြော်"

Phone သံမြည်လာတာမို့ သူမနှင့်ပြောလက်စစကားကို ရပ်လိုက်ရပါ၏။ အနှောင့်အယှက်က စချေပြီပဲ။ သူမက သူ့ကို ခေါင်းတစ်ချက်ညိတ်ပြကာ ကောင်တာ သွားထိုင်လေပြီ။ မသိသည့် Phone နံပါတ်မို့ မျက်မှောင်ကြုတ်ကာ ဖွင့်လိုက်ရပါ၏။

"ဟယ်လို"

"ဟယ်လို. . . ကိုကျော်နန္ဒပါလား"

"ဟုတ်ပါတယ်"

"Dawn . . . ကိုရောက်နေပြီလား မသိဘူး"

"အင်း. . . ရောက်နေပြီ"

မှန်တံခါးကိုတွန်းဖွင့်ကာ ဆိုင်ထဲဝေ့ဝဲကြည့်လိုက်ပါ၏။ မိ Phone ဆက်တာကို ကိုင်ထားသည့်လူက အပေါက်ဝဘက် ကျောပေးလျက် ထိုင်နေလေသည်။ အချိန်လေးစားသည့်လူပါပဲ။ ခုံမှားထိုင်စရာအကြောင်းမှ မရှိတော့တာမို့ ယုံကြည်စိတ်အပြည့်ဖြင့် ဆိုင်ထဲလှမ်းဝင်ခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်မီမီဇော်ပါ"

"ဪ. . . ဟုတ်ကဲ့. . . ကျွန်တော် ကျော်နန္ဒပါ"

သက်တောင့်သက်သာပုံပါပဲ။ မီ့ကိုမြင်တာနှင့် အံ့ဩပုံမရပါလေ။ ဘယ်လိုလဲ. . . မိန်းကလေးတွေကို စိတ်မဝင်စားလို့များလား။ အလုပ်ကြမ်းပိုးဆိုရင်ဖြင့် လောကကြီးမှာ အထီးကျန်ဆန်တဲ့မီ့ရဲ့အနာဂတ်က ရေစုန်မျှောရုံသာ ဖြစ်တော့မှာလေ။ သူ့ရှေ့ခုံမှာ ဝင်ထိုင်လိုက်စဉ် စားပွဲထိုးလေးတစ်ယောက် အနီးသို့ရောက်လာလေ၏။

"မှာတော့မလား အစ်ကို"

"အင်း. . . ကိုယ်ကြိုက်တာ ပန်သစ္စာသိပြီးသားမို့ သူ့ကိုပဲ မေးလိုက်ပါ"

"ဗျာ! ဪ. . . ဟုတ်ကဲ့ခင်ဗျ"

"ကျွန်မကို Ice Coffee ပဲပေးပါ"

"ဟုတ်ကဲ့ပါခင်ဗျာ"

ကြည့်စမ်း! ဘယ်က 'ပန်သစ္စာ'လဲ။ မရင်းနှီးသေးတဲ့လူဆီမှာမှ ဒီလိုနာမည်မျိုး ကြားရတာပါလိမ့်။ မေးခွန်းမျိုးမေးချင်ပေမယ့် သူ့ကို မီက ခပ်ရဲရဲမျက်လုံးမျိုးနဲ့ ကြည့်လိုက်သော်ငြား သူကဖြင့် ခပ်အေးအေးအကြည့်မျိုးနဲ့ ပြန်တုံ့ပြန်လိုက်တာပါလေ။

"မီက ဦးခင်ဇော်နဲ့ဒေါ်ခင်သီတာတို့ရဲ့သမီးပါ"

"မေမေပြောလိုက်လို့ သိပါတယ် ခင်မီမီဇော်၊ ဒါပေမဲ့ အန်ကယ်ကတော့ ကိုယ့်ကို တစ်ခါမှမပြောဖူးဘူး"

"မီတို့ ဒက်ဒီ့ကုမ္ပဏီမှာ တစ်ခါဆုံဖူးပါတယ် ကိုကျော်နန္ဒ"

"ကိုယ်မှတ်မိပါတယ်"





မီကျေနပ်စွာ ပြုံးလိုက်မိပါ၏။ ဒီလိုတော့လည်း မိန်းကလေးတွေကို စိတ်အဝင်စားသားပါလား။ လူပုံက အေးတိအေးစက်နှင့်မို့ စကားပြောနွေးထွေးပါ့မလား စိုးရိမ်စိတ်က အတော့်ကို လျော့ပါးသွားရပါ၏။ မီနှင့်စကားပြောတိုင်း ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည့် သူ့အမူအရာကို နှစ်သက်မိသည့်နှယ်ပါ။

ဪ. . . မီ့ရင်ထဲ တိတ်တခိုး တွယ်တာမိနေရတဲ့ 'ကိုကို'ရယ်။

"အန်တီဝေက သူ့ကို ဘာများပြောလိုက်သလဲဟင်"

အနားသို့ Waiter ရောက်လာတာမို့ သူက မီ့မေးခွန်းကိုမဖြေပါ။ မီ့ရှေ့ကိုရောက်လာသည်က Ice Coffee တစ်ခွက်နှင့်အတူ (ခြောက်လကွတ်လည်ခန့်) ချောကလက် Cake တစ်ပန်းကန်ပါ။ သူ့ရှေ့မှာ ချပေးသည်က လက်ဖက်ခြောက်နံ့သင်းနေသည့် လက်ဖက်ရည်ခွက်နှင့်အတူ Milk Bread တစ်လုံးပါ။ ပေါင်မုန့်က အငွေ့အနည်းငယ်မျှ ထွက်နေတာမို့ မုန့်ဖိုထဲက ချက်ချင်းထုတ်လာပုံနှင့်တူနေလေ၏။

ဘာမုန့်မှမမှာပေမယ့် သူ ခပ်စောစောကတည်းက ကြိုမှာထားပုံပါပဲ။ အမှတ်ပေးချင်သည့်စိတ်က တစ်ခုပြီးတစ်ခု ထပ်လာတော့တာပါပဲလေ။ လူကိုကြည့်ရတာ အေးတိအေးစက်ကြီးဖြစ်နေပေမယ့် အလိုက်တော့သိတတ်တာပါလား။ မာမီရွေးပေးတဲ့လူကို မီတော့ သဘောကျနေပြီလားသိဘူး။

"ကိုယ် ဘာမုန့်မှ မမှာပါဘူး"

"ဟုတ်ပါတယ် အစ်ကို၊ မပန်က အစ်ကိုတို့အတွက် Present ဘဲ့။ သုံးဆောင်ပါခင်ဗျာ"

ဘယ်လို! 'မပန်'ဆိုပါလား။ ဒါဖြင့် ဒီဆိုင်က ဝန်ထမ်းကိုပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့လေ။ သူ့အကြည့်နွေးနွေးက ကောင်တာရှိရာဆီ ရွေ့သွားတာမို့ ဖျတ်ခနဲလှမ်းကြည့်လိုက်မိ၏။ ယောကျ်ားဆန်ဆန်ဆံပင်နှင့် Fashion style ကိုက မိန်းကလေးနှင့် ဘယ်လိုမှမအပ်စပ်သလိုနှယ်ပါ။ ဒီမိန်းမကိုကြည့်သည့် သူ့အကြည့်တို့က တစ်မျိုးကို ထူးဆန်းနေတာပါလေ။

ဘာလဲ. . . ဒီမိန်းမနဲ့သူ ဘယ်အတိုင်းအတာအထိ ရင်းနှီးမှုရှိနေလို့ သူ့အကြိုက်အစားအသောက်တွေကို အဲဒီမိန်းမ သိနေရတာပါလိမ့်။ မာမီပြောလိုက်သည့်ဒီဆိုင်ကို သူအမြဲလာနေလို့များ ဖြစ်နေမလား။ လက်ဖက်ရည်ကို အနံ့ရှူရှိုက်လိုက်ပြီး တစ်ငုံမျှ အရသာခံသောက်လိုက်သည့် သူ့ထံမှအပြုံးက မို့ရင်ကို လှုပ်ခါလိုက်သလိုပါလေ။

"မီ မေးထားတယ်နော်"

"မေမေက အကြမ်းဖျင်းပြောပြထားပါတယ်၊ ဒါကြောင့်လည်း မင်းကို ဒီမှာလာတွေ့တာပေါ့"

"သူ ဘယ်လိုသဘောရသလဲဟင်"

ပြုံးပြန်လေ၏။ ခပ်တည်တည်ဖြစ်နေတတ်သည့်လူတွေ ပြုံးလိုက်တိုင်း အရမ်းထူးခြားတတ်တယ်ဆိုသည့်စကားက အမှန်ဖြစ်နေပါရော့လား။ အလေးအနက်ထားပြောနေတာက မီသာဖြစ်ပြီး သူကဖြင့် ခပ်ပေါ့ပေါ့ ပုံစံနှယ်လေ။ ဘယ်လိုလဲ. . . မို့ကို သာမန်မိန်းကလေးတစ်ယောက်လို့ သူ ယူဆသတ်မှတ်လေပြီလား။

"ပြောဖို့စောပါသေးတယ် ခင်မီမီဇော်"

"မီလိုပဲ ရင်းရင်းနှီးနှီးခေါ်ပါလား"

နှုတ်ခမ်းတစ်ဖက်ဖြင့် ပြုံးလေ၏။ မဲ့ပြုံးလို့များ ခေါ်ရလေမလား။ မို့ဘက်က မီးစိမ်းပြရန် တာဆူချင်နေသော်ငြား ဒီကားကဖြင့် စက်သ





ရပ်နေသလိုပါ။ တကယ်ဆို ယောကျ်ားလေးဖြစ်တဲ့သူ့ဘက်ကသာ မီနှင့် ဒီထက် ပိုရင်းနှီးမှုရှိစေရန် ကြိုးစားသင့်တာမဟုတ်လား။ 'ကျောင်းပြီးပြီလား''ဘာမေဂျာနဲ့ ဘွဲ့ရခဲ့သလဲ''အခု ဘာသင်တန်းတက်ပြီး ဘာအလုပ်လုပ်နေလဲ'ဆိုတဲ့စကားတွေက တကယ့်ကို အများကြီးပါလေ။

သို့သော် မို့ရှေ့က ကျောက်တိုင်ကြီးကဖြင့် ငုတ်တုပ်ကြီးထိုင်နေလျက် ငြိမ်သက်နေလေ၏။ မီက မို့ကို လိုလိုလားလားနှင့် ကြိုဆိုတာ၊ လှိုက်လှိုက်လှဲလှဲဖြင့် ဆက်ဆံတာမျိုးကို လိုချင်တာပါ။ အခုလက်ရှိအနေအထားက လေငြိမ်နေသဖြင့် ဖယောင်းတိုင်မီးက ငွေ့ငွေ့လောင်ကျွမ်းနေသလိုနှယ်ပါလေ။

"ဒီနေ့အထိ ကိုယ့်ဆီမှာ နာမည်အဖျားဆွတ်ခေါ်တာမျိုးမရှိဘူး"

"ဒါပေမဲ့ မီက နာမည်အရှည်ခေါ်ရရင် နားထဲမှာ ရင့်သည်းနေတယ်လို့ ခံစားရတယ်"

လမ်းကြောင်းပေးပါလျက် တုံ့ဏှိုဘာဝေပါပဲလား။ ပါးစပ်ထဲ လက်ညှိုးထည့်ပေးရင် မကိုက်တတ်သည့်ကလေးရယ်လို့မှမရှိတာ၊ ရှင်ဒီလောက်ညံ့ပါဘူး ကိုကျော်နန္ဒရယ်။ Hotel တစ်ခုလုံးကို အုပ်ချုပ်နေရတဲ့ GM အနေနဲ့ ပါးနပ်သင့်သလောက် ပါးနပ်မယ်မှန်း မီသိနေပါတယ်။

ဟော! ပေါင်မုန့်တစ်ဖဲ့ ကိုက်စားရင်း အကြည့်က ကောင်တာထံ ရောက်သွားပြန်ပါလား။ မီလှည့်ကြည့်မိစဉ် ထိုအမျိုးသမီးက မီတို့ဝိုင်းထံ အာရုံရှိမနေဘဲ စာရင်းစာအုပ်ဖွင့်လျက် Calculator ဖြင့် အလုပ်ရှုပ်နေပုံပါ။ သူ့ကိုအဲလေးမထားမှန်းသိပါလျက် အဘယ်ကြောင့် သူမထံ မကြာခဏ အာရုံရောက်သွားရတာပါလိမ့်။

"ကိုယ်က မလုပ်ချင်တဲ့ကိစ္စကို အတင်းလုပ်ခိုင်းတိုင်း မလုပ်တတ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ခက်တယ် ခင်မီမီဇော်။ လူချင်းဆုံရရင် ပြီးတာပဲမဟုတ်လား''

''မီက မာမီတို့စကားကို အမြဲနားထောင်တတ်တဲ့သမီးပါ''

''မင်းအသက် ဘယ်လောက်ရှိပြီလဲ''

''ရှင်''

ထင်မထားတာမို့ အံ့သြသွားရပါ၏။ အလို! စိတ်ဝင်စားလို့ပဲ အသက်သိချင်တာများလား။ မီကဖြင့် အိမ်မှာ သူ့ကြောင့် ပူညံပူညံဖြစ်ပြီးကတည်းက သူ့အကြောင်းတွေကို တစ်စွန်းတစ်စ ရှာကြည့်ထားတာပါ။ လုပ်ငန်းကြီးလုပ်သည့်လူမို့ ဘာကိုမှ ဖုံးကွယ်ထားစရာမလိုပါဘဲ Net ထဲကနေ ကိုယ်ရေးရာဇဝင်ကိုရှာဖတ် လေ့လာနိုင်တာမဟုတ်လား။

အကြောင်းစုံသိရလေလေ၊ မာမီ့စကားကို ပိုနားထောင်ချင်လေလေပါ။ 'ကိုယ့်ဘက်က စိတ်ဝင်စားမှုပိုနေရင် လိမ္မာပါးနပ်မှုရမယ်'တဲ့။ ဒီနေ့ မနက်မှာပဲ မာမီ သင်ပေးလိုက်တာလေ။ 'မိန်းမမာယာ'တဲ့၊ မီတို့မိန်းမတွေ ကျွမ်းကျင်တဲ့ဘာသာရပ်ကို ရှင်တို့ယောကျ်ားတွေ မသိနိုင်တာလေ။

''အဟင်း''

''ဘာကိုရယ်တာလဲ''

''သာမန်မိန်းကလေးတစ်ယောက်လို့ပဲ မြင်လိုက်တာပါ ခင်မီမီဇော်''

''ဘာဖြစ်လို့လဲ''

''မိန်းကလေးအများစုက သူတို့ကို အသက်မေးမိရင် အမှန်မပြောချင်ကြလို့ပါ''

မီ့မျက်နှာ နွေးခနဲဖြစ်သွားရလေ၏။ မီက ထိုသို့မဟုတ်တာလေး မျှော်လင့်တကြီးရောက်လာသည့်လူကို အမောမပြေအောင် လုပ်လေပြီလား။ လူချင်းမရင်းနှီးရသည့်ကြားထဲ သူ့အာရုံက မီ့ထံမှာမရှိဘဲ တခြားတစ်ဦးဆီရောက်နေတာက မီ့ကို မခံချိမခံသာဖြစ်စေပါ၏။

လိုချင်တာရှိရင် တစ်ခွန်းပြောရုံနဲ့ ရော့! ဆိုပြီး ဝယ်ပေးလေ့ရှိသည့် မာမီက မီ့ဆန္ဒကို တကယ်ဖြည့်ပေးတာလား။ သို့တည်းမဟုတ် နားညည်းခံနိုင်၍ ပြီးပြီးရောသဘောထားပြီး ဖြည့်ပေးလေသလားမသိပါ။ မီကတော့ လိုချင်တာကို ရစမြဲမို့ ဘာမဆိုပိုင်ရမှ ကျေနပ်တတ်သူပါလေ။

''မီ့အသက် (၂၂)နှစ်ပါ''

''ကိုယ့်ထက် အများကြီးငယ်တာပဲ. . . ကလေးမဟုတ်တော့တာမို့ မီဘပြောတိုင်း ခေါင်းညိတ်သင့် ခေါင်းခါသင့်ကို ချင့်ချိန်တတ်မှာပါ ခင်မီမီဇော်။ ကိုယ့်တာဝန်ပြီးပြီမို့ ပြန်တော့မယ်။ လာတွေ့ပေးတဲ့အတွက်ကို အသိအမှတ်ပြုပါတယ်''

ဒါပဲလား။ 'နောက်တစ်ခါဖြစ်ဖြစ် ဆုံကြတာပေါ့'ဆိုတာလေးတောင် မပြောချင်တော့ဘူးပေါ့လေ။ မီက ဒီလိုမျက်နှာလွှဲ ခဲပစ်လုပ်သင့်တဲ့အဆင့်မျိုးမှ မဟုတ်တာ။ Waiter Bill ယူလာတာကို မစောင့်ဘဲ ကောင်တာမှာ ငွေသွားရှင်းရင်း သူ စကားအကြာကြီးပြောနေသည့်မြင်ကွင်းကိုကြည့်ရင်း အံကိုတင်းတင်းကျိတ်ထားလိုက်မိ၏။ မီ့အကြောင်း ကောင်းကောင်းကြီး သိစေရမယ် ကိုကျော်နန္ဒရေ့. . .

❁❁❁







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ဟာ. . . လေးလေး၊ လေးလေး ပြန်ရောက်ပြီ မပန်ရေ၊ ကြည့်... လေးလေးပြန်ရောက်ပြီ"

ညော်ဆောင်ဆီမှ မိုးသန့်အသံကြောင့် သူမ ငါးသလောက် ... နေသည့်ဟင်းအိုးကို မီးမများစေရန် ချိန်ညှိကာ ဆိုင်ဘေးပေါက်မှ ထွက်... လိုက်ပါ၏။ အဟုတ်ကို လေးလေးကားက ဝင်းထဲဝင်လာတာကို။ ... ပေါ်မှဆင်းလာသည့် လေးလေးမျက်နှာက မသာမယာညှိုးနေသလိုပါလေ... ဇနီးတစ်ယောက်လုံး ဆုံးပါးသွားပြီမို့ ဘယ်ခင်ပွန်းက ရယ်နိုင်ပြုံးနိုင်... မလဲ။

အရင်က ခပ်ပြည့်ပြည့်ခန္ဓာကိုယ်က တစ်ခြမ်းစာလောက်သာ... တော့ကာပါ။ မြင်ရတဲ့လူအဖို့ ရင်ဆို့စရာပါပဲ။ ငွေကြေးတတ်နိုင်ပါလျ... မမြဲသောသင်္ခါရတရားကို ဘယ်ပုထုဇဉ်လူသားမှ အံမတုနိုင်တာ အမှန်... လား။ အပြင်ကို အရင်ရောက်သည့်ပန့်ကို အားယူပြုံးပြလိုက်သည့်အပြုံး... က ပီပီပြင်ပြင်မှု မရှိပါလေ။





"လေးလေး"

"သမီး. . . ပန်"

အနီးသို့ရောက်သွားစဉ် လေးလေးက ပန့်ပခုံးနှစ်ဖက်ကို အသာကိုင်လျက် အားပေးဟန်ပြုလေ၏။ မျက်ဝန်းမှာ မျက်ရည်တို့ ဝိုင်းနေတာပါလေ။ ပိုင်ရှင်ပြန်ရောက်တာနဲ့ Dawn ကို သူများလက်ထဲအပ်လိုက်ဖို့ဘ (100%) သေချာနေပြီကိုး။ မြင်ရတာ ဝမ်းသာတာထက် ဝမ်းနည်းမှုက ပိုသာနေပြီး ရင်ထဲလှိုက်တက်လာရတာပါ။

"Baker Specialist ဖြစ်ပြီလား"

"အာ. . . လေးလေးကလည်း"

"ဆိုင်မှာ စမ်းလုပ်နေပြီဆို"

"ဟုတ်. . . အားတဲ့အချိန် ခဏလောက်ပါပဲ"

"လေးလေး ဆိုင်ထဲဝင်လေ၊ အပြင်မှာ နေရှိန်ကရှိန်နဲ့"

"နေရှိန်တာက ငါ့ရင်ထဲကအပူလောက် မပြင်းပါဘူး ညီညီရာ၊ ဆိုင်မှာ လူရှင်းနေလား"

"နည်းနည်းတော့ ရှိပါတယ် လေးလေး"

ဆိုင်ထဲဝင်လိုက်ကြပါ၏။ Meeting လုပ်ရင် အလုပ်ချိန်တွေကို နားလိုက်ဖျက်လိုက်တာမျိုးမရှိဘဲ အခုလိုနေ့လယ်လူရှင်းချိန်မှာသာ အမြဲလုပ်လေ့ရှိပါသည်။ အခုလည်း မြန်မာပြည်ပြန်ရောက်တာနှင့် ပန်တို့ဝန်ထမ်းတွေကို အစည်းအဝေးဆိုင်တော့မယ်ထင်ပါရဲ့။

စုံတွဲသုံးစုံတွဲမျှသာ ရှိတာမို့ Waiter ခေါင်းဆောင်ဖြစ်သည့် မိုးသန့်ကိုသာ ကိုယ်စားပြုခေါ်လိုက်ပြီး၊ ပန်နှင့်ညီအပါအဝင် လေးလေးပါ လေးဦးသား ထောင့်နားမှာရှိသည့် လေးယောက်စားပွဲမှာ နေရာယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြပါ၏။ ယံပိုင်က အလိုက်တသိဖြင့် ပန်တို့စားပွဲကို သောက်ရေဘူး...
ဖန်ခွက်တွေ လာချပေးလေသည်။

"Lunch စားပြီးပြီလား"

"နှစ်နာရီကျော်နေပြီပဲ လေးလေးရဲ့၊ စားပြီးပါပြီ"

"အင်း"

စကားပြောရန်အားယူလျက် ငြိမ်သွားလေ၏။ ကိုယ်ပြုစုမျိုးထော...
ထားသည့်သားသမီးလို ပန်းခင်းလိုမျိုး ဒီဆိုင်ကို ဘယ်လက်လွှတ်ချ...
မလဲ။ နှမျောတာသရှိပေမပေါ့။ ပန်တို့တောင် နှစ်ကျော်လေး လုပ်ခဲ့တာ...
သံယောဇဉ် ဤမျှဖြစ်နေရင် ပိုင်ရှင်ဖြစ်တဲ့လေးလေးက ခံစားချက်ပို...
မည်။

ပန်က ရေဘူးထဲမှရေအေးအေးလေးကို လေးလေးသောက်စေ...
ဖန်ခွက်ထဲငှဲ့ထည့်ကာ ရှေ့တိုးပေးလိုက်ပါ၏။ လေးလေးက ရေဖန်ခွက်...
တစ်ခါတည်း မော့သောက်လိုက်လေသည်။ ရင်အတော်ပူနေတာ ထင်...
ရဲ့။ Tissue Box ထဲမှ Tissue ကို နှိုက်ယူလျက် နှုတ်ခမ်းကို သု...
လိုက်လေ၏။

"ဒီလကုန် ဆိုင်ဖြုတ်ဖြစ်မယ်"

သိပြီးသားသတင်းမို့ မအံ့သြဖြစ်ကြပါ။ ရောင်းမကောင်းလို့...
မလာလို့၊ နာမည်မကြီးလို့၊ အရင်းပြုတ်လို့ဆိုတဲ့ပြစ်ချက်မျိုးရှိရင် ထား...
တော့။ အခုတော့ အောင်လံလွှင့်ထူနေနိုင်ပါလျက် သူများလက်ထဲ လွှဲ...
ရတော့မှာမို့ ရင်နာစရာပါပဲ။ ပန်က မိန်းကလေးဖြစ်ပေမယ့် စိတ်ခိုင်...
မို့ မျက်ရည်မကျမိအောင် ထိန်းနိုင်လေ၏။

ငယ်နုသည့်အသက်အရွယ်ကတည်းက လောကဓံရဲ့ ရိုက်ပု...





...တ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သည့်လူပဲလေ။ အခု (၂၄)နှစ်ဆိုတဲ့အရွယ်မှာ (၃၀)
...ကျော်အရွယ်လိုမျိုး တည်ငြိမ်ရင့်ကျက်နေပြီ မဟုတ်ပါလား။ လှုပ်ခတ်ခြင်း၊
...ိုင်နဲ့ခြင်းဆိုသည့် ဆယ်ကျော်သက် မိန်းကလေးတို့၏သဘာဝကို မည်သို့
...ည်ပုံနည်းဖြင့် ကျော်ဖြတ်ခဲ့မှန်းပင် မမှတ်မိတော့ပါလေ။

"Hotel ဆောက်မယ့်လူကို မြေပဲအပ်ရမှာပါ။ ဆိုင်ကိုဖြိုလိုက်ကြ
...မှာပဲ"

လေးလေးက ဆိုင်ကိုတစ်ချက်ဝေ့ကြည့်လျက် ပြောလေ၏။ ဆိုင်ကို
...ဆိုသန့်မရောင်းဖြစ်ရင် လေးလေး နစ်နာမှာပေါ့။ ပြောလိုက်ချင်ပေမယ့်
...ကြီးပြောတာကို ပန်တို့ ဝင်မပြောရဲပါလေ။ ညီတောင်မှ ငြိမ်နေနိုင်ရင်
အလိုက်သိတတ်ရမှာမဟုတ်လား။ ညီက သူငယ်ချင်းဖြစ်သူနှင့် ဆိုင်ဖွင့်
...ရင် ပန်လည်း အတူတူပါရမှာပါ။

အငယ်ဝန်ထမ်းဖြစ်ကြတဲ့ ချာတိတ်လေးယောက်အတွက်က အများ
...ခေါင်းစားပေးရမှာကိုး။ လူဦးရေသာများပြီး အလုပ်နေရာ ရှားပါးလွန်း
...တဲ့ ဒီကလေးတွေ တခြားနေရာမှာ အလုပ်ရှာဖို့ခက်ခဲပြီ မဟုတ်လား။
...ကိုသိထားတဲ့ လေးလေးအနေနဲ့ မျက်နှာလွှဲခဲပစ် မလုပ်လောက်ဘူးထင်
...ခဲ့လေ။

"ဒီတော့ ဆိုင်ပြန်ဖွင့်မယ့် ညီညီ့ကိုပဲ ဆိုင်ထဲကပစ္စည်းတွေကို
...ဒေးလေး ပေးမယ်"

"မဟုတ်တာ၊ လေးလေးပြန်ရောင်းရင် ငွေရနိုင်တာကို"

"တစ်လက်ကိုင်ပစ္စည်းတွေကို ဘယ်သူက ငွေပေးချင်ပါ့မလဲ ညီ
...ငယ်၊ မိုးသန့်တို့လေးယောက်အတွက်က အပြင်မှာ အလုပ်ရှာဖို့နဲ့ နေ
...ဖို့အတွက် လုံလုံလောက်လောက်ငွေကို လေးလေးပေးမယ် ဟုတ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



လား။ မကျေနပ်တာရှိလား''

''မရှိပါဘူး လေးလေးရယ်၊ ကျွန်တော်တို့ ကျေနပ်ပါတယ်''

ယောက်ျားလေးတွေအတွက်သာ ဦးစားပေးအရင်ပြောနေတာမို့ ပ
ငြိမ်နေမိပါ၏။ ညီတို့ဆိုင်ဖွင့်ရင်လည်း ပစ္စည်းတွေရှာ၊ ဝယ်စုရင် ငွေတွေ
မတရားကုန်နိုင်တာမို့ လေးလေးစီစဉ်ပေးတာ မှန်ကန်နေပါသည်။ ပန်က
လေးလေးရဲ့လက်ရင်းတပည့်မို့ နောက်ဆုံးမှပြောမယ်ထင်ပါရဲ့။

''ဒါဖြင့် ကျန်တဲ့ကလေးတွေကို မိုးသန့်ပဲ ရှင်းပြလိုက်ပါ''

''ဟုတ်ကဲ့ပါ လေးလေး''

''သွားလို့ရပြီ၊ ညီညီနဲ့ပန်ပန် နေရဦးမယ်''

မိုးသန့်က ဦးညွတ်ပြကာ ခုံမှထသွားတော့၏။ အတွင်းစကားမျိုး
ကို ညီနှင့်ပန့်ကိုသာ တိုင်ပင်တတ်လေသည်။ လေးလေးက ဖန်ခွက်ကို
ပြန်ကိုင်လိုက်တာမို့ ညီက ရေမြန်မြန်ဖြည့်ပေးလိုက်ရ၏။ ရေကုန်နေသည့်
ဖန်ခွက်ကိုပင် သူသတိမထားမိသလိုပါလား။ စိတ်နဲ့လူမကပ်သည့်နယ်
ဖြစ်နေပါလား လေးလေးရယ်။

''လေးလေး ဟိုကိုပြန်ဖို့ စီစဉ်နေတာလား''

''မဟုတ်ဘူး''

''ဟင်. . . ဒါဆို ဆိုင်ကိုဖြုတ်စရာမှ မလိုတာ လေးလေးရဲ့။ နေရာ
ရွှေ့လိုက်လည်း ဖြစ်တာကို''

လေးလေးက ခေါင်းခါပြလိုက်ပါ၏။ Hotel ဆောက်ဖို့မြေက မထို
လောက်တာမို့ ပန်တို့ဆိုင်နေရာကျဉ်းကျဉ်းလေးကို ငွေမတန်တဆ ပေး
ဝယ်မှန်းသိပါသည်။ စီးပွားရေးသမားတွေရဲ့လောဘက အတောမသတ်
နိုင်ဘူးဆိုတာ မှန်နေပါရောလား။ သူတစ်ပါးကြီးပွားမှာကို မနာလိုဝန်တို





စိတ်မျိုးနဲ့ ဖျက်လိုဖျက်ဆီးလုပ်ကြတာ သဘာဝပဲထင်ပါရဲ့။

ကြီးသူက ငယ်သူကို ကြီးနိုင်ငယ်ညှင်းလုပ်တတ်တာကို ကလေး
ဘဝမှာပဲရှိတာလို့ ထင်ခဲ့ပေမယ့် ဖြတ်သန်းလာခဲ့တဲ့ကာလတစ်လျှောက်
သင်ခန်းစာတို့က တစ်မျိုးနှင့်တစ်မျိုး မတူတဲ့သဏ္ဍာန်နဲ့ လက်တွေ့သင်ပြ
ခဲ့တာလေ။ အခုလည်း ဘာထူးသေးလဲ၊ Dawn လို ဆိုင်ကလေးကို
အပြုတ်တိုက်တဲ့လောဘသားက ပေါ်လာချေပြီလေ။

''လေးလေးက သာသနာ့ဘောင်ကို အပြီးဝင်တော့မှာ''

''ဗျာ!''

''ဟင်!''

ရှေ့ကပြောသမျှ မအံ့သြမိပါဘဲ အခုမှ ညီရောပန်ပါ မျက်လုံးပြူး
သွားရပါ၏။ လုံးဝထင်မထားမိတာမို့ အသက်ရှူဖို့ပင် မေ့သွားရတာပါလေ။
ဘုရားရေ! သမုဒယကြီးတစ်ချောင်းပြတ်ရုံနဲ့ တရားသဘောတွေ လေးလေး
ရှာတွေ့သွားပါရောလား။ ဒါကြောင့်လည်း မြတ်စွာဘုရားက ဖြစ်ချိန်တန်
ဖြစ်၊ ပျက်ချိန်တန်ပျက်တတ်တဲ့ ဖြစ်ပျက်သဘောတရားတွေကို ဟောကြား
တော်မူခဲ့တာပါလေ။

''ဟုတ်တယ်၊ မင်းတို့အန်တီသက်ကို ရည်စူးပြီး အခု လေးလေး
ကျောင်းလှူဖို့ ဆောက်နေပြီ။ ရေစက်ချပြီးတာနဲ့ လူ့ဘောင်ကိုစွန့်တော့
မှာပါ''

''လေးလေးရယ်''

''အသက်မငယ်တော့ပါဘူး ညီညီရယ်၊ (၄၈)နှစ်ဆိုတာ (၅၀)ပြည့်
ဖို့ သိပ်မှမလိုတော့တာ။ သောကအပူတွေက ဒီလောကမှာ လေးလေးကို
ပျော်အောင်လုပ်ပေးနိုင်မှာမှ မဟုတ်ဘဲ။ ဒါကြောင့် ဆိုင်ကိုဖြုတ်ဖို့ ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်တာ''

''. . .''

''ညီညီက သူငယ်ချင်းနဲ့ Contact လုပ်ပြီးသားမို့ ပြဿနာမရှိဘူး။ ပန်ပန့်အတွက်ကို လေးလေး Plan ဆွဲပေးထားတယ်''

''ဗျာ! မန့်ကို ကျွန်တော်နဲ့အတူ ဆိုင်မှာပဲလုပ်ဖို့ လုပ်ထားပါတယ် လေးလေးရဲ့''

လေးလေး ခေါင်းခါပြန်လေ၏။ ဘယ်လိုလဲ. . . ပန်တောင် မစဉ်းစားဖြစ်သေးတဲ့ကိစ္စကို လေးလေးက စီစဉ်ပြီးနေပြီဆိုပါလား။ အဲဒါပေါ့ လူကြီးတွေရဲ့ဦးနှောက်ကို လူငယ်တွေ လိုက်မမီဘူးဆိုတာလေ။ ဆန်းသစ်တဲ့စိတ်ကူးစိတ်သန်းမျိုးက လူငယ်တွေထံမှာ ရှိကြတာမှန်ပေမယ့် လူကြီးသူမတွေနဲ့ တိုင်ပင်ပြီးမှသာ အောင်မြင်နိုင်မယ့်လမ်းစကို အမြန်ရှာတွေ့နိုင်တာ မဟုတ်ပါလား။

''ဒီလို Hotel တွေနဲ့အနီးဆုံးဖြစ်မယ့်မြေနေရာမျိုး ရှာနိုင်လို့လား''

''အဲဒါကတော့''

''ပန်ပန့်ကို Cook မဟုတ်တဲ့ သာမန် Canteen လေးမှာ Baker လုပ်နိုင်းဖို့စိတ်ကူးထားသလား ညီညီ''

''ကျွန်တော်''

''သူတတ်ထားတဲ့ပညာတွေကို အလဟဿဖြစ်နိုင်းမှာလား။ လူဆိုတာ ရှေ့သို့ဆိုပြီး ဦးတည်လျှောက်တတ်ရတယ်။ လှေကားဆိုတာ အမြင့်ကိုပဲ တက်ရတာပါ ညီညီ။ သူရောက်နေတဲ့နေရာကနေ နိမ့်တဲ့အဆင့်နေရာကို ပြန်မဆင်းနိုင်းချင်ပါနဲ့''

ညီ့မျက်နှာ ကွက်ခနဲပျက်သွားရပါ၏။ ဟုတ်တာပဲ၊ သူက ပန်နှင့်ခွဲအတူ လက်တွဲလုပ်ဖို့ကိုသာ စဉ်းစားမိပြီး လေးလေးပြောတာကို မတွေးမိတာလေ။ ဟင်းချက်တာကို ဝါသနာပါသည့်ပန့်ကို ရောင်းကောင်းမယ်မှန်းမသိသေးသည့်မုန့်တွေ ဖုတ်ခိုင်းမှာ အတော်ရူးမိတဲ့စိတ်ကူးစိတ်သန်းပါပဲ။ သေစမ်း. . . ညီမင်းညို့။

''လက်ရှိသူရနေတဲ့လခထက် ပိုပြီးရမယ့်ဝင်ငွေမျိုး ပေးနိုင်လို့လား''

''ပန် အဲဒီလိုလောဘမျိုး မရှိပါဘူး လေးလေးရဲ့''

''အလုပ်နဲ့ပတ်သက်ရင်တော့ လောဘစိတ်ကို မွေးသင့်သလောက်မွေးရမယ် ပန်ပန်၊ တင်းတိမ်ရောင့်ရဲတယ်ဆိုတာ ဒီနေရာမျိုးမှာ မသုံးရဘူး။ ကိုယ်ရထားတဲ့အရာတစ်ခုနဲ့ ကျေနပ်နေတဲ့လူအတွက် တိုးတက်မှုနဲ့ အောင်မြင်မှုမျိုးဆိုတာ လုံးဝမရှိဘူးကွယ့်''

သူရောပန်ပါ ငြိမ်သွားရပါ၏။ ဟုတ်ပါတယ်၊ သာမန်ဝန်ထမ်းလစာနဲ့ ရပ်တည်ဖို့ဆိုတာ ပန့်အတွက် မလွယ်ကူနိုင်ပါ။ တတ်ထားတဲ့ပညာတွေကို ထုတ်မသုံးနိုင်တဲ့လူအဖို့ အဘယ်မျှ နစ်နာလိမ့်မလဲ။ ကိုယ်စိတ်ချမ်းသာဖို့ ကိုယ့်အတွက်သာ ကိုယ်တွေးထားမိတဲ့ မိမိကိုယ်မိမိ အရှက်ရမိသည့်နှယ်ပါလေ။

Sorry!... ပါ ပန်ရယ်. . .

''လေးလေးရဲ့မိတ်ဆွေ Hotel မှာ အရံ Cook အဖြစ် ပန်ပန့်အတွက် ပြောထားပေးတယ်''

''ဟင်!''

''လစာလည်း လက်ရှိ လေးလေးပေးနေတာထက် ပိုရမယ် ပန်ပန့်ပြီးတော့ အခုလိုတစ်ယောက်တည်း သိမ်းကြုံးပြီး ချက်ပြုတ်ရမှာမျိုးမဟုတ်ဘူး။ အချိန်ပိုင်းနဲ့ Special Menu မျိုးပဲ ချက်ပေးရမှာ''







www.burmeseclassic.com

www.burmeseclassic.com



"ဘယ်. . . ဘယ်. . . Hotel မှာလဲဟင်"

နှစ်ယောက်သား ပြိုင်တူမေးလိုက်မိပါ၏။ ပန့်အတွက် ဘယ်လောက်များ ကောင်းလိုက်ပါသလဲ။ မျက်စိထဲမှာတောင် Uniform အသစ်နဲ့ တောက်ပနေတဲ့ပန့်ပုံရိပ်ကို မြင်လိုက်သည့်နှယ်ပါ။ Hotel အကြီးကြီးမှာ နေရာတစ်ခုရဖို့ဆိုတာ ခက်ပါဘိသနဲ့။ သူ့ပန်တော့ ကံကောင်းခြင်းလက်ဆောင်တွေ ဆက်တိုက်ကို ရနေတော့တာပါပဲလား။

"VICTORIA...လေ"

သေစမ်း! ရင်ဝကို ခပ်ပြင်းပြင်းဆောင့်ကန်ခံရသည့်နှယ် ခံစားလိုက်ရပါသည်။ အာရုံက ကြည်လင်နေရာက ချက်ချင်းနောက်ကျိသွားရလေသည်။ ဖျတ်ခနဲပေါ်လာသည့် ဟိုလူ့မျက်နှာကြောင့် အံကိုကျိတ်လိုက်မိပါ၏။ ဒင်းနဲ့ ရေစက်က ကုန်ကိုမကုန်နိုင်သေးပါလား။

ပန့်မျက်နှာကို ငုံကြည့်မိစဉ် မျက်လွှာချလျက် စဉ်းစားနေပုံပါ။ ဘာတွေများ တွေးနေပြီလဲ။ ငါမပို့ချင်ဘူး ပန်။ ရှေ့ဆက်ဖြစ်လာတော့မယ့် အန္တရာယ်တွေကို ကြိုမြင်နေမိလို့ပေါ့။ ဒီဆိုင်ကို ချောင်းပေါက်မတတ်လာလာနေတဲ့ဒင်းကို ကြည့်မရပါဘူးဆိုနေမှ တစ်မိုးတည်းအောက်မှာ သွားလုပ်ခွင့်ပေးရမှာလား။

မဖြစ်ဘူး ပန်၊ လုံးဝကို မဖြစ်နိုင်တာပါ။ နင့်ဘေး နင်နဲ့အနီးဆုံးမှာ 'ညီမင်းညို'ဆိုတဲ့ငါကလွဲပြီး ဘယ်သူစိမ်းယောကျ်ားကိုမှ ရှိနေခွင့်မပြုချင်ပါနဲ့။ ညီ့ကိုရင်မောအောင် မလုပ်ပါနဲ့လား ပန်ရယ်။

❖❖❖





အချစ်ဆိုတာ...

လေထဲကို မှုတ်ထုတ်လိုက်တဲ့

ဆပ်ပြာပူဖောင်းလေးတွေ ဖြစ်မယ်ဆိုရင်

မေတ္တာဆိုတာကတော့...

အရှိန်အဟုန်နဲ့ အစဉ်မပြတ်

စီးဆင်းနေတဲ့ ရေစီးချောင်းလေးပဲဖြစ်ပါလိမ့်မယ်...



www.burmeseclassic.com

www.burmeseclassic.com



ဘဝအဖော်ဆိုတာ...

တစ်ယောက်အကြိုက်ကို တစ်ယောက်
လိုက်ပြီး လိုက်လျောညီထွေ ရှိမှသာ
အဖော်ပီသတာပါ...



## အခန်း ( ၁၅ )

ကားကို တိုက်ရှေ့မှာရပ်လိုက်ပြီး အိမ်ထဲသို့ ဝင်ခဲ့ပါ၏။ ဧည့်ခန်းမှာ ဘယ်သူမှမရှိတာမို့ မေမေ ထမင်းစားခန်းနှင့် မီးဖိုခန်း တစ်ခုခုမှာ ရှိနေမည်မှန်း သူသိလိုက်ပါသည်။ အတွင်းဘက်ကိုလှမ်းခဲ့စဥ် သူ့ခြေလှမ်းတွေ ရပ်သွားရလေ၏။ စာကြည့်ခန်းတံခါးက ခပ်ဟဟဖြစ်နေသဖြင့် အံ့ဩသွားရပါသည်။

ဖေဖေ ပြန်ရောက်နေလား၊ ကားမတွေ့ရတာမို့ ဂိုဒေါင်ထဲ သိမ်းပြီးပြီထင်ပါရဲ့။ တော်ရုံစကားမျိုးကို ဧည့်ခန်းမှာသာ ပြောလေ့ရှိပေမယ့် မိသားစုလျှို့ဝှက်ကိစ္စမျိုးကိုဖြင့် အလုပ်သမားတွေ မကြားစေရန် ဖေဖေ့ စာကြည့်ခန်းကို အသုံးပြုတတ်လေသည်။ အခုလည်း ဘာကိစ္စကိုများ ဖုံးဖုံးဖိဖိပြောနေပါလိမ့်။

"ဒေါက်! ဒေါက်!"

"ဘယ်သူလဲ"

"ကျွန်တော်ပါ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခဲ့လေ သားရဲ့"

သူ တံခါးကိုအသာတွန်း၍ဝင်ကာ ပြန်စေ့ပိတ်ထားလိုက်ပါ၏။ မေမေ
က ဖေဖေသောက်ပြီးသည့် သံပုရာရည်ခွက်ကို ကိုင်ထားဆဲပါ။ ဒါဆိုရင်
တော့ သိပ်အရေးမကြီးပုံပါပဲ။ ဖေဖေ့မျက်နှာကတော့ ခါတိုင်းထက် ပိုတည်
ငြိမ်နေသည့်နှယ်ပါလေ။

"ဘာပြောစရာရှိလို့လဲ သား"

"မေမေ့ကိုပဲ ပြောရမှာပါ"

"ပြောလေ"

"ကျွန်တော် သဘောမကျဘူး မေမေ"

"ဘာဖြစ်လို့လဲ"

"သူ့မျက်လုံးတွေကို မကြိုက်တာက ဦးဆုံးအချက်ပဲ"

ရှေ့နေကြီး၏ဖနီးပီပီ 'ဒေါ်နှင်းဝေ'က မှတ်ဉာဏ်အလွန်ကောင်းသေ
၏။ အခုလည်း သားဖြစ်သူပြောတာနှင့် ဘာကိုဆိုလိုမှန်း ဘယ်သူ့ကိုရည်
ရွယ်မှန်း တန်းသိနေတာပါလေ။ သူတို့မိသားစုက စကားများများပြော
မျိုးမရှိဘဲ လိုရင်းသာ ပြောကျင့်ရှိတာပါ။

"ပုံစံလေးက ချစ်စရာလေးပါ သားရဲ့"

"အဲဒါက မေမေ့မျက်စိနဲ့ကြည့်တဲ့အမြင်ကိုးဗျ"

"သားမျက်စိနဲ့တော့ ဘောင်မဝင်ဘူးပေါ့လေ"

မေမေပြုံးနိုင်ပေမယ့် သူကဖြင့် မပြုံးနိုင်ပါ။ သူငယ်ချင်းအိုး
ဘယ်အတိုင်းအတာထိများ သူ့ကိစ္စကိုပြောထားပြီးပြီလဲမသိ။ သူက အ
မှ ပန်ကိုပြောဖို့ရွယ်တုန်းပါ။ သို့သော် Dawn ကိုဝယ်ရမည့်သူ့ကို အ
စောင်းပြီး ရန်သူလိုသတ်မှတ်လိုက်ရင် ဘယ်နှယ်လုပ်မလဲ။





စီးပွားရေးနဲ့ ကိုယ်ရေးကိုယ်တာကို ခွဲခြားတတ်ရင်တော့ ပိုကောင်း
မယ်ထင်ပါရဲ့ ပန်သစ္စာရယ်။

"ဘယ်သူ့သမီးလဲ. . . ဝေ"

"ဝေ့သူငယ်ချင်းသမီးပါ၊ ခင်မီမီဇော်တဲ့"

"ခင်မီမီဇော်ဆိုတော့ MD ဦးခင်ဇော်ရဲ့သမီးပေါ့. . . ဟုတ်လား"

"မပြောတတ်ဘူးလေ၊ ဝေက သူငယ်ချင်းခင်သီတာနဲ့ စကားစမြည်
ပြောရင်း သားတို့ကိုဆုံပေးလိုက်ရုံပါ"

ဖေဖေ့အကြည့်က သူ့ထံ ဖျတ်ခနဲရောက်လာလေ၏။ ဖေဖေမသိ
အောင် လုပ်မိတာမျိုးမဟုတ်ရပါ။ 'အလုပ်မအားတဲ့ကြားက တစ်နာရီ
လောက်လေး ဖွဲ့ပေးပါ'ဟု မေမေတောင်းဆို၍သာ လုပ်လိုက်ရခြင်းဖြစ်
လေ၏။ မေမေက ပြောစရာမရှိတော့တာမို့ စာကြည့်ခန်းထဲမှ ထွက်သွား
တော့သည်။ သူက ဖေဖေ့စားပွဲရှေ့ရှိခုံမှာ ဝင်ထိုင်လိုက်ပါ၏။

"ဖေဖေလည်း သဘောမကျဘူး သား"

"ဗျာ! "

"အဲဒီကလေးမကို"

သူအံ့သြသွားရပါ၏။ ခင်မီမီဇော်ကို အဖေဖြစ်သူက ဘယ်လိုမျိုး
ပြောဆိုဆက်ဆံသလဲဆိုတာကို သူစိမ်းဖြစ်တဲ့ ဖေဖေရော သူပါ မျက်မြင်
တွေ့ခဲ့ရတာမဟုတ်ပါလား။ သားအဖအရင်းမဟုတ်သည့်နှယ် ခပ်စိမ်းစိမ်း
ကြီးကြည့်ခဲ့သည့် ဦးခင်ဇော်၏မျက်လုံးတို့ကို ယခုတိုင် မြင်နေမိတုန်းပါ
လေ။

"ခင်မီမီဇော်ဟာ ဦးခင်ဇော်ရဲ့သွေးသားရင်းခြာကလေးမဟုတ်ဘူး"

"ဗျာ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေလည်း သိတုန်းက အရမ်းအံ့သြခဲ့ရတာပါ။ ဦးခင်ဇော်မှာ ပထမဇနီးဖြစ်တဲ့ ဒေါ်ခတ္တာနဲ့ သမီးတစ်ယောက်ရှိခဲ့တယ်၊ ကလေးရဲ့နာမည်က 'ပန်းချစ်သူ'တဲ့"

ဟုတ်သားပဲ။ သူတစ်ခါကြုံတုန်း ပြောဖူးခဲ့တာပါ။ ပထမဇနီးတဲ့လား။ ဒါဖြင့် မေမေ့သူငယ်ချင်း ဒေါ်ခင်သီတာက နောက်ဇနီးပေါ့။ အလို လောကကြီး အတော်ဆန်းကြယ်လွန်းတာပါပဲလား။ ဘယ်လိုမှထင်မထား သည့်ကိစ္စတွေက ဦးခင်ဇော်၏အိမ်တွင်းရေးမှာ ရှိနေရတာပါလိမ့်။

"ခတ္တာနဲ့ ခင်သီတာက ငယ်သူငယ်ချင်းတွေပါ။ ကိုခင်ဇော်နဲ့ ခတ္တာကို မိဘတွေ သဘောတူပြီး ပေးစားခဲ့ကြတာ။ သမီးပန်းပန် နှစ်နှစ်ကျော် အရွယ်လောက်မှာ ခင်သီတာက ဒုက္ခဖြစ်ပြီး ခတ္တာကိုအကူအညီတောင်း ခဲ့တယ်။ သူငယ်ချင်းဖြစ်သူကို ငဲ့ညှာတတ်တဲ့ခတ္တာကလည်း အိမ်မှာ လက်ခံခဲ့တယ်"

"ဒါဖြင့် ဦးခင်ဇော်က အိမ်ထောင်ရေးဖောက်ပြန်ခဲ့မိလို့လား"

"မဟုတ်ဘူး၊ အများအမြင်မှာ ဒီလိုထင်စရာဖြစ်ပေမယ့် အဲဒီလို ဖြစ်အောင် ခင်သီတာက တမင်အကွက်ဆင်ခဲ့တာပဲ သား"

"ဘယ်လို"

"အမှန်က ခင်သီတာက အိမ်ထောင်ကွဲလာတာ၊ ဒါကို ခတ္တာကို အတိအကျမပြောဘူး။ အဲဒီတုန်းက ဦးခင်ဇော်က ကုမ္ပဏီအပိုင်ရှိသေး တာမျိုးမဟုတ်သေးဘူး. . . Member ပဲရှိသေးတာ။ လုပ်ငန်းကိစ္စနဲ့ ဦး ခင်ဇော် ခရီးထွက်သွားတော့ ခတ္တာက လမ်းထဲမှာ လူမမာသတင်းသွား မေးရင်း နည်းနည်းညဉ့်နက်သွားတယ်။ သူပြန်ရောက်လာတော့ ခရီးက မိုးမိပြီး အိမ်ပြန်လာတဲ့ ယောကျ်ားရဲ့အခန်းထဲမှာ ခင်သီတာကို မြင်လိုက် တာလဲ"

"ဟာ!"

"အမှန်က ရာသီဥတုကြောင့် ဖျားပြီး အဖျားတက်နေလို့ ဦးခင် ဇော်က ဘာမှမသိဘူး၊ ဘေးမှာစောင့်ပေးနေတာ သူ့ဇနီးလို့ပဲ ထင်ထား တာကိုး။ အဆိုးဆုံးက ဖအေဖြစ်သူနဲ့ အဲဒီအမျိုးသမီး အတူရှိနေတာကို ကလေးက အရင်မြင်သွားခဲ့တာပါ"

"ဘာမှ. . . ဘာမှတော့ မဖြစ်ဘူးမဟုတ်လား"

"မဖြစ်ဘူး၊ ဒါပေမဲ့ မာယာများတဲ့ ခင်သီတာရဲ့လှည့်ကွက်ကြောင့် [illegible]က်လွန်းလို့ဆိုပြီး ခတ္တာက အဲဒီညမှာပဲ အိမ်ကနေအပြီးဆင်းသွားခဲ့တာ သမီးပန်းပန်က စကားတစ်ခွန်းမှမပြောဘဲ မအေလက်ကို တင်းတင်းဆုပ် ပြီး လိုက်သွားခဲ့တာပဲ"

"ဒါဖြင့် ခင်မီမီဇော်က"

"ဟုတ်တယ်၊ ခင်သီတာက ကလေးကို သူနဲ့ရတာပါလို့ပြောပြီး လက်ထပ်ခဲ့တာ။ အစက ဦးခင်ဇော် မသိခဲ့ဘူး၊ ရိုင်းရိုင်းပြောရရင် စာချုပ် [illegible]မှာပဲ သူတို့ လက်မှတ်ထိုးခဲ့တာပဲရှိတယ်၊ အပြင်မှာ ပေါင်းမှမပေါင်း [illegible]၊ ရှိတယ်တဲ့လေ"

"ခင်မီမီဇော်နဲ့ သွေးသားမတော်မှန်း ဘယ်လိုသိတာလဲ"

"အဲဒီကလေး လေးနှစ်အရွယ် အပြင်းဖျားပြီး ဆေးရုံပို့ ဆေးစစ် တုန်းက သိခဲ့တာ။ ကလေးက သိတတ်တဲ့အရွယ်ရောက်နေတာက တစ် ကြောင်း၊ လုပ်ငန်းကြီးကိုစပြီး ဦးဆောင်နေတာကလည်း တစ်ကြောင်းမို့ [illegible]ရှိအိမ်ထောင်ကို မပြိုကွဲစေချင်ဘူး။ အားလုံးကလည်း ခင်သီတာကို အိမ်ထောင်ဦးဇနီးလို့ပဲ မြင်နေကြတာကိုး"







www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အဲဒီကလေးကို ရှာလို့တွေ့ပြီလား"

ဖေဖေ သက်ပြင်းရှိုက်လိုက်လေ၏။ လွန်ခဲ့သည့်အနှစ် (၂၀)... က ရင်နာစရာဇာတ်လမ်းတစ်ခုရဲ့ နောက်ဆက်တွဲကိုရှာဖို့က အတော်... ခက်လွန်းနေတာပါလေ။

အဲဒီကလေးလေးနဲ့ အမေဖြစ်သူတို့ အဘယ်မျှ စိတ်နာနေ... မလဲ။ အထူးသဖြင့် နုနယ်လွန်းပါသည့်ကလေးလေးရဲ့စိတ်ထဲမှာ ဒ... အနာတရဖြစ်သွားခဲ့ရတာ သနားစရာပါလေ။

"ဦးခင်ဇော်က သားကို ပန်ပန်နဲ့ပဲ သဘောတူထားတာ"

"ဗျာ"

"ခက်တာက သမီးဖြစ်သူကို လုံးဝရှာလို့မတွေ့တာဘဲ။ အက... သမီးအိမ်ထောင်မကျသေးရင် သားနဲ့ပေးစားဖို့ ဖေဖေ့ကိုပြောဖူးတ...

သူ့ရင်ထဲ သိမ့်ခနဲခုန်လေ၏။ 'ပန်ပန်'လို့ကြားရုံနဲ့ ဤမျှ... စိတ်လှုပ်ရှားစရာလား။ မြင်တောင်မမြင်ဖူးသေးတဲ့မိန်းကလေးကို ဘယ်... နှီးစပ်နိုင်ပါ့မလဲ။ ရူးပါ့ ကျော်နန္ဒရယ်။ ဖေဖေက စကားအတော်ပြော... ရ၍ မောသွားပုံရပါ၏။ အလိုက်တသိဖြင့် ရေပုလင်းထဲမှ သောက်... သူငှဲ့ပေးလိုက်ပါသည်။

"တကယ်တော့"

စကားဆက်မပြောဖြစ်ဘဲ ဖေဖေ ရေသောက်တာကို သူစော... မိ၏။ မေမေကတော့ ဒေါ်ခင်သီတာကို သူငယ်ချင်းဆိုပြီး သားသမီး... ဖို့ စိတ်ကူးရခဲ့ပုံပင်။ တကယ်ဆို သမီးရင်းမဖြစ်တောင်မှ ခင်မီမီဇော်... ထိုသို့မာမာထန်ထန်မပြောဆိုသင့်ပါ။ သူ့ချွေးသမီးဖြစ်ခွင့်ရတာတော... ခင်မီမီဇော်ထံမှာ ပီတိအပြုံးမျိုး မမြင်ရပါလေ။





"သမီးအရင်းမဟုတ်တောင် သားနှစ်သက်သဘောကျရင် ဖေဖေလည်း ဘာမှပြောစရာမရှိပါဘူး"

"ဟုတ်ကဲ့"

"သား ခုနဘာပြောမလို့လဲ"

"ဟိုလေ. . . ကျွန်တော် စိတ်ဝင်စားနေတာက တခြားတစ်ယောက်မို့ပါ ဖေဖေ"

"ဘယ်ကုမ္ပဏီကလဲ"

"ဟင့်အင်း. . . ကုမ္ပဏီကမဟုတ်ပါဘူး။ Dawn ကပါ"

"ဟော! ဟိုယောကျ်ားဆန်ဆန် ကောင်မလေးကိုပြောတာလား"

သူ့မျက်နှာ ရဲသွားရပါ၏။ သူမကို လူတိုင်း ဤသို့ပင် မြင်ကြတာမဟုတ်ပါလား။ ဘယ်သူပဲကြည့်ကြည့် ခပ်လုလုကောင်မလေးလို့ မမြင်နိုင်ပေမယ့် သူမ၏ဆွဲဆောင်မှုရှိသည့်အလှတို့ကို သူသာ သတိထားမိတာပါလေ။

ဒုက္ခပဲ. . . ဖေဖေသာ သူမနှင့်သူ့ကို သဘောမတူရင် ပြဿနာပါ။ မဖြစ်ဘူးနော်၊ မင်းကို ကိုယ့်မျက်စိအောက် အနီးဆုံးမှာရှိစေချင်လို့ ကြိုးစားနေတဲ့အခွင့်အရေးကို လက်လွှတ်မခံပါရစေနဲ့လား ပန်သစ္စာ။

"ကျော်နန္ဒ"

"ဗျာ. . . ဖေဖေ"

"မင်း ဟုတ်မှမဟုတ်ရဲ့လား"

"ဘာလို့လဲ ဖေဖေ"

"အဲဒီမြေနှစ်ကွက်ကို ဝယ်ပေးတာ လူကိုပါအပိုင်သိမ်းဖို့ Plan ရှိနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . . ဖေဖေကလည်း"

ဖေဖေ ခပ်အုပ်အုပ်ရယ်လေ၏။ အလို! ဟုတ်သားပဲ။ Hotel ဖြေ လုပ်ဖို့ဆိုပြီး တစ်ဖက်က တိုက်ဟောင်းနှင့်စတိုးဆိုင်အပါအဝင် အဲဒီစာ သောက်ဆိုင်လေးကို လေလံပိုင်းဆွဲခဲ့ကြတာလေ။ ဘယ်လိုဖြစ်ပြီး သူ့ကို ဤသို့ ဖေဖေမြင်လိုက်တာပါလိမ့်။

ရင်ထဲကဆန္ဒတွေက မျက်နှာထက်မှာ ထင်သာမြင်သာ ရှိနေပြီလား ကျော်နန္ဒရေ။

"ဒါဖြင့် ဖေဖေကြားနေတဲ့သတင်းက မှန်နေတာပေါ့လေ"

"ဘာများလဲ ဖေဖေ"

"အဲဒီဆိုင်ကို တချောင်းချောင်းသွားနေလို့ ထူးဆန်းပါတယ်ထင် နေကြတာ လက်စသတ်တော့ ဒီလိုကိုး။ အတော်မှ ခရီးပေါက်ရဲ့လား"

"အာ. . . ဒီလိုပဲ၊ ရင်းနှီးရုံရှိပါသေးတယ်"

"စကားရော ကောင်းကောင်းပြောဖြစ်လား၊ သူ့ပုံစံက အေးတိ အေးစက်နဲ့"

"ပြောပါတယ် ဖေဖေရဲ့၊ ဒီလောက်ရင်းနှီးနေပြီကို"

"ကြည့်ကြသေးတာပေါ့လေ၊ စာချုပ်ချုပ်တဲ့နေ့ တွေ့ကြရမှာပဲ"

"စာချုပ်က ပိုင်ရှင်နဲ့ချုပ်မှာမဟုတ်လား ဖေဖေရဲ့"

"သက်သေလုပ်ရမယ်ဆို ပါမှာပေါ့ သားရဲ့၊ စိုးရိမ်ရန်ကော"

ဆွေးနွေးတာပြီးပြီမို့ ဖေဖေ့ရှေ့မှ သူထွက်ခဲ့ပါ၏။ စဉ်းစားရဦးမှာ လား ပန်သစ္စာ။ ဖေဖေက ကြည့်ကြသေးတာပေါ့တဲ့။ ဒီလောက်လေးပြော တာတောင် သူ့ရင်ထဲ လှိုက်ပျော်နေတာ အံ့ဆန်းပါပဲလား။ သူမလက်ကို သာ ပိုင်ပိုင်ဆုပ်ခွင့်များရလို့ကဖြင့် ဘယ်လောက်များ အပျော်ဆိုလိုက်မည်





သေး၊ ခက်ချေပြီကော ပန်သစ္စာ။

မင်းကြောင့် ကိုယ့်ရဲ့အိပ်မက်တွေ သက်ဝင်လာရတာ၊ မင်းကြောင့် ကိုယ့်ရဲ့မနက်ခင်းတိုင်း သာယာပြည့်စုံလာရတာ၊ မင်းကြောင့် ကိုယ့်ရဲ့ ငြီးရိုငြီးငွေ့နေတဲ့ ကိန်းဂဏန်းတွေကြားမှာ ကြည်နူးပျော်ရွှင်လာရတာ၊ မင်းကြောင့် ကိုယ့်ရဲ့အတွေးတွေထဲမှာ နေရာအပြည့်ယူပြီး မှေးစက်အိပ် ပျော်ခွင့်ရတာတွေကို သိပါရဲ့လား။

တစ်နေ့တာ လုပ်ငန်းစဉ်တွေ စီစဉ်ရတိုင်း မင်းနဲ့ဆုံခွင့်ရမယ့်နေ့ ဘယ်အချိန်ကို ဖွဲ့ယူစဉ်းစားပေးရတိုင်း ရင်ထဲမှာ တလှပ်လှပ်ခုန်လာတာ ကို ဘယ်သူက သိမှာတဲ့လဲ။ သူထွက်လာတိုင်း ဘယ်ကိုသွားမှန်းမသိ နှုတ်ကျန်ခဲ့တဲ့ PA ကောင်လေးရဲ့အံ့သြမှုက နေ့စဉ်နေ့တိုင်းပါလေ။ ဆိုင် ကာ လာတိုင်းတိုင်း အလုပ်မှ တဂွမ်ဂွမ်ခေါ်မည့် Phone မျိုးကို မကိုင်ချင် ၍ Lock ချထားမိတဲ့တစ်နာရီက ကိုယ့်အဖို့ နိဗ္ဗာန်ပါပဲ။

'ပန်သစ္စာ'. . . တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးသေးတဲ့ချစ်ခြင်းမျိုးနဲ့ မြတ်မြတ်နိုးနိုးချစ်မိတာပါ။ ချစ်ခြင်းနဲ့ဆက်နွယ်တဲ့ရင်ခုန်မှုမျိုးက မင်းနဲ့ တွေ့မှ တိုက်တိုက်ဆိုင်ဆိုင် ခုန်ခွင့်ရတာကို ယုံပါ့မလား။ ဘာမှမကြာလိုက် ပါဘဲ ပျော်ဝင်မိခဲ့တဲ့ စိတ်အစဉ်ကို နားလည်ပေးလှည့်ပါ ပန်သစ္စာ။

အချစ်မှာ မျက်စိလည်းရှိပါတယ်၊ အချိန်အခါလည်း ရှိပါတယ်။ အခွင့်အလမ်းလည်း ရှိနေပါတယ်။ ဖြစ်တည်ခြင်းဆိုတဲ့အရာက ချစ်ခြင်း ရဲ့ထုထည်အဖြစ် ကြီးမားလာတာကို လက်သင့်ခံပေးလှည့်ပါနော်။ နှုတ်က ဖွင့်မပြောဖြစ်ပေမယ့် ကိုယ့်အမူအရာ ကိုယ့်အကြည့် ကိုယ့်အပြုံးတွေကို မင်း ဖတ်သိ နားလည်နိုင်မှာပါ။

မြင်လျှင်မြင်ခြင်း ချစ်မိသွားတယ်ဆိုရင် အပိုလို့များ ထင်လေမလား။



www.burmeseclassic.com

www.burmeseclassic.com



မမြင်ကွယ်ရာကနေ မင်းနာမည်ကို ခပ်ဖွဖွခေါ်ပြီး ရင်မောနေရတဲ့ရက်တွေ ကုန်လွန်ပါစေတော့။ ရင်ခွင်ထဲ ထွေးပွေ့ပြီး တသိမ့်သိမ့်ချစ်နေခွင့်အတွက် ခွင့်ပြုပေးပါတော့လား ပန်သစွာရယ်. . .

❁❁❁



## အခန်း ( ၁၆ )

ထမင်းစားခန်းဆီမှ ကျက်ခွဲသံတို့ကြောင့် မို့ရင်ထဲ ဆောင့်မြည်လေ ■ ဘာများဖြစ်ပြန်ပြီလဲ။ တစ်နေ့တစ်နေ့ ဒက်ဒီအော်ငေါက်သံနှင့် မီတို့ ...က အေးဆေးငြိမ်သက်သည်ဟူ၍ မရှိခဲ့။ အခုလည်း ညနေစာစားချိန် ...ပြီး မာမီ ဘာများ ပြဿနာရှာပြန်ပါလိမ့်နော်။

"မင်းကို ငါဘယ်နှခါ ပြောရမလဲ ခင်သီတာ"

"ကိုကို. . . တိုးတိုးပြောပါ"

"ဒီလောက်အတန်တန်ပြောနေတဲ့ကြားက လုပ်ဖြစ်အောင်ကို လုပ် ...တယ်။ မင်းတောင်းဆိုသမျှ ငါဘာများငြင်းဆန်ခဲ့တာ ရှိလို့လဲ၊ ပြောစမ်း ...ဦး"

"မို့အတွက် ဒီလောက်လေးတော့"

"လာပြန်ပြီလား"

မီ တွန့်ခနဲဖြစ်သွားရပါ၏။ မို့ကိစ္စတဲ့။ အလို! သူနဲ့ပတ်သက်ပြီး ...ကိဒ်ကို မာမီပြောနေတာကိုး။ အခန်းဝနား မရောက်ခင် ခြေလှမ်းကိုရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး နံရံကိုကျောမှီကာ အသာလှပ်၍ ခိုးကြည့်လိုက်မိ၏။ ထမင်း
စားပွဲဘေးမှာ ပန်းကန်အကွဲတွေနှင့် အစားအစာတို့က ပြန့်ကျဲနေ
သည်။ ဒက်ဒီ ပေါက်ကွဲပြန်ပါရောလား။

စားပွဲကိုလက်ထောက်လျက် မာမီ့ကို စူးစူးရဲရဲကြည့်နေပုံက ကြော
စရာ။ ဘုရားရေ! ကိုယ်ချစ်လို့ယူထားတဲ့ဇနီးဖြစ်သူကို ခင်ပွန်းဖြစ်သူ
ရန်သူလိုကြည့်ရသလား။ ဘာတွေဖြစ်နေပြန်တာပါလိမ့်။ မီ ရင်မမော
နေ့ရယ်လို့ တစ်ရက်မှမရှိပါလားနော်။

"ငါ့ကို မြန်မြန်သေစေချင်နေလား"

"မဟုတ်တာ ကိုကိုကလည်း"

"ထမင်းစားနေရင် သတ္တဝါကိုတောင် မနှောင့်ယှက်ရဘူးဆို
မင်းနားမလည်ဘူးလား"

"ကိုကို"

"အေးလေ. . . မင်းလိုမိန်းမမျိုးက ဘယ်နားလည်ပါ့မလဲ။ နား
မျက်လုံးပါ ကန်းနေတာကိုး"

"ကိုကို အဲဒီလိုတော့မပြောပါနဲ့"

"မင်းရဲ့သမီးကို ဘယ်သူနဲ့ပဲဖြစ်ဖြစ် ကြိုက်သလိုပေးစားပါ
ဖွဲခန့်ရဲ့သားနဲ့ လုံးဝမဖြစ်ပါဘူးလို့ မပြောဘူးလား"

"မီက ကိုကို့သမီးပဲလေ၊ အဲဒီလိုတစ်ဖက်သပ်မပြောပါနဲ့။
တစ်ယောက်အနေနဲ့ ဒီလောက်လေးတော့ ကြည့်စီမံသင့်ပါတယ်"

"ဘာ! ငါ့သမီး. . . ဟုတ်လား"

"အင်းလေ"

'ခင်မိမိဖော်ကလေ. . . တောက်!"





မို့ရင်ထဲ ဒိန်းခနဲမြည်လေ၏။ မဟုတ်ဘူးလား။ မီက ဒက်ဒီ့သမီး
မဟုတ်လို့များ ဒီလောက်ခံပြင်းပြနေတာပါလား ဒက်ဒီ။ ခပ်မှဲ့မှဲ့ပြုံးတဲ့အပြုံး
ကိုက ကြောက်စရာပါ။ အလို! အိမ်မှာ မီမသိတဲ့အတွင်းရေးတွေ ရှိနေတာ
ပါလား။ ဘာတွေများပါလိမ့်။

"'နတ်ဒေဝါတွေကြားမှာ မကြောက်ဘူးလား ခင်သီတာ။ မင်းမို့
မကြောက်မရွံ့ ပြောရဲတယ်"

"သီတာ ဘာများမှားလို့လဲ"

"အေးလေ. . . ငတေ မာမှတော့ ကျန်တာက အပရိကကိုး။ ငါ့
သိက္ခာကိုငဲ့ပြီး ဒီနေ့အထိ မတ်မတ်ရပ်နေတာကို တွန်းမလှဲချင်ပါနဲ့ ခင်
သီတာ။ လိုချင်တိုင်း ဘာမဆိုရတာမျိုးမဟုတ်ဘူး"

"ဘာလို့မရမှာလဲ၊ သီတာရော မဝေပါ သဘောတူပြီးသားကို၊
ကိုကိုတို့ယောကျ်ားတွေပဲ မတုန်မလှုပ်ဖြစ်နေတာ။ သမီးကညာ အခါမလင့်
စေနဲ့ဆိုတာကို သိရဲ့သားနဲ့"

"ကျစ်. . ."

"ဒီတစ်ခုလေးပါ ကိုကို၊ နောက်ထပ်ဘာကိုမှ သီတာ မတောင်းဆို
ပါဘူး။ ကတိပေးပါတယ်"

"အဲဒီကတိဆိုတဲ့အရာက မင်းနဲ့တန်လို့လား ခင်သီတာ။ မတန်မရာ
မပြောနဲ့"

–အံတင်းတင်းကျိတ်လျက် ပြောလိုက်သည့်ဒက်ဒီ့အသံကြောင့် မီ
ကျောချမ်းသွားရပါ၏။ မာမီကတော့ ထမင်းစားပွဲခုံမှာ မလှုပ်မယှက်အောက်
ထိုင်နေတုန်းပါပဲ။ ဒက်ဒီ့ကိုမကြောက်တာလား။ သို့တည်းမဟုတ် မာမီပြော
ဖူးသလို ဒက်ဒီက ဘိုးဘိုးသမက်ဖြစ်ခွင့်ရခဲ့တာမို့ အခုလို ကျေးဇူးဆက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရနေလို့ပဲလား။ တွေးဖို့ မီ ဉာဏ်မမီပါလေ။

"ဘာပဲဖြစ်ဖြစ် မှီမှတ်ပုံတင်ထဲမှာ ကိုကိုက ဖခင်အဖြစ်ရှိနေတာပါ"

"အေး. . . ပြောအားရှိတော့ ပြောပေါ့ ခင်သီတာ။ ဒီနေရာကို မင်း ဘယ်ပုံဘယ်နည်းနဲ့ယူခဲ့လဲဆိုတာကို မင်းကိုယ်မင်း အသိဆုံးပဲဟာ"

"ပြီးခဲ့တာတွေ အစပြန်မဖော်ချင်ပါနဲ့ကိုကို။ အတိတ်ကို အတိတ်မှာပဲ ထားခဲ့စေချင်ပါတယ်"

"မင်းက အနိုင်ရခဲ့တဲ့လူကိုး၊ ပြောနိုင်မှာပေါ့။ ငါ့အတိတ်က ဒီလောက်အရုပ်ဆိုး အကျည်းတန်နေတာ ဘယ်မှာဖွင့်ချပြရဲပါ့မလဲ။ ငါက အရှက်ရှိတဲ့လူမို့ ငါ့လိပ်ပြာကို ငါရှက်နေရတာပါ ခင်သီတာ။ ဒါကြောင့် ပညာရှိတွေက ပြောခဲ့တာပဲ"

"ဘာကိုလဲ"

"လောကမှာ ဘာကိုမှ ဆုံးရှုံးစရာမရှိတော့တဲ့လူကို သတိထားပါလို့လေ။ ငါရောခတ္တာပါ သတိမထားမိခဲ့လို့ ဒီလိုအတိတ်ဆိုးကြီး ရှိခဲ့ရတာပဲ"

"အဲဒီနာမည်ကိုမရွတ်ပါနဲ့လား ကိုကို၊ သီတာ တောင်းပန်ပါတယ်"

ဘုရားရေ! 'ခတ္တာ'တဲ့။ ဒက်ဒီ့နှုတ်က ထွက်လာသည့် ခပ်ဆန်းဆန်းနာမည်ကြောင့် မီ အံ့သြသွားရပြန်ပါ၏။ ဘယ်ကအမျိုးသမီးပါလဲ။ ဒက်ဒီရော မာမီပါ ငြိမ်သက်သွားကြပါသည်။ အဲဒီအမျိုးသမီးက ဒက်ဒီ့ဘဝနဲ့ ဘယ်အခန်းကဏ္ဍမှာ အရေးပါခဲ့တဲ့လူပါလဲ။

"လောဘဆိုတာ အတောမသတ်နိုင်တဲ့မီးပဲ ခင်သီတာ။ မင်းရဲ့လောဘက မင်းအသက်သေတဲ့အထိ ဆုံးမယ်မထင်ဘူး။ အဲဒါအမှန်ပဲ"





"ကိုကို"

"ဝဋ်ဆိုတာ လည်တတ်တယ်ကွ"

အမယ်လေး! ဝဋ်ဆိုတဲ့ခေါင်းစဉ်ပါ တပ်ပြောရတယ်လို့။ မာမီပြောသလို မာမီက ဒက်ဒီ့ကိုပိုချစ်ခဲ့မိလို့ ဒီလိုမျိုး အငြိုးတွေ ထားခဲ့လေသလား။ အနှစ်(၂၀)ကျော် ပေါင်းသင်းခဲ့တဲ့သံယောဇဉ်ကိုငဲ့ပြီး မာမီ့ကို ချိုသာပေးပါလား ဒက်ဒီရယ်။

"ဘာမှဆက်ဆွေးနွေးဖို့ မရှိတော့ဘူး"

ဖျတ်ခနဲထွက်လာသည့် ဒက်ဒီကြောင့် မီ ပုန်းချိန်ပင် မရလိုက်ပါ။ မီ့ကိုတစ်ချက်ကြည့်ကာ စာကြည့်ခန်းတံခါးကိုဖွင့်ဝင်လျက် တံခါးကိုအသံမြည်အောင် ပိတ်လိုက်လေ၏။ သနားလိုက်တာ. . . မာမီ့ကို သနားစရာအဖြစ်မြင်နေရသည့် မြင်ကွင်းမျိုးက ဘယ်အချိန်မှာ ရပ်တန့်မှာပါလိမ့်။

ယခုတိုင် ထွက်မလာဘဲ ထမင်းစားခန်းမှာ ငြိမ်သက်စွာ ထိုင်နေပါသည့်မာမီ၊ သူဌေးသမီးတစ်ယောက်ရဲ့မာနတွေက ဒက်ဒီရှေ့မှာ ခြေဖဝါးအောက်ကို ရောက်စေသတဲ့လား။ ဒက်ဒီ့ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ခွင့်မရှိပါဘဲ လက်ထပ်ခဲ့ပါသလား။ မိန်းမသားတစ်ဦး၏ဂုဏ်သိက္ခာကို ချစ်ခြင်းကြောင့် ဖယ်ကျဉ်ခဲ့လေသလား မာမီရယ်။

ရင်နင့်စွာ မီအတွေးလွန်နေမိစဉ် ထမင်းစားခန်းမှ လေးပင်သည့်ခြေလှမ်းတို့ဖြင့် ထွက်လာလေ၏။ မီ့ရှေ့မှ မီ့ကိုမမြင်ဘဲ အပေါ်ထပ်သို့ တက်သွားသည့်မာမီကြောင့် မီ ပိုရင်နာမိပါသည်။ ဒီနေ့ခေတ်ကြီးမှာ မောင်တစ်ထမ်းမယ်တစ်ရွက် အတူထမ်းဆောင်နေပါသည့် မာမီ့လိုအမျိုးသမီးကို အဘယ်ကြောင့် ဒက်ဒီ မချစ်ခင် မကြင်နာရတာပါလိမ့်။

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်လာရင်း အသာခေါ်လိုက်ပေမယ့် မာမီ မကြားပါလေ။ ခြေလှမ်းတွေက အားမရှိသည့်နှယ် လေးပင်နေသလိုပါ။ ဘယ်လိုလဲ မာမီ၊ မို့အတွက် မို့အနာဂတ်ရွှေ့ရေးဆိုပြီး တင်းထားသမျှ မာမို့ခွန်အားတွေ လျော့ပါးကုန်ပြီလား။ မီရှိနေတာတောင်မှ မာမီစိတ်ပျော့နေပြီလားဟင်။

"မာမီ"

"လန့်လိုက်တာ မီရယ်"

"မီခေါ်နေတာ ကြာပြီ မာမီရဲ့"

ဘယ်တုန်းက ပြန်ရောက်သလဲဟု မမေးပါလေ။ အပေါ်ထပ်ညြေခန်းမှာ အလုပ်လုပ်လက်စတွေ ထားခဲ့တာမို့ အာရုံပြန်စိုက်ကာ ထိုင်လိုက်လေ၏။ ဘာလို့များ မို့ရဲ့မိဘတွေက မို့အပေါ်မှာ အေးစက်စက်ကြီး ဆက်ဆံကြတာပါလဲ။ ဘယ်တော့မဆို အလေးအနက်မထားဘဲ ခပ်ပေါ့ပေါ့သာ သဘောထားကြတာကဖြင့် မာမီရော ဒက်ဒီပါ ထပ်တူပါလေ။

"မီ တစ်ခုမေးလို့ ရမလားဟင်"

စူးခနဲအကြည့်ကို ရလေ၏။ ဘာလဲ. . . ဒါလေးမေးမှာကိုတောင် မကြိုက်သလိုပါလား။ မီက မာမီတို့သမီးဖြစ်မှတော့ မိသားစုဝင်အဖြစ် ဒီလောက်လေးတော့ မေးခွင့်သိခွင့်ရှိပါတယ်နော်။ မာမီက မို့ကို စိတ်မရှည်ပုံစံသာ ပြနေတော့တာပါပဲ။

"မီက. . . မီက. . . မွေးစားသမီးလား မာမီ"

"ဘာ!"

ထင်မထားသည့်မေးခွန်းမို့ထင့်။ မာမီက မို့ကို အံ့ဩသလိုကြည့်လိုက်လေ၏။ ဒီမေးခွန်းမျိုးမေးချင်တာ မို့အတွက် နှစ်ပေါင်းအတော်ကြာပြီမဟုတ်ပါလား။ ဒက်ဒီ့နှုတ်မှ ပြောထွက်လာတဲ့စကားလုံးတွေအားလုံးက မို့အဖို့ ချွန်စူးတဲ့မြားတံတွေလိုပါလေ။ သေချာတာတစ်ခုကတော့ဖြင့် မသိအောင် ဖုံးကွယ်သိုဝှက်ထားတဲ့ အတိတ်ဒဏ္ဍာရီတစ်ပုဒ်က မာမို့ထံမှာ ရှိနေတယ်ဆိုတာပါပဲ။

"ဘယ်ကဘာတွေကြားလာပြီး မဟုတ်တရုတ်မေးခွန်းမျိုး လာမေးနေတာလဲ. . . မီ"

"သိချင်လို့ပါ"

"မီက ဦးခင်ဇော်နဲ့ ဒေါ်ခင်သီတာရဲ့ တစ်ဦးတည်းသောသမီးဆိုတာ ခေါင်းထဲ မြဲမြဲမှတ်ထားမှပေါ့။ ဘယ်လိုဖြစ်ပြီး ဒီလိုမေးခွန်းမျိုးလာမေးရတာလဲ ခင်မီမီဇော်"

"မို့ကို. . . မို့ကို. . . အမှန်အတိုင်းပြောပြပါ မာမီ၊ တစ်ခုခုကို မာမီဖုံးကွယ်ထားတာ မီသိနေတယ်"

"ဘာပြောတယ်"

"ဒီအရွယ်ရောက်နေတဲ့အချိန်ထိ မို့ကိုဖုံးကွယ်ထားတုန်းလား မာမီ၊ ဒက်ဒီ့အမူအရာ ဒက်ဒီ့အပြောတွေကိုမြင်ရုံနဲ့ မီ ကြိုသိနေတာပါ"

"သမီးက မာမို့သမီးပါ၊ မီ. . . ယုံပါ"

"ဒါပေမဲ့ ဒက်ဒီ့သမီးတော့ မဟုတ်ဘူးမှတ်လား"

ဒေါ်ခင်သီတာ နှုတ်ဆိတ်သွားတော့၏။ တစ်သက်လုံး ဖုံးကွယ်ထားနိုင်ခဲ့သည့် လျှို့ဝှက်ချက်ကို သမီးဖြစ်သူက မရမက ဖော်ထုတ်ချင်နေရတယ်လို့။ သူငယ်ချင်းဖြစ်တဲ့ 'ခတ္တာ'၊ အိမ်ထောင်အတူပြုခဲ့ကြပေမယ့် ထင်ကံမကောင်းတဲ့သူက မိမိမှဖြစ်ရတယ်လို့။ ယူမိတဲ့လင်က လူမိုက်၊ ခရက်သမား၊ အိမ်ပြန်လာတိုင်း မိမိကိုရိုက်နှက် နှိပ်စက်တာကိုသည်းခံ







www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ တစ်နှစ်ကျော်ကျော်ပါ။

အလုပ်ကို မယိမယိုင်ရရမလုပ်ဘဲ ဈေးရောင်းငွေရှာတဲ့မိန်းမလုပ် ကို ထိုင်ဖြုန်းတာ အေးအေးဆေးဆေးမနေဘဲ ရန်ပွဲရိုက်ပွဲဆို စီခနဲ ဒင်း က အမြဲပါတတ်တာ မဟုတ်ပါလား။ ရှက်လည်းရှက် စိတ်လည်းနာပြီး ဒင်းလက်က လွတ်အောင်ပြေးခဲ့ရတာပါ။ စိတ်နှလုံးကောင်းမွန်တဲ့ သူငယ် ချင်းကို ကိုယ်ပေါင်းစိတ်ခွာသာ ပေါင်းခဲ့ရတာပါ။

ခတ္တာ အိမ်ထောင်ပြုစဉ်က ကိုယ့်လူက လက်ဖျားငွေသီးနေ စီးပွားရေးသမားမို့ လမ်းမှာတွေ့တိုင်း ခေါင်းမော့ရင်ကော့ပြီး ကြွားဝါ မိခဲ့တာလေ။ သူ့လူကဖြင့် မန်နေဂျာပေါက်စနလေးကိုး။ သို့ပေမယ့် သားကြီးစားတဲ့လူက ဟောဟောဒိုင်းဒိုင်းနဲ့ ကုမ္ပဏီမန်ဘာဆိုလား အ ဝင်ဖြစ်နေတဲ့အချိန်မှာဖြင့် ကိုယ့်မှာက ဖွတ်ထွက်မှ တောင်ပို့မှန်း သိ တော့တာလေ။

နောက်ဆုံး အိမ်ထောင်ဆိုးဒဏ်ကို မခံရပ်နိုင်ဘဲ လွတ်မြောက် ကိုယ်လွတ်အောင်ထွက်ပြေးခဲ့ရင်း လမ်းမှာ ခတ္တာနဲ့ဆုံခွင့်ရခဲ့တာပါ။ စိ ထားဖြူသူက ဟန်မဟုတ်ပါဘဲ စိတ်ရင်းနဲ့ ကိုယ့်ကိုကြိုခဲ့ပေမယ့် မျှ တွေပြည့်နှက်နေသည့် အတ္တလောဘမီးကဖြင့် မိမိရင်မှာ မငြိမ်းနိုင် ကိုယ့်ထက်သာ မနာလို လိပ်ခဲတည်းလည်းနဲ့ ကွယ်ရာမှာ အံကြိတ်နေ မိတာလေ။

'ခရုမှာ အခံ၊ လူမှာအကြံ'ဆိုသလို အခွင့်အရေးဆိုတာ ဘ တစ်ကြိမ်သာ ရစမြဲတဲ့။ ဒီတော့ မကောင်းတဲ့သွေးက ဗိုက်ထဲမှာ နိဝင် ချိန် ဒင်းကဖြင့် မူးပြီးရမ်းမှုနဲ့ ထောင်ကျကာ သတင်းက အစအနပျော မျက်ဖြူဆိုက်နေချိန် ရလာတဲ့အခွင့်အရေးကို အမိအရဖမ်းဆုပ်လိုက်





ပါပဲ။ လောကမှာ ဘာကိုပဲလုပ်လုပ် အားလုံးတရားတယ်ဆိုတာကိုပဲ လက် ထဲဆုပ်ကိုင်ခဲ့ပေမယ့် အိမ်ထောင်ရေးက မသာယာပြန်ခဲ့။

သူငယ်ချင်းဖြစ်သူက ကလေးလက်ကိုဆွဲပြီး ဘာဆိုဘာမှ ယူမသွား ဖြစ်အောင် ရက်စက်ခဲ့တာပါ။ 'ကမ္ဘာမီးလောင်မှတော့ သားကောင်ကိုချ နင်း'သင့် နင်းရမှာမဟုတ်လား။ ကလေးကို လက်ရှိယောကျ်ားနာမည် တပ်ပြီး ဖြစ်အောင်မွေးခဲ့တာ၊ ခတ္တာလို ခပ်နုံနုံအအ အေးအေးထုံထုံနေ မ်လို့က တစ်နေ့နေ့တစ်ချိန်ချိန် လက်ထဲဗလာသာရှိမှာစိုးပြီး ဒီလိုသင်တန်း တက် ဒီအလုပ်ကို စပြီးလုပ်ခဲ့တာနဲ့ အောင်မြင်ခဲ့တာပါလေ။

ကိုယ့်အတ္တကိုသာ ဦးဆောင်ပြီး မကောင်းတာလုပ်ခဲ့မိတဲ့အပြစ်က တစ်ချိန်ချိန်မှာ နောင်တအကြီးကြီးရတတ်မှန်း သိပါ၏။ တစ်ဘဝစံပါ ခင်သီတာ။ ဟုတ်ပါတယ်. . . ဒီဘဝမှာပဲ လူချမ်းသာပြီး ရွှေဘုံနန်းမှာ စံပျော်ချင်လို့ပါ။ ဝဋ်တွေ ငရဲတွေကို မစဉ်းစားဝံ့ဘဲ မျက်စိစုံမှိတ်ထားတာ ကို ကိုယ်တိုင်အသိဆုံးမဟုတ်ပါလား။ 'မျက်ကန်းတို့မည်သည် တဆွေကို မကြောက်တတ်'တဲ့လေ။

"မာမီ"

"အဲဒီကောင်လေးနဲ့ မိုကိုမဖြစ်ဖြစ်အောင် လက်ထပ်ပေးမယ် မီ"

"မိုကို သူကမှ စိတ်မဝင်စားတာ မာမိရဲ့"

"မိန်းမမာယာကို ထုတ်သုံးမှပေါ့၊ ဒီလောက်လေးတောင် အစွမ်း အစမရှိရင် လောကကြီးထဲ ဘယ်လိုအသက်ဆက်ရှင်မှာလဲ"

ငြိမ်ကျသွားသည့်သမီးကို မမြင်ဟန်ပြုလိုက်ရပါ၏။ လူတိုင်းမှာ လျှို့ဝှက်ချက်ကိုယ်စီ ရှိရိုးမှန်ခဲ့ရင် မာမီ့လျှို့ဝှက်ချက်ကို နားလည်ပေးမှ ပေါ့. . . မီ။



www.burmeseclassic.com

www.burmeseclassic.com



မာမိလုပ်သမျှကိစ္စအားလုံးဟာ ဒီလောကမှာ မီ ရပ်တည်နိုင်ဖို့၊ မီ့ဘဝလေး ပြီးပြည့်စုံဖို့၊ မီ့အနာဂတ် လှပဖို့၊ မီ့တစ်သက် မတောင့်မတ မကြောင့်မကျ လိုတရ ဖြစ်စေဖို့ပါ။

သားသမီးတိုင်းအတွက် မိခင်တွေမှာ လောဘဆိုတာ အနည်းနဲ့ အများတော့ ရှိတတ်ကြမှာပါ။ ဒီတော့ မာမီ့လောဘကို တဆိတ် မျက်ကွယ် ပြုထားပေးလှည့်ပါ. . . မီ။

❖❖❖



## အခန်း ( ၁၇ )

"ဆုံးဖြတ်ပြီးပြီလား"

ခေါင်းကိုသာ ညိတ်ပြလိုက်၏။ တားမည်မှန်းသိနေပေမယ့် လေးလေးကိုယ်တိုင် ပို့ချင်သည့်နေရာကို မသွားလို့ ဘယ်ကောင်းပါ့မလဲ။ ပန့်အတွက် ကောင်းသောတက်လမ်းတံခါးမို့ ညီ တားရခက်နေမှန်း ပန်သိနေပါသည်။ အခုလို ဆိုင်ပိစိလေး ဖွင့်နိုင်ဖို့ နှစ်ချီပြီး ပန်တို့ ကြိုးစားရဦးမှာ မဟုတ်ပါလား။

"နှစ်ယောက်သား တိတ်လှချည်လား၊ ဘာဖြစ်ကြပြန်ပြီလဲ"

"ဘာမှမဖြစ်ပါဘူး မေမေ"

"ဆိုင်ပိတ်တော့မှာလား"

"ဟုတ်. . . နောက်တစ်ပတ်"

'သမီးက ဟို Hotel ကိုသွားဖြစ်လား"

"ဟုတ်ကဲ့ အန်တီမေ"

"ဒါကြောင့် သားမျက်နှာ လငပုပ်ဖမ်းနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . . မေမေကလည်း မဟုတ်တာ"

"စိတ်မချဘူး မဟုတ်လား"

"မေမေ"

"မှတ်ထား ညီမင်းညိုရဲ့၊ ဖူးစာထက် ဦးရာလူက ပိုလက်ဦးမှု ရ
တယ်"

"ဟာ!"

ညီ ပြုံးပြုံးပျာပျာဖြစ်သွားသလို ပန်ပါ အံ့ဩသွားရပါ၏။ ဘာကြ
လဲ၊ ဖွင့်မပြောဖြစ်အောင် နှုတ်စောင့်စည်းတတ်သည့် ညီ၊ အရိပ်ပြရုံး
ပါးနပ်စွာ ရှောင်ရှားတတ်သည့်ပန်၊ ဒီနှစ်ယောက်ကြားကို ပေါင်းကူးတံတား
ထိုးပေးချင်သူက အန်တီမေကိုယ်တိုင်ဖြစ်နေပြီလား။ မပြောပါနဲ့လား အန်
တီ၊ ကျေးဇူးတရားနဲ့ မေတ္တာစေတနာအရင်းခံကို ပကာတိအဖြူထည်သဏ္
သက်သာ ထာဝရရှိနေစေချင်လို့ပါလေ။

ဆိုင်ကို ခပ်စောစောမဖွင့်ဖြစ်တော့ဘဲ (၈)နာရီမှသာ စဖွင့်ဖြစ်ထာ
မို့ အန်တီမေပြင်ကျွေးသည့် မနက်စာကိုစားမိကာမှ မှားပြီထင်ပါရဲ့။ ထ
မပျက် ထမင်းကြော်စားနေပေမယ့် ညီက ငြိမ်မနေနိုင်တော့ဘဲ ခုံမှာ ရ
တိုးရွှတပုံ ဖြစ်လာလေ၏။ ဒီနေ့တော့ ဘယ်လိုမှရှောင်မရတော့ဘူး ထ
ပါရဲ့။

"သမီး. . . ပန်"

"ရှင်"

"အန်တီကတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာမျိုးပဲ ဖြ
စေချင်တယ်။ သမီးနားလည်တယ်မဟုတ်လား"

"ဟုတ်ကဲ့"





"မေမေ"

"ငြိမ်ငြိမ်နေစမ်းပါ၊ မင်းရှေ့နှုတ်ပိတ်နေလို့ အခုလို မေမေထုတ်
ပြောရတာ။ ညီမင်းညို. . . အချစ်မှာ မြုံစိစိလုပ်နေလို့မရဘူး၊ ပွင့်လင်း
ရတယ်။ ပြောရဲရတယ်ဟဲ့"

"သွားပါပြီဗျာ"

ညီက နဖူးကို ဖျတ်ခနဲရိုက်ကာ ညည်းလိုက်လေ၏။ အမေဖြစ်သူ
လှည့်ပေါက်တာကို ခံလိုက်ရတာမို့ ပြုံးလိုက်မိပါသည်။ ဒီကောင်လေး
ရှက်တတ်တာကို ပန်အသိဆုံးမဟုတ်ပါလား။ နှုတ်နည်းသည့်ပန်ထက်
စကားပိုတတ်တဲ့လူငယ်လေးက အခုမှ နှုတ်ပိတ်ထားရတယ်လို့။

"ဒီတော့ သမီးသဘော ဘယ်လိုဆိုတာ အမေသိချင်တယ် ပန်"

"ဟာ. . . မေမေ"

"စဉ်းစားပေးမယ် မဟုတ်လား သမီး"

"ဟုတ်ကဲ့"

"တွေ့လား. . . ဖွင့်ပြောတာ ဘာများခက်လို့လဲ၊ အလကားအချိန်
တွေကုန်တာ နှမြောစရာ။ ညံ့ပါ့ ညီမင်းညို"

"သွားမယ်. . . သွားမယ်. . . ပန်၊ ကြာရင် ငါ့တစ်ကိုယ်လုံး ထုပ္ပ
ပြီး လောင်ဖို့ပဲရှိတော့တယ်"

"ပန်. . . နောက်တော့ ညီ့ကိုပြောပါ့မယ် အန်တီ"

"အေးပါ၊ အမေက မလောပါဘူး သမီးရယ်"

နှစ်ယောက်သား အိမ်လေးထဲမှ ထွက်ခဲ့ကြ၏။ ဘေးမှယှဉ်မလျှောက်
ဘဲ ရှေ့မှ အလောတကြီးလျှောက်နေသည့်ညီကြောင့် မရယ်မိအောင် ထိန်း
နေရလေသည်။ ကလေးဆန်ပါ့နော်။ ယောက်ျားလေးဖြစ်ပြီး ညီမှုမျက်



www.burmeseclassic.com

www.burmeseclassic.com



နာပူစရာလား။ မိန်းကလေးဖြစ်တဲ့ပန်ကသာ ရှက်အားပိုရမှာလေ။ ပြောင်းပြန်ဖြစ်နေပါလား ညီရယ်။

"ညီ. . . ဖြည်းဖြည်းလျှောက်ပါဟဲ့"

"ရှစ်နာရီထိုးတော့မယ်. . . မြန်မြန်"

"ဆိုင်က ထွက်မပြေးပါဘူးဟယ်၊ အာ. . . ဘာလို့ရပ်လိုက်တာလဲ"

ရှေ့မှလျှောက်နေသည့်ညီက ရုတ်တရက်ခြေလှမ်းရပ်ကာ လှည့်လိုက်တာမို့ နောက်မှအမြန်လျှောက်လာသည့်ပန်က ညီ့ကို ဝင်တိုးမိတော့၏။ ရင်ဘတ်ကျယ်ထဲ ရောက်သွားပေမယ့် သတိရှိသူမို့ နောက်ကို ဗျာတစ်လှမ်းပြန်ဆုတ်လိုက်တာ မြန်မြန်ပါပဲ။

"ပန်"

"အင်း"

"နင်မပြောလည်း အဖြေကို ငါသိနေတယ်"

"ရော်. . . ကြံကြံဖန်ဖန်၊ ပန့်စိတ်ထဲဘာရှိလဲ သိတာကျနေတာပဲ"

"သိလို့ပြောတာပေါ့၊ ရွှီးတယ်များ ထင်နေလား"

"မထင်ပါဘူး၊ စိတ်ကိုလျှော့မှပေါ့ ညီရယ်"

"ငါဒေါသဖြစ်နေတာမှ မဟုတ်တာ"

"ထားပါတော့"

"ဘာထားပါလဲ"

လက်မောင်းကိုဆုပ်ကိုင်ကာ မေးဆတ်ပြလိုက်စဉ် ညီ အံ့သြသွား၏။ ရော်. . . ကားလမ်းကူးရတိုင်း လက်ချိတ်တတ်လေ့ရှိတာကို မေ့ပြီလား။ ကားလမ်းရှင်းတုန်း လမ်းကူးခွင့်ရမှာကို သိသိကြီးနဲ့ ဒီလူလေးကတော့လေ။





"မကိုင်နဲ့"

"ဟယ်၊ ဒါက ဘာဖြစ်ရပြန်တာလဲ"

"ငါ့အပေါ် ဘယ်လိုမှသဘောမထားနိုင်ရင် ငါ့အသားကို မထိနဲ့လို့ပြောတာ"

"ထိတော့ ဘာဖြစ်မှာလဲ"

"ပန်နော်"

"ရတယ်လေ၊ အသားမထိစေချင်ရင်လည်း ဖြစ်တာပဲ"

Platform ပေါ်မှ ကတ္တရာလမ်းထက် လူကူးမျဉ်းကြားပေါ် ဆင်းလိုက်စဉ် ကားဟွန်းသံတွေ ခပ်ကျယ်ကျယ်ထွက်လာလေ၏။ မီးပွိုင့်မနီသေးတာမို့ လမ်းကူးဖို့ အခွင့်သင့်မရှိသေးပါ။ ရုတ်တရက် ရောက်သွားသည့်ပန့်ကို ညီက အမြန်လှမ်းဆွဲလိုက်လေ၏။

"သေတော့မှာပဲ၊ ဘယ်လိုလုပ်လိုက်တာလဲ"

"လမ်းကူးတာလေ"

"ဒီလောက်ကားရှုပ်နေတာ ကူးလို့ရမလား"

"ရလို့ပဲ ကူးမလို့လေ၊ ရှင်ပဲ လူကိုရန်ရှာနေလို့ မီးက စိမ်းသွားတာ ပိုလိုက်လို့ပေါ့"

"ဘာ"

လက်မောင်းဆုပ်ကိုင်ထားတာကို ပန် ရုန်းလိုက်တော့ ညီ မခံချိ ဘာဖြစ်လေ၏။ စကားဆိုတာ ပြောတိုင်းကောင်းတာမျိုးမှ မဟုတ်တာ ညီ။ အသားမထိနဲ့ပြောရအောင် ပန်က. . . ပန်က. . . ညီနဲ့ မထိုက်တဲ့ မိဘမဲ့မို့ အဆင့်ခွဲပြလိုက်သလို ရင်ကိုစူးစေတာ ညီ မသိလေရော့လားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျစ် . . . နေဦးလေ"

"ရပြီ . . . ရပြီ"

"ပန်!"

ဒီတစ်ခါတော့ ပန့်လက်ဖျားကို ကျစ်ကျစ်ဆုပ်ကိုင်လျက် လမ်းလျှော
ဖြစ်လေ၏။ မျက်ဝန်းမှာ ရစ်ဝဲလာသည့်မျက်ရည်ကို အမြန်ပုတ်ခတ်သိမ်း
ဆည်းလိုက်ရပါသည်။ မျက်ရည်ကျတာ အရှုံးတဲ့။ လောကကြီးကို ဒူးထောက်
အရှုံးပေးဖို့တာ ပန့်အတွက် လုံးဝမရှိသင့်တဲ့အရာတစ်ခုပါပဲ။

"ပြောလိုက်ရင် သူ့စိတ်ချည်းပဲ"

"ပန်က ဘာဖြစ်နေလို့လဲ"

"ခုန ရှင်လို့သုံးလိုက်တယ်လေ"

"အဲဒီတော့"

"အဲဒါ ကောက်တာမဟုတ်လို့ ဘာလဲ"

"ဘယ်မှာကောက်လို့လဲ၊ ပြောင့်နေတာမှ မာတ်တိုင်လို ဖာစ်မြော
တည်းကိုများ"

"ပန်နော်"

ဆိုင်တံခါးကိုတွန်းဖွင့်လိုက်စဉ် မျက်နှာကို အပြုံးဖြင့် ပြင်လိုက်
ပါ၏။ ဆိုင်ထဲဝင်ရင် မင်္ဂလာရှိစေသည့်မျက်နှာဖြင့် ကြိုတင်ပြင်ဆင်ရ
မျိုးမဟုတ်ပါလား။ ချာတိတ်တွေကဖြင့် Cleaning လုပ်ပြီးနေပြီး Rea
ပင် ဖြစ်နေလေပြီ။

"ဟောဗျာ! မပန်တို့ စိတ်ကောက်လာကြတာလား"

"မဟုတ်ပါဘူး . . . ပေါက်ပေါက်ရှာရှာ"

နှုတ်မှငြင်းလိုက်သော်ငြား လက်မကို မသိမသာဖြင့် အနောက်





ညွှန်လိုက်တာမို့ ယံပိုင်တို့သဘောပေါက်လေ၏။ ကောက်နေတာက ညီပေ
တို့။ ပြုံးစိစိဖြစ်ကုန်တာမို့ ညီက ဘုကြည့်ကြည့်ကာ ချာတိတ်တွေကို
အသံတိတ် မာန်စောင်လေတော့သည်။ ကလေးတွေ မရယ်ရဲဘဲ ခေါင်းငုံ့
ဘာ ရှောင်ရတော့၏။

Breakfast Menu ကို White board အသေးလေးမှာ ရေး
ထိုက်ပြီး မီးသန့်ကို ချိတ်ခိုင်းလိုက်ပါ၏။ ပြီးနောက် ချက်ပြုတ် ကြော်
လှော်တာတို့ကို လုပ်ငန်းစရလေသည်။ ရောက်လာသည်က Morning
Exercise လုပ်ပြီးဝင်လာသည့် Foreigner တွေမို့ ပြင်ပေးရလွယ်ကူပါ
၏။ Local Guest တွေသာ ထမင်းနှင့်အစားအစာတွေကို စားလေ့ရှိတာ
တို့။

"မင်္ဂလာပါခင်ဗျာ"

မှန်တံခါးဖွင့်သံကြားရစဉ် မနက် (၉)နာရီခွဲနေပြီမို့ Breakfast
ရောင်းတဲ့အချိန်စေ့လေပြီ။ Counter မှာထိုင်နေသည့်ညီနှင့် Duty လဲ
ရန် ဆိုင်အတွင်းသို့ ပန်ဝင်လိုက်စဉ် မီးသန့်က အနားသို့ရောက်လာလေ
၏။ ညီက Lunch Time အတွက် ပြင်ဆင်ရတော့မှာလေ။

"မပန် . . . ခေါက်ဆွဲကြော် ရဦးမလားတဲ့"

"Breakfast Time ကုန်နေပြီလေ၊ မရတော့ဘူး ပြောလိုက်မှ
ပေါ့"

"ပြောပါတယ် အစ်မ၊ ဧည့်သည်က တောင်းဆိုနေလို့ပါ"

"ပစ္စည်းတွေက ဒီညနေမှရောက်မှာမို့ အဆင်သင့်မရှိဘူး မီးသန့်
ရဲ့၊ ဘယ်ဧည့်သည်လဲ"

"Table (3) မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်စဉ် မိန်းကလေးတစ်ဦးဖြစ်နေလေ၏။ လာနေကျဧည့်သည်မဟုတ်တာမို့ ဆိုင်စည်းကမ်းကို မသိပုံပါပဲ။ ဝင်လာသည့်ဧည့်သည်ကို ဘာမှမစားရဘဲ ပြန်လွှတ်တာမျိုး မဖြစ်စေချင်တာမို့ မိုးသန့်ကို တီးတိုးမှာလိုက်ရလေသည်။

"ရတယ်တဲ့ အစ်မ"

"ပြီးရော"

ပေါင်မုန့်ကြော်နှင့် Coffee ဖြစ်ဖြစ် ရမည်ပြောတာကို လက်ခံပေးတာမို့ Kitchen ထဲပြန်ဝင်ကာ ပြင်ဆင်ပေးရလေ၏။ ကြက်ဥကို သကြားအနည်းငယ်ဖြင့် မွှေခေါက်ကာ ပေါင်မုန့်နှစ်ချပ်ကို မွမွလေးဖြစ်အောင် ကြော်ပေးလိုက်ပါသည်။ ပန်းကန်ပြားထဲသို့ လှလှလေးဖြစ်အောင် ပြင်ကာ တင်ပေးစဉ် မိုးသန့်က ထပ်ပြောလိုက်လေ၏။

"Ice Coffee တဲ့ မပန်"

"ဘယ်လို"

ဧည့်သည်တွေတိုင်း ကော်ဖီပူပူသာ မှာတတ်ကြတာပါ။ နေ့လယ်နေပူချိန်မှာသာ အအေးသောက်လေ့ရှိတာမို့ ဒီအချိန် Ice-Coffee မှာသည့် ဧည့်သည်ကို ပန်သတိထားမိလိုက်လေ၏။ ဟိုတစ်ခါ သူနှင့်အတူထိုင်ခဲ့သည့် မိန်းကလေးဖြစ်နေပါလား။

ရေခဲသေတ္တာထဲမှ ရေခဲခွက်ကို ယူလိုက်ရပါ၏။ ညီဖျော်ပေးသည့်ကော်ဖီခွက်ကို လှမ်းယူကာ ရေခဲတုံးအနည်းငယ် ထည့်ပေးလိုက်ရလေသည်။ အမှန်က ကော်ဖီဘူးကိုအေးအောင်လုပ်ပြီးမှ ပေးရမှာပါ။ ဧည့်သည်စောင့်နေရမှာစိုးပြီး စေတနာဖြင့် အမြန်လုပ်ပေးလိုက်ခြင်းပါလေ။

"ထို့. . ."



လူရှင်းခါစအချိန်မို့ အစားအသောက်ကို ထွေးထုတ်လိုက်သံကျယ်ကျယ်ပါ။ ကောင်တာခုံမှာထိုင်ကာ စာရင်းစစ်ပေးနေရင်း လှမ်းကြည့်လိုက်စဉ် မိုးသန့်က ထိုမိန်းကလေးကို တရိုတသေဖြင့် တီးတိုးမေးနေလေ၏။ ဟန်ပန်က အတော်လေးကို ရိုင်းစိုင်းနေပုံမျိုးပါလား။

"အရသာမှ မရှိတာ၊ ဒါနဲ့များ နာမည်ကြီးတယ် ပြောကြတယ်။ ဘုံပါရဲ့"

"ဘာများ ပြန်ပြင်ပေးစေချင်ပါသလဲခင်ဗျာ"

"ကော်ဖီကလည်း ပေါ့ရွှတ်နေတာပဲ။ ဖြစ်သလိုလုပ်ပေးကြတာပေါ့လေ. . . ဟုတ်လား"

"အစ်မလေး အထင်မှားနေတာပါခင်ဗျာ"

"အထင်နဲ့ပြောနေတာမှမဟုတ်တာ၊ မျက်စိနဲ့မြင်ပြီး လက်တွေ့ကျကျ ပြောနေတာကွ"

"ဘာဖြစ်တာလဲ မိုးသန့်"

ပန် ငြိမ်မနေနိုင်တော့တာမို့ စားပွဲရှိရာဆီ လျှောက်ခဲ့ပါ၏။ ဒီလို အစားတာမျိုးမဟုတ်ဘဲ တမင်တကာ ပြဿနာလာရှာလေသလား။ ဆိုင်မှာ ဤသို့တစ်ကြိမ်မှမဖြစ်သေးဖူးတာမို့ ပြဿနာမကြီးစေရန် ရှင်းပေးရမှာလေ။ ယောကျ်ားလေးတွေ စိတ်ဆတ်တတ်ကြတာမို့ ပန်က စိတ်ရှည်ရှည်ရမှာပါ။

"ဘာများဖြစ်လို့ပါလဲ"

"အစားအသောက်တွေက Quality မှ မမီတာ"

"ဒါဖြင့် ကျွန်မ အသစ်ထပ်ပြင်ပေးပါ့မယ်"

"မလိုပါဘူး၊ ထပ်ရောက်လာလည်း အရသာရှိမှာမှ မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုဖြစ်စေချင်လဲ ပြောဗျာ'

"မိုးသန့်"

"ရှိင်းလိုက်ဘာ"

"ရှိင်းတာက ခင်ဗျားဗျ"

"ဘာ. . . ကဲ! "

အဖြစ်အပျက်က မြန်လွန်းလေ၏။ ထင်မထားတာမို့ ရှောင်ချိန်ပင် မရလိုက်ပါလေ။ မိုးသန့်တစ်ခုခုလုပ်မှာကိုသာ စိုးရိမ်နေတာမို့ မိုးသန့်ရှေ့ ရပ်လိုက်မိသည်က အမှားပါပဲ။ အင်္ကျီအဖြူ(Uniform) ပေါ် ပေကျံသွား သည့်ကော်ဖီနှင့် ပေါင်မုန့်ကြော်အပိုင်းအစများ။ ဒေါသထွက်ဖို့ထက် အံ့ဩ မှုက ပိုနေတာမို့ ရုတ်တရက် ကြောင်ရပ်နေမိလေ၏။

❁❁❁



## အခန်း ( ၁၈ )

"ဟာ! ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

"Customer ကို ဒီလိုဆက်ဆံရမယ်လို့ နင်တို့ကိုသင်ပေးထား သလား။ တောက်! အဆင့်အတန်းကိုမရှိဘူး"

"ခင်ဗျား. . . ခင်ဗျား"

"မိုးသန့်. . . အသာနေစမ်း"

"ဒီမိန်းမ အတော်လွန်နေပြီ မပန်ရ"

"ဘယ်သူကပိုပြီး အဆင့်အတန်းမရှိတာလဲ ခင်မိမိဖော်"

"ဟင်! "

နောက်နားမှရောက်လာသည့် VTCTORIA Hotel GM ကြောင့် ပန် ရင်ထိတ်သွားရပါ၏။ အမျိုးသမီးလေးက ပထမ အံ့ဩဟန်ပြလိုက် ပြီး မျက်နှာကို ချက်ချင်းပြင်လိုက်လေသည်။ အများအမြင်မှာ ဝန်ထမ်း နှင့် Customer ပြဿနာဖြစ်ရင် Customer ကိုသာ ဦးစားပေးပြီး အလျှော့ပေးရမှာ မမှတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဒီမှာလေ. . . မို့ကို ဆိုင်ဝန်ထမ်းတွေ မချေမငံဆက်ဆံနေကြလို့ ကူပြောပေးပါဦး"

ကြည့်စမ်း! လွန်တဲ့သူက ကြိုပြီးတိုင်ရတယ်လို့။ မိုးသန့်က ညစ်ပတ်နေတာတွေကို သန့်ရှင်းစေရန် လုပ်နေလေ၏။ သူမက GM ၏လက်မောင်းကို ခပ်ပိုင်ပိုင်ဟန်ဖြင့်ချိတ်ကာ မတ်တပ်ရပ်နေလေသည်။ ဘယ်လိုမိန်းကလေးပါလဲ။ သူတစ်ပါးဆိုင်မှာ ပြဿနာရှာပြီး တောင်းပန်စကားမပြောတာတောင်မှ ပိုပြီးကိစ္စကြီးအောင် လုပ်ချင်ရတယ်လို့။

ပန် အတော်စိတ်ပျက်သွားရတာပါ။ လေးလေးကိုယ်တိုင် ဆိုင်ကိစ္စရှင်းလင်းပြီး စာချုပ်မှာ လက်မှတ်ထိုးပြီးနေပါပြီ။ ပန်တို့ဆိုင်မှာက စားသောက်တဲ့ဖောက်သည်တွေရှိနေတာမို့ 'ကိုကျော်နန္ဒ. . . အဲ! မဟုတ်သေးပါဘူး၊ ဦးကျော်နန္ဒက ပန်တို့ကိုအခွင့်အရေးပေးထားတဲ့ကာလ နှစ်ပတ်သာ ရှိနေတာလေ။ ဆိုင်ဖျက်သိမ်းတဲ့ကိစ္စနှင့်အတူ ပန်က VICTORIA Hotel မှာ အလုပ်ဝင်တော့မယ့်သတင်းကို စားသောက်သူတိုင်း Waiter တွေက ပြောပေးနေတာပါ။

အခု ဒီနေ့မှ ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိသည့် မိန်းကလေးက ပန်တို့ဝန်ထမ်းအလုပ်သမားတွေကို မျက်နှာပျက်ပြီး အရှက်ရစေသလို ဖောက်သည်တွေ စိတ်ခုပြီး ပန့်နာမည်ပျက်စေအောင် လာလုပ်ပြရပါသလဲ။ ဘာအမြီးအတေး ဘာရန်စ မိုးပွားမှုမရှိထားပါလျက် ဤကိစ္စဖန်တီးတာ အတော့်ကို အံ့ဩစရာဖြစ်နေတာပါလေ။

"ဒီမိန်းမက အတော်ရိုင်းပြတယ် ကိုကို၊ မြင်တယ်မဟုတ်လား"

နှုတ်ခမ်းအတွင်းသားကို အသာကိုက်လိုက်မိပါ၏။ ပါးစပ်ရှိတာနဲ့ စကားကိုလိမ်ညာပြောတတ်ရတယ်လို့။ ပန်က မိန်းကလေးဖြစ်ပေမယ့်





မိန်းမဆန်ဆန် တဖွဲ့တနွဲ့သိကုံးမပြောတတ်ပါချေ။ ဒီကောင်မလေး ပြောသလိုမျိုး နှုတ်ခမ်းတလန်ပန်းတလန် ပြောတာက ရှက်စရာမဟုတ်ပါလား။

သူက ခင်မီမီဇော်၏လက်ကို ဖြုတ်ချလိုက်ပါ၏။ ကြည့်ပါဦး၊ သူ့ရဲ့ပန် အဘယ်မျှ အရှက်ရနေပါသလဲ။ နှုတ်က ထုတ်မပြောသော်ငြား မျက်ဝန်းများမှတစ်ဆင့် နာကျင်ရိပ်ကို မြင်နေတာပါလေ။ အတော့်ကို ဣန္ဒြေပျက်စရာအဖြစ်ပါပဲ။ တကယ်တမ်း အဆင့်အတန်းမရှိသူက သူ့ဘေးနားမှာ ပူးပူးကပ်ကပ်ရပ်နေသည့် ခင်မီမီဇော်သာ အမှန်ပါလေ။ ဘယ်လိုဖြစ်ပြီး သူတစ်ပါးအပေါ်ကို အပြစ်တွေ ပုံချချင်တာပါလိမ့်။

"ပန်သစ္စာကို တောင်းပန်လိုက်ပါ ခင်မီမီဇော်"

"ဟင်"

"နေပါစေ. . . ကိစ္စမရှိပါဘူး"

"လွန်တဲ့သူက ဝန်ခံရမှာပေါ့ ခင်မီမီဇော်၊ ကိုယ်ပြောတဲ့အတိုင်း ပြောလိုက်ပါ"

"အို! မိမှမလွန်တာ၊ ဘာလို့တောင်းပန်ရမှာလဲ။ လူဆိုတာ ကိုယ် ဘယ်အဆင့်မှန်း သိရတယ်ကိုကိုရဲ့"

"ကျစ်. . . မင်းအတော်ခေါင်းမာတဲ့ မိန်းကလေးပါလား၊ မင်း ဘယ်လောက်လွန်သလဲဆိုတာ ဒီလောက်သက်သေနဲ့တကွ မြင်သာနေတာလေ။ ဒီမှာ ဘာဖြစ်နေလဲ မြင်တယ်မဟုတ်လား"

"ဒါက မို့ကို လောကဝတ်မကျေဘဲ စေတနာမပါသလို လုပ်ပေးတာကိုး ကိုကိုရဲ့။ မို့စိတ်ကို ဒီလိုလာဆွလို့ ရမယ်များထင်နေသလား"

"ခင်မီမီဇော်"

သူ အတော့်ကို စိတ်ပျက်မိပါ၏။ ဘယ်လိုမိန်းကလေးပါလဲ။ အဆင့်

www.burmeseclassic.com



အတန်းဆိုပြီး ခေါင်းစဉ်ခွဲပြချင်တဲ့လူက လုံးဝအဆင့်မရှိသလို လုပ်ရပ်မျိုး ကို လုပ်ပြနေတာ မဟုတ်ပါလား။ ဦးခင်ဇော်ရဲ့သမီးဟု ဘယ်လိုမှ မထင် စရာ။

"ကိုကိုက မှီဘက်ကို လိုက်ပြောရမှာပေါ့။ ဒီလိုအလုပ်သမားတွေ ဘက်က ပြောပေးစရာလား"

"ဟာ! မင်းလွန်နေလို့ ပြောနေတာ ခင်မီမီဇော်ရဲ့။ မင်း ဘယ်လို မိန်းကလေးလဲ"

"ပြောရမှာလား။ ကိုကိုနဲ့လက်ထပ်မယ့် မိန်းကလေးလေ"

အလို! ပြောမှပဲ ပိုဆိုးတော့တာပါလား။ သူ့လက်မောင်းကိုခွဲကာ မျက်နှာကို ပင့်မော့ထားဟန်က ရိုက်ချင်စရာပါလေ။ ငါနော်. . . MD မျက်နှာရှိနေလို့ တော်ရုံဘာမှမပြောဖြစ်တဲ့ သည်းခံနေတာကို အဟုတ်မှတ် နေပုံပါလား။ ပန့်ကို ဖျတ်ခနဲကြည့်လိုက်ပေမယ့် မျက်နှာအမူအရာ ဘာမှမဖြစ်သလို အေးအေးဆေးဆေးမို့ သူစိတ်အေးသွားရပါ၏။ တော် ပါသေးရဲ့။

"ကိုယ်ကပဲ သူ့ကိုယ်စား ပန်သစ္စာကို တောင်းပန်ပါတယ်"

"ရပါတယ်"

"ကျစ်! ကိုကိုကလည်းကွာ"

"မင်း မတောင်းပန်လို့ ကိုယ်တောင်းပန်ပေးတာကို သိတတ်မှပေါ့ အန်ကယ့်မျက်နှာရှိနေလို့ မင်းကိုသည်းခံပေးနေတာနော်"

"အဲဒါကြောင့် တောင်းပန်ဖို့မလိုဘူးလို့ ပြောနေတာပေါ့ ကိုကိုရဲ့"

"ဟာ. . . မင်း"

"ဦးခင်ဇော်နဲ့ ဒေါ်ခင်သီတာရဲ့ တစ်ဦးတည်းသောသမီးက ဒီ





အောက်တန်းစားအဆင့်ကို ဘာမှအောက်ကျို့ တောင်းပန်စရာမလိုပါဘူး"

"ခင်မီမီဇော်"

ပန့်ခေါင်းထဲ မိုးကြိုးပစ်ချလိုက်သည့်နှယ်ပါ။ ဘုရားရေ! ဦးခင်ဇော် နဲ့ ဒေါ်ခင်သီတာတဲ့လား။ ဒါဖြင့် မေမေ့ကို အိမ်ပေါ်ကဆင်းစေပြီး ဖေဖေ နဲ့ကွဲအောင် လုပ်ခဲ့တဲ့ တီတီ့သမီးပေါ့။ ဒါဆို ပန့်ညီမလေးပေါ့လေ။ ထူး ခြားဆန်းကြယ်လေစွ။ မေမေပြောခဲ့တဲ့အတိုင်း ဒီနာမည်တွေကို မေ့တန် သလောက် မေ့နိုင်ခဲ့ပါလျက် အခုတော့ဖြင့် အနားသို့ကြားအောင် ရောက် လာတာပါလား။

"မင်းတော်တော်လွန်နေပြီ"

"ကိုကို"

"မင်းဆီမှာ ဒီလိုစိတ်ဓာတ်မျိုး ရှိနေတာ အံ့ဩလို့မဆုံးဘူး။ ဒီဆိုင် ကို ကိုယ်ဝယ်ထားတာပါ ခင်မီမီဇော်"

"ဘာရယ်"

"ဆိုင်ဝန်ထမ်းတွေကို ကာကွယ်ပေးဖို့က ကိုယ့်တာဝန်ပဲ။ ဘယ်သူ့ စိမ်းကိုမှ ဘက်လိုက်တာမျိုးမဟုတ်ဘူး"

ပန့်ခြေလှမ်းကို နောက်သို့အနည်းငယ်မျှ ရွှေ့လိုက်ပါ၏။ တော်သင့် ပါပြီ။ ရှေ့လျှောက် ဒီလိုလူတွေနဲ့မပတ်သက်မိအောင် နေသင့်တာ မဟုတ် ပါလား။ အထူးသဖြင့် ငွေရှိတဲ့လူတွေရဲ့ ငွေဂုဏ်မောက်ပြီး ငွေနံ့နံနေတဲ့ အရိပ်အောက်က လွတ်မြောက်အောင် ရုန်းထွက်ချင်တာ အမှန်ပါ။

အတိတ်ကို အတိတ်မှာပဲ ပြည်ဖုံးကားချထားပြီးခဲ့ပြီမို့ မမြင်ချင်တဲ့ မျက်နှာကို မကြည့်ပါရစေနဲ့လား။ 'ခြေနှစ်ချောင်းလည်း မကာယ်နဲ့ နား နှက်တိုလည်း မကာယ်နဲ့'လို့ ဆိုရိုးရှိပေမယ့် တစ်ခါကပေးတဲ့မေမေက ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



အတိရောက်ခဲ့ရတာပါလေ။ သို့သော် ပန့်တို့သားအမိကို ကယ်တဲ့ ညီ
သားအမိကဖြင့် သုခသာ ခံစားရတာ မဟုတ်ပါလား။

လူချင်းတူသော်ငြား အသက်ရှူပုံမတူတာမျိုး ဖြစ်မယ်ထင်ပါရဲ့

"ခဏလေး. . . ပန့်"

သူက ပန့်သွားမှာကို မြင်လိုက်တာမို့ လှမ်းတားလိုက်လေ၏။ ကိုယ်
က နီးစပ်နိုင်ဖို့ ကြိုးစားနေတာကို ဘာမဟုတ်တဲ့ကိစ္စနဲ့ မပျက်ပါရစေ
လား ပန့်သစ္စာ။ မိဘတွေ (အထူးသဖြင့်) မေမေစီစဉ်ပေးတာ ဖြစ်ပေမယ့်
ဒီကိစ္စကို ကိုယ်က လိုလားစွာ လက်သင့်ခံတာမှမဟုတ်ဘဲ။

"ကိုကို"

"တဆိတ်. . . အဲဒီအသုံးအနှုန်းမျိုး မသုံးပါနဲ့ ခင်မိမိဇော်"

"ဘယ်လို"

"မင်းနဲ့ကိုယ်က ဒီလိုခေါ်ဝေါ်ရလောက်တဲ့အထိ မရင်းနှီးတာ မ
အသိပါ"

"အို! မိနဲ့ကိုကို့ကို အိမ်ကသဘောတူထားပါတယ်ဆိုမှ ခေါ်
ဘာဖြစ်လဲ။ ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ကိုကို. . . ကိုကို"

"ကျစ်!"

"အကျီလွှားလဲလိုက်ပါ. . . ပန့်"

"အင်း"

အနီးသို့ရောက်လာသည့်လူငယ်ကြောင့် သူ တော်တော်ညစ်
ရပြန်ပါ၏။ အတားအဆီးတွေက များပ့ါ ပန့်သစ္စာ။ ဒီ 'ညီ'ဆိုတဲ့ချာ
ကို မင်းနဲ့ဝေးအောင် ဘယ်လိုများလုပ်ရပ့ါမလဲ။ အကြည့်တွေ ရင်း
တာ၊ အပြုံးတွေ ဖလှယ်ကြတာ၊ အခေါ်အဝေါ်တွေ လေးနက်လွှ





လေသံပျော့ နွေးထွေးလွန်းနေတာ အားလုံး အားလုံးကို ကိုယ် မနာလိုတာ
အမှန်ပါ။

"ကိုယ် သူနဲ့ပြောတာ မပြီးသေးဘူး"

"ပန့်က လူကြီးမင်းရဲ့ဝန်ထမ်းမှ မဟုတ်သေးဘဲဗျ။ ဒီလောက်
အနေခက်နေတာ သွားသင့်ပါပြီ"

"ပြဿနာကို ပိုကြီးအောင် မလုပ်ချင်ပါနဲ့လား"

"ခင်ဗျားအရှုပ်ထုပ်ကို ခင်ဗျားဘာသာ ကြည့်ရှင်းပေ့ါဗျ"

"ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲလေ"

မထီသလိုဟန်ဖြင့် ပြောနေသည့်လူငယ်ကြောင့် ဒေါသကို သူချုပ်
ထိန်းနေရပါ၏။ ကိုယ်က လူကြီးလူကောင်းဖြစ်ပြီး လူငယ်နှင့်ယှဉ်ပြောနေ
ရင် သိက္ခာတရားကို ငဲ့ရဦးမှာကိုး။ ပန့်က သူတို့နှစ်ဦးပြောဆိုတာကို စိုး
ရိမ်စိတ်ဖြင့် လူငယ်လေး၏လက်ကို ဆွဲထားသေးတာက သူ့စိတ်ကို ပိုဆွ
နေသလိုနှယ် ခံရခက်လှပါ၏။

"မင်း. . . စကားကို ဆင်ခြင်ပြောပါ"

"ကျွန်တော့်စကားထဲမှာ ရိုင်းတာပါသွားရင် Sorry... ဗျာ၊ ဒါပေ
မဲ့ လူကြီးမင်းတို့ လူကုံထံတွေလုပ်ပုံက သိပ်မှမဟုတ်တာကိုး။ အေးအေး
လူလူ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေကို လာပြီးပြဿနာရှာတာတော့
လွန်လွန်းပါတယ်။ ကိုယ့်အိမ်က လက်တိုလက်တောင်းခိုင်းတဲ့ အိမ်စေလို
သဘောမျိုးနဲ့ လာဟောက်တာကို လက်ပိုက်ကြည့်မနေနိုင်ဘူးဗျ"

"ဘာ!"

"ညီ. . . တော်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မတော်နိုင်ဘူး ပန်၊ ပြောစရာရှိတာ ပြတ်ပြတ်သားသားပြော ဖြစ်မှာ။ ဒီမယ် အမိ! ပန့်ကို ခင်ဗျားတောင်းပန်ပါ"

"ညီ"

"ကိုယ် ကြားထဲက တောင်းပန်ပြီးပါပြီ"

"ကာယကံရှင်က စကားမပြောတတ်ဘဲ 'အ'နေလို့ လူစားပြော ပေးတာပေါ့လေ"

"ဘာရှင့် . . . ရှင်မိုက်ရိုင်းလှချည်လား"

"ရိုင်းတာက ခင်ဗျားဗျ၊ ဒီအချိန်ရောင်းနေကျပစ္စည်းမရှိမှန်း စား သုံးသူတွေ အကုန်သိတယ်။ အဲဒါကို မရမက မှာရုံနဲ့မလုံလောက်ဘဲ မဖွယ်မရာတွေလုပ်ပြီး ပြဿနာစရှာတာ ခင်ဗျား။ အဆိုးဆုံးက ကိုယ် လက်ရောက် ပြစ်မှုကျူးလွန်လိုက်တာပဲ။ ဒီလိုလုပ်ရပ်မျိုးကို ဘယ်မိကောင်း ဖခင်သားသမီးမျိုးကမှ မလုပ်တတ်တာ ခင်ဗျားသိသင့်တယ်"

"ဘာ! "

"ညီ . . . တော်တော့လို့ဆိုနေ"

ညီ့အပြောကြောင့် ညီ့ကိုတစ်ခုခုလုပ်ရန် ရွယ်လိုက်သဖြင့် သူက ခင်မီမီဇော်ကို အမြန်ဆွဲထားလိုက်ရလေ၏။ ဈော်! ခက်တော့တာပါပဲ။ တစ် ဖက်က နစ်နာလို့ ထောက်ပြတာက အမှန်ဖြစ်နေတာ မဟုတ်ပါလား။ နောက်ဆုတ်သင့်ပေပြီ။ ပန်က ချာတိတ်ရှေ့မှာ ဝင်ရပ်လိုက်တာက သူ့ကို ပိုအံ့အားသင့်စေပါ၏။ အလို! ပန်က . . . ပန်သစ္စာက ဤလူငယ်လေး တစ်ခုခုဖြစ်မှာကို မလိုလားသလို ကာကွယ်နေပါရောလား။

ဘာတွေဖြစ်ကုန်ပါလိမ့်။ ဘယ်လိုမှမရည်ရွယ်ပါဘဲ ဒီလိုတွေဖြစ် ကုန်တာလေ။ ခင်မီမီဇော်၊ အတော့်ကိုမွှေတဲ့ မီးခဲပါပဲလား။ သူနှင့်ပန့်ကြား





ကို ရှုပ်ထွေးမှုတွေ ဖြစ်စေအောင် ဖန်တီးချင်ရတယ်လို့။

"အားလုံးအတွက် ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်"

"မလိုပါဘူး။ စာချုပ်အရ လကုန်မှ ဆိုင်ပိတ်မှာဖြစ်ပေမယ့် ဒီညနေ ပဲ ဆိုင်ကိုအပြီးပိတ်လိုက်ပါမယ် ဦးကျော်နန္ဒ"

"အဲဒီလောက်ထိ"

"နောက်လည်းပိတ်မယ့်အတူတူ စောတာနဲ့ နောက်ကျတာပဲ ကွာ သွားတာပါ။ ဆိုင်ကို ပြဿနာအရှာခံရတာထက် ကျွန်တော့်ပန်ကို လာထိ တာက ပိုပြီးနာကျင်ရလို့ပါ။ စာနာတတ်သူချင်းပဲ နားလည်နိုင်မှာပါဗျာ။ လာ . . . ပန်"

သူမလက်ကောက်ဝတ်ကို ဆွဲခေါ်သွားတာမို့ ငေးကြည့် ကျန်ရစ် ခဲ့ရပါ၏။ နှလုံးသားဆီမှ တစစ်စစ် နာကျင်လာတာကို သူ့ကိုယ်တိုင် ခံစားသိရှိနေရတာပါ။ ပိုင်စိုးပိုင်နင်းနိုင်လှချည်လား။ ပန်ကလည်း အနည်း အကျဉ်းမျှပင် မရုန်းဖယ်ပါလား။ ဒီလိုရင်းနှီးမှုပိုလွန်းတဲ့အခွင့်မျိုး ဒီလူ ငယ်ကို ပေးရသတဲ့လား။

ပန်သစ္စာ! ကိုယ့်ကိုရင်မောအောင် မလုပ်ချင်ပါနဲ့။ စတွေ့ကတည်း က ရင်ခုန်သံကို တဒိတ်ဒိတ်မြန်စေတဲ့ မိန်းကလေး။ သေးတစောင်းအနေ အထားသာ မြင်ခွင့်ရခဲ့ပေမယ့် အဲဒီပုံရိပ်လေးက မျက်ဝန်းထဲမှာရော အာရုံတွင်းမှာပါ ငြိတွယ်နေမိခဲ့ရတာလေ။ မြင်လျှင်မြင်ချင်း စွဲလန်းမက် မောရခြင်းကို မည်သို့ခေါ်ဆိုပါမည်နည်း။

အချစ်ဆိုတဲ့ နူးညံ့သိမ်မွေ့သည့်အရာကို ကိုယ်ခံစားရသလိုမျိုး ခင်းရင်ထဲမှာပါ ဖြစ်တည်ခွင့်ရှိပါစေလား . . . ပန်သစ္စာရယ်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

## 'VICTORIA HOTEL'

ဟိုတယ်ဆိုင်းဘုတ်ကို တစ်ချက်မော့ကြည့်ကာ Hotel တွင်းသို့ ဝင်လိုက်ပါ၏။ နံနက် (၉)နာရီကျော်ပြီမို့ GM ရောက်လုပြီထင်ပါသည်။ အိမ်မှာ တစ်ပတ်ခန့် နားနေပြီး၊ ညီတို့သားအမိနှင့် အတော်လေး ဆွေးနွေးလိုက်ရတာမဟုတ်ပါလား။ ကိုယ်ပိုင်ဆိုင်သေးလေး ဖွင့်နိုင်ဖို့ ခွန်အားက နည်းသေးလို့ပါ။

နောက်ဆုံးတော့ အနည်းဆုံးတစ်နှစ် အများဆုံး သုံးနှစ် ဒီ Hotel မှာ လုပ်ဖြစ်ရန် ဆုံးဖြတ်ချက် ချလိုက်ရပါ၏။ လုပ်ငန်းအတွေ့အကြုံ ရှိစေရန် လေ့လာ ဆည်းပူးစရာတွေ အများကြီး လိုနေဦးမည် မဟုတ်ပါလား။ စိတ်မချလက်မချဖြင့် မျက်နှာစူပုပ်ကာ လိုက်လျှောပေးရသည့်ညီကို အတော်နားဝင်အောင် ဖြောင်းဖျရသေးတာပါလေ။

“မင်္ဂလာပါရှင်၊ ဘာများအကူအညီပေးရပါ့မလဲ. . . အမိန့်ရှိပါ”

“Hotel GM.... နဲ့တွေ့ဖို့ပါ”





“ရှင်”

“ဪ. . . ဦးကျော်နန္ဒနဲ့ တွေ့စရာရှိလို့ပါ”

“ကြိုတင်ချိန်းဆိုထားပါသလားရှင်”

“အဲ. . .”

ပန် ရုတ်တရက် လန့်သွားရပါ၏။ ဟုတ်သားပဲ၊ ဒီလာမယ်ဆိုတာကို သူ့ဆီ Phone ဆက်ထားသင့်တာလေ။ မေ့တတ်ပုံ ပန်သစ္စာ၊ ဘယ်တော့မဆို စည်းစနစ်တကျ လုပ်လေ့ရှိပါလျက် အရေးကြီးတာကိုမှ မေ့ထားရတယ်လို့။

“အဲဒါတော့ မရှိပါဘူး”

“ဒါဆိုရင်တော့ စောင့်ရပါမယ်ရှင်၊ GM မှာတွေ့ရမယ့်ဧည့်သည် List က တန်းစီနေလို့ပါ။ ကျေးဇူးပြုပြီး ဧည့်ဆောင်မှာ စောင့်ပေးပါနော်”

ခေါင်းကိုသာ ညိတ်ပြလိုက်ရပါ၏။ ဘယ်တတ်နိုင်ပါ့မလဲ၊ Reception မှာတင် အထဲဝင်ဖို့ နောက်ကောက်ကျရပေပြီ။ Phone ထဲမှာ သူ့နံပါတ်ရိုက်မထည့်ထားတာကိုက မှားနေပြီမဟုတ်ပါလား။ ညံ့ပါ ပန်သစ္စာ၊ Phone ကိုဖွင့်ကာ နံပါတ်စဉ်စစ်ရင်း ဆက်တိတွေရှိရာသို့လျှောက်လာလိုက်ပါ၏။ မတွေ့တာမှ အဟုတ်ကိုရှိမနေပါလေ။

“ရောက်နေပြီလား”

“အမယ်လေး!”

ပန့်ရှေ့မှာ ပိတ်ရပ်ကာ မေးလိုက်တာမို့ ရုတ်တရက်လန့်သွားရပါ၏။ လက်ထဲကိုင်လာသည့် ပန့် Phone က လျှောခနဲ ကြွေပြားခင်း သံမံတလင်းထက် ပြုတ်ကျကာ ခွပ်ခနဲကွဲလျက် ပြုတ်ထွက်သွားလေသည်။ သွားပါပြီ၊ ရှိစုမဲ့စုခြိုးခြံပြီး ဝယ်ထားတာလေးတော့ အနိစ္စသဘောနဲ့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ချောပါရောလား။

"Sorry!... လန့်သွားလား"

"ရုတ်တရက်မို့ပါ"

"နေနေ... မလုပ်နဲ့လေ၊ လက်ရှုလိမ့်မယ်"

"ဖျောက်! ဖျောက်!"

သူလက်ဖျောက်တီးလိုက်စဉ် အလုပ်သမားလေး အပြေးရောက်လာလေ၏။ Phone အကွဲအစတွေကို သေချာလှည်းကျင်းကောက်စေသလို ပန်နဲ့ Sim card ကို Phone ထဲမှ ယူလိုက်လေသည်။

"သွားကြမယ်လေ"

"ဟင်... ဘယ်ကိုလဲ"

"ရုံးခန်းပေါ့၊ အလုပ်လျှောက်ဖို့လာတာ မဟုတ်ဘူးလား"

"ဟုတ်... ဒါပေမဲ့ receptionist က စောင့်ရမှာတဲ့"

"လူကိုယ်တိုင်တွေ့နေတာ စောင့်စရာလား။ ပန်က အဲဒီလိုစောင့်ရမယ့်လူမှ မဟုတ်တာ"

"ဘယ်လို"

"VIP... လေ၊ လာ..."

အမယ်လေးလေ... စေတနာတွေ ရေစီးကမ်းပြိုသလို လုပ်ပြနေပါရောလား။ ဒီ GM တော့ ဒီနေ့ ဘာအဆင်ပြေလို့ သဘောမနောကောင်းပြနေတာပါလိမ့်။ Lift ရှိရာဆီ ခေါ်လာတာမို့ သူ့နောက်မှ လိုက်ခဲ့ရပါ၏။ Hotel ဝန်ထမ်းတွေနှင့်တိုးတိုင်း ဦးညွှတ်နှုတ်ခွန်းဆက်ကြတာကို ပန်စိတ်အိုက်လှပါသည်။ ပန်လည်း ထိုသို့လုပ်ရမှာပါလား။

"ဘာတွေစဉ်းစားနေတာလဲ"





"ဟင်... မဟုတ်ပါဘူး"

တခြားဝန်ထမ်းတွေက သူနှင့်ပန်စီးမည့် Lift ထဲ လိုက်မစီးသဖြင့် ဓာတ်လှေကားထဲမှာ နှစ်ယောက်တည်း ချောင်ချိနေပါသည်။ နောက်ဘက်မှတန်းကို လှမ်းကိုင်မိစဉ် သူပြုံးလိုက်တာကို မြင်လိုက်ရလေ၏။ ပန်က လေလုံသည့်နေရာမျိုးမှာ အသက်ရှူကျပ်တတ်လို့ပါလေ။

"ကြောက်လို့လား"

"ဟင့်အင်း"

မရယ်မိအောင် အတော်ကြိုးစားနေရခြင်းပါ။ လောကကြီး အဘယ်မျှ ဆန်းကြယ်လွန်းပါသလဲ။ ဦးခင်ဇော်၏တစ်ဦးတည်းသောသမီး 'ပန်းချစ်သူ' ခေါ် 'ပန်ပန်'၏လည်ကုပ်နားမှာ မှည့်နက်လေး ရှိနေပါတယ်တဲ့။ အဖေဖြစ်သူ ကျိတ်ရှာနေသည့်မိန်းကလေးက သူ့ထံကို တန်းတန်းမတ်မတ်ကြီးကို ရောက်လာတာပါလေ။ 'ကျွန်တော်ကိုယ်တိုင် ခေါ်လာမယ်' ဟု ကတိပေးစဉ်က အံ့ဩတုန်လှုပ်စွာ ကြည့်နေပါသည့် MD ကြီး၏မျက်ဝန်းမှာ ဝမ်းသာမျက်ရည်တို့ အပြည့်နှင့်ပါလေ။

ကံတရားက ဘာပဲဖြစ်ဖြစ် သူ့ကို မျက်နှာသာပေးမည်ထင်ပါ၏။ အဖေချင်း ဒီလောက်ရင်းနှီးနေတာ၊ မေမေကလည်း ခင်မီမီဇော်၏အကျင့်ကို သိနေပြီမို့ ငြိမ်နေတာ၊ သူကိုယ်တိုင် ဤမိန်းကလေးအပေါ် စိတ်ဝင်စားမှုရှိနေမှန်း သိကုန်တာ၊ စသည်တို့ကိုစဉ်းမိပါက ကျော်နန္ဒရင်ထဲကို အရှင်းသား မြင်နိုင်တာပါလေ။

"ထိုင်ပါ၊ CV Form ပါတယ်မဟုတ်လား"

"ဟင့်အင်း"

ကောင်းရော၊ အလုပ်လာလျှောက်တဲ့လူက ဘာစာရွက်စာတမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



ယူမလာဘူးတဲ့လေ။ ကောင်းပါရဲ့ 'ပန်သစ္စာ'၊ ကိုယ်ကလည်း မင်းကိုအလုပ် ခန့်တာထက် ပိုပြီးအရေးကြီးတာကိုပဲ လုပ်ပြချင်တာပါ။ လွယ်လင့်တကူ လက်သင့်ခံပေးနိုင်ပ့ါမလား။ သံသယမရှိချင်ပေမယ့် အနှစ် (၂၀)ကျော် ခွဲခွာခဲ့ရတဲ့သားအဖ သံယောဇဉ်ကြိုးက တည်းတည်းလေးသာ ရှိတော့မှာ လေ။

သွေးကသာ စကားပြောတတ်မှာပေါ့။ ပြန်တွေ့ကြတဲ့အချိန်မှာ အကြည့်စိမ်းစိမ်းမျက်ဝန်းမျိုးနဲ့ အေးစက်စက်အခြေအနေကို ကြုံတွက်ဆ ထားရတာပါ။ အန်ကယ်ကတော့ မျှော်လင့်ချက်တွေ တပွေ့တပိုက်ကြီးနဲ့ စောင့်စားနေတာ မဟုတ်လား။ ငယ်နုသည့်စိတ်နဲ့ ဖခင်ကိုစိတ်နာပြီး အမုန်း တရားတွေ ရှိနေရင်လည်း ထားပါတော့။ စိတ်ရှည်စွာ ဖခင်က စောင့်ပေး ဦးမှာပါ။ သို့သော် အဲဒီအမုန်းမီးပွားတွေက ဘေးမှာရှိနေသည့်သူ့အပေါ် မလွင့်စင်ပါစေနဲ့လား ပန်သစ္စာ။

"ဒါဖြင့် ဒီ Form ထဲမှာ ဖြည့်လိုက်ပါ"

Pen stand ထဲမှ ဘောပင်ကိုပါ ယူပေးလိုက်ပါ၏။ သူမက စာ စီထားသည့် Form ကို အရင်ဆုံးသေချာဖတ်ပြီးမှ တစ်ခုချင်းဖြည့်လေ ၏။ သူက စောစောကယူလာသည့် Sim Card ကို အံဆွဲအတွင်းမှ သူ့ Handset အသစ်ထဲသို့ ယူ၍ထည့်ပေးလိုက်ပါသည်။ ဆင်တူဝယ်ထား တာ အတော်ဖြစ်နေပြီကိုး။

"အကုန်ဖြည့်ရမှာလားဟင်"

"ဖြည့်ရမှာပေါ့၊ ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

ထင်သည့်အတိုင်းပါပဲ။ အဖေနာမည်နေရာမှာ ကွက်လပ်ထားခဲ့ပြီး





တခြားစာတွေကို အကုန်နီးပါးဖြည့်ထားတာလေ။ လည်ပြန် ပန်သစ္စာ၊ အန် ကယ့်နာမည် မဖော်ပြချင်ပေမယ့် မင်းကို ကိုယ်က MD ရဲ့သမီးမှန်းသိ နေပါပြီ။ ရှောင်ဖို့စဉ်းစားထားပေမယ့် ဘယ်လောက်ကြာအောင် ရှောင်နိုင် မှာမို့လဲ။

"ရော့"

"ဒါက ဘာလဲ"

"မင်း Phone လေ"

"မဟုတ်တာ"

"ဩော်. . . ဟုတ်ပါတယ်ဆိုနေမှပဲ၊ ဘယ်လိုဖြစ်ပြီး ဖွတ်ငြင်းနေ တာလဲ။ မင်း Phone မှ မင်း Phone အစစ်"

"တီ!"

"GM... ရုံးချုပ်က Phone... ဝင်လာပါတယ်"

"အေးအေး. . . OK!"

ကြည့်စမ်း! ငြင်းခုန်နေတာကို ဘေးချိတ်ပြီး Intercon မှ သတင်း ပို့တာနဲ့ ရုံး Phone ဖြင့် စကားပြောနေပြန်ပါပြီ။ ဖေဖေနဲ့ မည်သို့ရင်းနှီး နေပါသလဲ။ အမွေဆိုတာ စံထိုက်မှုတဲ့လေ။ မေမေကိုယ်တိုင်က လောဘ ရှိခဲ့တာမို့ ပန်လည်း အဲဒါတွေ မမက်မောပါဘူး။ ကုမ္ပဏီထောင်တုန်းက ဒီသားစုရဲ့စီးပွားရေးစတင်ပြီး ကြီးပွားတာနဲ့ အိမ်တွင်းရေးအရှုပ်အရှင်းနဲ့ ဒီသားစုပြိုကွဲခဲ့ရတာပါလေ။

"သွားကြစို့ ပန်သစ္စာ"

"ကျွန်မ အလုပ်ဝင်ရမယ့်နေရာကိုလား"

"ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မလုပ်ဖြစ်သေးဘူးနော်၊ အိမ်မှာ ကျွန်မ ဘာမှမပြောခဲ့ရ သေးဘူး။ ညီ့ကို ဒီမှာလေ့လာဦးမယ်လို့ပဲ ပြောခဲ့တာပါ"

လာပြန်ပြီလား ဒီနာမည်။ ခုချက်ချင်း အဖေရှေ့ခေါ်သွားဖို့ပြင်နေ တာ မဖြစ်သေးပါဘူး။ လောလောဆယ် Hotel စားဖိုဆောင်ကို အရင် ခေါ်သွားရမှာပေါ့လေ။ ရသားပဲ. . . ပြီးမှ အန်ကယ့်ရုံးခန်းရှိရာကို သွား ရုံပေါ့။ ကြေးက ကြီးပါ့ ပန်သစ္စာ။ အလုပ်လာလျှောက်တာတောင်မှ Boss ကပဲ လိုက်လျှောပေးနေရတာ မဟုတ်လား။

"ရတယ်လေ၊ ပန်ဆင်းချင်တဲ့နေ့ စဆင်းပေါ့. . . No Problem"

ဟော. . . အလုပ်လုပ်ဖို့က မသေမချာပါ။ လုပ်ဖြစ်ရင် Bond ထိုးခိုင်းဦးမှာမို့ ညီက ကြိုပြီးကန့်ကွက်ထားတာ မဟုတ်လား။ သေချာ စဉ်းစားဆုံးဖြတ်ပြီးမှ စာချုပ်မှာ လက်မှတ်ထိုးဖို့ကိုလည်း ပန်က ကတိပေး ခဲ့ရတာပါ။ သူ့ကိုကြည့်ရတာ စိတ်ထဲအတော်ပျော်မြူးနေသလိုပါပဲ။ နှုတ် က မပြောပေမယ့် မျက်ဝန်းတို့က အလိုလိုတောက်ပ ကြည်လင်နေတာ ပါလေ။

ပြီးတော့ ပန့်ကို 'ပန်'လို့ဆိုပြီး အဖျားဆွတ်ခေါ်နေတာ ဘာကြောင့် ပါလဲ။ ညီခေါ်ရင် ပန့်စိတ်ထဲမှာ ဘာမှမဖြစ်ပေမယ့် ဒီ GM ခေါ်လိုက် တိုင်း ရင်ထဲမှာ ထိတ်ခနဲဖြစ်ရတာလေ။ ဘယ်လိုလဲ 'ကိုကျော်နန္ဒ'၊ ပန့် ကိုအလုပ်ပေးမယ်ဆိုရင် ရှင့်စိတ်ထဲမှာ ရိုးသားမှုက အပြည့်ရှိရမှာမဟုတ် လား။

"သွားကြမယ်လေ"

သူခေါ်ရာနောက်မှ ပန် လိုက်ခဲ့ရပါ၏။ မြေညီထပ်ကိုပြန်ရောက် ပြီး Hotel kitchen ဘက် လျှောက်ခဲ့စဉ် ရင်ထဲက သိသိသာသာ ...





လှုပ်လာလေသည်။ ကြော်လှော်သံ ဒယ်အိုးသံတို့ကြောင့် ပြုံးလိုက်မိ၏။ ကြည့်ရတာ Party တစ်ခုခုရှိမည်ထင်ပါရဲ့။

"ဒီညနေ Wedding ရှိတယ်"

"ရှင်"

အလို! ပန့်စိတ်ထဲတွေးနေတာကို သူဘယ်လိုများ သိနေပါလိမ့်။ အံ့သြစွာ လှည့်ကြည့်မိစဉ် Kitchen တံခါးမကြီးက ဖျတ်ခနဲ ပွင့်သွားလေ သည်။ အားပါး. . . အတော့်ကိုကျယ်ဝန်းပြီး ခမ်းနားတဲ့စားဖိုဆောင်ကြီး ပါပဲလား။ အလုပ်သမားတွေအကုန် အလုပ်လုပ်နေကြသော်ငြား သူဝင် လာတာကိုမြင်သည်နှင့် ဦးညွှတ် အရိုအသေပြုကြပါ၏။

"မင်္ဂလာပါ GM "

"မင်္ဂလာပါ. . . အားလုံးပဲ"

သူ့အသံ ဟိန်းပြီးထွက်လာတာမို့ ရာထူးကြီးသူတွေက အနားသို့ ရောက်လာလေသည်။ စားဖိုမှူးဝတ်စုံနှင့်လူကြီးက ပန့်ကို ဖျူဌာစွာ ပြုံးပြ နှုတ်ဆက်လိုက်လေသည်။ နေပါဦး. . . ပန်ဖြင့် တစ်ခါမှမမြင်ဖူး မတွေ့ဖူး ပါဘဲ ဘယ်လိုဖြစ်ပြီး ရင်းနှီးဟန်ပြနေပါလိမ့်။

"ဒီမှာအလုပ်ဝင်တော့မယ့် Second Chief Cook... ပန်သစ္စာ ပါ"

"ကြိုဆိုပါတယ်"

"ဟုတ်ကဲ့"

ပန် ခေါင်းပြန်ညွှတ်ပြမိစဉ် လက်ကမ်းပေးတာကို ဆွဲကိုင်နှုတ်ဆက် ရလေ၏။ အမယ်လေးနော်. . . ရာထူးက ခပ်ကြီးကြီးနဲ့ ပန်တော့ သူများ မျက်စောင်းခံတာ ခံရတော့မှာပါပဲလား။ တကယ်အလုပ်စဆင်းသည့်နေ့



www.burmeseclassic.com

www.burmeseclassic.com



မှာမှ သေချာမိတ်ဆက်ပေးမည်ဟုပြောပြီး Hotel ထဲမှထွက်ခဲ့ကြပါသည်။

"ကျွန်မ. . ."

"Lunch စားဖို့ စောသေးတယ်မဟုတ်လား"

"ရှင်! ဩော်. . . ဟုတ်ကဲ့"

"ဒါဖြင့် ဖေဖေခေါ်ထားတာ သွားတွေ့ကြတာပေါ့။ လိုက်ခဲ့နော်"

"ဟင်. . . ဘာလို့လိုက်ရမှာလဲ"

"ရော်! အကြောက်အကန်ငြင်းချင်နေတော့တာပဲ။ မင်းကို ကိုယ်ကိုက်မစားပါဘူး ပန်ရဲ့။ ဖေဖေတွေ့ဖူးချင်တယ်ဆိုလို့ မိတ်ဆက်ပေးရုံလေးပါ။ Lunch အတူစားချင်တာတောင် ခွင့်မပြုချင်ဘူးလား"

ကဲ! ဖွတ်မှ တကယ့်ကို ဖွတ်တရွတ်ကြီးပါပဲ။ ကားတံခါးဖွင့်ပေးနေတာမို့ လိုက်တက်ခဲ့ရတော့၏။ ကုမ္ပဏီကြီးတစ်ခုရှေ့မှာ ကားကိုရပ်ကာ အထဲသို့ဝင်ခဲ့ကြပါသည်။ ဘယ်ကိုများခေါ်လာပါသလဲ။ Lift ဖြင့် တက်လာစဉ် နှလုံးခုန်သံက ခပ်ကျယ်ကျယ်မြန်လာတော့၏။

"ဒေါက်! ဒေါက်!"

"Come in!"

ရုံးခန်းတံခါး. . . အသာတွန်းဖွင့်လျက် သူဝင်လိုက်လေ၏။ ရပ်ကြည့်ကျန်နေသည့်ပန်၏လက်ကောက်ဝတ်ကို ဆတ်ခနဲလှမ်းဆွဲကာ အခန်းထဲသို့ ဝင်စေတာမို့ မျက်နှာရဲသွားရပါသည်။ သူနှင့်ဒီလောက်ကြီး မရင်းနှီးသေးပါဘဲ လူကို ဒီလိုဆွဲလားရမ်းလားပုံစံမျိုး လုပ်ရတယ်လို့။

ပန် လက်ကိုရုန်းလိုက်သော်ငြား သူက လွှတ်မပေးဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားလေ၏။ ခက်တော့တာပါပဲ။

✲✲✲



## အခန်း ( ၂၀ )

"သမီး. . . ပန်ပန်"

"ဟင်!"

ပန့်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည့်နှယ်ပါ။ စားပွဲခုံနောက် ဆုံလည်ခုံမှပုဂ္ဂိုလ်က လှမ်းခေါ်ကာ ထရပ်လိုက်သလို စားပွဲဘေးခုံမှာ ထိုင်နေသည့်လူကြီးပါ ဝမ်းသာအားရဖြစ်သွားလေသည်။ 'သမီး' တဲ့၊ 'ပန်ပန်'တဲ့လား။ ဒါဖြင့်. . . ဒါဖြင့်. . . ပန့်ဖေဖေရှိရာဆီ ပန့်ကို သူခေါ်လာတာပေါ့လေ။

ဟုတ်ပါတယ်။ ပန့်ရဲ့မွေးသဖခင်စစ်စစ်ပါ။ ပန်နဲ့ရုပ်ချင်းအတော့်ကို ဆင်လွန်းနေပြီး အရုပ်အမောင်းကအစ တူလွန်းနေတာပါလေ။ အသက်ငါးဆယ်ကျော်အရွယ်ရဲ့ ပြည့်တင်းမှုက ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးစလုံးထံမှ ပေါ်လွင်နေတာပါပဲ။ အံ့ဩထိတ်လန့်သွားတာထက် ငိုချင်စိတ်က ချက်ချင်းဖြစ်တည်လာလေ၏။

ပန် မတွေ့ချင်ပါ။ ဖေဖေနှင့်ပြန်တွေ့ဖို့ ပန့်စိတ်ရောလူပါ အဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့်မဖြစ်သေးတာလေ။ ဖခင်နဲ့ဆိုရင် ထုတ်ပြောနိုင်မယ့် စကားလုံးတွေ ဘာကစ်နမှ အစီအစဉ်တကျ စီမှမစီရသေးပါဘဲ။ ပန် ready မဖြစ်လို့ပါ ဖေဖေ. . . Sorry! ပါ။

"ပန်. . . ဘယ်လဲ"

"ပြန်တော့မယ်"

"နေပါဦး သမီးရယ်၊ သမီးတို့ကို ဖေဖေ လိုက်ရှာနေတာ ကြာပြီ။ သမီးကိုပြန်တွေ့ရဖို့ စောင့်နေခဲ့ရတာ ဘယ်လောက်ကြာပြီထင်သလဲ။ ပန်. . . ဖေဖေ့ကိုကြည့်ပါဦး"

လှည့်ထွက်ရန် ရွယ်လိုက်ပေမယ့် သူဆွဲထားတာမို့ ရုန်းမရနိုင်ခဲ့။ အနီးသို့ရောက်လာသည့်ဖေဖေက ပန့်ကိုထွေးပွေ့ထားတာမို့ မရုန်းဖြစ်ဘဲ ငြိမ်နေမိလေ၏။ သူစိမ်းတွေရှေ့မှာ ပန် ရိုင်းမိပါက ဖေဖေ အရှက်ရနိုင်တာမို့ပါ။ အော်ဟစ်ပေါက်ကွဲလိုက်ချင်ပေမယ့် အတင်းကိုမျိုသိပ်ထားရတာက ရင်ကိုပို၍ နာကျင်စေလေ၏။

"ပန်ပန်. . . ဖေဖေ့သမီး"

". . ."

"သမီးအသက် (၂၅)နှစ်ပြည့်မှာ အမွေလွှဲစာချုပ် လုပ်ပေးဖို့စီစဉ်ထားတယ်။ အဲဒါကြောင့် သမီးကို ဖေဖေအမြန်ဆုံးရှာတွေ့ချင်တာလေ။ ကြည့်ပါဦး. . . ဖေဖေ့သမီးက ဖေဖေနဲ့တစ်ပုံစံတည်းပဲ။ မှည့်ကလေးရော ရှိသေးရဲ့လား၊ ကြည့်ပါဦး ကိုဇွဲခန့်ရယ်၊ ဒါ ကျွန်တော် အနှစ်နှစ်ဆယ် ကျော်ရှာနေခဲ့တဲ့ ကျွန်တော့်သွေး. . . ကျွန်တော့်သမီးဗျ"

အမွေတဲ့. . . ပန်က အဲဒီအမွေတွေ ဘာလုပ်ရမှာလဲဖေဖေ။ အဲ ငွေတွေကို လိုချင်လွန်းလို့ မေမေ မဟုတ်တဲ့မိန်းမတစ်ယောက်ရဲ့ ဖြာ





ယောင်းမှုကို ဖေဖေ ရလိုက်တာမဟုတ်လား။ ပန်က. . . ပန်က ကိုယ့်ခွန်အားနဲ့ ရှာလို့ရတဲ့ငွေကိုပဲ တန်ဖိုးထားတတ်တာ ဖေဖေမသိဘူးထင်ပါရဲ့။

"ကျွတ်လေးရော. . . အဲဒီထဲမှာ ဖေဖေတို့မိသားစုဓာတ်ပုံလေး ရှိတယ်လေ"

"ဟင်! "

မေမေဆွဲပေးခဲ့သည့်ဆွဲကြိုးမှ လော့ကတ်ကျွတ်ဘူးလေးကိုဖြုတ်ကာ လှည့်ဖွင့်လိုက်မိ၏။ အထဲမှ လိပ်ထည့်ထားသည့်ဓာတ်ပုံသေးသေးလေး ဒေါက်ခနဲထွက်ကျလာလေ၏။ အဟုတ်ကိုပဲ ပန် ပိစိညှောင့်တောက်အရွယ်တုန်းက ရိုက်ထားသည့်မိသားစုပုံလေးပါပဲလား။

"တွေ့လား. . . ဖေဖေပြောသားပဲ၊ ဖေဖေ့သမီး ပန်ပန်ပါဆိုနေမှ။ မောင်နန္ဒကို ကျေးဇူးတင်လိုက်တာကွယ်"

"မလိုပါဘူး အန်ကယ်ရယ်၊ ကျွန်တော်က ပန့်ကိုတွေ့ဖူးနေခဲ့တာ ကြာပါပြီ။ အန်ကယ်နဲ့ဖေဖေပြောပြမှ ပျောက်နေတဲ့ အန်ကယ့်သမီးမှန်း သိခဲ့ရလို့ပါ။ မပြောမဆိုနဲ့ ဒီခေါ်လာလို့ ကျွန်တော့်ကို ပန် စိတ်ဆိုးနေပြီ"

"ဟုတ်လား သမီး"

"စိတ်ဆိုးစရာလား သမီးရဲ့၊ ဖေဖေနဲ့ ကိုဇွဲခန့်က ခမည်းခမက် တော်ဖို့စီစဉ်ထားတာပဲ။ စိတ်ဆိုးစရာမှ မဟုတ်တာနော်"

ပန့်မျက်နှာ ရဲသွားရပါ၏။ ခမည်းခမက်တဲ့လား။ တကယ်ဆို သူနဲ့ သဘောတူခဲ့တာ ဖေဖေ့ရဲ့နောက်သမီး ခင်မီမီဖော်ကိုပါ။ ပန်က. . . ပန်က နောက်မှပြန်ရှာတွေ့တဲ့သမီးမို့ ဒီအခြေအနေမျိုး ဘယ်ဖြစ်ပါ့မလဲဖေဖေ။ 'ပိုနေမြဲ ကျားနေမြဲ'တဲ့။ လက်ရှိပုံစံအတိုင်း ပန်က ကိုယ့်ခြေထောက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရပ်ပြီး သီးသန့်နေရတာကိုပဲ ကျေနပ်နေမယ့်သူပါ ဖေဖေ။

ပါးပြင်ထက် စီးကျလာသည့်မျက်ရည်တို့ကို လက်ဝါးဖြင့် အမြန် သုတ်လိုက်ရပါ၏။ မိ ကြားနေတာ အဟုတ်တကယ်ပဲလား။ ဒက်ဒီ့သမီး ဆိုတာ မိနဲ့ပြဿနာတက်ခဲ့တဲ့ ပန်သစ္စာဆိုတဲ့ မိန်းမဖြစ်နေတာပေါ့လေ။ မုန်းလိုက်တာ။ မုန်းတယ်. . . မုန်းတယ်. . . အဲဒီမိန်းမကိုလည်း မုန်းတယ် ဒက်ဒီ့ကိုလည်း မုန်းတယ်၊ မာမ့်ကိုလည်း မိ မုန်းတယ်။ ဒီအခြေအနေ ဆိုးဖြစ်အောင် ဖန်တီးပေးတဲ့ လောကကြီးကိုလည်း မုန်းလိုက်တာ အရမ်း ပါပဲ။

မှီအတွက် မဟာ့မဟာပြဿနာကြီးပါ။ သမီးရင်းကို ရှာတွေ့ပြီဆို တော့ ဒင်းနဲ့တစ်အိမ်တည်း တစ်မိုးတည်းအောက်မှာ အတူနေရတော့မှာ ပေါ့။ ပြီးတော့ နိစ္စဓူဝ ဒင်းမျက်နှာကို မြင်နေရဦးမှာလေ။ မိတစ်ဦးတည်း ပိုင်ဆိုင်ရမယ့် ဥစ္စာပစ္စည်းအမွေတွေကိုပါ ဒင်းက ယူဦးမှာမဟုတ်လား။ အို. . . မှီနေရာ မှီဥစ္စာတွေကို ဒင်း အပိုင်သိမ်းတော့မှာပါလား။

မပေးနိုင်ဘူး. . . လုံးဝမပေးနိုင်ဘူးနော်။ မိချစ်တဲ့ကိုကို့ကိုပါ ဒင်း က ကြားဖြတ်သုတ်ဦးမှာလေ။ ဘယ်လောက်ခံပြင်းစရာကောင်းလိုက်သလဲ ဘယ်ကနေဘယ်လိုရောက်လာမှန်းမသိတဲ့ မိန်းမက မိပိုင်ဆိုင်သမျှအရာ တွေကို ဒီလိုလုယူလို့ရမယ်တဲ့လား။ မဖြစ်နိုင်တာ. . . မဖြစ်စေရဘူး ပန် သစ္စာ။

"ကိုယ့်မှာ မင်းထက်အရင် စိတ်ဝင်စားနေမိတဲ့သူ ရှိနေပြီးသား ပါ 'ခင်မိမိဇော်'. . . ဒီလိုကိစ္စမျိုးက ပြတ်သားဖို့လိုအပ်မယ်လို့ ကိုယ်ထ ဆပါတယ်။ မင်းနဲ့ကိုယ် ဘယ်လိုမှမဖြစ်နိုင်လို့ ငြင်းပါရစေ"

နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်လာလေ၏။ ဟိုနေ့က မှီကို သူအပြတ်





ငြင်းခဲ့တာ အဘယ်မျှ အရှက်ကွဲခဲ့ပါသလဲ။ မှီလောက်ပြည့်စုံတဲ့ မိန်းကလေး မျိုး သူမှီ ငြင်းဆန်ရတယ်လို့။ ဒီလိုလက်သင့်မခံရင်တောင်မှ တခြားမိန်း ကလေးကို ရွေးတယ်ဆို တော်ပါသေး။

ခုတော့ဖြင့် မိ မည်သို့မျှကြည့်မရသည့်မိန်းမကိုမှ ရွေးရတယ်လို့။ တမင်တကာ ရည်ရွယ်ပြီး လုပ်ရက်ရလား. . . ကိုကိုရယ်။

လူဆိုတာ အလွယ်တကူရလေ့ရှိတဲ့ အရာမှန်သမျှကို အကုန်လိုချင် ကြတာ အမှန်ပါ။ ဒါပေမဲ့ မိကတော့ မှီအတွက် ခက်ခဲတဲ့အရာကိုမှ ပိုပြီး လိုချင်ပါတယ်။ ဒါကို လောဘလို့ဆိုချင်ဆိုပါစေ၊ မိက လိုချင်တာ ကို မရရအောင် ယူပြရမှ ကျေနပ်တဲ့သူပါ။ မှီဆီက ဘာတစ်ခုကိုမှ မရ စေရပါဘူး 'ပန်သစ္စာ'။

အခန်းဝတံခါးအနီးမှ အသာလှည့်ထွက်ခဲ့ပါ၏။ ခြေလှမ်းတို့က မသယ်ချင်လောက်အောင် လေးလံလွန်းလှပါသည်။ မိ ဘာလုပ်ရမှာလဲ မာမီ။ မိက. . . မိက. . . မာမ့်သွေးဖြစ်ပေမယ့် ဒက်ဒီ့သွေးသားမဟုတ် တာမို့ ဒီအိမ်မှာ ဆက်နေခွင့်ရပါဦးမလား။ ဒီအရွယ်ရောက်သည်အထိ တစ်ခန်းတည်း အတူမနေကြတဲ့ မာမီနဲ့ဒက်ဒီ့ကို အကြင်လင်မယားအဖြစ် သတ်မှတ်လို့မရနိုင်မှန်း မိ သိနေပါပြီ။

မှီအကြောင်းကို မိစုံစမ်းရင်း မာမ့်အတိတ်ဖုံးကွယ်ထားတာကို သိ ခဲ့ရတာပါ။ အဘယ်မျှရင်နင့်စရာကောင်းလိုက်ပါသလဲ။ ရုပ်ရှင်ကြည့်ရင် တောင် ဇီလိန်နေရာက သရုပ်ဆောင်ကို မိမုန်းမုန်း သိနေပါလျက် အဲဒီ လိုနေရာကိုမှ မာမီက ဝင်ခဲ့ရတယ်လို့။ မာမီနဲ့မှီအတွက် ဒက်ဒီ့ရင်ထဲမှာ ရော ဒက်ဒီ့အိမ်မှာပါ ကွက်လပ်လေးတစ်နေရာစာလေးမှ မရှိတာကို သိ ပါရဲ့လား မာမီရယ်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှေ့ထိုင်ခုံထက်မှာ အချိန်အတော်ကြာ ထိုင်နေမိ၏။ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် အတော့်ကိုကြိုးစားနေရတာပါ။ ပန်ဆုံးဖြတ်ချက်မှားလို့မဖြစ်ဘူး မေမေ၊ နေရာဆိုတာ ယူတတ်ရင် ရတယ်ဆိုပေမယ့် ပန်တို့ကုသိုလ်ကံက နည်းခဲ့တယ်ထင်ပါရဲ့။

"သမီး"

"ပန်. . . ပြောပါ့မယ်"

မျှော်လင့်တကြီးကြည့်နေကြသည့် မျက်ဝန်းသုံးစုံအောက်မှာ ငြိမ်သက်စွာ ထိုင်နေရပါ၏။ အမွေ၊ ပန် မလိုချင်တဲ့အရာ၊ မေတ္တာ၊ ပန် မ ထိုက်တဲ့အရာပါပဲ။ အချစ်၊ ပန်မသိလိုက်ခင် အလစ်ဝင်ရောက်ခဲ့တဲ့အဖြစ် အပျက်ပါလေ။ ဘယ်သူဘယ်ဝါမှန်း သိသိကြီးဖြစ်ပါလျက် မသိစိတ်ရဲ့ လိုက်ပါမှုနောက် ယိုင်လဲမိခဲ့တာ ရှက်စဖွယ်အတိပါပဲ။

ဘာပဲဖြစ်ဖြစ် ပန့်အတွက် ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ဦး စားပေးသင့်သည်ဟု ယူဆမိပါသည်။ နှလုံးသား၏အလိုကို ဦးနှောက်က လိုက်လျောသင့်တဲ့ ဆယ်ကျော်သက်အရွယ်မှ မဟုတ်တော့တာဘဲ။ ဒီတော့ ဘယ်လိုဆုံးဖြတ်ချက်မျိုး ရွေးချယ်ရမယ်ဆိုတာကို ပန်ကိုယ်တိုင် ရွေးချယ် ဆုံးဖြတ်ပါ့မယ် ဖေဖေ။

"ပန်. . . အခုလက်ရှိအတိုင်းပဲ နေသွားချင်ပါတယ်"

"သမီး"

"ဖေဖေ. . . ဖေဖေ့မှာ သမီးရှိနေပြီးသားပါ"

"ခင်မီမီဇော်ဆိုတာ ဖေဖေ့သမီးမဟုတ်ဘူး ပန်ပန်"

ခပ်မြန်မြန်ချေပစကားပြောလိုက်သည့် ဖေဖေ့ကို မျက်လုံးချင်း ဆုံ အောင် ကြည့်လိုက်မိပါ၏။ အတွင်းသိအစင်းသိလူတွေရှေ့မှာမို့ မယ်





မချန်အကုန်ပြောရမှာပဲ မဟုတ်လား။ ကောင်းပြီလေ. . . ပန်သစ္စာဆိုတာ ဖေဖေနဲ့တူလွန်းတဲ့သမီးပေမယ့် ပန့်ကိုယ်ထဲ စီးမျောနေတဲ့သွေးတွေထဲမှာ ပြတ်သားတဲ့စိတ်ဓာတ်နဲ့ မေမေ့သွေးတွေ ပါဝင်နေတာကို ဖေဖေ နားလည် နိုင်ပါစေလေ။

"ပတ်ဝန်းကျင်မှာ ဖေဖေ့ဇနီးဆိုတာ တီတီဖြစ်နေပြီး သမီးဆိုတာ ခင်မီမီဇော်အဖြစ် အစဉ်ရပ်တည်နေဦးမှာပါ ဖေဖေ"

"ဒါပေမဲ့ သမီးက ဖေဖေ့သမီးအရင်းပါ ပန်ပန်"

"မှန်ပါတယ်၊ မခေါ်ချင်လို့ ရကောင်းရနိုင်ပေမယ့် မတော်ချင်လို့ မရမှန်း ပန်သိပါတယ်။ ဒါပေမဲ့ လောကမှာ ဖြစ်ချင်တာထက် ဖြစ်သင့် တာကို ဦးစားပေးရတာမျိုး ရှိတတ်မှန်း ဖေဖေသိမှာပါ"

"ပန်ပန်"

"ပိုနေမြဲ ကျားနေမြဲပဲ ကောင်းပါတယ်ဖေဖေ။ ပန် ဘာကိုမှမလို ချင်ပါဘူး။ လိုလည်းမလိုအပ်လို့ပါ"

"ဖေဖေ ခင်သီတာ့ကို ကွာရှင်းမှာပါ သမီး"

"ငယ်တော့တာမှ မဟုတ်ဘဲဖေဖေ၊ ရှိပါစေတော့လား။ လူဆိုတာ တစ်ကြိမ်တစ်ခါတော့ မှားကောင်းမှားနိုင်တာပဲလေ။ အဲဒီအမှားကို သင် ခန်းစာယူတတ်မယ်ဆိုရင် လောကကြီးနဲ့လိုက်လျောညီထွေ နေတတ်သွား မှာပါ။ တစ်ဦးရဲ့ဂုဏ်သိက္ခာကျဆင်းတာနဲ့ ဖေဖေ့အတွက် မထိခိုက်ဘူးလို့ မထင်လိုက်ပါနဲ့။ ပြီးတော့ ဘာအပြစ်မှမရှိတဲ့ ဖေဖေ့သမီး ခင့်မီမီဇော် အတွက် တစ်သက်လုံး ခေါင်းမဖော်နိုင်တဲ့ ရှက်ခြင်းမျိုး ရှိသင့်ပါ့မလား"

"ပန်ပန်"

"ပန်က နေရာလဲကြည့်ပြီး တွေးမိတာပါ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်. . . ဒါဖြင့်. . . သမီးက ဖေဖေနဲ့အတူတူပြန်နေဖို့ လုံးဝ ဆန္ဒမရှိဘူးပေါ့လေ"

ပန် ခပ်ယဲ့ယဲ့သာပြုံးမိပါ၏။ အရွယ်ရောက်လို့ အတောင်စုံရင်တောင် မိဘအသိုက်က စွန့်ခွာကြတာ ဓမ္မတာမှန်း ဖေဖေမေ့နေတယ်ထင်ပါရဲ့။ သောကတွေ ဒေါသတွေနဲ့ ဖေဖေ့အပူတွေကို ပန်မြင်နေရတာမို့ ရင်ထဲမှာ ငြိမ်းချမ်းအေးမြစေချင်ပါတယ်လေ။

"ဖေဖေတွေ့ချင်ရင် ပန့်ကိုအချိန်မရွေး ခေါ်တွေ့လို့ရပါတယ်လေ"

"သမီးရယ်. . . ဖေဖေ့ဘက်က မိဘဝတ္တရားတောင် နည်းနည်းမှ ကျေပွန်ခွင့် မရှိနိုင်တော့ဘူးလား"

"ဖေဖေပေးတတ်ရင် ပန်ရနိုင်ပါတယ်ဖေဖေ။ စိတ်မကောင်းမဖြစ်ပါနဲ့"

"ဒါဖြင့် မောင်နန္ဒနဲ့ကိစ္စကိုရော သမီးဘယ်လိုဆုံးဖြတ်မှာလဲ"

"ပန် ငြင်းပါတယ်"

"ဟာ! ပန်. . . ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်က"

"ပန်သိပါတယ်၊ ကိုကျော်နန္ဒ"

သူက ပန့်အနောက်မှာ ရပ်နေရာမှ ပန့်ပခုံးကို ဖျတ်ခနဲဆုပ်ကိုင် လိုက်လေ၏။ လက်ထဲမှာ အင်အားပါသလို ပန့်ရင်တွင်းမှာလည်း တင်း ကျပ်စွာ ဆုပ်ချေညှစ်လိုက်သည့်နှယ် ခံစားရတာအမှန်ပါ။ အချစ်ဆိုတာ ပန့်အတွက်တော့ အဆိပ်ဖြစ်မှန်း နားလည်လိုက်ပါပြီ။ ပိုင်ဆိုင်မှုထက် စွန့်လွှတ်မှုဆိုတာ လောကမှာ မြင့်မြတ်မှန်း 'ကို'လည်း သိနိုင်မှာပါလေ။

"လောကမှာ မပန်ထိုက်တဲ့ပန်းဆိုတာ ရှိသလို မစားထိုက်တဲ့အသီး မျိုးလည်းရှိမှန်း ကိုကျော်နန္ဒ သိမှာပါ။ ပန်က ကိုကျော်နန္ဒအတွက် မပန် ထိုက်တဲ့ပန်းဖြစ်နေသလို ကိုကျော်နန္ဒက ပန့်အတွက် မစားကောင်းတဲ့ အသီးဖြစ်နေလို့ပါ။ ဒါကြောင့်"





"မဖြစ်နိုင်ဘူး"

"ပန်ပြောပြီးပြီလေ၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုသာ ဦးစား ပေးပါလို့"

"ပန်"

"ပန့်ကိုခွင့်ပြုပါ ဖေဖေ၊ ဘယ်လောက်ပဲ ဝေးဝေးမှာ နေနေပါစေ။ ဖေဖေ့သမီး 'ပန်းချစ်သူ' မေမေ့သမီး 'ပန်သစ္စာ'က ထာဝရ ဖေဖေနဲ့ မေမေရဲ့သမီးဖြစ်နေမှာပါပဲ"

"သမီးရယ်"

ရုံးခန်းထဲမှ ပန်ထွက်ခဲ့ပါ၏။ ရင်ထဲမှာ နာကျင်ကြေမွနေတာ အမှန် ပါပဲ။ တစ်အိမ်တည်းနေခဲ့ရင် 'ခင်မီမီဇော်'ဆိုတာ ပန်ရဲ့ညီမလေး မဟုတ် ပါလား။ ပန်နဲ့ဘာမှမတော်စပ်ရင်လည်း ထားပါ။ ဖေဖေ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ လူသိရှင်ကြား ရပ်တည်နေနိုင်ပြီမို့ ဒီအရာကို ဘယ်လို ဖုံးထားလို့ရမှာတဲ့လဲ။

အားလုံးက ဖအေတူမအေကွဲ ညီအစ်မဟုသာ ယူဆသတ်မှတ်ကြ မှာ အမှန်ပါလေ။ ဒီတော့ ညီအစ်မနှစ်ယောက်စလုံးက ယောကျ်ားတစ် ယောက်တည်းကို ပြိုင်တူကြိုက်တာ ချစ်နေတာက လူ့ဝန်းကျင်မှာ ကြား လို့မှမကောင်းတဲ့ သတင်းဆိုးမဟုတ်ပါလား။ 'မင်းမှာ သစ္စာ လူမှာ ကတိ' ဆိုရိုးရှိပေမယ့် မိန်းမသားတို့ဘဝမှာ အသက်ထက် အရှက်က ပိုပြီးအရေး ပါနေတာပါလေ။

"ပန်. . . ပန်. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျစ်၊ နောက်လိုက်လာပြန်ပြီလား။ မဖြစ်သင့်လို့ပါပြောခဲ့တာတောင် ကလေးစိတ်လိုမျိုး ဖွတ်တရွတ်ပါပဲလား 'ကို'။ နှလုံးသားဆိုတာ ရင်းနှီးသင့်တဲ့ကုန်ပစ္စည်းမျိုး မဟုတ်ပေမယ့် ရင်နှင့်ရင်းပြီးချစ်ကြတဲ့ချစ်သူတိုင်း ဘဝချင်းပေါင်းဆုံတတ်ကြတာမှ မဟုတ်ဘဲ။

"ကိုယ့်ကိုငဲ့ပါဦး ပန်ရဲ့၊ ကိုယ်က. . . ကိုယ်က. . . ပန့်ကို လွန်ခဲ့တဲ့ ခြောက်လကျော်ကာလကတည်းက ချစ်နေခဲ့တဲ့သူပါ။ ပန်မသိခင် ပန် မမြင်ခင်ကတည်းက တစ်ယောက်တည်း ငြိတွယ်တာရှိခဲ့တဲ့ သံယောဇဉ် ကို အသိအမှတ်ပြုပေးပါလား ပန်ရယ်"

"ကျွန်မ ပြောပြီးပြီလေ"

"မဖြစ်နိုင်ဘူး. . . လုံးဝမဖြစ်နိုင်ဘူး၊ ပန့်ရင်ထဲမှာ ကိုယ်ရှိနေမှန်း သိတယ်။ ပန့်မျက်ဝန်းထဲကြည့်ရုံနဲ့ သိနေတာပါ။ ကိုယ့်ကို မညာချင်ပါနဲ့"

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်း၍ ပြောနေသည့်မြင်ကွင်း က မို့ရင်ကို တစ်စစီ ဆွဲဖွဲ့နေသည့်နှယ်ပါ။ ဘယ်လိုလဲ. . . လူမြင်ကွင်း ကြီးမှာတောင် သတိမထားနိုင်ဘဲ နှစ်ယောက်သား အချစ်စစ်ပွဲ ကျင်းပ နေကြတာပေါ့လေ။ ရက်စက်လိုက်တာ ပန်သစ္စာ။ ကိုကိုနဲ့မို့ကို လူကြီးတွေ သဘောတူထားပါတယ်လို့ ပြောခဲ့ဖူးတာတောင် မို့ဆီကနေ လုယူရတဲ့ အထိ အရှက်ကင်းမဲ့လှချည်လား။

ကိုကိုကလည်း ဒီလောက်ငြင်းဆန်မှုပြနေတာတောင် ဒီမိန်းမကို သည်းသည်းလှုပ် ချစ်ပြနေတာပေါ့လေ။ ဘာလဲ. . . မိမြင်အောင် တမင် လုပ်ပြနေတာများလား။ အနိုင်ရပါတယ်ဆိုမှ တစ်ဖက်သား မခံချိမခံသာ ဖြစ်အောင် ဆွပေးမှဆိုတဲ့သဘောနဲ့ပေါ့လေ။

"ဒီမှာ ကိုကျော်နန္ဒ"





"ပြောပါ. . . ပန်"

"ရင်ထဲမှာ ဘာတွေပဲရှိရှိ နှုတ်က ဝန်ခံမှ သက်သေဖြစ်မှာပါ"

"ပန်"

"ရှင့်ကို ကျွန်မ မချစ်ဘူး"

"မယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူး၊ ရှင့်ကိုဘယ်တုန်းကမှ မချစ်ခဲ့တာ"

"ဟာကွာ"

နှံရုံထက် သူ့လက်သီးရောက်သွားလေ၏။ ခံပြင်းနေပြီလား၊ ပန်က ဒီထက်မက ရင်ထဲမှာ ကြေမွနေရတာပါ 'ကို'၊ အချစ်ဆိုတာ ဒဏ်ရာ အနာတရဖြစ်ကောင်းဖြစ်နိုင်ပေမယ့် အဲဒီအရာကို အချိန်ဆိုတဲ့သမားတော် က ပျောက်ကင်းအောင် ကုသပေးနိုင်ပါလိမ့်မယ်။

ကျောခိုင်းနှုတ်ဆက်ချိန်ရောက်ပြီ 'ကို'၊ ချစ်တယ်ဆိုတာကို ပန့် နှုတ်က ထုတ်မပြောနိုင်ပေမယ့် 'ကို့'ရင်ထဲက အလိုလိုသိနေတယ်ဆိုတဲ့ အတွက် ကျေးဇူးပါ။ လောကမှာ ချစ်တိုင်းလည်း ညားလေ့ရှိကြတာမျိုးမှ မဟုတ်ဘဲ။ ဒါကို 'ကို'သိနေမှာပါကွယ်။

သူ့ဘေးမှ ပန် ဆက်လျှောက်လာခဲ့ပါ၏။ Lift ရှေ့မှာ ပန့်ကို ဒေါသမျက်ဝန်းတို့ဖြင့် စူးစူးရဲရဲကြည့်နေပါသည့် 'ခင်မီမီဇော်'။ သက်ပြင်း ကို ကျိတ်ရှိုက်လိုက်မိ၏။ မမြင်ချင် မတွေ့ချင်ပါလျက် ဆုံကိုဆုံနိုင်လွန်းတဲ့ ဘံကိုက ခက်ပါတယ်လေ။

သူမက ခပ်မဲ့မဲ့ပြုံးလိုက်လေ၏။ ပန် ဒီလောက်ငြင်းဆန်ပြနေတာ တို့တောင် မကျေနပ်ပုံပါပဲလား။ ပြိုင်လာရင် အရှုံးပေးမှ နှလုံးအေးမှာ နှင်သိသင့်ပါတယ် 'ခင်မီမီဇော်'၊



www.burmeseclassic.com

www.burmeseclassic.com



"နင့်မှာ အရှက်တွေသိက္ခာတွေ လုံးဝမရှိဘူးပေါ့လေ"

မကြားယောင် ဆောင်လိုက်မိပါ၏။ ရင်ထဲနာနေတာမို့ ဒဏ်ရာ ထပ်မဖြစ်ချင်ပါ။ ပြီးတာတွေ ပြီးပါစေတော့လား။ ငါ့အပေါ် နင်ကျူးလွန်ခဲ့ဖူးတာကိုတောင် ငါ မေ့မေ့ပျောက်ပျောက်နေခဲ့တာ သိထားသင့်ပါတယ်လေ။ Lift ကိုခေါ်ထားတာမို့ တက်မလာသေးသဖြင့် စောင့်ရဦးမှာပါလား။

"ငါပြောနေတာ မကြားဘူးလား"

"တိုးတိုးပြောပါ ခင်မီမီဇော်၊ လူတွေကြားကုန်မယ်"

"ကြားကြား! ဂရုစိုက်ရမှာလား၊ ဒါ ငါ့ဒက်ဒီရဲ့ကုမ္ပဏီပဲ့။ နင်သာ အရှက်တရား အကြောက်တရားမရှိဘဲ သူများရည်းစားထားတဲ့လူကို ကြောင်တောင်ဝင်နိုက်ရဲတာ. . . အလကားမိန်းမ"

"စကားကို ကြည့်ပြောပါ ခင်မီမီဇော်၊ MD ရဲ့သမီးဆိုပြီး Power တွေ သိပ်မသုံးချင်နေနဲ့။ တန်းစီစနစ်ဆိုရင်တောင်မှ ငါက Senior ဖြစ်နေရင် နင်က Junior ပဲ၊ အကြီးကို ရိုသေစတ်ရတယ်"

"ဘာ! နင်ကများ ငါ့ကိုမိုက်ရိုင်းတယ်လို့ ဆိုချင်တာပေါ့လေ"

"စရိုက်ဆိုတာ ဗီဇကလာတာ၊ မသိဘူးလား"

"နင်. . . နင်. . . လူပါးဝလို့. . . ကဲ!"

မြောက်တက်လာသည့်လက်ကို ပန် အမြန်ဖမ်းလိုက်ပါ၏။ အနားပေါ် တုတ်ကျသွားပြီထင်ပါရဲ့။ မရည်ရွယ်ပါဘဲ ပြောလိုက်မိသည့်စကားတို့ကိုထိန်းဖို့ ခက်သားလား။ နှုတ်ကလွှတ်ရင် ထိန်းမနိုင်တာ အမှန်ပဲကိုး။

"လူတစ်ဖက်သားရဲ့ပါးကို ရိုက်တယ်ဆိုတာ အရိုက်ခံရတဲ့လူပဲ နာရတာ မဟုတ်ဘူး ခင်မီမီဇော်၊ ရိုက်တဲ့လူရဲ့လက်လည်း နာရတာပါ။ မျက်စိရှေ့ တွေ့သမျှအရာတိုင်းကို ငါပဲပိုင်ဆိုင်ရမှဆိုတဲ့ လောဘစိတ်မျိုး





မမွေးချင်နဲ့။ အလိုကြီးရင် အရနည်းတတ်တယ်"

"ဘာပြောတယ်"

"သိပ်သွေးဆူမနေနဲ့ တော်ကြာ အသက်ရှည်ရှည်မနေရဘဲ Heart Attack ရနေဦးမယ်၊ အစ်မ ဆုံးမရင် အငယ်ဖြစ်တဲ့ညီမလေးက နာခံတတ်ရတယ် ခင်မီမီဇော်ရဲ့"

"နင်. . . နင်"

Lift ထဲဝင်လိုက်ပါ၏။ စေတနာကိုမြင်တတ်ပါရဲ့လား။ ကံဆိုတာ လူကလုပ်တာဆိုကြပေမယ့် ကံတရားရဲ့ဖန်တီးမှုကို ပန်တို့လူသားတိုင်း ခေါင်းငုံ့ခံကြရစမြဲပါ။

ဦးခင်ဇော်ရဲ့သမီး 'ပန်းချစ်သူ' ဆိုတာ လွန်ခဲ့တဲ့နှစ်(၂၀)ကျော် ကာလ ကတည်းက ဖေဖေ့ဘဝထဲကနေ အပြီးတိုင် ပျောက်ကွယ်သွားခဲ့ပါပြီ။ ဒေါ်ခတ္တာရဲ့သမီးဖြစ်တဲ့ 'ပန်သစ္စာ' အဖြစ်နဲ့ပဲ ဘဝကိုဆက်ပြီးလျှောက်ပါရစေလား။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

**တစ်နှစ်ခန့် ကြာပြီးသည့်နောက်. . .**

Bakery ထဲမှ တီ! ခနဲအသံမြည်လာတာမို့ တံခါးဖွင့်ကာ Tray ကိုထုတ်ယူလိုက်ပါ၏။ အစီအရီ ဖောင်းဖောင်းလေးဖြစ်နေသည့် အသည်းပုံမုန့်လေးများထံမှ မွှေးရနံ့က စားဖိုဆောင်ထဲမှာ သင်းခနဲ ပျံ့နှံ့သွားလေသည်။ ရုတ်တရက် ပန့်ခါးကို အနောက်ဘက်မှ သိုင်းဖက်လိုက်တာမို့ ဒိတ်ခနဲ ရင်ဖိုသွားရပါ၏။

"အား. . . မွှေးလိုက်တာကွာ"

'ဟယ်! လူတွေ မြင်ကုန်တော့မှာပဲ၊ ဘယ်လိုဖြစ်နေလဲ"

"မွှေးမွှေးပေးတာလေးကိုများ. . . တွန့်တိုတတ်ပါ့ ပန်ရာ"

"ညီနော်"

"မောင်နော်လုပ်စမ်းပါကွာ"





"ဟယ်. . . သိပ်အတင့်ရဲလွန်းနေပါလား"

"ချစ်သူတွေဖြစ်ပြီး စေ့တောင်စေ့စပ်တော့မှာကို၊ ခုထိရှက်နေတုန်းလား"

လေသိပ်များနေသည့် ညီ့ပါးစပ်ထဲသို့ မုန့်တစ်ခုယူကာ ထည့်ပေးလိုက်ပါ၏။ ပူသွားတာမို့ မျက်လုံးပြူးပြူးဖြင့် ဘာလုပ်ပေးရမည်မသိ မျာယာခတ်သွားရပါသည်။ ရေဘူးရှိရာဆီသွားရန်ပြင်လိုက်ပေမယ့် ပန့်ခြေလှမ်းကို ရွှေ့မသွားပါချေ။

"ဘယ်လစ်ဦးမလို့လဲ"

"သောက်ရေ ယူပေးမလို့လေ"

"မယူပါနဲ့၊ မလိုဘူး"

"ခုနကပဲ ပူလို့ဆို"

"ဟင့်အင်း. . . မပူတော့ဘူး"

"အမျိုးမျိုးပဲ"

"တစ်မျိုးတည်းပါ ပန်ရာ"

"ဘာတစ်မျိုးလဲ"

ညီက မချိုမချဉ်ပြုံးလိုက်လေ၏။ ကြည့်စမ်း! အရမ်းတည် အရမ်းအေးတဲ့လူငယ်လေးက အခုတော့ဖြင့် မျက်နှာမှာ အပြုံးတွေဝေပြီး အပျော်တွေ ပြည့်နေတာမဟုတ်ပါလား။ အချစ်က အရာရာကို ပြောင်းလဲစေတတ်ပါတဲ့လေ။

"ညီမင်းညိုဆိုတဲ့ကောင်လေးက ပန်သစ္စာဆိုတဲ့ကောင်မလေးကို သိပ်ချစ်တဲ့အချစ်တစ်ခုတည်းလို့ ပြောတာလေ"

ပန် ပြုံးလိုက်မိပါ၏။ စကားတွေ အရမ်းတတ်နေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဆို 'ဆိုခဲစေ မြဲစေ'မှ ယောက်ျားပီသတာတဲ့။ ပန့်အပေါ် တစ်သမတ်တည်း ထားရှိတဲ့ ညီ့ရဲ့သစ္စာတရားကို အလေးအနက်ထား ဦးညွှတ်မိပါတယ် 'ညီ'ရယ်၊ တကယ်ပြောတာပါ။

"မယုံဘူးလား. . . ပန်"

"ယုံပါတယ်. . . ညီ"

ညီက ပန့်ကို ရင်ခွင်ထဲသို့ ထွေးသိပ်ဖက်ထားလိုက်လေသည်။ နွေးထွေးခြင်းခံစားချက်က ပန့်တစ်ကိုယ်လုံးကို စီးမျောသွားရပါ၏။ ယောက်ျားတွေက ချစ်ခြင်းကို မည်သို့ရွေးချယ်ကြပါသလဲ။ ပန်တို့မိန်းကလေးတွေအများစုက ဦးနှောက်နဲ့ပဲ ရွေးချယ်ကြမှာလေ။

"အရိပ်ဆိုတာ တကယ်စင်စစ်မရှိဘူးဆိုပေမယ့် ကိုယ်က 'ပန်' နံဘေးမှာ တစ်သက်တာ ထာဝရအရိပ်သဖွယ် ရှိချင်ခဲ့တဲ့လူပါ 'ပန်'။ ချစ်တယ်ဆိုတာထက် ပိုပြီးလေးနက်ခြင်းတွေကို ကိုယ့်မျက်ဝန်းထဲမှာ ရှာကြည့်လိုက်။ အနက်ရှိုင်းဆုံးနေရာမှာ ရှိနေတာ 'ပန်'မြင်ပါလိမ့်မယ်"

နဖူးထက် ဖွဖွနမ်းရှိုက်ခြင်းကို ရရှိလေ၏။ ရင်ဘတ်ဆီမှ တဒုတ်ဒုတ်ဖြင့် စည်းချက်ညီညီခုန်ပေါက်သံကို အကျယ်ကြီးကြားနေရသလိုရှိယ်ပါ။ အရှေ့ကိုထွက်ချိန်တန်နေပြီဖြစ်ပေမယ့် ချစ်ခြင်းသင်္ကေတတွေ ဖော်ကျူးနေပါသည့်ချစ်သူကြောင့် ရှန်းရအခက်သားလား။

"တစ်ခုခုပြောလေ"

"မောင့်ကို ပန်လည်းသိပ်ချစ်ပါတယ်ရှင်"

"ပန်ရယ်"

"ဟဲ့! ဟိုကလေးတွေ၊ ခုထိထွက်မလာကြသေးဘူးလား၊ ဘာလုပ်နေကြတာလဲ"





အရှေ့မှ မေမေ့ခေါ်သံကြောင့် နှစ်ဦးသား ကိုယ်ချင်းခွာလိုက်ပြီး ရယ်လိုက်မိကြ၏။ ကဲ! ဒီထဲမှာ ကြာနေမှတော့ အပြောခံရပြီမဟုတ်လား။ ညီက နှာခေါင်းရှုံ့ပြလိုက်လေ၏။ ပန်က ကြွေပန်းကန်ပြားနှစ်ချပ်ကို ယူလိုက်ပြီး မုန့်လေးတွေကို လှလှပပလေး စီထည့်လိုက်ပါသည်။

"သွားကြစို့"

မီးဖိုဆောင်တံခါးကို တွန်းဖွင့်လိုက်စဉ် ဆိုင်ရှေ့မှာ ဖဲကြိုးနှင့် မိုးပျံပူဖောင်းစည်းထားတာကို ကိုင်ထားလျက် မေမေ လှည့်အော်ပြန်လေ၏။ လူတစ်စုက ပန်တို့ဆိုင်ဖွင့်မှာကို ရပ်စောင့်နေပါသည်။ ဒီနေ့က Dawn ဆိုင်သစ်လေး စဖွင့်ဖြစ်မှာ မဟုတ်လား။

"သားနဲ့သမီးရေ"

"လာပြီ မေမေရေ၊ လာပါပြီ"

"ကြာလိုက်တာနော်၊ တကတည်းမှပဲ"

"အစ်ကိုက အထဲမှာ OT သွားဆင်းနေတာ အန်တီရဲ့"

"အဲဒီလိုသာ ဆိုင်ဖွင့်တိုင်း အစ်ကိုပျောက်ပျောက်နေရင်တော့ ပြဿနာပဲ"

ယံပိုင်နှင့် မိုးသန့်တို့ စသံကြောင့် အုပ်စုထံမှ အုံးခနဲ ရယ်သံထွက်လာလေ၏။ ပန့်မျက်နှာရဲသွားပေမယ့် မသိယောင်ဆောင်ကာ စားပွဲပေါ် မုန့်ပန်းကန်တင်လိုက်ပြီး ဆိုင်ရှေ့သို့ ထွက်လိုက်ရပါသည်။ အားလုံး၏ မျက်နှာက ပြုံးစိစိဖြစ်နေတာ မဟုတ်ပါလား။

"ကဲ! ကဲ!. . . Ready ဖြစ်ပြီ၊ စမယ်"

"ကျွန်တော်တို့ရဲ့ အရုဏ်ဦးဆိုင်သစ်ကို အောင်မြင်စွာ ဖွင့်လှစ်ပြီဖြစ်ကြောင်း ကြေငြာအပ်ပါသည်ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်တီးသံတို့ ထွက်လာသည်နှင့်တစ်ပြိုင်နက် မိုးပျံပူဖောင်းတို့က ကောင်းကင်ထက်သို့ လွင့်ပျံသွားကြလေတော့၏။ ညီက ဆိုင်တံခါးကိုဖွင့်ပေးလိုက်စဉ် လူအုပ်စုလေးက ဆိုင်ထဲသို့ အပြေးအလွှား နေရာယူရန် ဝင်သွားကြလေသည်။

ဆိုင်ရှေ့ရပ်လာသည့် နောက်ဆုံးပေါ်ကားတစ်စီးကြောင့် ပန့်အကြည့်လှမ်းကို ရပ်လိုက်ရပါ၏။ ဒီနေ့ဖွင့်ပွဲမို့ အနီးနားဝန်းကျင်မှ အသိတွေနှင့် ဝန်ထမ်းတွေသာ လာကြတာဖြစ်ပြီး ဧည့်သည်တွေ လာကြတာမှ မဟုတ်တာလေ။

ကားပေါ်မှဆင်းလာသည်က ဖေဖေ၊ ပြီးနောက် တီတီ ဒေါ်ခင်သီတာ၊ အဲဒီနောက်မှာမှ ခင်မီမီဇော်ပါပဲ။ ဖေဖေက ပန့်ကိုပြုံးပြလိုက်ပြီး အသာပွေ့ဖက်လိုက်လေ၏။ ပန့် ခဏမျှ ငြိမ်နေလိုက်ရပါသည်။

"ဖေဖေ့သမီးအတွက် ဂုဏ်ယူပါတယ် ပန်ပန်"

"ကျေးဇူးပါ ဖေဖေ"

"မမ"

ခင်မီမီဇော်က မျက်ရည်ဝဲလျက် ပန့်ကိုပြေးဖက်လိုက်လေ၏။ နှုတ်မှဖွင့်ပြော တောင်းပန်ခြင်းမရှိသော်ငြား ပန်က ခွင့်လွှတ်ဟန်ဖြင့် သူ့ကျောကို အသာပွတ်သပ်ကာ ပုတ်ပေးလိုက်ပါသည်။ မေတ္တာဆိုတာ အတိုင်းအနက် တိုင်းလို့မရသည့်အရာပင် မဟုတ်ပါလား။

Platform ဘေး (ကားလမ်းတစ်ဖက်)မှာ ကားဖြူလေးတစ်စီး ရှိနေပါ၏။ ပန့်တို့ထံ ကြည့်နေပါသည့် မျက်ဝန်းတစ်စုံမှာ မျက်ရည်တို့ သီနေမည်မှန်း အလိုလိုသိနေလေသည်။

ဝမ်းနည်းနေမည်လား. . . သို့တည်းမဟုတ် ဝမ်းသာနေပါ့မလား






'ကို'. . . သိထားတဲ့အဖြေတစ်ခုအတွက် ဒီဘဝမှာ ဒီမျှနဲ့သာ ကျေနပ် နှစ်သိမ့်နိုင်ပါစေ။

ပန့်ဘေးမှာ 'မောင်'တစ်ယောက်လုံးရှိနေပြီမို့ အဝေးတစ်နေရာက စောင့်ကြည့်နေတတ်တဲ့အကျင့်ကို ဖျောက်စေချင်ပါတယ်။

'မောင်'က ပန့်တစ်သက်လုံး လက်တွဲသွားမယ့်ချစ်သူဆိုတာ 'ကို' သိပါစေကွယ်. . .

လေးစားလျက်. . .




www.burmeseclassic.com

www.burmeseclassic.com

# နောက်လထွက်မည့်စာအုပ်

## "ယုရယ်...သူရယ်...ကျွန်တော်ရယ်..."

"ဒီမှာ...မိုးသားဖြူ'...'ယု'အပေါ်မှာ မင်းက မင်းအသက်ထက် ပိုပြီးချစ်တယ်ဆိုရင်...ငါက 'ယု'ကို ငါ့ဘဝကြီးတစ်ခုလုံး ပုံပေးပြီး ချစ်ခဲ့တာကွ...နောက်မှရောက်လာတဲ့ မင်းလိုလူကို အဆင်သင့် နေရာဖယ်ပေးရလောက်အောင် 'မိုင်' ဆိုတဲ့ငါက မင်းထင်နေသလို ငနုံအ မဟုတ်ဘူး..."

BURMESE CLASSIC

www.burmeseclassic.com